
www.burmeseclassic.com




BURMESE CLASSIC .com

သိရိဆွေစာအုပ်တိုက်
အမှတ်(၂၇)၊ အပေါ်ဆုံးလွှာ(ဝ)၊ ဟသ်ာတလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံ့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

◁ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
◁ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
◁ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
◁ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

◁ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
◁ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
◁ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
◁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

◁စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
◁ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
◁ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
◁နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

◁တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
◁အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
◁မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
◁တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

သီရိဆွေစာအုပ် ၁၃

# ဒေဝစ္ဆရာနှင့်တွေ့ဆုံခြင်း

ချစ်ဦးညို

[တန်ဖိုး – ၇၀၀ကျပ်]

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်** - ၁၀၀၇/၂၀၀၄ (၉)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၁၀၇၆/၂၀၀၄ (၁၀)
ပုံနှိပ်ခြင်း
ပထမအကြိမ်၊ နိုဝင်ဘာလ၊ ၁၉၈၆ ခုနှစ် (အားမာန်သစ်စာပေ)
ဒုတိယအကြိမ်၊ နိုဝင်ဘာလ၊ ၂၀၀၄ ခုနှစ် (သီရိနွေစာအုပ်တိုက်)
အုပ်ရေ
၅၀၀
မျက်နှာဖုံးပန်းချီ
သန်းမြင့်အောင်
စာစီ
Dream City
စာအုပ်ချုပ်
စွယ်တော်
အတွင်းဖလင်
မဟာမီဒီယာ
မျက်နှာဖုံးပုံနှိပ်
ဦးတင်အောင်ကျော်၊ စွယ်တော်ပုံနှိပ်တိုက်
အမှတ် - ၈၇၊ ၅၆-လမ်းတို၊ အမှတ်(၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်
ဦးတင်အောင်ကျော်၊ စွယ်တော်ပုံနှိပ်တိုက်
အမှတ် - ၈၇၊ ၅၆-လမ်းတို၊ အမှတ်(၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ
ဦးခင်မောင်သန်း (၀၁၄၅၄) သန်းစာပေ၊
အမှတ်-၆၃/ခ၊ ၁-လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။

## အလွမ်းဖြင့်ရေးသော ဝတ္ထုအကြောင်း အမှာစာ

၁၉၈၆၊ စက်တင်ဘာလတွင် ရေးခဲ့၍ ထိုနှစ် နိုဝင်ဘာလတွင် ပထမအကြိမ်ထုတ်ဝေခဲ့သော သက်တမ်း ၁၈ နှစ်ရှိပြီဖြစ်သည့် ဤဝတ္ထုလေးကို ဒုတိယအကြိမ်ပြန်ထုတ်ဖို့ စီစဉ်ကြသောအခါ ကိုယ့်ဝတ္ထုကိုယ်ပြန်ဖတ်ပြီး ကျွန်တော် ပြုံးမိလေသည်။ မချိပြုံး၊ သရော်ပြုံး၊ လှောင်ပြုံး၊ မဲ့ပြုံး၊ ရှက်ပြုံး… မဟုတ်ပါ။

၁

ဆရာဇော်ဂျီက 'တောရကျောင်းမျှော် ရှင်ဥတ္တမကျော်' ဆောင်းပါးတွင် (သဲခင်းသာဝယ်၊ သီတာကြည်လှဲ၊ ငှက်သံနွဲ့နှင့်၊ လွမ်းဘွယ်မြိုင်မြေ၊ မြူနှိုးဝေခဲ့) ဟူသော စာပိုဒ်ကို ဖွင့်ဆိုရင်း အလွမ်းသဘောကို ဤသို့ စေ့ငုခဲ့၏။

"လွမ်းသည်ဟူသော စကားစွန်းသည် အနက် ထူးထူးထွေထွေ ရှိလှသည်ဟု ထင်မိပါသည်။ လွမ်းသည်ဟူရာ၌ သတိရခြင်း၊ တောင့်တခြင်း၊ တစ်ဖန် ထိုနှင့်အတူ ကြည်နူးခြင်း၊ ကြေကွဲခြင်းတို့ ယှက်လာစပ်လာသော သဘောကို ယူသော်



www.burmeseclassic.com

www.burmeseclassic.com

ရသင့်လေသည်။ ဥဒါဟရုဏ်ကား မယ်[illegible] အလွမ်းမျိုးတွင် တစ်စုံတစ်ရာကို မြင်၍သော်လည်းကောင်း၊ ကြား၍သော်လည်းကောင်း မယ်သည် မောင့်ကို၊ မောင်သည် မယ်ကို သတိရ၏။ တောင့်တ၏။ ထိုသို့သော စိတ်တွင် ကြည်နူးခြင်းလည်း ရှိ၏။ ကြေကွဲခြင်းလည်းရှိ၏။ တစ်ဖန် ကြည်နူးရင်းလည်း ကြေကွဲ၍ ကြေကွဲရင်းလည်း ကြည်နူးခြင်း ရှိလေသည်။ ဤကား လွမ်းသည်ဟူသောစကားစွန်း၏ အနက်ကိုပေါ်စေရန် အားထုတ်ခြင်းပင် ဖြစ်လေသည်။

ဆရာတော်၏အလွမ်းကား ထို့ထက်ပို၍ ထူးထွေရာသည်။ လွမ်းဖွယ်တကားဟုဆိုသော ဆရာတော်၏ စိတ်အခြေကား အသို့နည်း။ သဲခင်းအား သာယာသည်ဟု ဖွဲ့ဆိုသဖြင့် ဆရာတော်၏စိတ်သာယာဟန် ထင်သင့်၏။ ရေအား ကြည်ကြည်လဲ့လဲ့ ဖွဲ့ဆိုထားသဖြင့် ဆရာတော်၏စိတ်ကြည်လင်ဟန် ထင်သင့်၏။ ငှက်သံအား နွဲ့သည်ဟုဆိုသဖြင့် ဆရာတော်သနားဟန် ချစ်ခင်ဟန် ထင်သင့်၏။ မြူနိုးဝေသော တောခြေကို ပြပြန်သဖြင့် ဆရာတော်၏ကြည်နူးခြင်း၊ ကြေကွဲခြင်းတို့ မကွဲမပြား ပိုးဝါးထွေးယှက်နေဟန် ထင်သင့်သည်။ ထို့ကြောင့် ဆရာတော့်အလွမ်းအား သာယာခြင်း၊ ကြည်ရွှင်ခြင်း၊ သနားချစ်ခင်ခြင်း၊ ကြည်နူးကြေကွဲခြင်းတို့ ထွေးရောယှက်တင်ဖြစ်နေသော သဘောဟူ၍ ယူသော် ရကောင်းရအံ့သို့ ရှိလေသည်။"

'ရသနှင့် အလွမ်း၊ အဆွေး၊ အသော' ဆောင်းပါးတွင်ကား ဆရာဇော်ဂျီသည် ရသပညာ (AESTHETICS) ရှုထောင့်မှ ခွဲခြမ်းစိတ်ဖြာလျက် အလွမ်းသဘောတွင် ချစ်ခင်နှစ်သက်ခြင်း၊ စိတ်ငြိမ်သက်အေးချမ်းခြင်း၊ အံ့သြခြင်း၊ ရဲရင့်အားတက်ခြင်းတို့ အကျုံးဝင်ပါရှိနေသည်ဟူသော အချက်ကို အထင်အရှား ဖော်ပြခဲ့လေသည်။





ဒိုးဒိုးဒေါက်ဒေါက်စကားလုံးများဖြင့် 'ဒေါင်းဒေါင်းပြေး' ရေးတတ်သော ဆရာကြီး ရွှေဥဒေါင်းသည်လည်း သူ၏ 'တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ' တွင် သူ့လွမ်းပုံလွမ်းနည်းလေးကို ဖော်ပြခဲ့ပါသည်။

ရွှေလီမြစ်ကို ဝါးဖောင်ကလေးဖြင့် စုန်ခဲ့စဉ်က ဆရာကြီး လွမ်းပုံကား ဤသို့.... ။

'ရှုခင်းကြောင့် လွမ်းစိတ်တွေပေါ်' ဟု ခေါင်းစဉ်တပ်ကာ ရေးထားပုံကို ဖတ်ကြည့်ပါ။

'ရှုခင်းတို့မည်သည်မှာ နေကျဲကျဲပူလျက်ရှိသောအချိန်တွင် သာ၍ထင်ရှားစွာ မြင်နိုင်သည် မှန်သော်လည်း ကျွန်ုပ်၏ အကြိုက်ကား မိုးကလေးတစ်ချက် တစ်ချက်အုံ့လိုက်သော အခါတွင် သာ၍လှပသည် ထင်၏။ တိမ်တိုက်ကြီးများတက်လာ၍ လျှမ်းလျှမ်းတောက်ထွန်းလင်းလျက်ရှိသော နေမင်း၏ မျက်နှာပြင်ကို တစ်တုံ တစ်တုံ ဖုံးကွယ်လိုက်သောအခါ ယခင်က ရေပြင်ကို နေရောင်ဟပ်သည်နှင့် မျက်လုံးများ ခပ်ကျဉ်းကျဉ်းထား၍ ကြည့်ခဲ့ရာမှ တိမ်များကြောင့် ညို့ညို့မှိုင်းမှိုင်းဖြစ်လာသည့် တောတောင်တို့၏ လှပခြင်းကို မျက်စိဖြံ့၍ ကြည့်ခွင့်ရသည့်အပြင် စိမ်းနို့ညို့မှိုင်းခြင်းသည်လည်း လူ၏စိတ်ဓာတ်ကို ပြုပြင်တတ်၍ ဘယ်ဆီလွမ်းရမည် မသိ၊ ကြည်နူးလွမ်းဆွတ်သောစိတ်များ ဖြစ်ပေါ်လာရလေသည်။ ထို့ကြောင့်လည်း ညနေခင်းတိုင်ရောက်သောအခါတွင် နေရောင်မှေးလာသည်နှင့် လွမ်းချင်သောစိတ်များသည် ရင်ဘတ်ကို ဖွေ့လျက်ရှိရာ ကျွန်ုပ်အဖို့ရာ၌ စိတ်အထိနိုက်ဆုံးသောအချိန်အပိုင်းအခြားဟူ၍ အသိအမှတ်ပြုခဲ့ပါသည်။'



www.burmeseclassic.com

'ဘယ်ဆီလွမ်းရမည် မသိ' ဟူသော အသုံးအနှုန်းကပင် လွမ်းစရာ ဖြစ်နေပြီဟု ထင်ပါသည်။ အကယ်၍ ဆရာကြီး ရွှေဥဒေါင်းက ထိုသူကို၊ ဤသူကို၊ ထိုဒေသကို၊ ဤဒေသကို၊ ထိုဖြစ်ရပ်ကို၊ ဤဖြစ်ရပ်ကို... စသည်ဖြင့် အမည်တပ်၍ လွမ်းလိုက်လျှင် လွမ်းစရာလျော့သွားမည်လား ဟုလည်း တွေးမိလေသည်။

ဆရာကြီး ရွှေပြည်ဦးဘထင်ကတော့ 'လွမ်းစလေ့' ပတ်ပျိုးကို ဖွင့်ဆိုရင်း အလွမ်းကို သက်ရှိအလွမ်း၊ သက်မဲ့အလွမ်းဟူ၍ ခွဲခြားကာ အလွမ်း၏ တရားကိုယ်သဘောမှာ တဏှာသမုဒယသာဖြစ်ကြောင်း ဖွင့်ဆိုခဲ့ဖူးသည်။

ဂီတနက်သန် ကိုစောညိန်းက 'သပြေရွက်ရေ' တွင်

'မြူမှုန်တွေ ဆိုင်း ပြာလဲ့လဲ့ မှိုင်းရီ ငွေလရောင်ခြည် ငွေ

မင်ရည်နဲ့ တိမ်မိလ္လာ မြလွှာယွန်းမှာ ဩော်... သာပဲ သာ

နိုင်လွန်းသည်... နေပြည်တော်ဆီ ရော်ရည်ထင်တွေးပါလို့

တရေးရေးမြင်ယောင် ခု-လွမ်းအောင်ပြုပြီ'

ဟူ၍ လွမ်းပြခဲ့ပါလေသည်။

ယောဘဝအလွမ်း၊ ဇာတိချက်ကြွေ မွေးရပ်မြေအလွမ်း၊ ချစ်သူ အလွမ်း၊ သူငယ်ချင်းအလွမ်း၊ အမိကိုလွမ်း၊ အဘကိုလွမ်း... ။ ဘယ်ဆီ ဘယ်ဝယ် မှန်းဆခြင်းမပြုသာသော အလွမ်း... ။

၃

'ကသောလက်နှင့် ရက်စက်သောမျက်နှာ' အမည်ရှိ ဝတ္ထုတစ်ပုဒ် ကျွန်တော်ရေးဖူးသည်။ သူငယ်ချင်းတစ်ယောက်က ထိုဝတ္ထုကို မျှော်လင့် တကြီးဖတ်ကာ ကရုဏာဒေါသော အမူအရာဖြင့် ကျွန်တော့်ကို ပြောဖူး သည်။



www.burmeseclassic.com

"တက္ကသိုလ်နောက်ခံ အချစ်ဇာတ်လမ်းဝတ္ထုမျိုးကိုတော့ နောင် မရေးပါလေနဲ့ သူငယ်ချင်း...၊ မောင်ရင့်ရဲ့ ကသောလက်နှင့် ရက်စက်သော မျက်နှာက ဘာကြီးမှန်းလဲ မသိဘူး... "တဲ့။

သို့သော် 'ဒေဝစ္ဆရာနှင့် တွေ့ဆုံခြင်း' ကို ဖတ်ရသောအခါ သူက-

"အင်း... တက္ကသိုလ်နောက်ခံလဲ ပါတယ်၊ ဂီတလောကနောက်ခံ လဲ ပါတယ်၊ အချစ်ဇာတ်လဲ ပါတယ်၊ ဒီဝတ္ထုဖတ်ပြီးတော့ ကိုယ့်ရင်ထဲ ဘယ်လိုဖြစ်သွားမှန်း မပြောတတ်နိုင်အောင်ပဲ၊ သေချာတာကတော့ မောင်ရင့် အလွမ်းငွေ့တွေက ကိုယ့်ကို ဟပ်တယ်" ဟု ပြောသည်။ မယုတ်မလွန် စကားဟု နားလည်၏။

သူ့မှတ်ချက်ကို ကျွန်တော် ကြိုက်ပါသည်။

'ဒေဝစ္ဆရာ' သည် တက္ကသိုလ်နောက်ခံ အချစ်ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်ကောင်းမှ ဖြစ်ပါမည်။ အသည်းကွဲဇာတ်လမ်းတစ်ခုအဖြစ်လည်း ပီသချင်မှ ပီသပါလိမ့်မည်။ သို့သော် အလွမ်းငွေ့တွေ ဝေနေသော ဝတ္ထု တစ်ပုဒ်ဖြစ်တာကတော့ သေချာသည်ဟု ကိုယ့်ကိုယ်ကိုယ် မှတ်ချက်ချမိ ပါသည်။

စကားဦးသမ်းသလို ဖြစ်သွားလျှင် ခွင့်လွှတ်စေချင်ပါသည်။ ဤ ဝတ္ထုတွင်ပါရှိသော နေရာဒေသများ၊ အချိန်ကာလများ၊ ဖြစ်ရပ်များနှင့် ပုဂ္ဂိုလ်များ၏အခန်းကဏ္ဍသည် စာရေးသူ၏ ဖန်တီးမှုရာနှုန်းကို ကျော်လွန် ကြီးစိုး လွှမ်းမိုးပါဝင်နေကြပါသည်။ ဇာတ်ဆောင်တစ်ယောက် နှစ်ယောက် မှအပ ကျန်ဇာတ်ဆောင်များသည် ပြင်ပလောကရှိ သူတို့၏အမည်ရင်းများ ဖြင့်ပင် ပါဝင်နေကြပါသည်။

စာရေးဆရာကို မေးလေ့ရှိကြသောမေးခွန်းတစ်ခု "ဒါဟာ တကယ် ဖြစ်ရပ်လား" ဟုဆိုလာလျှင်တော့ မဖြေချင့်(ဖြေချင်)ဖြင့် "ရာနှုန်းပြည့်ဆယ် ဟာ တကယ့်ဖြစ်ရပ်ပါ" ဟု ကျွန်တော် ဖြေပါမည်။ "ဒါဆိုရင် ကျန်တဲ့ ဆယ်ရာနှုန်းက ဘာတွေလဲ" ဟု ဆက်မေးလာလျှင်ဖြင့် ကျွန်တော် သေ သေချာချာ မဖြေတတ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

ကြိုးစားဖြေရရင်တော့ "ဒိဋ္ဌဘဝနဲ့ စိတ်ကူးတို့ [illegible] ကြတဲ့ အနုပညာတစ်ခုမှာ ဘယ်ဟာက ဒိဋ္ဌ၊ ဘယ်ဟာက စိတ်ကူးလို့ နယ်နိမိတ်ပိုင်းခြား ပြောရမှာ ခက်လှပါတယ်" ဟူသော အဖြေသာ ထွက်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် အချုပ်စကားပြောပါရစေ။

'ဒေဝဗ္ဗရာနှင့် တွေ့ဆုံခြင်း' ကို အလွမ်းဖြင့် ရေးသော ဝတ္ထုဟုသာ သတ်မှတ်စေလိုပါသည်။

ချစ်ဦးညို
၂၀၀၄ – ဩဂုတ် ၁၅

သိဒ္ဓိဆွေစာအုပ်တိုက်

စာရေးသူ၏အမှာ

(၁) ကျောင်းတွင် တစ်ချိန်ကကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်တစ်ခုကိုပြန်ရေးစမ်းပါဟု ဆိုလာသူသူငယ်ချင်းအား ရည်ညွှန်းပါသည်၊

(၂) လိပ်ပြာသန့်ပြီး ဖြစ်သောကြောင့် ဤ " ဒေဝဗ္ဗရာနှင့်တွေ့ဆုံခြင်း" ဝတ္ထုပါ အချို့သော တိုက်ဆိုင်မှုများအတွက် ခွင့်လွှတ်နားလည်ကြမည်ဟု ယုံကြည်ထားပါသည်၊

(၃) ဤဝတ္ထု၏ တစ်နေရာမှ တစ်ခုသောစာပိုဒ်အတွက် စာရေးဆရာ "ဆရာဇော်ဇော်အောင်" ကိုကျေးဇူးတင်ပါသည်၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

စန္ဒရားခုံတွင် ဝင်ထိုင်လိုက်သည်။ စန္ဒရားဖုံးကို ဖွင့်သည်။ သို့သော် ခလုတ်များပေါ် လက်မတင်ဖြစ်သေး။ ငူငူငိုင်ငိုင် ထိုင်မိနေသည်။ အဖြူ အနက်ခလုတ်များ၏ ဟိုမှာဘက် သို့မဟုတ် သည်မှာဘက်တွင် တစ်စုံတစ်ခုကို တွေ့လိမ့်နိုးဖြင့် တွေ၍ငေးကြည့်မိသည်။ သည်အကျင့်က ကျွန်တော့်တွင် စွဲမှန်းမသိ စွဲနေလေပြီ။

စန္ဒရားခလုတ်များပေါ်သို့ လက်ချောင်းများကို ဖြန့်တင်လိုက်လျှင်ပင် ကောင်းစွာလေ့ကျင့်အပ်ပြီးသော ကျွမ်းကျင်လက်ချောင်းများက အလိုအလျောက် ဝဲယာစုန်ဆန်ပြေးသွားကြမည်ကို ကျွန်တော် သိသည်။ အက်ဖ်မေဂျာ၊ ဒီမေဂျာ၊ ဘီဖလက်၊ အေမိုင်နာ… ရောက်ရာ 'ကီး' အပေါ်တွင် ကျွန်တော့်လက်ချောင်းများ ခုန်ပေါက်ကစားသွားကြမည်။ အားထုတ် နေစရာမလို။ အထူးတလည် သတိကပ်နေစရာ မလို။ စန္ဒရားခလုတ်များ နှင့် ကျွန်တော့်လက်ချောင်းများသည် ငယ်ပေါင်းကြီးဖက်များ ဖြစ်နေကြပြီ။ ပြကတေ့သောအနေအထားအားဖြင့်ပင် သူတို့ချင်း အယ်လဲဝမ်းသာ နှုတ်ဆက် ထိတွေ့ကြမည်။ ပြီးတော့ ချိုမြသံစဉ်များ လွင့်ဝဲလာကြမည်။

သို့စင်လျက် စန္ဒရားခုံတွင် ဝင်ထိုင်လေတ

သိရှိဆွေစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ထောင်းထလာကြကာ သူတို့ချင်း ရစ်နွယ်ရောယှက်လျက် ထိုမှတစ်ဆင့် ကျွန်တော့်တစ်ကိုယ်လုံးကို ပွတ်သပ်ပတ်ရစ်ထားကြသလိုလို။

"စမယ်လေ ဆရာ... ဘယ်သီချင်းက စမလဲ၊ မနေ့က ဆရာ ပြောထားတဲ့အတိုင်းဆိုရင် ဒြပ်မဲ့သောရိုက်သံများက စမလား"

ဝဲဘက်မှ အသံ၊ ဖွာရရာ ကျဲပြန့်နေသောအတွေးမျှင်စများ အလိုအလျောက် ရပ်တန့်ကုန်ဆုံးသည်။ မိဝေကို ကျေးဇူးတင်ရဦးမည်။

စည်းကြိုးကို ညာလက်တွင် ရစ်လျက် မိဝေ စန္ဒရားနောက်၊ ကျွန်တော့် မျက်နှာချင်းဆိုင်သို့ လှည့်ဝင်ကာ စန္ဒရားအိမ်ပေါ် လက်တင်သည်။

"ဒြပ်မဲ့ ရိုက်သံများ မဟုတ်လား ဆရာ"

မဝံ့မရဲ ပြုံးလျက် မိဝေ ဆိုသည်။

"အေး..."

ကိုယ်စိတ်နှလုံး ပျက်ယွင်းသွားခဲ့သော အခိုက်အတန့်အတွက် လူကြီး ရက်ပြုံးပြုံးကာ ကျွန်တော့် ဝဲလက်ချောင်းများကို ခလုတ်များအပေါ် ကြဲချလိုက်သည်။ အေမိုင်နာကီး။ သံစဉ်များ ခုန်ပေါက်ထွက်လာသည်။ ဝဲဘက်အရှိန်ကို ယာလက်ဖြင့် ပူးယူကာ အသံသေးခလုတ်များဆီသို့ မျှင်း၍ ဆွဲယူသည်။ နောက်ဆုံးအသံကျကို ယာလက်သန်းဖျားဖြင့် ထိတို့လိုက်ပြီးသည်တွင် မိဝေ ခြေဆင်းပိုဒ် စဝင်သည်။

မိဝေ တစ်ကိုယ်တော် စီးရီး၊ တတိယမြောက်အခွေဖြစ်သော သည် 'ဥတ္တရအလွမ်း' သီချင်းစုတွင် 'ဒြပ်မဲ့သောရိုက်သံများ' သည် နာမည်ကြီးလိမ့်ဦးမည်ဟု 'တီ' တေးသံသွင်းပိုင်ရှင် ထုတ်လုပ်သူက တစ်ပေးထားသည်။ ဒါက သူ့အလုပ်ပေပဲ။ ကျွန်တော့် အလုပ်က ရင်မှဖြစ်သော သားသမီးရတနာများကို နိမ့်မြင့်ကောင်းဆိုး သဘောမထား၊ အားလုံးပင် လှစေချင်သည်။ ပွဲလယ် တင့်စေချင်သည်။ ဘယ်သီချင်းက 'ဟစ်' ဖြစ်မဖြစ်၊ ဘယ်စီးရီးပေါက် မပေါက်ဆိုတာ အမြတ်အစွန်း သူ၏သဘာဝကျသောအလုပ်သာ ဖြစ်သည်။





အတွေ့အကြုံလေးရလာပြီဖြစ်သော မိဝေကို ဘယ်သီချင်းက ဘယ်သို့ဘယ်ညာ အထူးအထွေ သွန်သင်ပြသပေးစရာ မလိုတော့။ မိဝေသည် ကျွန်တော့်သီချင်း နှစ်ဆယ့်ငါးပုဒ်တိတိကို ဆိုဖူးထားပြီးပြီ။ ကျွန်တော့်သီချင်းများ၏ အတွင်းသားနှင့်သဘောကို သူ ခံစားတတ်ပြီးပြီ။ ခံစားမှုလည်း မွေးတတ်သူဖြစ်သည့်အတွက် သီချင်းစာသား၏အနက် အရှိုင်းကို ကျွန်တော် ရှင်းပြန်ရန် မလိုတော့။ အချို့နေရာများတွင်သာ ဒီယရသအဖြစ် အရပ်အတန့် အငုံများနှင့်ပတ်သက်ပြီး ကျွန်တော် လိုချင်တာကို ပြောပြရသည်။

'ဒြပ်မဲ့သောရိုက်သံများ' ကို မိဝေ စီးစီးပိုင်ပိုင် ဆိုသွားသည်။ ယခင့် ယခင်သီချင်းတိုက်စဉ်များက သူကြောက်ခဲ့သော 'ပြတင်းလေသာ၊ အသာအယာလှပ်... အပြင်အရပ်ဆီသို့... ကြည့်ပါသည်... ကောင်းကင်ပြာ ကတ္တီပါ ပင်လယ်ထဲက... ပြိုပြက်လက်ရွှန်း ကျွန်းကလေးတွေ... ခုဆယ် ရာ ထောင်သောင်း သိန်းသန်းကုဋေ... မရေတွက်စကောင်း... ရေတွက်ကြည့်စေချင် အဲဒီကျွန်းကလေးတွေ တစ်ခုချင်းသည်ပင်လျှင်... ချစ်သူကို သတိရနေသော အလွမ်းကျွန်းကလေးတွေလေ... ယုံပါစေချင်...' ဟူသည့်အပိုဒ်ကို မိဝေ အပြစ်မရှိ ဆိုသွားနိုင်သည်။

ဒြပ်မဲ့သောရိုက်သံများ သီချင်းကို နောက်ထပ်တိုက်စရာမလိုတော့ကြောင်း ကျွန်တော် နားလည်လိုက်သည်။ အင်း... ထုတ်လုပ်သူ ပြောသလိုပါပဲ ဥတ္တရအလွမ်း စီးရီးဖြင့် မိဝေ နာမည်ထပ်ကြီးလိမ့်ဦးမည်။

နောက်ထပ် သီချင်းနှစ်ပုဒ် ဆက်တိုက်သည်။ 'ပန်းခြေလက်သို့ ပန်းကြွေဆက်ခြင်း' နှင့် 'နှောင်း' တို့ဖြစ်သည်။

သီချင်းတိုက်ပြီးချိန်တွင် ညနေ ခြောက်နာရီ ကျော်သွားပြီ။ 'တီ' တေးသံသွင်းပိုင်ရှင် ထုတ်လုပ်သူက စားသောက်ဆိုင်တစ်ခုမှာ ညစာ ကျွေးပါရစေဟု ဆိုသည်။ ကျွေးချင် မွေးချင်တတ်သော သူ့ဖော်ရွေမှုကို သိသော်လည်း ယဉ်ကျေးစွာပင် ငြင်းရသည်။



www.burmeseclassic.com

www.burmeseclassic.com

"အသံသွင်းမယ့်နေ့က သန်ဘက်ခါနော် ဆရာ၊ ကျွန်တော် နက်ဖြန်ညနေ တစ်ခေါက် လာပါဦးမယ်၊ စာရွက်တွေ ယူခဲ့ရဦးမှာ မဟုတ်လား"

"ဟုတ်ကဲ့"

"မိဝေလဲ ပြန်တော့မယ် ဆရာ၊ အိမ်က လာကြိုနေကြပြီ…"

"အေး … အေး"

တယောဆရာနှင့် ခြောက်လုံးပတ်ဆရာတို့ကတော့ စောစောကပင် တီးတိုးတီးတိုး သဖန်းပိုးလုပ်ကာ ပြန်သွားကြပြီ။ သူတို့ 'သွားနေကျ' နေရာသို့ပင် သွားကြပေမည်။ တစ်နေ့တာ ပင်ပန်းနွမ်းနယ်သမျှအတွက် အပန်းဖြေ ယမကာရည်။ မိဝေနှင့် သူ့အဒေါ်တို့လည်း ထွက်သွားသည်။ ထုတ်လုပ်သူ၏ ကားစက်နှိုးသံကိုလည်း ကြားရသည်။

တစ်နေ့ခင်းသည် ထုံးစံအတိုင်း ပြီးသွားပြန်ပြီ။

ဒြပ်မဲ့သောရိုက်သံများထဲမှ စကားလုံးများသည် အခန်းထဲမှ လွင့်ပျောက် မသွားချင်ကြသေး။ ပိတ်ထားသော စန္ဒရားဖုံးအောက်တွင် ခလုတ်များသည်လည်း အလိုလို အသံထွက်နေကြသယောင်ပင်။

အင်း … ဒြပ်မဲ့သောရိုက်သံများ … တဲ့။

'အပြင်အရပ်ဆီသို့ ကြည့်ပါသခင် … ကောင်းကင်ပြာ ကတ္တီပါပင်လယ်ထဲက …ငြိုးပြက်လက်ရှန်း …ကျွန်းကလေးတွေ …ခုဆယ်ရာ ထောင်သောင်း သိန်း သန်း ကုဋေ …မရေတွက်စကောင်း …ရေတွက်ကြည့်စေချင် … အဲဒီ ကျွန်းကလေးတွေ တစ်ခုချင်းသည်ပင်လျှင် … ချစ်သူကို သတိရနေသော … အလွမ်းကျွန်းကလေးတွေလေ … ယုံပါစေချင်' … တဲ့။

စီးရီးခေါင်းစဉ်ကလည်း 'ဥတ္တရအလွမ်း' တဲ့။

ပြီးတော့ သီချင်းမတိုက်ခင်မှာ တွေ့တွေ့ပြားပြား တီမ်းတီမ်းမူးမူး ဖြစ်ခဲ့လေသော မိမိ၏စိတ်အစဉ်။ ပြီးတော့ အလုပ်ချိန်အပတွင် တစ်ကိုယ်တည်းနေလိုသော ဆန္ဒ၊ ညစာ လိုက်မစားတော့ပါဟု ထုတ်လုပ်သူကို





တုံးတိတိငြင်းဆိုခဲ့ခြင်း။ တပည့်မမိဝေ၏ နှုတ်ဆက်စကားကို အေးစက်စွာ တုန့်ပြန်ခဲ့ခြင်း။

အားလုံးသည် စိတ္တဇဆန်နေပြီလား။ သုံးဆယ့်ခြောက်နှစ်စွန်းဟူသောအသက်သည် ငယ်တော့သည့်အရွယ် မဟုတ်။ ဒီအသက် ဒီအရွယ်ကျခါမှ စိတ်ကူးတွေတစ်လှေကြီး ယဉ်နေချင်ပြီလား။ ရင်ခုန်သံတို့ကို လန်းဆတ်ပူနွေးစွာ ပြန်လည်လှုပ်နှိုးနိုင်သေးသလား။

ပြုံးမိသည်။ အနုပညာသမား၏ အနုပညာသည် ဘယ်တော့မှ မအိုတဲ့။ ဆိုရိုးတော့ ရှိချေသည်။ သည်စကားကို အကွယ်အကာပြု၍ ရင်ခုန်သံကို ဦးစားပေးချင်နေပြီလား။

စန္ဒရားခုံမှာ ဝင်ထိုင်လိုက်တိုင်း တစ်ခါတည်း မတီးဖြစ်သေးဘဲ ခလုတ်များကို ငူငူငိုင်ငိုင် ကြည့်နေမိသည့် အကျင့်။ ဒါကိုတော့ လိမ်ညာလို့ မရ။ သည်သို့ တုံ့ဆိုင်းနေခြင်းကပင်လျှင် သီချင်းရေးရာမှာ၊ စန္ဒရားတီးရာမှာ အင်အားတွေ ပြန်ပြန် ဖြစ်လာသည် ထင်သည်။ အာရုံကို လွင့်မျောစေခြင်းဖြင့် အရှိန်ယူသည်သို့ ရှိသည်။ ဝေဒနာကို စားသုံးလျက် ခွန်အားများ အဖြစ်သို့ ကြိတ်ခြေကူးပြောင်းသည်သို့ ရှိသည်။

ပြုံးမိပြန်သည်။ ပြင်းစွာဒုက္ခရာအနာတရ ဖြစ်ခဲ့သော နှလုံးသည် ဘယ်သောအခါမျှ အကောင်းပကတိ ပြန်မဖြစ်နိုင်တော့ဟု ထင်သည်။ သေရှာပါမည့် ဝေဒနာပဲ ဖြစ်မည် ထင်သည်။ သို့သော် ထိုဝေဒနာသည် …

မိမိတစ်ကိုယ်တည်းအတွက်သာ မဟုတ်မှုဘဲ …

မိမိနှင့် အလားတူသော အခြားသောပုဂ္ဂိုလ်တစ်ဦးအတွက်ပါ 'နှစ်ယောက်စာ' သယ်ပိုးထမ်းရွက်ထားရလေသော ဝေဒနာ ဖြစ်ချေသည်။

'ဤမြေပေါ်တွင် အချစ်အတွက် အသည်းကွဲနေသော 'အလက်ဇန်းဒါး' တီးဝိုင်းခေါင်းဆောင်၊ တေးရေးဆရာ စန္ဒရားသက်မောင်ဆိုသူ လူတစ်ယောက်ရှိလေ၏'ဟု ဆိုစကား ရှိငြားအံ့။ ထိုစကားကို ကျွန်တော် ငြင်းလိမ့်မည်မဟုတ်။ သို့သော် ထိုစန္ဒရားသက်မောင်ဆိုသူ၏ အသည်းကွဲ



www.burmeseclassic.com

www.burmeseclassic.com

ခြင်းအမှုကိစ္စ အရင်းအမြစ်ကို တူးဖော်ကြည့်ပါက သူ့ရင်မှ သူ့အသည်းထက် အခြားသူတစ်ယောက်၏ ရင်ထဲ ထိုသူ၏အသည်းအတွက် ပိုမိုထိခိုက်ခံစားနေရကြောင်းကို တွေ့ရလိမ့်မည် ဖြစ်လေသည်။

'နှစ်ယောက်စာ အသည်းကွဲနေသောသူ' ဟူသည့် အဖြစ်သည် စိတ္တဇဆန်လွန်းသည်ဟု ဆိုချင်ဆို၊ စိတ်ကူးယဉ်လွန်းသည်ဟု ဆိုချင်ဆို အမှန်တကယ်ပင် ပေါ်ပေါက်ခဲ့ဖူးသော အရာ ဖြစ်ချေသည်။ ထိုအကြောင်းဖြစ်ရပ်တို့သည် စိတ်ကူးဖြင့် တည်ဆောက်ထားခြင်းများ မဟုတ်။ စိတ်ကူးဖြင့် တည်ဆောက်ထားသော ဖြစ်ရပ်ဆိုလျှင် ဤကမ္ဘာ၌ ကျွန်တော့်လောက် ဝမ်းသာသူ ရှိလိမ့်မည် မထင်။ ကျွန်တော်ကိုယ်တိုင်ကပင်လျှင် ထိုအဖြစ်ကို စိတ်ကူးလောကတစ်ခု ဖြစ်စေချင်သည်။ မြင်ချင်သည်။

သို့သော် စိတ်ကူးလောက ဖြစ်ရပ်မဟုတ်။ တကယ် ပေါ်ပေါက်ခဲ့သော အဖြစ်။

ဖြစ်ရပ်အဆုံးကို နားလည်နိုင်ဖို့ အတွက်က 'ဒေဝစ္ဆရာ' အကြောင်းကို သိဖို့လိုသည်။ ဟုတ်သည် 'ဒေဝစ္ဆရာ' အကြောင်းက စရလိမ့်မည်။ အို မဟုတ်သေးပါ။ ဒေဝစ္ဆရာအကြောင်း မစခင်၊ 'ပဥ္စသိခ' အကြောင်းကို ဦးစွာသိသင့်သည်။

ပဥ္စသိခ။ ဟုတ်သည် သူ့အကြောင်းက စရလိမ့်မည်။

တစ်နွယ်ငင် တစ်စင်ပါခဲ့ပြီ။ ပဥ္စသိခအကြောင်း သိဖို့ဆိုလျှင် စန္ဒရားသက်မောင်၏ ငယ်စဉ်ဘဝမှပင် အစချီရတော့မည်။

သားကောင်ကို မိဖို့ဆိုမှတော့ ခြေရာ ကောက်ရတော့မည်။

'အတိတ်ခြေရာ' ဟု ဆိုရမည် ထင်သည်။

* * *



# အခန်း (၂)

စင်စစ်မူ လပြည့်ကျော်တစ်ရက်ည၏ လရောင်သည် ကောင်းစွာလင်းသော လရောင်ဖြစ်သည်။ သို့သော် နှင်းမှုန်တို့ ဆို့ဆိုင်းနေသောကြောင့် ဖျော့တော့ချည့်နဲ့သွားလေသည်။ လမ်းဓာတ်မီးတိုင်မှ နီကြန်ကြန် မီးရောင်တို့ကလည်း လရောင်ကို နှောင့်ယှက်နေသည်။ သို့သော် ကျုံးရေပြင်ထက်တွင်ကား လရောင်သည် အဆီးအတားမဲ့ လင်းလက်ခွင့်ရသည်။ မြောက်လေအပြန်တွင် တဖတ်ဖတ်လန်သွားသော ကြာဖက်များကို လရောင်ဟပ်လိုက်ချိန်ကလေးသည် အလှဆုံးပင်ဖြစ်မည် ထင်သည်။

တောင်မှမြောက်သို့ အရှေ့ကျုံးရိုးလမ်းအတိုင်း စက်ဘီးချင်း ရင်ပေါင်တန်းစီးလာကြသော ကျွန်တော်တို့သူငယ်ချင်းတစ်သိုက်အဖို့မူ လရောင် ထိုသို့ချည့်နဲ့နေသည်ကိုပင် သဘောကျကြသည်။ မြောက်ဘက်ဝေးဝေးတွင် အိပ်မောကျနေသော သုဓမ္မာဇရပ်ကြီးများကို တွေ့ရသည်။ ထိုသုဓမ္မာဇရပ်တန်းတွင် ရှေးဘုရင်တွေ လက်ထက်တုန်းက စာပြန်ပွဲများ ကျင်းပကြသည်ဟု လူကြီးများ ပြောဖူးသည်။ ဒါပေမယ့် မြောက်ဘက်ကျုံးလမ်းက၊ သုဓမ္မာဇရပ်တန်းများဘက်ဆီကိုတော့ ကျွန်တော်တို့ မသွားရကြ။



www.burmeseclassic.com

www.burmeseclassic.com

ရှေးရှေးတုန်းကတော့ စာပြန်ပွဲဝင် ရဟန်းသံဃာတွေဖြင့် စည်ကားနေခဲ့မည် ဖြစ်သော်လည်း၊ ယခုမူ လူဆိုးတွေ၊ အရက်သမားကြီးတွေပဲ စတည်းချကြတော့သည်ဟု ဆိုသည်။ သည်လောက် မှောင်မည်းနေသော ဇရပ်အိုကြီးများထဲမှာနေသည် ဆိုကတည်းက ထိုလူဆိုးကြီးတွေ၊ အရက်သမားကြီးတွေ ဘယ်လောက် ကြောက်စရာ ကောင်းမည်ကို ကျွန်တော်တို့အားလုံး ခန့်မှန်းတွက်ချက်ထားကြပြီး ဖြစ်သည်။

သည်အထဲမှာ လူကြီးတွေကလည်း ခြောက်လှန့်ထားသေးသည်။

"ကောင်လေးတွေနော်၊ သုဓမ္မာဇရပ်တန်းဘက်များ၊ ည–ည ဘယ်တော့မှ ယောင်လို့ သွားမကပ်လေနဲ့၊ ပြန်ပေးဆွဲသွားမယ်၊ အရက်သမားတွေကလဲ အရက်ဖိုးရအောင် မင်းတို့ကို ဖမ်းပြီး ရောင်းစားပစ်လိုက်မှာ ကြားလား"

သုဓမ္မာဇရပ်တန်းဘက်ကို မသိဝံ့။ ကျွန်တော်တို့ အခေါက်ခေါက် အပြန်ပြန်ကျက်စားရာနေရာကား အရှေ့ကျုံးလမ်း၊ တောင်မှမြောက်၊ မြောက်မှ တောင်။ တောင်ဘက်ဆိုလျှင်တော့ ကျုံးထောင့်အထိ သွားရဲသည်။ မြောက်ဘက်ဆိုလျှင်မူ၊ တိုက်တော်ဘုန်းကြီးကျောင်း အနောက်ပေါက်။ အလွန်ဆုံးသွားမှ ကျုံးရေပြင်ထဲတွင် တံတားကလေးထိုးကာ 'ကချင်ငါး၏ မေတ္တာ' ဆိုသည့် ဆိုင်းဘုတ်ကလေး ထောင်ထားသော ရေစင်ကလေး အထိ။ ကချင်ငါးဆိုသည်က ဖိုက်ကချင်ခေါ်သော စစ်တပ် တပ်ရင်း ဖြစ်သည်။

သုဓမ္မာဇရပ်တန်းမှာ စတည်းချသည်ဆိုသည့် လူဆိုးကြီးများ၊ အရက်သမားကြီးများကို ကြောက်သော်လည်း၊ ကျွန်တော်တို့တစ်တွေသည် ဆောင်းတွင်းရောက်ပြီဆိုလျှင်ပင်၊ ညဘက် အိမ်ထဲမှာ ကုပ်မနေနိုင်ကြတော့။

ကိုယ့်စက်ဘီး ကိုယ်ထုတ်ကာ ဦးသူက သူငယ်ချင်းတွေ၏အိမ်ပေါက်စေ့ လိုက်ခေါ်ပြီး ကျုံးလမ်းသို့ ထွက်ခဲ့ကြသည်ချည်းပင်။ အရှေ့မုခ်တံတားပေါ်မှာ ထိုင်။ ကျုံးရေပြင်တွင် အရိပ်ထင်နေသည့် မန္တလေးတောင်





ညို့ညို့ကြီးကို ငေးကြည့်၊ ဟိုးအရှေ့ဘက် အဝေးကြီးဆီက ရှမ်းရိုးမ တောင်တန်းကြီးတွေကို ငေးကြည့်။ ဖက်ဖူးရောင်တံဆိပ်ပတ်နှင့် နဂါးစပယ်ရှယ်ဆေးပေါ့လိပ်လေးတွေကို ချောင်းတဟွတ်ဟွတ်ဖြင့် အငွေ့ထောင်းထောင်း ထအောင် ဖွာ၊ မှောင်ပြီဆိုလျှင် စက်ဘီးတွေပေါ် ပြန်တက်၊ အရှေ့ကျုံးလမ်းအတိုင်း တောင်မှမြောက်၊ မြောက်မှ တောင်၊ အခေါက်အခေါက် အပြန်ပြန် စက်ဘီး ရင်ပေါင်တန်းနင်း။

တဖြည်းဖြည်း မှောင်သထက် မှောင်၊ နှင်းတွေ ဝေသထက် ဝေပြီဆိုလျှင် ကျွန်တော်တို့၏ 'ဂီတသံသာ ညချမ်းခါ' အစီအစဉ် စပြီ။

လရောင်ဆမ်းည၊ နှင်းမှုန်ည၊ မြောက်လေပြန်ည ဖြစ်သော်လည်း ကျွန်တော်၏ တေးများမှာ ရောက်တတ်ရာရာတေးများသာ ဖြစ်သည်။ အလှဖွဲ့၊ သဘာဝဖွဲ့၊ အချစ်ဖွဲ့၊ ဘဝအဖွဲ့ အမျိုးစုံလင်သည်။ ရေဒီယိုက ခေတ်စက်က ကြားဖူးထားပြီး နားရည်ဝပြီး နှုတ်ဖျားတွင် ရနေသော သီချင်းပေါင်းများစွာ။

လရောင်ဆမ်း၊ နှင်းမှုန်ဝေညတွင် ဖော်ဝင်းက သီချင်းတစ်ပုဒ်ဖြင့် ဂီတသံသာကို ဖွင့်သည်။

"မိုးသံလေသံ ကြားပြန်တော့...လွမ်းရိပ် ယောင်ယောင်... တွေးထင့် နှောင်ဖျာပါမွေ့...မှတ်သုံလေပြင်း ရိုက်ဆော်သွင်းညင်းတော့ရင်လေ... တစ်ကိုယ်တည်း... ဖော်ဝေး မျှော်တွေးတမ်းတနေ..."

ကျန်တဲ့ကောင်တွေ အားလုံးက...

'ချစ်သူရေ မင်းဘယ်မှာလဲလေ...' ဟု ဝိုင်းအော်လိုက်ကြသည်။

ဆောင်းညတွင် 'မိုးလုံးပတ်လည်' ကို အားရအောင် ဟစ်ကြပြီးသော အခါ နောက်တစ်ယောက် အလှည့်ကျသည်။ ဘယ်သူ့အလှည့်ဟူ၍ သတ်မှတ်မထား၊ သီချင်းစဉ်းစားမိသူ၊ ဦးသူက အလှည့်ဝင် စတမ်း။

များသောအားဖြင့်တော့ သီချင်းစဆိုသူ၏ နောက်မှ အရှိန်ယူကာ ဒုတိယနေရာဝင်တတ်သော ခင်မောင်ကြည်က ဆက်အော်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ပုဂံမြို့ဟောင်းတစ်နေရာ...ဘုရားအိုကျောင်းပျက်...နှောင်းရက်က ကြွေလင့်ပုံဒကျွာ... မြေမှာပြိုလဲ... မသဲကွဲသော ထိုကျောက်စာ..."

အားလုံးရနေသော သီချင်းဖြစ်သော်လည်း ဒီကောင်က အလှည့်ယူလိုက်သဖြင့် သူ့ကို ဦးစားပေးကာ ငြိမ်၍ နားထောင်ကြရသည်။

"အုတ်တစ်ချပ်သာ လပ်ခဲ့တဲ့ ဒီနေရာ... စောင်းသံကို ကြားနားမှာ တကယ်မချမ်းသာ..."

သည်အပိုဒ်အပြီးတွင် သူ့သမီးတော်နှင့် ချစ်သူစောင်းသမားလေးတို့အား ရက်စက်စွာ ဂူထဲပိတ်စတေးလိုက်သော ဘုရင်ကြီးကို စိတ်နာနာဖြင့် ကျွန်တော်တို့အားလုံး သံကုန်ဟစ်လိုက်ကြတော့သည်။

"သင်ကြုံကြိုက်လို့ ရောက်တဲ့အခါ ရှာကြည့်စမ်းပါ...ပုဂံမြို့ဟောင်းတစ်နေရာ... မသဲမကွဲ ရှိမြဲ ရှိမယ်... သဲသဲကွဲကွဲ ရှိမြဲ ရှိမယ်... ကျောက်စာတွေလဲ တစ်ဝက်တစ်ပျက် ဆက်လက်ရှိဦးမှာ... ချစ်သူ့နယ်မြေ... သင်ဖွေရှာ ပုဂံမြို့ဟောင်း... အဲဒီတစ်နေရာ..."

ဘုရင်ကြီးကို ကျွန်တော်တို့အားလုံးဝိုင်း၍ ကျိန်စာတိုက်လိုက်ကြပြီးသောအခါ အတော်ကလေးမောနေကြပြီ။ အောင်ခင်မြင့်က 'မောပြီကွာ ကချင်ငါးမှာ ထိုင်ကြဦးစို့...' ဟု ပြောသဖြင့် မေတ္တာပေါင်းကူး ရေစင်ကလေးတွင် ဝင်ထိုင်ကြသည်။ စက်ဘီးများကိုတော့ နှင်းစက်တွေ စိုစွတ်နေပြီဖြစ်သော မြက်ခင်းတွင် လှဲသိပ်ထားလိုက်ကြသည်။

နဂါးစပါယ်ရှယ်တစ်လိပ်စီ ထုတ်ဖွာကြပြန်သည်။ အောင်ခင်မြင့်ကပင် တဟွတ်ဟွတ် ဆေးလိပ်ငွေ့သီးရင်း... 'ငါဆိုမယ် ဟေ့' ဟု ကြွေးကြော်လိုက်သော်လည်း ဒီကောင် ရတ်တရက် သီချင်း စဉ်းစားမရ။ တအင်းအင်းဖြင့် သီချင်းစကို လိုက်ရှာသည်။

"တန်ပါ့မဖုရား... လုပ်ပါလား"

"အစအဆုံး မရဘူးကွာ"

"ဒါဖြင့် သံသရာတစ်ကွေ့ဝယ်ကော"





"ဟိုနေရာက နည်းနည်းမေ့နေတယ်"

"ဒါဆို ပြေးကြိုတော့ ထွေးညို"

"အာ... ကြားထဲက စကားပြောတွေ ငါမသိဘူး"

"လုပ်ကွာ... လုပ်ကွာ... တစ်ခုခု"

'အင်...အင်...အင်...' ဟု ညည်းကာ သီချင်းရှာနေပြီးမှ အောင်ခင်မြင့်သည် နှင်းတို့ စွတ်စိုစပြုနေပြီဖြစ်သော ဆံပင်ကို သုတ်လျက်...

"မိုးကို မျှော်သည်... မျှော်သည်... မျှော်သည်... မိုးရွာလို့ ပျော်သည်..."

ဟု ကုန်းအော်တော့သည်။

မေတ္တာပေါင်းကူး ရေစင်ကလေး၏ ကြမ်းပြင်ကို တဖြန်းဖြန်းပုတ်ကာ ကျွန်တော်တို့က မိမ်ဘိုဖုံချက် လိုက်ပေးကြသည်။ ဆိုင်းချက်လိုက်ပေးရသဖြင့် ကျွန်တော်တို့အားလုံး နွေးထွေးသွားကြသည်။ ကိုင်း... တစ်ခေါက်လောက် နှင်းလိုက်ကြဦးစို့ဟု တစ်ယောက်ယောက်က ပြောသဖြင့်၊ မြက်ခင်းပေါ်မှ စက်ဘီးများကို ပြန်ဆွဲထူလိုက်ကြသည်။ စက်ဘီးလက်ကိုင်များ၊ ထိုင်ခုံများ၊ ဘောင်တန်းများမှာ နှင်းတို့ဖြင့် စွတ်စိုအေးစက်နေကြပေပြီ။

တောင်ဘက်သို့ ရှေးရှုလျက် စက်ဘီးရင်ပေါင်တန်း နင်းခဲ့ကြသည်။ ကားအသွားအလာနည်းသော ညအချိန်ဖြစ်သည့်အတွက် လမ်းမတစ်ခုလုံး ကျွန်တော်တို့ စက်ဘီးများ လွတ်လပ်စွာယှဉ်၍ နင်းနိုင်ကြလေသည်။

"ဟေ့ကောင် ဘိုနီ လုပ်လေကွာ"

ဒီကောင်က အသံသိပ်မရ။ သို့သော် ကောက်ကာငင်ကာပင် သူ့သီချင်းတစ်ပုဒ် ကောက်ဆိုသည်။

"မူမတူ ဓာတ်လမ်းအခြေ... သူမတူ အတက်ဆင်းနေ... ဂဏန်းသင်္ချာ လို...ပုံသေကားကျ...တစ်ကို တစ်ပေါင်း နှစ်ရကြောင်းနဲ့"



www.burmeseclassic.com

www.burmeseclassic.com

တကယ်အော်ရသည့်သီချင်းကိုမှ ဒီကောင် ရွေးရက်သည်။ ဒီကောင် အသံလည်းမရ၊ သီချင်းလည်းမရ၊ အပိုဒ်တွေ ကျော်ချတာများသည်။ အသံကလည်း ဟိုစေ့သည်ဝိုက်နှင့် ဝေါဝေါထွက်သွားသည်ချည်း။ နောက်ဆုံး ကျွန်တော်တို့အားလုံး သည်းမခံနိုင်ကြတော့။ စက်ဘီး လက်ကိုင်ပေါ်က ခေါင်းလောင်းကို တချွင်ချွင် အဆက်မပြတ်တီးကာ...

'မေတ္တာတရားမှာ...အပေါင်းနဲ့ပဲ တွက်လို့မရပါလေ...အနှုတ်နဲ့လဲ ဆုတ်ယုတ်တတ်တယ် မေရေ... အမြတ်ထုတ် ရည်ရွယ်ချက်နဲ့ မေတ္တာထဲမှာ... အပေါင်းချည်းပဲ မတွက်ချင်ပါနဲ့ မေ...' ဟု ဝိုင်းအော်လိုက်တော့မှ အပေါင်းသချာ မင်းသမီးလေးသည် လက်စသတ်သွားလေသည်။

သည်လိုနှင့်ပင် အရှေ့ကျူးလမ်း အခေါက်ခေါက် အပြန်ပြန် စက်ဘီးနင်းရင်း ရမိရာ ကောက်တွယ်လိုက်ကြသည်မှာ သီချင်းတွေ အတော်များသွားပြီ။ အောင်ခင်မြင့်က 'ညီမလေးရယ် စိုးရိမ်မိတယ်'၊ သန်းထွန်းက 'သေချင်သေ... သေရင် မြေကြီးပါကွယ်...'၊ ခင်ကြိုင်က 'ဘုရားမြတ်ထံပါးဝယ် လျှောက်လည်ကြတယ်'၊ တင်ဝင်းက 'စဉ်းစားပြီး မရှင်နိုင်ပါသဇျ... မင်းသားကြီး တစ်ပင်တိုင်ဘဝမှာ'

ဒီကောင်တွေဆိုသမျှ သီချင်းတွင် စာသားမေ့သည့်နေရာ အသံယွင်းသွားသည့်နေရာများကို ကျွန်တော်ကချည်း ဒိုင်ခံထောက်ပေးရသည်။ ကျွန်တော့်အလှည့် သီးခြားသို့ မရောက်နိုင်သေး။ မရောက်နိုင်ခြင်းကလည်း အကြောင်းရှိသည်။ ကျွန်တော်က နောက်ဆုံးအလှည့် ပွဲသိမ်း။

သူတို့ အပြောကတော့...

"ငမောင်... မင်းက အသံလဲကောင်းတယ်၊ သီချင်းလဲ များများရတယ်... မင်း နောက်ဆုံးမှ ဆိုကွာ၊ မင်းက အရင်ဆုံး ဆိုလိုက်ရင် နောက်ကောင်တွေကျတော့ ခြောက်ကပ်ကပ်ဖြစ်ကုန်မှာ မင်းက ငါတို့အထဲမှာ အတော်ဆုံး မဟုတ်လား"

ကျွန်တော် ကျေကျေနပ်နပ်ပင် နေလိုက်သည်။ သည်လိုနှင့်ပင်





သူတို့ဆိုသမျှ သီချင်းတွေကို ထောက်ထောက်ပေးရင်း ကိုယ့်အလှည့်ကို စောင့်ရင်းဖြင့်ပင် ကျွန်တော် ရသမျှ သီချင်းတွေ ကုန်သလောက် ဖြစ်လာသည်။

အရှေ့ကျူးလမ်းကိုလည်း သုံးလေးခေါက်၊ ခေါက်ပြန် စီးပြီးကြပြီ။ နှင်းထု ပို၍သိပ်သည်းလာသည်။ လရောင်သည် နှင်းမှုန်ကို ပင်ပန်းတကြီး ဖောက်ထွင်းနေရပြီ။ လမ်းဘေးတစ်ဖက်တစ်ချက်တိုင်တွင် အစင်းလိုက် အမြောင်းလိုက် အရိပ်ထင်နေသော နှင်းမြူများက ဖွေးဖွေးဖြူလာနေသည်။ စက်ဘီးလက်ကိုင် သံတန်းသည်ပင် အေးလာပြီ။ လက်ကိုင်ကို ဆုပ်ထားသော လက်တို့လည်း အေးလာပြီ။ နှာရွက်ဖျားများပင် ထုံကျဉ်ချင်လာပြီ။

သည်အခြေကျမှပင် ကျွန်တော့်အလှည့် ရောက်လာတော့သည်။

"ကိုင်း... ငမောင်ရေ၊ အလှည့်ရောက်ပါပြီ သူငယ်ချင်း"

ရတတ်သမျှသီချင်းတွေကို တစ်ယောက်တစ်လှည့်စီ ဝိုင်းတွယ်ထားကြသဖြင့် ဒီကောင်တွေ အသံတွေ နာနေကြပုံရသည်။ စကားပြောသံကပင် ခပ်အက်အက် လည်ချောင်းသံ။ သည်တော့မှပင် ကျွန်တော့်ကို အလှည့်ပေးကြသည်။

ပေါက်တတ်ကရမဖြစ်စေရ။ ကာလဒေသနှင့် ကိုက်ညီမည့်သီချင်းမျိုးကိုသာ ကျွန်တော် ရွေးရမည်။ ဆောင်းည နှင်းမှုန်အလယ်မှာ ဟိုအကောင် စွတ်ရွတ်အော်သည့် 'မိုးလုံးပတ်လည်' တို့ 'မိုးကို မျှော်သည်' တို့၊ ဘာတို့ မဖြစ်စေရ။ ဆောင်းည၊ နှင်းဆမ်းည သီချင်းတွေ တန်းစီ၍ ခေါင်းထဲ ဝင်လာသည်။ မြသက်မှု၏ မျှော်သဇင်၊ နှောင်းသဇင် 'ခင်မင်မပျက်အောင် အရေး...သဇင်လက်ဆောင်ပေးဖို့ မောင်ဝေပြီ' ကာလဒေသနှင့် လိုက်ဖက်သော်လည်း မိန်းကလေးသီချင်း ဖြစ်နေသည်။ မသင့်။ ပယ်သည်။

ဒါဖြင့် 'မိုးတိမ်ဘုံအလယ်...ငွေလရောင်ရယ်...မှုန်မှိုင်းသာရယ်'၊ ဒီသီချင်းကတော့။ ဒါက ဟိုအကောင် ခင်မောင်ကြည် ဆိုသွားပြီးပြီ။


www.burmeseclassic.com

www.burmeseclassic.com

အအေးခါတ်ထဲတွင် ကျွန်တော် ချွေးပြန်ချင်လာသည်။ 'ပွင့်ဖူးစအရွယ်... ပန်းတော်ဝင် မှာလာရယ်' ဒါက အောင်ခင်မြင့် ဆိုပြီးသား။ ကာလဒေသနှင့် လိုက်ဖက်မည့် သီချင်းရွေးချယ်ရန်ဟူသော အကြံကို စွန့်လိုက်မှ တော်တော့မည်။ သီချင်း ရှားနေပြီ။

"လုပ်လေကွာ ငမောင်"

"အေးပါ။ ငါ သီချင်းစဉ်းစားနေလို့ပါ"

"မင်းကများ သီချင်း စဉ်းစားနေရသေးတယ်လို့"

"မင်းတို့ဆိုပြီးသားတွေ ငါ ထပ်မဆိုချင်လို့ကွ"

"ဒါဖြင့်လဲ လုပ်လေကွာ"

သပြေတောရွာ၊ သာချို... မကြိုက်သေး။ ညိုမလေးရယ် စိုးရိမ်မိတယ်။ ဒါလဲ ဟိုကောင် ဆိုသွားပြီးသား။ လမင်းဝင်းဝင်းပပ ညချမ်းမှာ သာသောအခါ ...ဒါကလဲ ဟိုအကောင် တင်ဝင်းလက်ချက် မိထားပြီးသား။ အဇ္ဈောကောင်းကင်ဝယ် မိုးတိမ်မို့သားလွှင့်ပါးလို့ စင်ကြယ်...ဒါက ဇော်ဝင်း ဟစ်ထားသည့် သီချင်း။

"ဟ ...လုပ်လေ ငမောင် ...မင်းသားကလဲ အရှိန်ယူတာ ကြာလိုက်တာ"

ချမ်းဆောင်မြအလယ်တွင် ကျွန်တော် တကယ်ချွေးပြန်လာသည်။ သည်အဖွဲ့ထဲမှာ ကိုယ့်ကို သီချင်းအရဆုံး၊ အသံအရဆုံး၊ အသံအကောင်းဆုံးဟူသော 'ဘွဲ့'ကို အပ်နှင်းထားကြချေသည်၊ ကိုယ့်'ဘွဲ့'ဘက်မှ ခုခံကာကွယ်ရတော့မည်။ ဒီကောင်တွေ ကျွန်တော့်နှုတ်မှ ထွက်လာမည့် သီချင်းကို အထင်တကြီး စောင့်နေကြသည်။ သိက္ခာလည်း အချမခံနိုင်။ သီချင်းကလည်း စဉ်းစား မရနိုင်သေး။

"ဆိုပါဗျို့"

သန်းထွန်းက ခေါင်းလောင်းကို တချွင်ချွင်တီးကာ အော်သည်။

အခြေအနေ ရုပ်ပျက်ဆင်းပျက် ဖြစ်လုတဲတဲကျမှ တစ်ပုဒ်သော သီချင်း၏ အစပိုဒ် စာသားများသည် ကျွန်တော့်နှုတ်ဖျားသို့ ပြေးဝင်လာသည်။

*





ဝမ်းမြောက်ခြင်းကြီးစွာဖြင့် ထိုသီချင်း၏အစပိုဒ်ကို ကျွန်တော်သည် ဆောင်းည၏နှင်းစက်နှင့် လရောင်တို့အကြားသို့ ဖွင့်ချဖောက်ခွဲလိုက်သည်။

"ဂီတာ ...တေးသီချင်းများကို ဘုရားတောင် ပယ်တော်မမူ ... ပုပ္ပါရုံကျောင်းအမ ... သူပြုရတဲ့ ကုသလ ကြည်ဖြူ"

ကောင်းစွာတိတ်ဆိတ်ငြိမ်သက်နေပြီဖြစ်သော ညဦးအမှောင်က ကျွန်တော့်အသံကို အထောက်အကူ ပေးနေသည်။ သည်အပိုဒ်ကိုပင် နောက်ထပ် တစ်ကျော့ ထပ်ကျော့လိုက်သည်။ ပြီးမှ...

"ဗိုက်ကိုပင် ဖြောအမှတ်နဲ့ ...တီးကာရွှင်ပျော် ...အတောမသတ်ပေါင် လောကခေါ်တ် ဤဇမ္ဗူ... စေတနာပိုကဲသူ ရဟန္တာတွေ ... ဝါဆိုဝါကပ်လှူ ...ကျောင်းအမကြီး ...ဖြောတီးသမားကို ဘုရားတောင် အပြစ်တော်မယူ"

ဇော်ဝင်း၊ ဘိုနီ၊ အောင်ခင်မြင့်၊ သန်းထွန်း၊ ခင်မောင်ကြည်၊ ခင်ကြိုင်၊ တင်ဝင်းတို့သည် ကျွန်တော့်အား အထင်ကြီးစွာ၊ ဝမ်းမြောက်စွာ၊ ဂုဏ်ယူစွာ၊ ပျော်ရွှင်စွာဖြင့် 'ကိုးရပ်ပိုဒ်'ကို တညီတညွတ်တည်း ဝိုင်းအော်ကြလေတော့သည်။

"ဟော့ ပဥ္စသိခ နတ်ဒေဝါ ...တံတျာ တေးသံကြူ...မြတ်စွာဘုရားရှေ့ တီးတော်မူ...မလျှော့မတင်း ...ဆောင်းတော်ကို ငြင်းကာယူ... ငြင်းကာယူ လျှော့လိုက်ဦးလို့ မိန့်တော်မမူ... မြို့မမောင် ... တေးဂီတာ ... ဖရုသဝါစာ မပါဘဲ အသုံးခံတာ... ငုင်းနည်းတူ အကြောင်းသိမူ... တစ်ပေါင်းတည်း အပြစ်တော်မယူ"

'ပဥ္စသိခ'ကို ပထမဆုံးအကြိမ် သိသိမှတ်မှတ်၊ ထိထိခိုက်ခိုက် တွေ့ဆုံခြင်း။ ကျွန်တော့်ကို အခက်အခဲ အကျဉ်းအကျပ်ထဲမှ ကယ်တင်ခဲ့သော ပဥ္စသိခ။ အေးမြသော ဆောင်းညတွင် အားလုံးကို နွေးထွေးသွားစေသည်ထက် ကျွန်တော့်ကို ပို၍ နွေးထွေးလိုက်လှဲ ဖြစ်စေသည့် ပဥ္စသိခ။

* * *


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

သည်လိုနှင့်ပင် ဆောင်းညများတွင် သူငယ်ချင်း တစ်စု၊ အရှေ့ကျူးလမ်းတစ်လျှောက်၊ စက်ဘီးစီးကြလေတိုင်း၊ ဂီတသံသာ ညချမ်းခါကြလေတိုင်း၊ 'ပဥ္စသီခ'သည် အကောင်းဆုံးပွဲသိမ်းသီချင်း ဖြစ်လာလေသည်။ ပွဲအသိမ်းမှာ ကျွန်တော် အခြားသီချင်းဆိုမည်ပြုလျှင် သူငယ်ချင်းတွေက 'ပဥ္စသီခ'ကိုပဲ ဆိုရန် တောင်းဆိုကြသည်။ 'ဟေ့ ပဥ္စသီခ နတ်ဒေဝါထံတျာ တေးသံကြူ'အပိုဒ်ကို သူတို့ ဝိုင်းအော်ရတာ အရသာရှိလွန်းလို့ဟု ဆိုသည်။

ကြာတော့ ကျွန်တော် ငြီးငွေ့ချင်လာသည်။ ပဥ္စသီခ...ပဥ္စသီခ ထပ်ထပ်ဆိုနေရသဖြင့် အရသာ မတွေ့တော့၊ ပဥ္စသီခ၏ ကျေးဇူးကိုလည်း ကျွန်တော် လျော့ရဲရဲသာ အသိအမှတ်ပြုလာမိသည်။ ဘာရယ် မဟုတ်။ သီချင်းကို ကြိုက်၊ မြို့မအတီးကို ကြိုက်၊ ကိုဖူးအံ့ အဆိုကို ကြိုက်မိသဖြင့် နှုတ်ဖျားတွင် တွဲခိုနေသောသီချင်းတစ်ပုဒ်သာ။

'အသည်းနှလုံးက ပေါက်ဖွားချစ်ခဲ့တာပင် တကယ်နက်နဲလွန်းလို့ပင်...' ဟူသော အသည်းစကား'။ 'ချစ်သူမေရယ်...အသည်းစွဲယုံပါကွယ်' ဖြင့် အစချီသော 'ချစ်ထုံးခိုင်ခိုင် နှောင်လိုသူ'စသည် အချစ်သီချင်းတွေကို ဆိုချင်သည်။ သို့သော် သူငယ်ချင်းတွေက ခွင့်မပြု။ 'ပဥ္စသီခပဲ ဆိုပါကွာ'ဟု





တောင်းတောင်းပန်ပန် အကျပ်ကိုင်သည်။ 'ဒီသီချင်းက မင်းက လွဲပြီး တခြားဘယ်သူမှ ဌာန်ကရိုဏ်းကျအောင် မဆိုတတ်ကြဘူးကွ၊ ဒါကြောင့် ပြောတာပါ' ဟုလည်း ပင့်ကြသောကြောင့် ကျွန်တော့်မှာ တစ်ခါ လာလည်း 'ဂီတာတေးသီချင်းများကို'၊ တစ်ခါ လာလည်း 'ဂီတာတေးသီချင်းများကိုပဲ' လုပ်နေရသည်။

နှုတ်ဖျားက ပဥ္စသီခသည် ခေါင်းထဲသို့ မဝင်၊ ရင်ထဲသို့ မရောက်။ ခေါင်းထဲ ဝင်၊ ရင်ထဲ ရောက်ဖို့ ဝေးစွ၊ နှုတ်ဖျားမှပင် တဲတဲကလေးပဲ ကျန်တော့သည်။

သို့သော်...တဲတဲကလေးသာ ကျန်တော့ရာမှ နှုတ်ဖျားကတစ်ဆင့် ခေါင်းထဲ ဝင်လာသည့် အခြေအနေတစ်ရပ် ပေါ်ပေါက်လာသည်။ ပဥ္စသီခသည် ဝေးကွာမှုန်သီသွားရမည့်အစား နီးကပ်ထင်ရှားလာသည်။ အေးစက်ထုံထိုင်းသွားရမည့်အစား၊ နွေးထွေးလှုပ်ခတ်လာသည်။

ထိုသို့ဖြစ်ရခြင်း၏ အကြောင်းရင်းမှာ ဇော်ဝင်းနှင့် ပတ်သက်သည်။

ဇော်ဝင်းကြောင့် ပဥ္စသီခသည် ကျွန်တော့်ထံ ပူးပူးကပ်ကပ် တိုးဝင်လာလေသည်။

*

ကျွန်တော်တို့ အုပ်စုထဲတွင် ဇော်ဝင်းသည် အလည်ဆုံးဟု ဆိုနိုင်သည်။ ကျွန်တော်တို့အဖွဲ့ နဂါးစပယ်ရှယ် ဆေးပေါ့လိပ် ဖွာတတ်သည်မှာ သူ့ကြောင့်၊ ကထိန်ပွဲခင်းမှာ ကွမ်းစားရင်း စီးကရက်နှုတ်ခမ်းကြား ချိတ်တတ်သည်မှာလည်း သူ့ကြောင့်။ သူ့ကြောင့် ပေါ်ပေါက်သော အရေးအရာတွေ အများကြီး။

ဇော်ဝင်းသည် ကျွန်တော်တို့ အထဲတွင် 'နယ်ပယ်သစ်တစ်ခု' သို့ အဦးဆုံး ရောက်ရှိသွားသူ ဖြစ်လေသည်။ တိုင်းသစ်ပြည်သစ်ကို ဦးစွာရှာဖွေ တွေ့ရှိသူလည်း ဖြစ်လေသည်။

ရန်ကင်းတောင်၊ ရေတံခွန်သို့ ပျော်ပွဲစား ထွက်ကြရန် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

တို့ သူငယ်ချင်းတစ်သိုက် စိစဉ်ကြသည်။ စုရပ်က ကျွန်တော့်အိမ်။ အားလုံး စားဖွယ်သောက်ဖွယ်တို့ကို အိမ်ကပဲ ချက်ကြပြုတ်ကြမည်။ အားလုံး ကိုယ့်တာဝန်နှင့်ကိုယ် ခွဲဝေပြီးသား။ အောင်ခင်မြင့်နှင့် ခင်ကြိုင်က ထမင်းချက်။ သန်းထွန်းနှင့် ခင်မောင်ကြည်က ဟင်းချက်ဖို့ ငရုတ်သီး ကြက်သွန်ထောင်း၊ တင်ဝင်းက သရက်ချဉ်သုပ်၊ ကျွန်တော်နှင့် ဘိုနီက ချိုင့်ဆေး၊ ခွက်ဆေး။ ဇော်ဝင်းတာဝန်က ငန်းတစ်ကောင် ယူလာဖို့။

အားလုံး အဆင်သင့်ဖြစ်နေချိန်အထိ ဇော်ဝင်း မရောက်လာ။

သူ ငန်းယူလာမှ ဟင်းချက်ရမည်။ ဒီကောင် ဘယ်နည်းနဲ့ ယူလာဖို့ ကြိုးစားနေသလဲ မသိ။ ခြံဘက် သွားမဝယ်ဘဲ အလစ်ဝင်ဆွဲရင်း ပြဿနာတက်နေသလား မသိ။ အတော်ကြီးကြာတော့မှ ရောက်လာသည်။

စက်ဘီးလက်ကိုင်ပေါ်မှာ ငန်းအသေကောင်ကို ခြေနှစ်ဖက် ကြိုးနှင့်ချည်ကာ ချိတ်ဆွဲလာသည်။ အိမ်ဝင်းထဲအထိ စက်ဘီးစီးဝင်လာပြီး 'ရော့ဟေ့' ဟုဆိုကာ ငန်းကို လှမ်းပစ်ပေးသည်။ ဒီကောင့်မျက်လုံးတွေ ထူးထူးခြားခြား တောက်ပနေသည်ကို ကျွန်တော်တို့ အားလုံး တွေ့ကြရသည်။ မျက်နှာကလည်း သိသိသာသာရွှင်ရွှင်ပျပျ။

"ဟေ့ကောင် မင်းပုံစံကြည့်ပြီး ငါ ပြောနိုင်တယ်၊ ငန်းကို အောင်မြင်စွာ ခိုးလာခဲ့တာ မဟုတ်လား၊ ဘယ်ခြံကလဲ"

တင်ဝင်းအမေးကို သူ မဖြေ။ စက်ဘီး ဒေါက်ထောက်ပြီးမှ ပုဆိုးစဖြင့် ချွေးသုတ်သည်။ ပြီးတော့ အိတ်ထဲမှ နဂါးစပယ်ရှယ်ကို ထုတ်ကာ ထမင်းအိုးမီးဖို ထင်းမီးချောင်းဖြင့် မီးညှိသည်။ ဆေးလိပ်ငွေ့များကို အကုန် ရှိုက်သွင်းကာ မီးခိုးတန်းကြီး ရှည်လျားစွာ မှုတ်ထုတ်သည်။

"ဟေ့ကောင် ဇော်ဝင်း၊ ငန်းခိုးလာတဲ့ စွန့်စားခန်းကို အရသာခံပြီး ပြောမနေနဲ့၊ ဒီမှာ မင်း နောက်ကျလို့ နေတောင် မြင့်နေပြီ၊ မင်း စွန့်စားခန်းကို နားထောင်နေရမယ့်အချိန် မဟုတ်ဘူး"

ခင်မောင်ကြည်က ဟောက်သည်။ ပြောလည်း ပြောစရာ၊ ဒီကောင့်





ပုံက တစ်ခုခုကို အရသာခံပြီး သူက ပြော၊ ကျွန်သူတွေက အံ့သြတကြီး နားထောင်၊ သည်ပုံမျိုး ချိုးနေသည်ဟန်။

ဇော်ဝင်း နောက်တစ်ရှိုက် အားပါးတရရှိုက်၊ အားပါးတရ ထုတ်ကာ ...

"စွန့်စားခန်းလို့ မင်းပြောလိုက်တာ သိပ်မှန်တယ်၊ ဒါပေမယ့် ငါ ဒီငန်းကိုဝယ်ခဲ့တာ ခိုးခဲ့တာ မဟုတ်ဘူး၊ ငန်းနဲ့ ပတ်သက်တဲ့ စွန့်စားခန်း မဟုတ်ဘူး၊ ဒါပေမယ့် စွန့်စားခန်းဆိုတာတော့ အမှန်ပဲ သူငယ်ချင်း"

"ဘာတွေ ပြောနေတာလဲ ... သွားစမ်းပါကွာ"

သန်းထွန်း ငန်းကိုင်ဖို့ပြင်ရင်း ထပ်ဟောက်ပြန်သည်။

ဇော်ဝင်း ဒီကောင် စိတ်ဆိုးပုံ မရ။ ဆေးပေါ့လိပ်ကို အောက်ချပြီး ...

"ဥမ္မာဒန္တီကြောင့် ရူးရတဲ့ သိဝိဘုရင်၊ ကလီယိုပါထရာကြောင့် ဒုက္ခရောက်ရတဲ့ အန်တိုနီ၊ ဟယ်လင်ကြောင့် ပြဿနာတက်ရတဲ့ ပဲရစ်၊ အဲ ... သူတို့ကို ငါ အခုမှပဲ စာနာ နားလည်တော့တယ် သူငယ်ချင်းတို့ ..."

ထူးထူးဆန်းဆန်း စကားလုံးတွေကို သူ ရွတ်သည်။ သူ့စကားထဲမှာ သူ နားလည်သွားပြီဟု ဆိုသော်လည်း ကျွန်တော်တို့မှာ ဘာမှ နားမလည်ကြ။ ဥမ္မာဒန္တီ၊ သိဝိ၊ ကလီယိုပါထရာ၊ ဟယ်လင် ... ရှုပ်နေသည်။ သူ့မျက်လုံးတွေမှာလည်း အလွန် စိတ်ရှုပ်စရာကောင်းသော အရိပ်အငွေ့တွေ ခိုးယှက်နေပြန်သည်။

"ဟာ ... ဘာတွေလဲဟ ... ဘာကို နားလည်တာလဲ"

ကျွန်တော်တို့က နားမလည်စွာဝိုင်းမေးကြသောအခါ သူက ...

"အချစ်ကို"

"ဘာ"

"ချစ်ခြင်းမေတ္တာတရားကိုလေ"

"အဲဒီတရားက ဘာဖြစ်လာလို့လဲ"

"ချစ်ခြင်းမေတ္တာတရားကို တွေ့ရှိခဲ့တဲ့ ငါ့မှာ ဖြစ်လာတာ ..."



www.burmeseclassic.com

www.burmeseclassic.com


"မင်းက ဘယ်လိုဖြစ်လာတာလဲ"

"ဒေဝစ္ဆရာ နတ်သမီးကို အစွဲကြီး စွဲခဲ့တဲ့ ပဥ္စသိခ နတ်သားလို ဖြစ်လာတာ"

ဆေးလက်စ ပန်းကန်ပြား ကျွန်တော့်လက်မှ လွတ်ကျအံ့ရှိသည်။

"ဘာကွ ... ဘာ ပဥ္စသိခ နတ်သား ဟုတ်လား"

ပန်းကန်ပြားရော၊ ဆပ်ပြာစိမ် သပွတ်အူကိုပါ ပစ်ချပြီး ကျွန်တော် မတ်တတ် ရပ်လိုက်မိသည်။

"အင်း ...ဟုတ်တယ် ...မင်း ဆိုဆိုနေတဲ့သီချင်းထဲက ပဥ္စသိခလေ"

"ဟာ ... ဘာတွေလဲကွ ရှင်းရှင်းလင်းလင်းလုပ်စမ်းပါ" ဟု ခင်ကြိုင်က အော်တော့မှပင် ဇော်ဝင်းသည် ဖြစ်ကြောင်းကုန်စင်ကို ပြောပြလေသည်။

"ငမောင် ...ဖတ်ဖတ်နေတဲ့ ဝတ္ထုတွေထဲကလိုတော့ ကဗျာမဆန်ဘူးပေါ့ကွာ၊ ဖြူဖြူကို ငါ စတွေ့ရတာက ဈေးဝယ်သွားရင် သားငါးတန်းမှာ တွေ့ရတာ မဟုတ်လား၊ ငါးညှိစော်တွေ နံနေတဲ့ကြားမှာလေ၊ သူက ငါး လာဝယ်တာကွ၊ ငါရပ်တဲ့နေရာအရောက်မှာ သူ့ခြင်းတောင်းထဲက ငါးကြီးက အောက်ပြုတ်ကျသွားရော၊ ငါးက ငါးကျည်းကြီးကွ၊ ပြီးတော့ မသေမရှင်ကြီး၊ ငါးကျည်းဆိုတော့ ဘယ်ကိုင်လို့ လွယ်မလဲ၊ ငါ့ရှေ့ရောက်လာပြီး ခုန်ပေါက်နေတုန်း ငါကလဲ ဈေးဆိုင်က ပိသလေးကြီး ဆွဲယူပြီး ကောက်ထုလိုက်တာပေါ့၊ အဲဒီတော့မှ ငါးလဲ စန့်ရော၊ ဒီတော့မှ ငါးသေကို ကောက်ကိုင်ပြီး သူ့ခြင်းတောင်းထဲ ထည့်ပေးလိုက်တယ်၊ ဒီတော့မှ ဖြူဖြူ့အလှက တွေ့ရတာပဲ၊ တကယ်လှတာ မောင်၊ အတော့်ကို လှတာ"

"မနိုပ်ပါဘူးကွာ၊ မင်းဟာကြီးက ဇာတ်လိုက်က မသေမရှင်ငါးကို ပိသလေးနဲ့ ထုသတ်၊ ပြီးတော့ ညှိစော်တွေက နံ"

"ဘာပဲဖြစ်ဖြစ် ဖြူဖြူက ငါ့ကို သိပ်ကျေးဇူးတင်သွားတာ"

"ဒါနဲ့ ... မိတ်ဖြစ်ခဲ့ရရောလား"

"ငါ ငန်းဝယ်ပြီး ဈေးအပြင်က စောင့်တာပေါ့၊ ပြီးတော့ သူ ထွက်လာတော့ နောက်ယောင်ခံ လိုက်တာပေါ့"

"မင်းကတော့ ဖြစ်မယ်"

"သူ တစ်ယောက်တည်း မဟုတ်ဘူးကွ၊ အဒေါ်ကြီးတစ်ယောက် ပါသေးတယ်"

"သူတို့ ဈေးဝယ်ထားတာတွေကလဲ အများကြီး၊ ပိုက်ဆံတော့ ရှိမယ့်ပုံပဲ၊ အဲဒါနဲ့ အဒေါ်ကြီး လမ်းတစ်ဖက်ကူးပြီး မြင်းလှည်းငှားနေတုန်း ငါလဲ ဖြူဖြူ့အနားမှာ စက်ဘီးထိုးရပ်ပစ်လိုက်တာပဲ"

"မင်းစက်ဘီးလက်ကိုင်ပေါ်မှာ ငန်းကြီး တင်လို့ပေါ့"

"အေးပေါ့ ... ဒါပေါ့"

"အဲ ... ဒါနဲ့"

"ငါက နာမည်ဘယ်လိုခေါ်လဲ၊ ဘယ်မှာနေလဲ မေးတာပေါ့၊ သူက ပြုံးပြီး"

"ဟာ တယ်ဟုတ်ပါလားကွ၊ နာမည်ကော နေရာကော ပြောလိုက်လား"

"ဆုံးအောင် နားထောင်စမ်းပါကွာ၊ သူက ပြုံးပြီး သိချင်ရင် စုံစမ်း ပါတဲ့"

"ဟင် ... ဒါနဲ့ မင်းကပြောတော့ ဖြူဖြူ ... ဆို"

"အေးလေ ငါ့အထိမ်းအမှတ်နဲ့ ငါခေါ်တာပဲ၊ ငါ ငန်းသွားဝယ်ရင်းနဲ့ တွေ့ခဲ့ရတာမို့ ဖြူဖြူလို့ ငါ့ဘာသာ ငါ နာမည်ပေးလိုက်တာ"

'ပေါပေါ့ကွာ' ဟု သန်းထွန်းအပြောတွင် အားလုံး ဝိုင်းရယ်ကြသည်။ ဇော်ဝင်း လိုက်မရယ်၊ မရယ်သူ နောက်တစ်ယောက် ရှိသည်။ ကျွန်တော်။

"အေးလေ ...ဟားကြပေါ့၊ မင်းတို့ ဒါကို မသိနိုင်ပါဘူး၊ ငါသာ ဗေလုဝစောင်းသခင်ဖြစ်ခဲ့ရင်လေ ပဥ္စသိခကမှ ဂါထာ ဆယ့်ငါးပုဒ် ကျူးရင့်ခဲ့သေးတယ်၊ ငါသာဆိုရင်တော့ ဖြူဖြူ့အလှ၊ ဖြူဖြူ့အပေါ် ထားရှိတဲ့ ငါ့အချစ်တွေကို ဂါထာပေါင်းတစ်ထောင့်ငါးရာနဲ့ ဖွဲ့ဆိုမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com

ဇော်ဝင်း အလေးအနက်ကြီး ပြောနေသည်။

သန်းထွန်းကမူ ငန်းကြီးကို လည်ပင်းမှ မဆွဲပြီး...

"ခြော်... ဖြူဖြူ... ဖြူဖြူတဲ့၊ ဟောကောင် ဇော်ဝင်း မင့်ငန်းက လက်စသတ်တော့ နသတ်မှာမဟုတ်ပဲ"

အရယ်အမော အပြောင်အပြက်တွေကြားမှာ ဇော်ဝင်း စိတ်မဆိုးသည်ကို ကျွန်တော် အံ့ဩနေမိသည်။ သူ့ကို အံ့ဩနေမိသည်နှင့် အမျှပင် 'ပဥ္စသိခ' ဟူသော စကားလုံးကြောင့်လည်း ကျွန်တော် တစ်မျိုးကြီး ဖြစ်နေသည်။ 'ဇေလုဝ' ဆိုသော အလွန်လှပသည့် အမည်တစ်ခု ပါလာပြန်သည်။ ဇေလုဝဆောင်းသခင်တဲ့။ ဂါထာ ဆယ့်ငါးပုဒ်တဲ့၊ ဒေဝစ္ဆရာတဲ့။ ခြော်... ပဥ္စသိခဆိုတာ နတ်သားပါလား။ ဒေဝစ္ဆရာဆိုတာ သူ့သိပ်စွဲလမ်းတဲ့ နတ်သမီးဆိုပါလား။ ဟင် ဟုတ်ပေသားပဲ။ သီချင်းထဲမှာ 'ပဥ္စသိခနတ်ဒေဝါ' ဆိုတာ ပါတယ်လေ။ ပြီးတော့ 'မလျှော့မတင်း ဆောင်းတော်ကို' ဆိုတာလဲ ပါတယ်လေ။ နှုတ်ဖျားမှသည် ခေါင်းထဲသို့ မဝင်သော ပဥ္စသိခ အပေါ် ကျွန်တော် အားနာသွားသည်။ ခွင့်လွှတ်ပါ ပဥ္စသိခနတ်သားကြီးရယ်၊ ကျွန်တော် နောက်ဆို ပေါ့ပေါ့တန်တန် သဘောမထားပါဘူး။

"ငမောင်...ဘာကြောင့်ပြီး ရပ်နေတာလဲကွ၊ ဇော်ဝင်းက ဖြူဖြူတဲ့၊ မင်းက ပန်းကန်ဆေးရင်း ထလာတော့ လက်မှာ ဖွဲပြာတွေနဲ့၊ ငမောင်ကနေ ငမည်း ဖြစ်နေပြီ... လုပ်လေကွာ... အချိန်မရှိဘူး"

ရန်ကင်းတောင်၊ ရေတံခွန်တောင် ပျော်ပွဲစားခရီး တစ်ချိန်လုံးလုံး ကျွန်တော့်အပေါ် ပဥ္စသိခက အုပ်စိုးနေသည်။ ကျွန်တော်ကြိုက်သော သီချင်းတစ်ပုဒ်ထဲမှ ပဥ္စသိခဟူသော အမည်တစ်ခု၏နောက်ကွယ်တွင် ကျွန်တော်မသိသေးသော အကြောင်းအရာတွေ အများကြီး ရှိနေပါကလား ဟု ဝမ်းသာနေမိသည်။

ပဥ္စသိခနောက်သို့ ကျွန်တော် လိုက်တော့မည်။

*





အမေ့အမေကို ကျွန်တော်က အမေကြီးဟု ခေါ်သည်။

အမေကြီးကို မေးရသည်။ စိတ်ပုတီးကို လက်ကောက်ဝတ်တွင် သုံးလေးငါးပတ်ရစ်ပတ်ကာ အမေကြီးက...

"မလျှော့မတင်း ဆောင်းကြိုးငြင်းဆိုတဲ့စကားကို ကြပ်ကြပ်သဘော ပေါက်ရမယ်ကွယ့်၊ တန်ဆေး လွန်သောဆိုတာမျိုးပေါ့၊ မစ္ဈိမပဋိပဒါ အလယ်အလတ် လမ်းစဉ်ဆိုတာ တို့များ ဘုရားရှင် ဟောကြားတော်မူတဲ့ အတိုင်း"

"ဒေဝစ္ဆရာနတ်သမီးအကြောင်း ပြောစမ်းပါ အမေကြီးရာ"

အမေကြီးက ကျွန်တော့်ခေါင်းကို ပွတ်လျက် ပြောသည်။

"ငါ့မြေးကြီးလာရင် ဘာမှ စိတ်မကူးနဲ့၊ သာသနာ့ဝန်ထမ်း အာဇာနည် ရဟန်းဖြစ်ဖို့သာ စိတ်ကူး၊ ရဟန်းဘဝနဲ့သာ အရိုးထုတ်၊ ကိစ္စများမြောင် လူတို့ဘောင်၌ အိမ်ထောင်သက်မွေး၊ ခြနယ်မြေသား... ဆိုသလို"

အမေကြီးထံမှ ကျွန်တော် ခွာခဲ့ရလေသည်။

ပဥ္စသိခနောက်သို့ ကျွန်တော် မနားတမ်းလိုက်သည်။ ခင်မကန်တိုက်က ဦးပဥ္ဇင်းဆီမှာ၊ မြန်မာဘာသာဖြင့် ရေးထားသော ဘုရားဟော ကျမ်းဂန်တွေ ရှိသည်ဟု သိရသည်။ ခင်မကန်တိုက်သို့ ကျွန်တော်သွားသည်။ နယ်လုံးဆိုင်ရာ စာကြည့်သင်းက အမှုဆောင် အစ်ကိုကာလသားကြီးတွေထံ ချဉ်းကပ်ကာ စာအုပ်တွေ ရှာပေးပါဟု တောင်းပန်ရသည်။ 'တို့မေတ္တာဓာတ်စက် အငှားဌာန' မှ အစ်ကိုကြီး တစ်ယောက်က လိလိကြာ ညွှန်း၏ 'မေတ္တာရွှေဆောင်း' သီချင်းကို ဖွင့်ပြသည်။

နှုတ်ဖျား၌ တဲတဲကလေးချိတ်ဆွဲနေခဲ့သော ပဥ္စသိခသည် နှုတ်ဖျားတွင် မြဲမြဲခိုင်လာရုံသာမက ခေါင်းထဲသို့ စွဲဝင်လာသည်ထက် ပိုကာ ရင်ထဲထိတိုင် ခိုအောင်းလာလေတော့သည်။

ပဥ္စသိခနောက်သို့ ကျွန်တော် သဲကြီးမဲကြီး လိုက်နေသော တစ်ချိန်


www.burmeseclassic.com

www.burmeseclassic.com

လုံး ဇော်ဝင်းလည်း သူ့ဖြူဖြူနောက်သို့ ကြိုးကြိုးစားစား လိုက်နေချေသည်။ သို့ဖြင့်ပင် ဇော်ဝင်းနှင့် ဖြူဖြူတို့ ကြိုက်သွားကြချိန်ဝယ်၊ ကျွန်တော်လည်း ပဋ္ဌသီခကို နောကျေသူ ဖြစ်နေပေပြီ။

*

တစ်ဆောင်းသစ်ချိန်၏ တစ်ညဦးချမ်းမှာ ထုံးစံအတိုင်း ကျွန်တော်တို့တစ်စု အရှေ့ကျုံးလမ်းသို့ စက်ဘီးကိုယ်စီဖြင့် ထွက်ခဲ့ကြသည်။ ထုံးစံအတိုင်း အရှေ့မုခ်တံတားမှာ အရင်ထိုင်ကြသည်။ နဂါးစပယ်ရှယ်ကို မီးညှိကြသည်။ ကပ္ပိတန် တစ်ဘူးကို ဖောက်ကြသည်။ သည်လူသိုက်နေရာပင် ဖြစ်သော်လည်း အပြောင်းအလဲတော့ ရှိခဲ့ပေပြီ။ မနှစ်ဆောင်းညတုန်းကလို မဟုတ်တော့။ ကျွန်တော်တို့ထဲတွင် ဆေးလိပ်သီးသူ မရှိတော့။ ဘိုနီဆိုလျှင် စမုန်စပါး၊ အာမွှေး၊ ဆေးမွှေး၊ ကွမ်းယာကိုပင် ကောင်းကောင်းဝါးတတ်နေပြီ။

မန္တလေးတောင်ကြီး၏ အရိပ်သည် ကျုံးရေပြင်၌ ထင်ဟပ်ဆဲ၊ နီညိုညို မြို့ရိုးကြီးသည် ချုပ်ညအမှောင်စတွင် မည်းညိုလာသည်။ ဟိုးအရှေ့ဆီတွင် ရှမ်းရိုးမတောင်။ အရှေ့မုခ်တံတားကြီးအောက် ကျုံးရေပြင်တွင် မြောက်လေပြန်တိုင်း တဖျပ်ဖျပ်လန်သွားတတ်ကြသော ကြာဖက်စိမ်းများ။

လရောင်စီးဆင်းစ ကျုံးရေပြင်ကို ကြည့်ကာ ကျွန်တော် အာရုံမပျံ့အောင် တည်ဆောက်လိုက်သည်။

"ကဲ… ဆက်ပါဦးကွ၊ ငမောင်"

ဖြည်းဖြည်းလေး ကျွန်တော် ရွတ်သည်။

"ဇလုဝဟု နာမယှဉ်မို့၊ ခေါ်တွင်သည်နှင့်၊ သုံးလီဂါဝုတ်၊ မယုတ်လည်းကောင်း၊ ထိုနတ်စောင်း၏ ရှည်လျောင်းစဆုံး၊ စောင်းလက်ရုံးကို၊ သုံးပုံပုံလျက်၊ အထက်သစ္စ၊ မဇ္ဈအလယ်၊ အောက်ဝယ်ဘာဂ၊ ဂန္ဓာရဟု၊





မာယင်္ဂကာ၊ ကျမ်းလာအရ၊ သုံးဂါမတည့်…"

"အဲဒါတွေ မင်းက လျှောက်ရွတ်ပြနေ၊ ငါတို့က ဘာတစ်လုံးမှ နားမလည်ဘူးကွ"

ဘိုနီက ကွမ်းတံတွေးတစ်ချက်ထွေးကာ နေရာမှ ထသည်။ သူ့အသံမှာ စိတ်ပျက်လက်ပျက် မြည်တမ်းသံ။ သူ့ကို ကျွန်တော် ပြန်အတိုင်ခိုင်းရသည်။

"ထိုင်ပါကွာ… လင်္ကာရွတ်ပြီးတဲ့နောက်မှာ အဓိပ္ပာယ်ကို ငါ ရှင်း ပြမှာပေါ့၊ ဟုတ်တာပေါ့ လင်္ကာအတိုင်းဆိုရင် ဘယ်နားလည်မလဲ၊ ငါ တောင် အတော်လေ့လာထားရတာ"

"အေးလေ…မင်းကတော့ ပဋ္ဌသီခ စပယ်ရှယ်လစ် ဖြစ်မှန်းမသိ ဖြစ်နေတာပဲဟာ"

တင်ဝင်းက ထောက်ပေးသည်။ ကျွန်တော် နှစ်ခြိုက်စွာပြုံးလျက် ကပ္ပိတန်ကို မီးညှိသည်။ အခွင့်အခါ ကြုံတိုင်း၊ ဒီကောင်တွေကို ကျွန်တော် ပဋ္ဌသီခအကြောင်း ရှင်းရှင်းပြနေရလေသည်။ ကျွန်တော့် ရှင်းလင်းတင်ပြချက်ကို နားအစိုက်ဆုံး စိတ်အဝင်စားဆုံးကား ဇော်ဝင်း။

"မာရ်နတ်မင်းက မြတ်စွာဘုရားဆီက ပလ္လင်တော် လာလုတယ်လေ၊ အဲဒီမှာ ဝသုန္ဓြေက ဆံပင်ကို ရေညှစ်ချလိုက်တော့ မာရ်နတ် စစ်ရှုံးပြီး ထွက်ပြေးရပါရောလား၊ အဲဒီထွက်အပြေးမှာ မာရ်နတ်က စောင်းမေ့ကျန်ရစ်တယ်လို့ ဆိုတယ်၊ ဒီစောင်းကို သိကြားမင်းက ရပြီး နတ်ပြည်ရဲ့ ဂီတမှူး ဖြစ်တဲ့ ဂန္ဓဗ္ဗအန္ဓယ်ဝင် ပဋ္ဌသီခကို ပေးလိုက်တာပဲ"

"ဩော်…"

"အဆင်းက ဥသျှစ်မှည့်အဆင်းရှိတဲ့အတွက် ဇလုဝလူများ အမည်ရတယ်"

"ဩော်…ဩော်"

"ဥသျှစ်မှည့်အဆင်းတဲ့လား။ ဒါဆို အဲဒီ စောင်းကြီးဟာ အသံနား



www.burmeseclassic.com

www.burmeseclassic.com

ထောင်ရတာ အသာထား၊ မြင်ရုံတဲ့တင်ကို စားချင်စရာကြီး နေမှာပဲနော်၊ ဝင်းထိန်နေမှာပဲ"

ဥသျှစ်သီး အလွန်ကြိုက်သော ခင်ကြိုင်က ဝင်ဖောက်သည်။

ဇော်ဝင်းက 'ဟေ့ကောင် အသာနေစမ်း' ဟု လှမ်းဟောက်သည်။ ဇော်ဝင်းကား ပဥ္စသီခနှင့်ပတ်သက်လာလျှင် နည်းနည်းလေးမှ အထိမခံနိုင်လောက်အောင် အကဲဆတ်နေပေပြီ။

"ဒီနတ်စောင်းရဲ့ ပမာဏကို ငါ ပြောပြမယ်။ စောင်းရဲ့ရှေ့ပိုင်းက တစ်ဂါဝုတ်၊ စောင်းညှို့ဖွဲ့တဲ့နေရာက တစ်ဂါဝုတ်၊ စောင်းကောက် အဖျားမှာ တစ်ဂါဝုတ်၊ စုစုပေါင်း သုံးဂါဝုတ် ရှိတယ်၊ အကြီးကြီးပေါ့ကွာ"

"တစ်ဂါဝုတ်ဆိုတာ ဘယ်လောက်ရှိလဲ"

အောင်ခင်မြင့်၏ မထင်မှတ်သော မေးခွန်း။

"တစ်ဂါဝုတ်ဆိုတာ ... အဲ"

တစ်ဂါဝုတ်၏ ပမာဏကို ကျွန်တော် မသိ။ ခင်မကန့်တိုက် ဦးပဥ္စင်း ဆီမှာလဲ မေးမထားမိ။ သို့သော် ဗေလုဝပဏ္ဍု၏ သိက္ခာမကျစေရန် ကာကွယ်ရပေမည်။

"ဘယ်လောက်ကြီးမလဲဆိုတာ မင်းတို့ စဉ်းစားကြည့်လေ၊ ဒီစောင်းကို တစ်ခါ တီးလိုက်ရင် လေးလကြာမှ အသံစဲသတဲ့၊ ကဲ ...စဉ်းစားကြည့်"

"ဟာ ... ဟုတ်လား"

တညီတညွတ်တည်း အာမေဍိတ်ပြုကြသည်။ ဒီကောင်တွေ၏ တအံ့တသြမျက်နှာတွေကို တစ်လှည့်စီကြည့်ရင်း ကျွန်တော် အရသာခံနေလိုက်သည်။

ထိုစဉ် တင်ဝင်းက တစ်ခုခုကို တွေးမိလာဟန်ဖြင့် မျက်နှာကို ရှုံ့သည်။ ပါးစပ် တပြင်ပြင် လုပ်သည်။ ဒီကောင်က တစ်ခါ တစ်ခါ အတွေးခေါင်ချင်သည်။ သချာတစ်ပုဒ်ကို တွက်ပြပြီးနောက် မရှင်းတာရှိတာ မေးကြဟူသော ဆရာတစ်ယောက်၏ လေသံမျိုးဖြင့် ကျွန်တော် ပြောလိုက်သည်။





"တင်ဝင်း၊ မင်း ဘာမေးချင်လို့လဲ"

"တို့ ... ဟိုဒင်းပါကွာ ... အဲဒီ ပဏ္ဍိုတဗေလု ... အဲ ..."

"ဗေလုဝပဏ္ဍုပါကွာ ..."

"အေး ... အဲဒီ မင်းပြောတဲ့နတ်စောင်းက တစ်ခါတီးလိုက်ရင် လေးလ ကြာမှ အသံစဲတယ်ဆိုတော့ ... ဟိုဒင်း"

"ပြောပါလေ ..."

"ငါ တစ်ခု စဉ်းစားမိလို့ပါ ..."

"ဘာလဲ ..."

"နားကို အူနေမှာပဲ ... လို့"

ပိုင်းရယ်ကြသည်။ ဇော်ဝင်းပင် ပြုံးစိစိဖြစ်သွားသည်။ ကျွန်တော်က မျက်နှာကို ရှုတင်းတင်း လုပ်ပစ်လိုက်ရသည်။ ရယ်သံတွေ မစဲခင် နင်းပြောရသည်။

"စောင်းရိုးကို ကုန္တနီလာ၊ စောင်းကြိုးကငွေ၊ စောင်းပေါက်က ရွှေ၊ စောင်းညှို့ရစ်တဲ့နေရာကျတော့ သန္တာအတိပြီးတယ်တဲ့။ စောစောက ငါ ရွတ်တဲ့လင်္ကာထဲမှာပါတဲ့ အတိုင်းပဲ၊ စောင်းရဲ့လက်ရုံးကို သုံးပိုင်း ပိုင်း၊ အထက်ပိုင်းကို သဇ္ဇဂါမ၊ အလယ်ပိုင်းကို ပဇ္ဇုဂါမ၊ အောက်ပိုင်းကို ဂန္ဓာရဂါမဆိုပြီး ခွဲခြားထားတယ် ..."

ရွှေတွေ၊ ငွေတွေ၊ ကုန္တနီလာ သန္တာတွေ၊ ဂါမတွေ တွင်တွင်သုံးပြီး ဖိပြောလိုက်သောကြောင့် ဒီကောင်တွေ မျက်လုံးအဝိုင်းသား ဖြစ်သွားကြပြန်သည်။

ဘိုနီ မျက်တောင် ပုတ်ခတ် ပုတ်ခတ် လုပ်လာပြန်သည်။ သို့သော် ဒီကောင်က တင်ဝင်းလို မဟုတ်။ သူ ပြောသည်။

"စာကြည့်သင်းရှေ့၊ ဘုံကထိန်ပွဲမှာ တီးတဲ့ တို့အရပ်တီးဝိုင်းထဲက ကိုဖေသန်းကြီးရဲ့ ဒုံမင်းနဲ့များတော့ ကွာလိုက်တာနော် ..."

"အရေးထဲများကွာ ငမောင် ပြောပြော၊ ဆက်ပါ ပြော ..."



www.burmeseclassic.com

www.burmeseclassic.com

ဇော်ဝင်းက ဝင်ဟန့်ရင်း ကျွန်တော့်ဘက် လှည့်ပြောသည်။

"ငါက တစ်ဆက်တည်း ပြောမလို့ပါ။ ဒီကောင်တွေ ဝင်ဝင်နှောင့်နေလို့ "

"ကဲ…မင်းတို့ ငမောင့်ကို ဘာမှ ကြားဝင်မဖြတ်နဲ့။ ကောင်းကောင်းနားထောင်"

သူ့ဖြူဖြူနှင့်ကြိုက်ပြီး နောက်ပိုင်းတွင် ဇော်ဝင်း ကျွန်တော့်အပေါ် တလေးတစား ဆက်ဆံလာလေသည်။

"ဆောင်းက ဒီလောက်ထူးခြားနေရင် ဒီဆောင်းကိုတီးတဲ့ ပဥ္စသီခ နတ်သားဆို ဘယ်လောက်ထူးခြားမလဲဆိုတာ စဉ်းစားကြည့်ပေါ့ကွာ၊ ပဥ္စသီခရဲ့ ထူးခြားမှုတွေထဲက ဒီပြင်ဟာတွေ ဖယ်ထားကွာ၊ သူ့ဆောင်းဂါထာ ဆယ့်ငါးပုဒ် ရှိပါရောလား၊ အဲဒီထဲက တစ်ပုဒ်ကို ငါ ရွတ်ပြမယ်"

အားလုံး ငြိမ်သွားကြသည်။ ဇော်ဝင်း ရှေ့တိုးလာသည်။ ကျွန်တော်လည်ချောင်းရှင်းပြီး…

"အပူလွန်မင်း၊ နှိပ်စက်ခြင်းရှိသော ဆင်ပြောင်ကြီးသည် ရွှေကြာပဒုံ၊ ပန်းဝတ်မှုန်ဖြင့် ပြည့်စုံပေသော၊ အေးမြရိပ်ဖျန်း၊ ချမ်းသာရေလည်းရှိထသောရေကန်သို့၊ အာသာရမ္မက်၊ နှစ်သက်မျှော်တင်း၊ လျင်စွာဆင်း၍၊ ကိုယ်ပကိုယ်တွင်း၊ ချမ်းသာခြင်းကို ရောင်တခင် ရှိလေဘိသကဲ့သို့"

အသက်ရှူသံများကိုပင် ကြားနေရလေသည်။

"အဲ…ချမ်းသာခြင်းကို ရောင်တခင်ရလေဘိသကဲ့သို့…ထို့အတူ မယ်နှမ၊ သူရိယဝစ္ဆာ၏ မောင်တော်၊ ငါ ပဥ္စသည်လည်း…သင်နတ်မိမယ်၏ ရွှေတည်သီးအလား၊ ရွှေရင်ကြားသို့၊ သက်ဝင်ခိုလှုံ၊ ရင်ငွေ့ကို ခြုံရပါမှ၊ ကိုယ်ပ ကိုယ်တွင်း၊ ချမ်းသာခြင်းကို၊ ယွင်းမချွတ်သွေ၊ ရပါလေအံ့တကား…"

"အောင်မယ်လေး၊ ကောင်းလိုက်တာကွာ"

ပေါင်ကို လက်ဝါးနှင့် ဖြောင်းခနဲ ပုတ်ကာ ဇော်ဝင်း အားပါးတရ ရေရွတ်လေသည်။ သည်တစ်ခါတော့ ဘယ်သူမှ ပြက်ချော်ချော်မလုပ်ရဲ





ကြတော့။ ပဥ္စသီခသည် ကျွန်တော်တို့အားလုံးအပေါ် အုပ်စိုးဖြန့်ကြက်သွားပေပြီ။

ပဥ္စသီခရှင်းလင်းပွဲပြီးသည့်နောက် ကျွန်တော်တို့အားလုံး တိတ်ဆိတ်စွာပင် အရှေ့မုခ်တံတားကြီးမှ ခွာကာ ကျုံးလမ်းတစ်လျှောက် စက်ဘီးစီးကြသည်။ ထုံးစံအတိုင်း မြောက်မှ တောင်၊ တောင်မှ မြောက် အခေါက်ခေါက် အပြန်ပြန်။ ပြီးတော့ ထုံးစံအတိုင်း သီချင်းဆိုကြသည်။ ထုံးစံအတိုင်းပင် ကျွန်တော် နောက်ဆုံးအလှည့်။ သို့သော် 'ဂီတာတေးသီချင်းများကို ဘုရားတောင် ပယ်တော်မမူ' ဟူသော ပဥ္စသီခသီချင်းကို ကျွန်တော် မဆိုတော့။ သူငယ်ချင်းတွေကလည်း ဆိုဖို့ မတိုက်တွန်းကြတော့။

ကျွန်တော်တို့၏ အပျော်စက်ဘီးစီး၊ အပျော်တေးဆို ညများတွင် ပဥ္စသီခကို 'အပျော်' ထဲ မထည့်နိုင်၊ ပဥ္စသီခသည် အပျော်အပြက်ထားရမည့် အရာမဟုတ်။ အလေးအနက်သဘောထားအပ်သည့် အရာ။

*

ဇော်ဝင်းက သူ့ဖြူဖြူ(အမည်ရင်း မေမျိုးဆွေဟု မခေါ်ဖြစ်ကြတော့ပဲ ဖြူဖြူဟုသာ နှုတ်ကျိုးသွားကြသည်။)ကို အကြောင်းပြု၍ ပဥ္စသီခနှင့် သူရိယဝစ္ဆာကို အကြောင်းပြု၍ ကိုဖေသန်းကြီးဆီမှာ ဒုံမင်းသင်သည်။ လီလီကြာညွန့်၏ 'မေတ္တာရွှေဆောင်း' ကို မရအရ တက်ယူသည်။ တက်ပေမည်။ 'ပဥ္စသီခ တိမ်ညီလာနန်းပေါ်က မှန်းဆလို့မျှော်ကာ ဆောင်းတော်ကသာ၊ ဒေဝစ္ဆရာ…ချစ်စရာပျိုဖြူတစ်ဦးရယ်ကြောင့်၊ ခြော်…မေတ္တာလိုထူးပါလို့' ဟူသော စာသားများ။ 'လှစ်ခါရွှေညောင်း၊ မေတ္တာရွှေဆောင်းခေါ်တွင်စေရာ၊ အသည်းလွှာကို မျှင်၊ ကြိုးတပ်လို့ ဆင်' ဟူသော စာသားများသည် ဇော်ဝင်းအတွက် သည်းခြေကြိုက်စကားလုံးများ ဖြစ်နေရသည်။

ကျွန်တော်သည်လည်း မမျှော်လင့်ပဲ သူငယ်ချင်းတစ်ဦးတို့ကြားမှာ အခါတော်ပေး ဖူးစာရေးနတ်မင်း ဖြစ်ခဲ့သည်။ ပဥ္စသီခ၏အကြောင်းပြု၍



www.burmeseclassic.com

www.burmeseclassic.com

တေးကဗျာ၊ လင်္ကာ၊ အနု၊ အနဲ့တို့၌ ကျွမ်းကျင်လိမ္မာသူဆိုသည့် ဝိသေသ ဘွဲ့ကို ကျွန်တော့်အား အပ်နှင်းကြလေသည်။

သို့ဖြင့်ပင် တင်ဝင်းအတွက်၊ ခင်မောင်ကြည်အတွက် 'စာ'များစွာ ကို ကျွန်တော် ရေးပေးခဲ့ရသည်။ ထို 'စာ'များတွင် ကျွန်တော်သည် ပဥ္စသိခ စောင်းချင်းဂါထာများထဲမှ အတော်များများကို လိမ္မာစွာ 'မှီး' ကာ တဖွဲ့တနွဲ့ သီကုံးပေးခဲ့ရသည်။ ကျွန်တော်ရေးပေးသော 'စာ'များဖြင့် တင်ဝင်းသည်လည်းကောင်း၊ ခင်မောင်ကြည်သည် လည်းကောင်း အသီးသီး အသာကသော 'သူရိယဝစ္ဆာ'များကို ရရှိသွားကြလေသည်။

နောက်တစ်နှစ်တွင် ကျွန်တော်တို့အားလုံး တက္ကသိုလ် ရောက်ကြ သည်။ စိတ်ကူးတယဉ်ယဉ် ရင်တဖိုဖိုဖြင့် အိပ်မက် မက်ခဲ့ကြရသော တက္ကသိုလ်။ တမာတန်း၊ ရေနီမြောင်းအလှတို့ဖြင့် ဖွဲ့စည်းထားအပ်သော မန္တလေး တက္ကသိုလ်။

စိတ်ကြိုက်ဘာသာတွဲများ ရွေးကြရာ ကျွန်တော်က တက္ကဗေဒ၊ သမိုင်း၊ သင်္ချာဘာသာတွဲကို ရွေးဖြစ်သည်။ အမှန်က သင်္ချာအစား စိတ် ကြိုက် မြန်မာစာ အိုဘီကို ကျွန်တော်တွဲရမည်။ အရွေးမှား အတွဲမှား သွားကြသည်။ သူငယ်ချင်းတွေနှင့် ကွဲသွားသည်။ ထိုမျှသာမက သင်္ချာ၌ အမှတ်နှစ်ဆယ်ကျော်ရုံလေးရသောကြောင့် ဥပစာ (က) တန်း၊ အင်တာပတ် အေတွင် ကျွန်တော် မရှုမလှ ကျရှုံးသည်။

ချစ်စွာသော သူငယ်ချင်းများနှင့် တကွ အရှေ့ကျုံးလမ်း၊ ရန်ကင်း တောင်၊ ရေတံခွန်တောင်စခန်း၊ လသာနှင်းသည်းညများကို ခွဲခွာကာ ကျွန်တော် ရန်ကုန်ဆင်းခဲ့ရသည်။ ရန်ကုန်တွင် ပြောင်းရွှေ့အခြေစိုက်နေ ကြပြီ ဖြစ်သော မိသားစုနှင့် အတူနေရာ ရန်ကုန်တက္ကသိုလ်မှာ ဆက်တက် ဖို့ စီစဉ်ပြီး ဖြစ်သည်။

ဘူတာလိုက်ပို့သောနေ့က ဇော်ဝင်း၊ တင်ဝင်းနှင့် ခင်မောင်ကြည် တို့က ကျွန်တော့်လက်ကို တင်းတင်းကြီး ဆုပ်ညှစ်ကြသည်။ ရထားထွက်





ခါနီးတွင် တင်ဝင်းက ကျွန်တော့်နားကပ်၍ ပြောသည်။

"သူငယ်ချင်း၊ မင်းကြောင့် ငါတို့ အခြေအနေ တိုးတက်ခဲ့ရပေ မယ့် မင်းကတော့ ဒီအတိုင်း ဒီအတိုင်းဖြစ်နေတယ်။ အမှန်တော့... တို့ထဲမှာ မင်းဟာ ပဥ္စသိခပါ၊ မင်းရဲ့ သူရိယဝစ္ဆာဒေဝီကို မင်း ရှာတွေ့ နိုင်ပါစေလို့... ငါ ဆုတောင်းလိုက်ပါတယ် သူငယ်ချင်း"

ကျွန်တော် တိတ်ဆိတ်စွာပင် ပြုံးမိခဲ့သည်။

ဘဝလောကသစ်မှ ဆီးကြိုနေမည်ဖြစ်သော လက်တွေ့ပြဿနာများ ကြားတွင် ကျွန်တော်သည် 'ပဥ္စသိခ' လုပ်မရနိုင်ကြောင်းကို ကိုယ့်ဘာသာ ကိုယ် နားလည်ထားသည်။

လသောနှင်းမှုန်ညများ၊ အရှေ့ကျုံးလမ်းတစ်လျှောက်နှင့် ဂီတ သံသာ ညချမ်းခါဝိုင်းကလေးကို လွမ်းမောဖွယ် အိပ်မက်ကလေးတစ်ခု အနေဖြင့်သာ တယုတယ သိမ်းထားခဲ့ရတော့မည်။

ရထားဥဩသံက ဘဝ၏ပြကွက်ဟောင်းနှင့် ပြကွက်သစ်တို့ကို စည်းခြားပေးလိုက်သည်။ သူငယ်ချင်းများကို ကျွန်တော် လက်ပြ နှုတ် မဆက်တော့။

* * *


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

၁၀–၁၀–၉၅

မန္တလေး

**သူငယ်ချင်း ငမောင်**
**သို့မဟုတ်–ပဥ္စမီ**

အားလုံးကိုယ်စား ငါ စာရေးလိုက်တယ်၊ ဒီစာရေးနေချိန်မှာ အားလုံးစုံညီ ရှိနေကြတယ်၊ မင်းကို ငါတို့အားလုံးက အမြဲသတိရနေကြပါတယ်ကွာ၊ အဖွဲ့စုံတိုင်း မင်းအကြောင်း ပြောဖြစ်ကြပါတယ်။

သတိအရဆုံးကတော့ ငါနဲ့ မျိုးပဲပေါ့၊ အဲ... မျိုးဆိုတာ ဖြူဖြူလေ၊ သူ့ကို ဖြူဖြူလို့ မခေါ်ရဘူးတဲ့၊ ဒါကြောင့် နာမည်ရင်း မေမျိုးဆွေထဲက မျိုးလို့ ပြောင်းခေါ်ရတယ်၊ ဟုတ်တာပေါ့၊ ဖြူဖြူဆိုတာကို သူ ဘယ်ကြိုက်မလဲ... မှတ်မိသေးလား... ငန်းကြီးလေကွာ... ထားပါတော့လေ။

ဘယ်နှယ်လဲ သူငယ်ချင်း ရန်ကုန်တက္ကသိုလ်မှာ ပျော်ရဲ့လား၊ သူငယ်ချင်းအသစ်တွေ ရပြီလား၊ ငါတို့ အခု အရှေ့ကျူးလမ်းမှာ စကော်ဘီး မစီးဖြစ်ကြတော့ဘူးကွ။ အဲဒီအရွယ် မဟုတ်



တော့ဘူးလေ။ မကြာခင်ပဲ ဘွဲ့တွေ ဘာတွေ ရကြတော့မှာ မဟုတ်လား။ ပြီးတော့ 'ဂီတမှူး' လဲ မရှိဘူး မဟုတ်လား။ မင်း ရှိရင်တော့ သီချင်းမဆိုဖြစ်တောင် အရှေ့မုခ်တံတားမှာ ထိုင်ဖြစ်မှာပဲ။

ဘယ်နှယ်လဲဟေ့ သူငယ်ချင်း။

သူရိယဝဏ္ဏ(သို့မဟုတ်)ဒေဝဏ္ဏရာ တွေ့ပြီလား။ ဒေဝဏ္ဏရာလို့ ခေါ်ရတာ ပိုကောင်းတယ်ကွ နော်၊ 'မေတ္တာရွှေဆောင်း'ထဲက၊ 'ဒေဝဏ္ဏရာ ချစ်စရာပျိုဖြူတစ်ဦးရယ်ကြောင့်'ဆိုတဲ့ အပိုဒ်လေ။ ဒီလိုခေါ်ရတာ ပိုလှတယ်ထင်တာပဲ။ ထားပါတော့လေ။

ငါတို့အားလုံး သိချင်နေတာက၊ မင်း (ပဥ္စမီခေါ် မင်းအတွက် ဒေဝဏ္ဏရာကို တွေ့ပြီလားဆိုတာပဲ။ အတွေးရေယဉ်ကြောမှာ သိပ်မျောမနေနဲ့ ငမောင်။ ငါတို့ထဲမှာ မင်းက အစောကြီးကတည်းက စာတွေ၊ ကဗျာလင်္ကာတွေကို ဝါသနာပါသွားတာ မဟုတ်လား။ စာသမား၊ ကဗျာသမား၊ ဂီတသမားပီပီ စိတ်ကူးတွေ သိပ်မယဉ်နဲ့ကွ။

ဘိုနီဆိုရင် ခင်ခင်ငြိမ်းနဲ့ ယူဖြစ်တော့မယ်။ အခု သိတင်းကျွတ်ပြီလေ။ ငါနဲ့ မျိုးကတော့ ငါဘွဲ့ရပြီးမှပဲ စီစဉ်ဖြစ်မယ်။ ဟိုကောင်တွေလဲ ကိုယ့်အစီအစဉ်နဲ့ ကိုယ်ပဲ။ တင်ဝင်းတစ်ကောင်တော့ အပြောင်းအလဲ ရှိတယ်ကွ။ သူ့ကောင်မလေးနဲ့ ကွဲသွားပြီ။ ဒီကောင်က မဟာသိပ္ပံတင် မကဘူး၊ ဒေါက်တာဘွဲ့အထိ ရအောင် ယူချင်သေးသတဲ့။

မင်းရဲ့ ကြိုးစားမှုတွေအတွက်၊ ငါတို့အားလုံး ဂုဏ်ယူနေကြတယ်၊ တစ်လောက ရန်ကုန်တက္ကသိုလ် အနုပညာအသင်း အဆင့်လွင့်တာ နားထောင်လိုက်ရတယ်။ ရန်ကုန်တက္ကသိုလ် အနုပညာအသင်းဆိုတော့ မင်းများ ပါလေမလားလို့ တို့ စောင့်နားထောင်ကြည့်ကြသေးတယ်၊ မပါလာဘူး၊ ဘာဖြစ်လို့လဲ မင့် ဆောင်း



www.burmeseclassic.com

www.burmeseclassic.com

*လက်သံဆိုတာကော ဘယ်တော့ လှင့်ဖြစ်မလဲ။ ကြိုတင် စာရေးကွာ။*

*ဒါပဲဆော့... စာရှည်နေပြီ။ နောက်ဆုံးမှာချင်တာကတော့...*

*ပဥ္စသီခရေ၊ ဒေဝစ္ဆရာတွေ့ရင်တော့ လှျိုမထားနဲ့ဆော့...*

*မတွေ့သေးလဲ တွေ့အောင်ရှာဦး၊ တော်ကြာ 'ပဥ္စသီခ'နာမည် ခံပြီးမှ အဆောသိကံဖြစ်နေမယ်။*

စာပြန်ပါကွာ။

သူငယ်ချင်းတစ်စု ကိုယ်စား

**ဓော်ဝင်း**

ခပ်သောသောရေးထားသော်လည်း သူ့စာထဲတွင် အလွမ်းရိပ်များ ပါနေသည်။ စာဖတ်ပြီးနောက် ပြုံးမိသော ကျွန်တော့်အပြုံးသည်လည်း လျော့ရဲရဲဖြစ်နေလိမ့်မည် ထင်သည်။

မင်းအတွက် ဒေဝစ္ဆရာကို တွေ့ပြီလားတဲ့။

မင်းတို့ မသိပါဘူး သူငယ်ချင်းတို့ရယ်။

အကယ်၍ တစ်စုံတစ်ယောက်သည် ပဥ္စသီခဟူသော အမည်ကို ရရှိပါလျက် သူ့မှာ ဒေဝစ္ဆရာမရှိဟု ဆိုလျှင် ထိုအဖြစ်သည် အလွန်ထူးဆန်းသော သို့တည်းမဟုတ် သဘာဝမကျသော အဖြစ်ဟု ဆိုရတော့မည်။ ဒေဝစ္ဆရာကင်းမဲ့သော ပဥ္စသီခဟူ၍ ရှိကြစတမ်းလား။ ရှိကောင်းသည်လား။ ရှိသည်ဟု အခိုင်အမာဖြေရမည်ပင်။ အကြောင်းမှာ ထိုသူသည် ကျွန်တော်ဖြစ်သောကြောင့်ပင်။ ပဥ္စသီခကို စွဲလမ်းခဲ့သော်ငြား နီးကပ်မွှေးထွေးစွာ ပတ်သက်ခဲ့သော်ငြား နှိုက်နှိုက်နဲ့နဲ့ အားထုတ်လေ့လာခဲ့သော်ငြား။

ကျွန်တော့်မှာ ဒေဝစ္ဆရာ မရှိ။

*





"မင်းလဲ အရွယ်ရောက်ပြီပဲ ငါ့သားရာ၊ အဖေ အထူးအထွေပြောဖို့ မလိုတော့ပါဘူး။ ဒါပေမယ့် ပိုပြီးလေးနက်အောင် အဖေ ထပ်ပြောတာ။ အနုပညာဆိုတာ အမည်လေးက လှသလောက် နုသလောက် ဘဝ ဘယ်လောက်ကြမ်းသလဲဆိုတာ မင်းအသိပဲ..."

နိဒါန်းပျိုးပြီးနောက် အဖေသည် သူ၏ မှန်ဘီလူးတမျှ ထူထဲလှသောမျက်မှန်ကို ချွတ်ကာ ပခုံးပေါ်မှ မျက်နှာသုတ်ပဝါဖြင့် မျက်နှာကို သုတ်သည်။ မျက်မှန် နှာခေါင်းညှပ်အရာသည် အဖေ့နှာရိုးပေါ်တွင် သိသိသာသာကြီး ချိုင့်ဝင်ဖြူဖွေးနေလေသည်။

"မင်းကို ဘွဲ့ရစေချင်လွန်းလို့ အဖေ တက္ကသိုလ်ပို့ခဲ့တာပဲ။ ဘာကြောင့်လဲဆိုတော့ အဖေက ဘွဲ့မရခဲ့ဘူးလေ။ သည်တော့ အဖေမတတ်ခဲ့ရတဲ့ ပညာကို မင်း တတ်စေချင်တယ်။ အဖေဟာ ခေတ်ပညာတတ်ခဲ့ရင်၊ ဘွဲ့လေး ဒီဂရီလေးသာရခဲ့ရင် အဖေတို့ ခုလို ကသိလင်တဖြစ်မှာ မဟုတ်ဘူးလို့ အဖေယုံတယ်"

အဖေ့စကားလုံးများသည် ကျွန်တော့်နားထဲသို့ တစ်ပေါက်ပေါက် စီးကျနေသည်။ စကားလုံးများမှတစ်ဆင့် အဖေ့နှလုံးအိမ်ကို ကျွန်တော် မြင်နေရသည်။

"ဘွဲ့ဒီဂရီဆိုတာ လုံလောက်တဲ့အချိန်ရယ်၊ လိုအပ်တဲ့ငွေကြေးပမာဏရယ် အဲဒီနှစ်ခု ပေါင်းပေးလိုက်ရင် အချိန်မရွေး ရနိုင်တာပဲလို့ တချို့က ပြောကြတယ်။ ဒီစကားဟာ တချို့လူတွေအတွက်တော့ ဟုတ်ချင်ဟုတ်မှာပေါ့ကွာ။ အချိန်တွေလဲ ရ၊ ငွေတွေလဲ ရှိနေတဲ့သူတွေအဖို့တော့ မှန်မှာပေါ့။ ဒါပေမယ့် သား မင်းမှာက အဲဒီလိုအတန်းအစားမျိုး မဟုတ်ဘူး။ မင်းမှာ အချိန်လဲ သိပ်ရတာ မဟုတ်ဘူး၊ ငွေကြေးဆိုတာကလဲ"

မပြောပါနဲ့တော့ အဖေရယ်ဟု စိတ်ထဲက ကန့်ကွက်နေရင်းကပင် အဖေ့စကားများကို ရင်နှင့်အမျှ နားထောင်ချင်မိပြန်သည်။

"မန္တလေးတက္ကသိုလ်မှာ တစ်နှစ်ကျခဲ့တာ သိပ်ကိစ္စတယ် ငါ့သား၊



www.burmeseclassic.com

www.burmeseclassic.com

ခြေချော်လက်ချော် ဖြစ်ခဲ့တာမှန်း အဖေသိပေမယ့် အဲဒီတစ်နှစ်ကို အဖေ သိပ်နှမြောတယ်၊ မင်း ယောက်ျားလေး(?) ပမာဆိုကြပါစို့ကွာ…ရည်းစားထားလို့၊ အပေါင်းအသင်းတွေနဲ့ လျှောက်လည်နေလို့ စာမေးပွဲကျတာ မဟုတ်ဘူး ဆိုတာ အဖေ သိပါတယ်။ ဒါပေမယ့် ကျောင်းသားတစ်ယောက် စာမေးပွဲ ကျတယ်ဆိုကတည်းက သူဟာ သူ့တာဝန်ကို မကျေတာပဲကွ။ ရည်းစား ထားမှ၊ အရက်သောက်မှရယ်လို့ မဟုတ်ဘူး။ စာမေးပွဲကျစေတဲ့ ချွတ်ယွင်း ချက်ရှိလို့ ကျရတာပဲ”

လုံးဝ မငြင်းနိုင်။ ကျွန်တော့်စိတ်ထဲက အကြွင်းမဲ့ဝန်ခံနေမိသည်။

“ပြီးခဲ့တာ ပြီးစေတော့ကွာ၊ ရှေ့ခရီးကြောင်းပဲ ပြောကြရအောင်၊ မင်း အခု တက္ကသိုလ်မှာ ပထမနှစ်ကစပြီး ပြန်တက်နေပြီ။ လေးနှစ်လုံးလုံး ကျောင်းသားအဖြစ်နဲ့ မင်း ရှင်သန်ရတော့မယ်။ အဲဒီ လေးနှစ်တာကာလမှာ မင်းကို ရည်းစားမထားရ၊ ဘာမလုပ်ရ၊ ညာမလုပ်ရ စသည်ဖြင့် အဖေ စည်းကမ်းတွေ ချမပေးချင်ဘူး။ မင်းဘာသာမင်း စဉ်းစား။ မင်းအတွက် စည်းကမ်းချက်တွေကို မင်းဘာသာမင်းထုတ်။ စာမေးပွဲကို ထိခိုက်စေမယ့် ဟာ၊ လေးနှစ်အတွင်း ဘွဲ့မရစေမယ့်ဟာမျိုးလို့ မင်း ယူဆရင် မလုပ်နဲ့။ မထိခိုက်ဘူးလို့ ထင်ရင် လုပ်။ ဒါပဲ အဖေ ပြောချင်တယ်။ မင်း နားလည်ပါတယ်ကွာ”

“နားလည်ပါတယ် အဖေ”

“အေးကွာ တိမ်ကြားမင်းခေါင်ကို ကောင်းကင်မှာပဲ အဖေ မြင် ပါရစေ”

အဖေ့စကားလုံးသည် ကျွန်တော့်အရှိက်ကို ထိသွားလေသည်။

တိမ်ကြားမင်းခေါင်ဆိုပြီး လူတွေက အပေါ် မော့ကြည့်နေချိန်မှာ ချုံထဲက ထွက်လာတာမျိုး။ အဖေ တစ်ခါက ပြောဖူးသောစကား။

အဖေ စကားပြောလျှင် သည်လိုပင် လှပသော စကားလုံးများကို စီရရီ ချိတ်တွဲကာ၊ လုံ့သွားတစ်ခုလို ထိထိခိုက်ခိုက်ဖြစ်အောင် ပြောတတ် လေသည်။





စင်စစ် အဖေသည် အစွဲအလမ်းတစ်ခုဖြင့် လောကကြီးကို အစား မကြေနိုင်ဖြစ်နေသည်ဟု ကျွန်တော် ထင်သည်။ သို့သော် ထိုသို့ ဖြစ်နေသည့် အတွက် အဖေ့ကို ကျွန်တော် အပြစ်မမြင်။ အဖေမှန်သည်ဟုပဲ ထင်သည်။

ခေတ်ပညာမတတ်ခြင်း၊ သို့တည်းမဟုတ်၊ ဘွဲ့ဒီဂရီတစ်ခုခု မရ ခဲ့ခြင်းအတွက် အဖေသည် ယူကျုံးမရဖြစ်နေပေသည်။ ဘွဲ့ဒီဂရီတစ်ခုခု မရခဲ့ခြင်းသည် စီးပွားရေးသမားတစ်ဦးအတွက် သို့မဟုတ်၊ အခြား လုပ်ငန်းသမားတစ်ဦးအတွက် ဘာမှ အရေးမကြီးသော်လည်း အဖေ့အတွက် တော့ အရေးကြီးနေပေသည်။

အကြောင်းမှာ အဖေသည် စီးပွားရေးသမား၊ အခြားလုပ်ငန်းသမား မဟုတ်သောကြောင့် ဖြစ်သည်။ တိကျအောင်ဆိုရပါက အဖေသည် အနု ပညာသမားတစ်ဦး ဖြစ်သောကြောင့်။ ပို၍တိကျစွာ ဆိုရပါက အဖေသည် ‘တေးရေးဆရာ’ ဟု နာမည်တပ်ရမည့် အနုပညာသမားတစ်ဦး ဖြစ်သော ကြောင့်။

အဖေငယ်ငယ်က အသံတိတ်ရုပ်ရှင်ရုံများတွင် တယောထိုးသည်။ သီချင်းရေးသည်။ သီချင်းဆိုသည်။ အသံတိတ်ရုပ်ရှင်များ ကွယ်ပျောက် သွားသောအခါ ဇာတ်တွေ၊ အငြိမ့်တွေ ကြုံရာ ကျရာမှာ အဖေ လှည့်၍ အလုပ်လုပ်ရပြန်သည်။ သီချင်းရေး၊ တီးလုံးရေးရုံမျှမက ပြဇာတ်များ၊ ဇာတ်ထုပ်များအထိ အဖေ ရေးသည်။ မြန်မာ့အသံမှ အသံလွှင့်သော ပညာရှင် တီးဝိုင်းများ၊ ဝါသနာရှင် တီးဝိုင်းများမှာလည်း အဖေ ဝင်ခဲ့သည်။ နောက်ဆုံး ဓာတ်ပြားသီချင်းတွေ ရေးရာမှာ၊ ဇာတ်ထုပ် ဇာတ်လမ်းတွေအထိ ရေးခဲ့သည်။ ဓာတ်ပြားကုမ္ပဏီများမှ ဇာတ်သဘင်အဖွဲ့များ၏ ဇာတ်လမ်း ဓာတ်ပြား ထုတ်ရန်အတွက် တစ်ဇာတ်လုံး အစအဆုံး အဖေ ရေးပေးခဲ့ရသည်။

အဖေ့မှာ ဘယ်မျှပင် ရုန်းကန်ခဲ့သော်လည်း မိသားစုကို လှလှပပ(?)နေ သည်ဆိုရုံမျှလောက်သာ ထားနိုင်ရှာသည်။

အဖေ ထုတ်နုတ်သုံးစွဲလိုက်ရသော ခွန်အားများနှင့် အဖေ ပြန်ရ



www.burmeseclassic.com

www.burmeseclassic.com

သော အကျိုးမှာ မကာမိ။ အဖေသည် နာမည်လည်း ကြီးမလာ၊ ငွေလည်း ချမ်းသာမလာ။ သို့သော် အသက် ခြောက်ဆယ်နီးပါးအရွယ်အထိ အဖေသည် သိချင်းရေးရဆဲ။ တီးလုံးထုတ်ရဆဲ၊ ဇာတ်လမ်း ရေးရဆဲ။

"အဖေဟာ မြို့မငြိမ်းလောက် မတော်ပါဘူး၊ ဟိုက တကယ့်ပါရမီရှင်ကြီးပဲ၊ အဖေက ဝီရိယစိုက်နိုင်လွန်းလို့ ဒီအနုပညာလောကမှာ ကိုယ်ဝါသနာပါတဲ့ ပညာနဲ့ အလုပ်ကလေး လုပ်နိုင်တာ၊ အေး… မြို့မငြိမ်းလိုပဲ ဘဝဆုံးမှာပဲ"

ထိုစကားပြောစဉ်က ကျွန်တော် ကြီးစွာ တုန်လှုပ်ခဲ့ရလေသည်။

"ဓာတ်ပြားကုမ္ပဏီတချို့၊ တီးဝိုင်းတချို့ဆီမှာ အဖေ့ အသွေးအသားတွေ အများကြီးပါသွားတယ်။ အဲဒီအချိန်တုန်းကတော့ အဖေ မသိခဲ့ဘူး။ မတန်တဆနည်းနေတဲ့ ဥာဏ်ပူဇော်ခဆိုတာကိုပဲ အဖေက ဂုဏ်ယူပြီး လက်ခံခဲ့တယ်။ သူတို့ကို ကျေးဇူးများတောင် တင်မိတယ်။ အဖေ သဘောကောင်းလွန်းတာကို သူတို့က နင်းကြတယ်လေ"

ဟုလည်း တသသ ပြောတတ်ပြန်သည်။

နောက်ဆုံးတွင်ကား အဖေသည် မန္တလေးမှ အိမ်နှင့် ဝိုင်းကလေးကို ရောင်းကာ မန္တလေးတက္ကသိုလ်တွင် ဥပစာ(က)တန်း တက်လက်စ ကျွန်တော့်ကိုထားခဲ့ပြီး ရန်ကုန်သို့ မိသားစုနှင့်အတူ ဆင်းခဲ့သည်။

ရန်ကုန်မှ ဓာတ်ပြားကုမ္ပဏီတစ်ခုက အဖေ့ကို ဇာတ်ထုပ်နှစ်ထုပ် အပ်မည်ဟု စကားကမ်းလှမ်းကာ စရန်ငွေပေးသည်။ အဖေ့မိတ်ဆွေ တီးဝိုင်းခေါင်းဆောင်တစ်ဦးကလည်း ရုပ်ရှင်ကုမ္ပဏီများနှင့် ဆက်သွယ်ပေးမည်ဟု ဆိုသည်။ ထိုမျှော်လင့်ချက်ဖြင့် အဖေသည် ဘဝသစ်ကို ထူထောင်ရန် တစ်နယ် ပြောင်းခဲ့သည်။

သို့သော် အဖေ့မျှော်လင့်ချက်များအားလုံး ကွယ်ပခဲ့ပြန်သည်။ ဓာတ်ပြားကုမ္ပဏီက ဇာတ်ထုပ်နှစ်ထုပ်စာ စရံငွေပေးထားသော်လည်း တစ်ထုပ်သာ အရေးခိုင်းသည်။ ဓာတ်ပြားခေတ် မဟုတ်တော့။ ကက်ဆက်





ခွေထုတ်လုပ်သည့် လုပ်ငန်းသို့ ပြောင်းလိုက်ပြီဟု ဆိုသည်။ နှစ်ထုပ်စာ စရံငွေ ယူထားပြီး တစ်ထုပ်သာ ရေးလိုက်ရသော်လည်း ထိုငွေသည် စင်စစ်ခါတိုင်း အဖေရေးနေကျဖြစ်သည့် တစ်ထုပ်စာပင် မရှိ။ တစ်ထုပ်ကို ငါးရာ၊ နှစ်ထုပ်အတွက် စရံငွေ သုံးရာသာ အဖေ ရခဲ့သည်။

ရုပ်ရှင်ကုမ္ပဏီများနှင့် ဆက်သွယ်ပေးမည်ဆိုသော အဖေ့မိတ်ဆွေ တီးဝိုင်းခေါင်းဆောင် ခများမှာလည်း သူကိုယ်တိုင်ပင် သူ့တီးဝိုင်းကို အခြေအနေအရ ဖျက်လိုက်ရသည်။ တောင်မင်း မြောက်မင်း မကယ်နိုင်။

အစိုးရအလုပ်များကို အဖေ လျှောက်ပြန်သည်။ မြန်မာ့အသံ တီးဝိုင်း၊ ယဉ်ကျေးမှုဇာတ်၊ ခေတ်ပေါ်တီးဝိုင်း။ လက်တွေ့စစ်ဆေးသည့် အဆင့်အထိ အဖေပါခဲ့သည်။ အကဲဖြတ်လူကြီး အတော်များများက အဖေ့ကို စာနာကြသည်။ သို့သော် အဖေ အလုပ်မရ။

အဖေ 'ကျ' သော ဘာသာရပ်ကား အတန်းပညာ အခြေခံ။ ထို့နောက် ကမ္ဘာသုံး ဂီတသင်္ကေတ အဖေ မတတ်ခြင်း။

သည်မှာပင် သဘောကောင်းသော တင်းတိမ်ရောင့်ရဲတတ်သော လောကခံကို ထိမထင်သော အဖေသည် အထိနာကာ 'ထိုင်' ကျသွားခဲ့လေသည်။ ဗုဒ္ဓဝင်၊ မဟာဝင်၊ ထူပဝင်၊ ရာဇဝင်စသည်…အဖေ နှံ့စပ်သော်လည်း ပါဠိပါဌ်သား ကဗျာလင်္ကာ ထိတို့မိသော်လည်း အဖေသည် ဘုန်းကြီးကျောင်းထွက်။

နောက်ဆုံးတွင်ကား အဖေသည် ကက်ဆက်ခွေဇာတ်လမ်းများအတွက် နောက်ခံတီးပေးသောတီးဝိုင်းများတွင် ခြေကောက်လိုက်ရတော့သည်။ အဖေ ဇာတ်ထုပ်ရေးတတ်မှန်း၊ သိချင်းရေးတတ်မှန်းသိသော သူ အချို့ကသာ အဖေ့ကို ရေးဖို့သားဖို့ အလုပ်အပ်ကြသည်။ များသောအား ဖြင့်မူ အဖေသည် တီးဝိုင်းများတွင် တယောသမား၊ ဒုံမင်းသမား၊ မြန်မာ ဂီတာသမားအဖြစ်သာ အလုပ်လုပ်ရသည်။

သို့ဖြင့်ပင် အဖေသည် သူ့ဘဝဖြစ်စဉ်ကြီးတစ်ခုလုံးကို သုံးသပ်၍


www.burmeseclassic.com

www.burmeseclassic.com

အကြောင်းအကျိုးများကို ဆက်စပ်စဉ်းစားကာ သူ့သားဖြစ်သူ ကျွန်တော် ဘွဲ့ဒီဂရီရရေး၊ ခေတ်ပညာတတ်တစ်ယောက် ဖြစ်ရေးဟူသော အချက်သည် သူ၏ ကြီးမားသော ရည်ရွယ်ချက်ကြီး ဖြစ်လာလေတော့သည်။

"အဖေသာ ခေတ်ပညာတတ်ခဲ့ရင်၊ ဘွဲ့လေး ဒီဂရီလေးသာ ရခဲ့ရင် ခုလို ကသိလင်တဖြစ်မှာ မဟုတ်ဘူးလို့ အဖေ ယုံတယ်..."

"အဖေ ဘွဲ့မရခဲ့ဘူးလေ၊ အဖေ မတတ်ခဲ့ရတဲ့ ပညာကို မင်း တတ်စေချင်တယ်"

အဖေ့ဘဝနှင့် ထင်ဟပ်လျက် ကြောင်းကျိုးခိုင်လုံနေသော အဖေ့စကားများသည် ကျွန်တော့်ကို မရုန်းသာအောင် တုပ်နှောင်နေကြလေသည်။

"တိမ်ကြားမင်းခေါင်ကို ကောင်းကင်မှာပဲ အဖေ မြင်ပါရစေ"

"အဖေက စည်းကမ်းချက်တွေ ချမပေးချင်ဘူး၊ မင်းအတွက် စည်းကမ်းချက်တွေကို မင်းဘာသာမင်း ထုတ်"

မပြဋ္ဌာန်းသော တရားဥပဒေက ပို၍ ခိုင်မာပြင်းထန်သည်ဆိုသည့် စကားလိုပင် ဖြစ်နေတော့သည်။ ကျွန်တော် လိုက်နာရန် စည်းကမ်းချက်များဟူ၍ အဖေ ထုတ်ပေးခဲ့လျှင် သည်မျှ တင်းကျပ်မည် မထင်။ ယခုမူ အဖေသည် သူ့သားကို ယုံကြည်မျှော်လင့်ခြင်းကြီးစွာဖြင့် အလုံးစုံ ပုံအပ်လေပြီ။

ကျွန်တော် ရန်ကုန်ရောက်ပြီး ရန်ကုန်တက္ကသိုလ် ပထမနှစ် စတက်ကတည်းက အဖေသည် ကျွန်တော့်ကို လေးနက်စွာ ဆွေးနွေးခဲ့လေသည်။ သံမှိုမက သံပ်လျှိုသွင်းသကဲ့သို့ပင် ထဲထဲဝင်ဝင် စူးစိုက်ခဲ့လေသော စကားများ။

မုန့်ဟင်းခါးဆိုင်ထွက်နေရသော အမေ။ ဆယ်တန်း၊ ရှစ်တန်း၊ ငါးတန်း၊ နှစ်တန်း ညီအစ်ကိုမောင်နှမများ။ သားကြီးသြရသက ကျွန်တော်။

အဖေပြောသလိုပင် ကျွန်တော့်ဘာသာ ကျွန်တော် ချမှတ်လိုက်သော စည်းကမ်းချက်များထဲ၌ တစ်ခုသောအချက်ကား တက္ကသိုလ်သက်





တမ်း လေးနှစ်တာ ခရီးတစ်လျှောက်၏ တစ်ခုသော ကာလအပိုင်းအခြားတွင် အနှောင့်အယှက် အဖျက်အဆီး ဖြစ်စေနိုင်သည့် အရာများတွင် 'အချစ်' ဆိုသောအရာသည် တစ်ခု အပါအဝင်။

အချစ်ကြောင့် ပျော်ရွှင်ရသည် ဖြစ်စေ၊ တက်ကြွရသည် ဖြစ်စေ၊ ညှိုးငယ်ရသည် ဖြစ်စေ... မည်သည့်အကြောင်းနှင့်ပဲ ဖြစ်ဖြစ် အချစ်သည် တိမ်းမူးပျောင်းညွတ်စေတတ်သော အရာဖြစ်သည်။ အချစ်ဟူသော အရာမှ မွေးဖွားပေးမည့် နောက်ဆက်တွဲအကျိုးရလဒ်များသည် ကန့်သတ်ရေတွက်မရနိုင်အောင် များပြားနိုင်သည်။

ထို့ကြောင့် ကျွန်တော်သည် ကိုယ့်ဝမ်းနာ ကိုယ်သာသိ တရားဖြင့် ကောက်ချက်တစ်ခုကို ဆွဲယူရရှိသည်။ မည်သို့မည်ပုံ ဖြစ်လာမည်ဟု မခန့်မှန်းနိုင်သော အချစ်ကိစ္စသည် ကျွန်တော်နှင့် ဘာမှမပတ်သက်သင့်သော ကိစ္စဖြစ်သည်။ အချစ်သည် ကျွန်တော်နှင့် ခေတ်စာမတည့်။ ချစ်သူသည် ကျွန်တော့်အတွက် လိုအပ်ချက်တစ်ရပ် မဟုတ်။ မတော်တဆပင် ထိခတ်ခံစရာ မလို။ သွားရင်းဟန်လွဲပင် တွေ့ကြုံဖို့ အကြောင်း မရှိ။ ချစ်ရေးချစ်ရာနှင့် ကျွန်တော် ဘာမှမဆိုင်။

ထို့ကြောင့် ကျွန်တော့်မှာ ချစ်သူမရှိ။

ထို့ကြောင့် ကျွန်တော့်အတွက် 'ဒေဝစ္ဆရာ' မရှိ။

*

သို့သော် ကျွန်တော်သည် 'ပဥ္စသိခ' ကို စွဲလမ်းတွယ်တာသူဖြစ်သည်။ သူငယ်ချင်းများကို အကြောင်းပြု၍ ပဥ္စသိခဘွဲ့ကို အလိုအလျောက် ခံယူမိနေသူလည်း ဖြစ်သည်။ ထို့ကြောင့် ကျွန်တော့်မှာ ဒေဝစ္ဆရာ ရှိရမည်။

ဖော်ဝင်းထံသို့ ပြန်လိုက်သောစာထဲတွင် ကျွန်တော် ထည့်ရေးသည်။

*...ငါ့မှာ သူရိယဝစ္ဆ... ထားပါလေ၊ မင်း အတွက်အရ ဒေဝစ္ဆရာ*



www.burmeseclassic.com

www.burmeseclassic.com

လို့ပဲ ငါခေါ်ပါမယ်။ ဒီနာမည်က ပိုလဲလှတယ် ထင်ပါတယ်။ အေး... ငါ့မှာ ဒေဝဠ္ဍရာရှိပြီးသားပဲ သူငယ်ချင်း။ မင်းတို့ သတိမထားမိလို့သာပါ။ ရန်ကုန်တက္ကသိုလ်ရောက်မှ ငါတွေ့တာ မဟုတ်ပါဘူး။ မန္တလေးမှာကတည်းက ရှိခဲ့တာပါ။ ဒီကျတော့ ပိုပြီးကြီးမြတ် လှပလာတယ်ပေါ့ကွာ။ နားရှုပ်သွားပြီလား သူငယ်ချင်း၊ မရှုပ်ပါနဲ့ကွာ။

မင်းတို့ ပြောသလို ငါဟာ စာ၊ ကဗျာ၊ လင်္ကာ၊ ဂီတတွေနဲ့ ရင်းနှီးယဉ်ပါးသူပီပီ စိတ်ကူးယဉ်သမားပဲ ဆိုပါတော့ကွာ။ စိတ်ကူးယဉ်တာ ဘာဖြစ်သေးသလဲကွာ။ ယဉ်တယ်ဆိုတာ ရိုင်းတာမှ မဟုတ်ဘဲ။

ဒီလိုလေ... ငါ့ဒေဝဠ္ဍရာက ငါမျှော်မှန်းနိုင်လောက်အောင်ကို ကြီးကျယ်ခမ်းနားတယ်၊ လှပတယ်၊ ကျက်သရေရှိတယ်၊ တကယ့်ဒေဝဠ္ဍရာနတ်မိမယ်ထက်တောင် ပိုလှတယ်။

ပြီးတော့ တကယ့်ဒေဝဠ္ဍရာနတ်မိမယ်ရဲ့ ခမည်းတော်က အလွန်တန်ခိုးကြီးတဲ့ တိမ္ဗရုနတ်မင်းကြီး မဟုတ်လား၊ ငါ့ဒေဝဠ္ဍရာရဲ့ ခမည်းတော် ဆွေတော်မျိုးတော် အသိုက်အဝန်းကြီးက အဲဒီတိမ္ဗရုနတ်မင်းကြီးထက် ပိုပြီး တန်ခိုးကြီးတယ်၊ ခမ်းနားတယ်။

ဘယ်လိုလဲ။ ရှင်းမှ ပိုရှုပ်သွားပြီလား သူငယ်ချင်း။

ဒီလိုပါ။ ငါ့ရဲ့ဒေဝဠ္ဍရာက အနုပညာလေ၊ ချစ်သော အနုပညာလေ။ စိတ်ကူးယဉ်လက်စနဲ့ ဆက်ယဉ်ခွင့်ပြုတော့ကွာ။ အနုပညာကို ချစ်ခြင်းဆိုတဲ့အချစ်ဟာ အမြဲတမ်းရှင်သန်နေတဲ့ အချစ်ပဲကွ။ ခွန်အားသစ်တွေ၊ သံယောဇဉ်သစ်တွေ၊ တွယ်တာခြင်းအသစ်တွေ တစ်ချိန်လုံးစီးဆင်းပွားများနေတဲ့ အချစ်မျိုးလဲဖြစ်တယ်ကွ... ဆိုကြပါစို့ ငါဟာ တက္ကသိုလ်ကျောင်းတော်ကြီးမှာ ငါ့အတွက် "တကယ့်ဒေဝဠ္ဍရာ"ကို တွေ့ပြီ ဆိုကြပါစို့၊ အဲဒီအချစ်





ဟာ တစ်ချိန်တစ်ခါမှာ ရှင်သန်တက်ကြွကောင်း တက်ကြွလိမ့်မယ်။ ဒါပေမယ့် တစ်ချိန်ကျရင်တော့ ရှင်သန်တက်ကြွမှုတွေဟာ ငြိမ်းသေသွားမှာ မုချပဲ။ ဘာကြောင့်လဲဆိုတော့ အဲဒါက လက်တွေ့ဒိဋ္ဌလောကကိုးကွ။

ငါ့ရဲ့အချစ် (စောစောက ပြောတဲ့ ငါ့ရဲ့ ဒေဝဠ္ဍရာ)ကတော့ လက်တွေ့ဒိဋ္ဌလောကမှ မဟုတ်ပဲ။ စိတ်ကူးထဲမှာ စံနှုန်းအမြင့်ဆုံးထားတဲ့ ဒေဝဠ္ဍရာဖြစ်လေတော့ ငြိမ်းသေဖို့ ကုန်ဆုံးဖို့ဆိုတာ မရှိတော့ဘူးကွ။

ဒါကြောင့် ပြောတာ။ ငါ့မှာ ငါကိုယ်တိုင်တောင် ဘယ်လောက်ချစ်တယ်ဆိုတာ မသိနိုင်တဲ့၊ မခန့်မှန်းနိုင်တဲ့ ဒေဝဠ္ဍရာ ရှိပါတယ်။ မင်းတို့ထင်သလို မဟုတ်ပါဘူး၊ မင်းစာထဲကလို ငါ 'လျှို့'မထားပါဘူး မောင်၊ မင်းတို့အားလုံးကို ငါ ဖွင့်ပြီး အသိပေးပါတယ်။

ဒီလိုပြောလို့ မင်းနဲ့ဖြူဖြူ(မျိုး)တို့ရဲ့အချစ်၊ ဘိုနီနဲ့ ခင်ခင်ငြိမ်းတို့ရဲ့အချစ်ကို ငါက ပုတ်ခတ်ပြောတာ မဟုတ်ဘူးနော်၊ ငါ့အချစ် ငါ့ဒေဝဠ္ဍရာအကြောင်းပဲ ငါပြောတာ။ မင်းတို့နဲ့ အမျိုးအစားမတူဘူးပေါ့။ ဘယ်တူမလဲ၊ ငါက ပဥ္စသီခပဲ။ ဂန္ဓဗ္ဗမျိုးနွယ်ပဲ... "

ကိုယ့်စာကို ကိုယ်ပြန်ဖတ်ပြီး ပြုံးမိသည်။

ဗေလုဝပဏ္ဍုနတ်စောင်းအကြောင်း ပြောစဉ်က တစ်ခါ တီးလိုက်လျှင် လေးလတိုင် အသံမစဲဟု ဆိုသောအခါ၊ 'နားကို အူနေမှာပဲနော်'ဟု ပြောဖူးသော တင်ဝင်း၏စကားကို သတိရမိသည်။ ကျွန်တော့်စာကိုဖတ်ပြီး ဒီကောင် ဘာပြောဦးမည်မသိ။

အချစ်နှင့် ကျွန်တော် ခတ်စာမတည့်ကြောင်း၊ ချစ်ရေးချစ်ရာကိစ္စနှင့် ကျွန်တော် ဘယ်သို့မျှ မဆိုင်ကြောင်း လက်တွေ့ဘဝကိစ္စများကိုတော့ စာထဲတွင် ကျွန်တော် ထည့်မရေးတော့။



www.burmeseclassic.com

www.burmeseclassic.com

ပြတင်းတံခါးများ လုံခြုံစွာပိတ်ထားသော ကိုယ့်ခြံကလေး အကြောင်း၊ ကိုယ်သာ အသိဆုံး ဖြစ်သည်။ သည်ဝင်းခြံပရဝဏ်အတွင်းတွင် ပြင်ပမှ ပန်းပေါင်းစုံတို့ မပေါက်ရောက်စေရ။ ကိုယ်တိုင် စိုက်ပျိုးသော ပန်းများသာ ပွင့်စေရမည်။ တကယ်တော့ အခုထိကား ဘာပန်းမှ မစိုက် ရသေး။ ချုံနွယ်ပိတ်ပေါင်းတို့သာလျှင် အပြိုင်းအရိုင်း။

အဖေ၊ အမေ၊ ညီငယ်၊ ညီမငယ်များနှင့် မိသားစုတာဝန်။

* * *



## အခန်း (၅)

တက္ကသိုလ် ပထမနှစ် တစ်နှစ်လုံး။ ထို့နောက် ဒုတိယနှစ် နှစ်တစ်ဝက်လုံး၊ ကျွန်တော် ကျင်လည်ရာ ကျက်စားရာ နှစ်ဌာနသာ ရှိသည်။ ကျောင်းနှင့် အိမ်၊ အိမ်နှင့် ကျောင်း ဒါပဲဖြစ်သည်။ မန္တလေးတက္ကသိုလ် ဥပစာ(က)တန်းတုန်းက သင်္ချာဘာသာမှာ အထိနာခဲ့သည့်အတွက် သိပ္ပံတွဲကို ကြောက်သွားသည်။ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာတွင် ထည့်လျှောက်ခဲ့သည့် ဒုတိယဦးစားပေးဘာသာရပ်ဖြစ်သော သမိုင်းအဓိကဖြင့် ကျွန်တော် တက်ခွင့်ရခဲ့သည်။ ဘာသာတွဲစနစ်မှ အဓိကဘာသာ စနစ်သစ်သို့ အကူးအပြောင်းတွင် စနစ်သစ် ပထမအသုတ်ကို ကျွန်တော် မိခဲ့လေသည်။

အဖေကတော့ ကျေနပ်နေသည်။

"မင်း ပထမဦးစားပေးက ဥပဒေ မဟုတ်လား၊ မရတာဘဲ ကောင်း ပါတယ်ကွာ၊ ဥပဒေဘွဲ့ကို ဥပဒေပညာတို့ကို အဖေ အထင်မသေးရဲပါဘူး။ ဒါပေမယ့် မင်းနဲ့ မကိုက်ပါဘူး၊ အခု သမိုင်းအဓိကပဲ ကောင်းပါတယ်"

"ကျွန်တော်လဲ ကြိုက်ပါတယ် အဖေ..."

"သင်္ချာတော့ မပါဘူး မဟုတ်လား"

"မပါပါဘူး အဖေ စိတ်ချပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း လိုက်နာမယ့် စည်းကမ်းချက်တွေကော မင်းဘာသာမင်း ချပြီးပြီလား"

"ချပြီးပါပြီ အဖေ"

"နေ... နေ၊ နေပါစေ၊ အဖေ မသိချင်ပါဘူး၊ မင့်ဘာသာမင်း နိုင်ရင် ပြီးတာပါပဲ..."

ကျွန်တော်က ရှင်းပြမည်အပြုတွင် အဖေက ရယ်ရယ်မောမော ဖြင့် တားသည်။

"ရည်းစားထားဖို့ဆိုတဲ့အချက် မပါဘူးလားကွ"

"ဟာ သိပ်ပါတာပေါ့ အဖေရဲ့၊ အဲဒီအချက်က ထိပ်ဆုံးကပဲ"

"အေး... အဖေလဲ ထင်သားပဲ"

သားအဖနှစ်ယောက် နားလည်စွာဖြင့် ရယ်မိကြသည်။ အမေးအဖြေ စကားတို့၏ အနက်အဓိပ္ပာယ် ပြောင်းပြန်သက်ရောက်ကြောင်း အဖေရော ကျွန်တော်ပါ နားလည်ထားကြပြီးသားပင်။

"နေပါဦးကွ သားရ...မင်းတို့တက္ကသိုလ်မှာ အနုပညာသင်တန်း ကျောင်းသတ်သတ် ဖွင့်ထားသေးတယ် မဟုတ်လား၊ အဆို၊ အတီး၊ အကဘာသာရပ်ရယ်လို့ ရှိသေးလား"

ရိုးလှသောအဖေ့ကို ကျွန်တော် ရှင်းပြရပြန်သည်။

"အနုပညာသင်တန်းကျောင်းသတ်သတ် မဟုတ်ဘူး အဖေ။ အဆို အတီး၊ အက ဘာသာရပ်ရယ်လို့လဲ မဟုတ်ပါဘူး။ အနုပညာအသင်းဆိုတာတော့ ရှိတယ်။ တက္ကသိုလ်မှာ ဆိုင်ရာ ဆိုင်ရာ အသင်းအဖွဲ့တွေ ဖွဲ့ထားတယ်။ အားကစားဝါသနာပါတဲ့ ကျောင်းသူ ကျောင်းသားတွေအတွက် အားကစားအသင်းတွေ ရှိတယ်။ ဘော်လီဘောတို့၊ ဘတ်စကတ်ဘောတို့၊ လှေလှော်တို့၊ ဘာတို့ညာတို့ပေါ့။ ဒီလိုပဲ အနုပညာဝါသနာပါသူတွေ အတွက်လဲ အနုပညာအသင်းဆိုပြီး ဖွဲ့ထားတယ်။ အဆို အတီး အကတွေ သင်ပေးတယ်"



"တယ်ဟုတ်ပါလားကွ။ အဲဒီဆရာတွေကိုလဲ တက္ကသိုလ်က ခန့်ထားတာပဲလား။ တက္ကသိုလ်မှာ ဆိုတီးက ဆရာတွေ ရှိသလား"

အဖေ့မျက်လုံးများ အရောင်လက်လာသည်ကို တွေ့ရသည်။

"တက္ကသိုလ်မှာတော့ အဲဒီလိုဆရာမျိုး မရှိဘူး အဖေရဲ့။ ပြင်ပက ဆရာတွေကို ဉာဏ်ပူဇော်ခနဲ့ ခေါ်ပြီး အချိန်ပိုင်းခန့်ထားတာ"

"သြော်... သြော်"

တစ်စုံတစ်ခုကို တွေးမိသွားဟန်ဖြင့် လင်းလက်နေသောအဖေ့ မျက်လုံးများ ပြန်လည်ဖျော့တော့သွားကြပြန်လေသည်။ အဖေ ဘာကို တွေးမိမှန်း ကျွန်တော်သိသည်။ အတော်ကြီးကြာအောင် တိတ်ဆိတ်နေပြီးမှ အဖေ စကားဆက်သည်။

"ဘာတွေ သင်ပေးတုန်း"

"သီချင်းကြီး အဆို၊ ပတ္တလား၊ စောင်း၊ အကတွေ သင်ပေးတယ် အဖေ"

"အဲဒီသင်တန်းတွေဘက် မင်း ရောက်သေးသလား သား..."

စိုးရိမ်မကင်းလေသံ စွက်သည်ဟု ကျွန်တော် ထင်မိသည်။

"အပန်းဖြေရိပ်သာဆိုတဲ့ အဆောက်အအုံကြီး ရှိတယ် အဖေ။ ကျွန်တော်တို့ အတန်းပြောင်းရတဲ့အခါ စာကြည့်တိုက်တို့ ဘာတို့ သွားတဲ့အခါမှာ အဲဒီရိပ်သာကြီးကို ဖြတ်သွားရတာပဲ။ သင်တန်းတွေက အဲဒီ အပန်းဖြေ ရိပ်သာကြီးထဲမှာ ဖွင့်ထားတာဆိုတော့ မြင်နေ ကြားနေရတာပေါ့။ ဒါပေမဲ့ သင်တန်းတွေထဲအထိတော့ ကျွန်တော် မရောက်ဖြစ်ဘူး အဖေ"

"ဘာဖြစ်လို့လဲ ငါ့သား။ ဆိုမိ တီးမိမှာ စိုးလို့လား"

သည်အခါ တိတ်ဆိတ်ငြိမ်သက်သွားရသူက ကျွန်တော် ဖြစ်သည်။

အဖေ့ဆီမှ သက်ပြင်းရှိုက်သံတစ်ချက် ပေါ်လာသည်။ စကားလုံးမဲ့ အမူအသွင်တို့သည် တိကျသောအနက်ကို ဖွင့်ပြပြီ ထင်သည်။

"မင်းစည်းကမ်းချက်တွေထဲမှာ ဘွဲ့မရ မပြီးမချင်း တက္ကသိုလ်မှာ အနုပညာကိစ္စတွေနဲ့ လုံးဝမပတ်သက်ပါဘူးဆိုတဲ့အချက်များ ပါသလား သား"



www.burmeseclassic.com

www.burmeseclassic.com

အဖေ အတိအကျပြောနိုင်ခြင်းအတွက် ကျွန်တော် မအံ့သြတော့။ အဖေ မျက်မှန်ကို ချွတ်လိုက်မှန်း ကျွန်တော် အကြည့်လွှဲထားလျက်က သိသည်။ တစ်ခုခု အဖေ အလေးအနက်ပြောတော့မည်ဆိုလျှင် မျက်မှန်ကို ချွတ်၍ သူ့ပခုံးထက်ဝယ် အမြဲလိုလိုရှိတတ်သော မျက်နှာသုတ်ပဝါပိုင်းလေးနှင့် မျက်နှာကို သုတ်တတ်လေသည်။

"စောင့်စည်းထိန်းသိမ်းတယ်ဆိုတာ ကောင်းပါတယ် ငါ့သား။ ဒါပေမဲ့ အောင့်အည်းချုပ်တည်းတယ်ဆိုတာကျတော့ အစွန်းရောက်တတ်တယ်။ ကိုယ်က သိပ်ဆာလောင်မွတ်သိပ်နေပါလျက်နဲ့ ဘာမှ မစားဘဲ အငတ်ခံလိုက်တာမျိုးဟာ မကောင်းဘူး။ ဒီလိုစားလိုက်လို့လဲ ဘာမှ အပြစ်မဖြစ်ဘူးဆိုရင် ဘာကြောင့် အဆာခံနေရမှာလဲ။ သားဟာ အဖေ့သားပါကွာ။ အဖေ သိပါတယ်၊ သွေးထဲ သားထဲကိုက ဂီတကို အနုပညာကို ခုံမင်တယ်ဆိုတာ အဖေ သိပါတယ်။ အနုပညာမြတ်နိုးစိတ်ဆိုတာ အဖေ သိပါတယ်။ အနုပညာမြတ်နိုးစိတ်ဆိုတာ မကောင်းမှုဒုစရိုက် တစ်ခုမှ မဟုတ်ဘဲ သားရဲ့။ ဒါကို အလကားနေရင်း မချိုးနှိမ်ကောင်းဘူး။ ချုပ်တည်းမထားကောင်းဘူး"

ကျွန်တော် နားထောင်သမားအလှည့် ဖြစ်သွားပြီ။

"စိတ်ညောင်းရင် စိတ်မှာ ရောဂါ ရတတ်တယ်။ မလိုအပ်ဘဲ ကိုယ့်ကိုယ်ကို မညှဉ်းဆဲရဘူး ငါ့သား"

အဖေ၏ မေတ္တာတရားနှင့် နားလည်စာနာမှုကို တွေ့လိုက်ရသော ကြောင့် ကျွန်တော့်ရင်ထဲမှာ ပြည့်လာသည်။ တက္ကသိုလ်အနုပညာအသင်းနှင့် ပတ်သက်သော ဝေဒနာတစ်ခု ကျွန်တော် ခံစားနေရသည်ဟု အဖေ တွက်မိရာသည်။ အဖေသည် အရာရာကို သူ့အနုပညာနှလုံးသားဖြင့် စာနာတိုင်းတာတတ်လွန်းသူပင်။

အချိန်နှင့်အမျှ တရိပ်ရိပ်တိုးပွားနေသော ကျွန်တော့်ဆန္ဒတစ်ခုကို အဖေ့အား ဖွင့်ပြောတော့မည်ဟု ဆုံးဖြတ်လိုက်သည်။





"ဒါဆိုရင်တော့ အဖေ့ကို ကျွန်တော် တစ်ခု ခွင့်တောင်းချင်တယ် အဖေ"

"ဆိုစမ်း ... အနုပညာအသင်း ဝင်ချင်သလား ... ဝင်"

ကျွန်တော် ပေါ့ပါးစွာပြုံးမိသည်။

"မဟုတ်ဘူး အဖေ၊ ကျွန်တော် စန္ဒရားသင်ချင်လို့"

"စန္ဒရား သင်ပေါ့ကွာ၊ မင်းတို့တက္ကသိုလ်ကျောင်းက သင်ပေးသလား"

"ကျောင်းမှာ မဟုတ်ဘူး အဖေ၊ ပန်တျာကျောင်းမှာ ညနေသင်တန်းတက်ချင်လို့ပါ။ ကျွန်တော် တက်ချင်နေတာ ကြာပြီ"

"မင်း ဘာကြောင့် အခုမှ ဖွင့်ပြောရတာလဲ ငါ့သားရာ"

ကျွန်တော့်ညီ အငယ်ဆုံးအရွယ်သာ ဆိုပါက ညီလေးလိုပင် ဒါမှတို့အဖေကြီးကွဟု အော်ဟစ်ကာ အဖေ့ကို လှမ်းဖက်မိမည်လား မသိ။

သို့ဖြင့် တက္ကသိုလ် ပထမနှစ် တစ်နှစ်လုံးနှင့် ဒုတိယနှစ် နှစ်ဝက်လုံးလုံး အိမ်နှင့်ကျောင်း၊ ကျောင်းနှင့် အိမ် နှစ်ဌာနသာ ကျက်စားကူးလူးနေခဲ့ရာမှ ဒုတိယနှစ်၏ ဒုတိယနှစ်ဝက်တွင် သုံးဌာန ဖြစ်လာလေသည်။

အိမ်၊ တက္ကသိုလ်နှင့် ပန်တျာကျောင်း။

တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ တစ်ပတ်လျှင် သုံးရက်။ ညနေ ငါးနာရီမှ ခုနစ်နာရီ၊ ပန်တျာကျောင်း စန္ဒရားခန်း။

*

ကျောင်းဖွင့်ခါစရက်များသည် ပကတိလွတ်လပ်ပျော်ရွှင်ဖွယ်ရက်များ ဖြစ်ပေမည်။ သင်တန်းတို့ မစသေး။ အချိန်စာရင်း မထွက်သေး။ တက္ကသိုလ်သည် နှစ်ခြိုက်စွာ အိပ်မောကျနေရာမှ လန်းဆန်းစွာ နိုးထလာကာစ ဖြစ်သည်။

အဓိပတိလမ်း တစ်လျှောက်၊ ဝိဇ္ဇာခန်းမဘက်၊ ထိုမှနောက် ဘွဲ့နှင်း

www.burmeseclassic.com



သဘင်၊ ပြီးတော့ သိပ္ပံစာသင်ခန်းများတစ်ဝိုက်သို့ လွတ်လပ်ပေါ့ပါးခြင်းများဖြင့် ကျွန်တော် လျှောက်သည်။ တတိယနှစ် ကျောင်းသားဘဝဖြင့် တက္ကသိုလ်ကို နှုတ်ခွန်းဆက်ခြင်းဟု ကျွန်တော် စိတ်သွင်းထားသည်။ သိပ္ပံခန်းမမှ တစ်ဆင့် ဇဟိုစာကြည့်တိုက်ဘက်သို့ လှည့်ကာ အဓိပတိလမ်းမကိုဖြတ်လျက် အပန်းဖြေရိပ်သာသို့ ဆင်းခဲ့သည်။

ပင်ပေါင်ရိုက်နေသူများကို တွေ့သည်။ သဲကြီးမဲကြီး ပြုံးမိသည်။ အေးလေ ကိုယ်ဝါသနာပါရာ၊ သန့်ရာသန့်ရာပေါ့၊ ကိုယ်တောင်မှ ပန်တျာကျောင်း ညနေသင်တန်းမှာ စန္ဒရားသွားတက်သေးတာပဲဟု …။

ဆံပင်ညှပ်ဆိုင်၊ စာရေးကိရိယာဆိုင်နှင့် ပန်းဝတီအလှကုန်ပစ္စည်းဆိုင်များရှေ့မှ ဖြတ်လျှောက်ခဲ့သည်။ သာမန်အားဖြင့် ရှိမှန်းမသိရသော စန္ဒရားခန်းလေးဆီသို့ ငုံ့ကြည့်မိသည်။ အထဲမှာ မှောင်မည်းလျက်။ တံခါးသော့ခတ်လျက်။ တက္ကသိုလ်အနုပညာအသင်း၏ ဤအခန်းလေးထဲမှ စန္ဒရားကို ကျွန်တော် မတီးဖူးသေး။ အေးလေ တီးရအောင်ကလည်း ကိုယ်က အနုပညာအသင်းသားမှ မဟုတ်ပဲ။

ရယ်မောပျော်ရွှင်သံများအကြားမှ တိုးဝှေ့ကာ အပန်းဖြေရိပ်သာထဲမှ ထွက်ခဲ့သည်။ စကြံလမ်းမှ တစ်ဆင့် ယုဒသန်ဘက် သွားမည် စိတ်ကူးသည်။

အနုပညာအသင်းအဆောင်၏ တရုတ်ကပ် သစ်သားတံခါးကြားမှ ထွက်လာသော ပတ္တလားသံကို ကြားရသည်။ ကျောင်းဖွင့်ကာစ ဘယ်သင်တန်းမှ မလှုပ်ရှားနိုင်သေးသည့်အချိန်မှာ ပတ္တလားဝင်တီးနေသော ကျောင်းသားသို့မဟုတ် ကျောင်းသူ တစ်ယောက်ယောက် ဖြစ်ပေမည်။ ဝါသနာကြီးလွန်းလှသူ ဖြစ်ပေမည်။ လက်ကတော့ သင်ခါစလက်။ တီးနေသော သီချင်းမှာ ဝေဘာဂီရိုကြီး။ ပတ္တလားကို သူ ဘယ်လောက်လွမ်းသလဲ မသိ။ အတိုးချပြီး တဝကြီးတီးနေလိုက်သည်မှာ အသံနားထောင်ရုံမျှနှင့်ပင် သူ့ပတ္တလားအရွက်ကြီးတစ်ပြင်လုံး လှိုင်းထနေမည်ကို မြင်ယောင်နေမိလေသည်။



'ဝေး … ဝေး ထွက်ပြေးသွား၊ ကျူးကို မုန်းလို့လား …' အပိုဒ်ကို သူ တီးနေသည်။ စကြံအောက်ဝင်ခါစ ကျွန်တော့်ခြေလှမ်းများ တုံ့သွားသည်။ အကဲဆတ်သောနားထဲတွင် အရုပ်ဆိုးလှသော ပတ္တလားသံက တိုးဆောင့်ဝင်နေသည်။ အလိုအလျောက်ပင် သည်းမခံနိုင်သောအဖြစ်။

'ဝေး …ဝေး ထွက်ပြေးသွား ကျူးကိုမုန်းလို့လား'ကို သူတီးနေသည်မှာ စည်းကျိုးဝါးကျိုး။ ဒါကိုပင် အမှန်ဟု သူယူဆကာ လက်ကွက်မမှားအောင် ထပ်ခါထပ်ခါ တီးနေသည်။ ဝေဘာဂီရိုကြီး၏ သည်အပိုဒ်မှာ ဝါးရှစ်ဝါး ရှိရမည်။ နှစ်ကျော့ပြန်ကောက်သောအခါ ဆယ့်ခြောက်ဝါး ရှိရမည်။ သူ တီးနေသည့်အတိုင်းဆိုလျှင် တစ်ဝါးပိုနေသည်။

သည်းမခံနိုင်။ သတ်ပုံမှားနေသော စာပိုဒ်တစ်ခုကို စာသမားတစ်ယောက် သည်းမခံနိုင်သလို၊ နီးဝေးမြင်ကွင်း မှားနေသော ကားချပ်တစ်ခုကို ပန်းချီဆရာတစ်ယောက် သည်းမခံနိုင်သလို စည်းဝါးကျိုးနေသော ထို 'ဝေး … ဝေး ထွက်ပြေးသွား'ကို ကျွန်တော် သည်းမခံနိုင်။

ယုဒသန်ဘက်သွားမည့် ခြေလှမ်းများ နောက်ကြောင်းပြန်လှည့်ဖြစ်သည်။ အပန်းဖြေရိပ်သာ ရုံးခန်းဘေးမှ ဖြတ်ကာ ပတ္တလားသင်တန်းခန်းဘက် လျှောက်ခဲ့သည်။ ကြည့်မှန်ကြီးတွေ နံရံပြည့်ကာထားသော အခန်းထဲတွင် ပတ္တလားသုံးလက်ရှိသော်လည်း နှစ်လက်မှာ အလွတ်။ ဝေဘာဂီရိုကြီးကို တီးနေသော ကျောင်းသားသည် အလယ်ပတ္တလားခုံတွင် ထိုင်လျက်။

'ဆီးတား … ဆီးတား' အပိုဒ်ကို သူဆက်နေသည်။ စည်းဝါးကားကျိုးမြဲကျိုးလျက်ပင်။ ကျွန်တော် ဝင်လာမှန်း သိသောကြောင့် ကျောင်းသားသည် ပတ္တလားကို ပို၍မြည်အောင် ရိုက်တီး တီးတော့သည်။ သူ့လက်သံကိုနားထောင်ချင်၊ သူ တီးတာကို ကြည့်ချင်သော ပရိသတ်တစ်ယောက်ဟု သူ ထင်လေသလား မသိ။ စည်းပျက် ဝါးပျက်ကြီးသီချင်းကိုနားထောင်ရင်း ကျွန်တော် ပို၍သည်းမခံနိုင် ဖြစ်လာသည်။ ကိုယ့်ကိုယ်ကိုယ်ပင်



www.burmeseclassic.com

www.burmeseclassic.com

သတိ မထားလိုက်နိုင်တော့။

မျက်နှာစိမ်းကျောင်းသားနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ရပ်မိသည်။

သူ တီးနေရာမှ ရပ်သွားသည်။ လက်ခတ်ကို ကိုင်လျက်သားပင် ပတ္တလားရှက်ပေါ်တွင်တင်ထားကာ ကျွန်တော့်ကို မော့ကြည့်သည်။

"ဘာဖြစ်လို့လဲ"

သူ အိုးတိုးအမ်းတမ်း မေးသည်။

"ဟိုဒင်းဗျာ... ဆရာလုပ်တာတော့ မဟုတ်ပါဘူး။ ဝေဘာဂီရိုကို ခင်ဗျားတီးနေတာ ဝေးဝေးထွက်ပြေးသွားအပိုဒ်မှာ စည်းကျိုးနေတယ်"

သူ စိတ်ရှုပ်သွားပုံရသည်။ အခြေအနေတော့ တင်းမာတော့မည်ဟု ကျွန်တော်တွေးမိကာ ချက်ချင်းပင် မနေနိုင် မထိုင်နိုင် ဖြစ်မိခြင်းအတွက် နောင်တ ရမိလေသည်။ သို့သော် ကျွန်တော်ထင်သလို ဖြစ်မလာ။

"ဟုတ်လား ဘယ်လို မှားနေတာလဲ"

ပတ္တလားရှက်ပေါ် တင်ထားသော သူ့လက်များကို ဖယ်ပေးသည်။

ရပ်နေရင်းမှပင် ပတ္တလားရှက်ပေါ်သို့ ကျွန်တော် လက်ညှိုးနှစ်ချောင်းဖြင့် ခေါက်လိုက်သည်။ သူနားစိုက်ထောင်ရင်း ကျွန်တော့်လက်များကို ကြည့်နေသည်။

"ရော့ဗျာ... ပတ္တလားလက်ခတ်နဲ့ တီးပါ"

လက်ခတ်ကို လှမ်းယူပြီး 'ဝေး... ဝေး ထွက်ပြေးသွား'ကို 'ဆီးတား... ဆီးတား' အပိုဒ်အထိ ကျွန်တော်တီးပြလိုက်သည်။ သူ မျက်တောင် ပုတ်ခတ် ပုတ်ခတ်လုပ်လျက် လိုက်မှတ်နေပုံရသည်။ နှစ်ခေါက် သုံးခေါက်တီးပြီးသောအခါ သူက...

"ကျေးဇူးပါပဲဗျာ... ခင်ဗျားတီးပြမှပဲ ကျွန်တော် ဘယ်လောက်လွဲနေသလဲဆိုတာ သိရတော့တယ်၊ ခင်ဗျားက ဒီနှစ် ပတ္တလားသင်တန်းတာဝန်ခံလား"

"မဟုတ်ပါဘူးဗျာ... ဘာဖြစ်လို့လဲ"





"ခင်ဗျားတီးပြတာက ဆရာဦးစိန်လှမောင်သင်ပုံသင်နည်းမျိုးပဲ"

သည်တစ်ခါ မနေတတ် မထိုင်တတ် ဖြစ်ရသည်မှာ ကျွန်တော်။ သူက ဆက်ပြောသည်။

"ပတ္တလားကို ပြောင်းပြန်ထားပြီး တီးပြတယ်ဆိုတာ တော်ရုံမှတ်လို့လားဗျာ၊ ခင်ဗျား အခု တီးပြတာက ကျောင်းသားလက်မျိုးမှ မဟုတ်ပဲ၊ ဆရာတစ်ယောက်ရဲ့ သင်ပုံသင်နည်း ဥစ္စာပဲ"

"ဟာ... မဟုတ်ပါဘူး၊ ကျွန်တော်က တတိယနှစ်သမိုင်းကျောင်းသားပါ"

"ဟုတ်လား၊ ကျွန်တော်က ဒုတိယနှစ်မြန်မာစာ၊ ကျွန်တော့်နာမည်က စောလွင်ပါ၊ အနုပညာအသင်းတာဝန်ခံ ကိုစောလွင်နဲ့ တစ်နာမည်တည်းပဲ၊ အမှတ်ရလွယ်ပါတယ်"

"ကျွန်တော့်နာမည်က သက်မောင်ပါ"

လက်ဆွဲ နှုတ်မဆက်ဖြစ်ကြ၊ အပြန်အလှန်ပြုံးကာ မိတ်ဆွေဖွဲ့ဖြစ်ကြလေသည်။ ကိုစောလွင်က...

"ကိုသက်မောင်က တတိယနှစ်ဆိုတော့ ပတ္တလားသင်တန်းတက်တာလဲ သုံးနှစ်ရှိပြီပေါ့ ဟုတ်လား"

"ဟင့်အင်း ကျွန်တော် အနုပညာအသင်းဝင် မဟုတ်ပါဘူး"

"ဟုတ်လား"

သူ တအံ့တသြဆိုလေသည်။ ကျွန်တော် မနေတတ် မထိုင်တတ်ဖြစ်လာသည်။ ဤအခန်းထဲမှ ထွက်ခွာသင့်ပြီဟု သတိရလိုက်လေသည်။ အပြစ်တစ်ခုခု ကျူးလွန်မိသလိုလည်း ခံစားရသည်။ အနုပညာအသင်းခန်းမကြီးကို နှစ်နှစ်ပတ်လုံး၊ အပြင်ဘက်မှ ပန်း၍ အခေါက်ခေါက်အခါခါ ဖြတ်သွားခဲ့သော်လည်း တစ်ခါမှ အထဲမဝင်ခဲ့။ ယခုမူ အမှတ်မထင်ဝင်မိပြီး ဝေဘာဂီရိုကြီးကို တီးနေသော ကျောင်းသားတစ်ယောက်ကို အကြောင်းပြုပြီး မနေနိုင် မထိုင်နိုင်ဖြစ်ကာ ပတ္တလားခန်းထဲ ဝင်မိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

မြန်မာစာမှ ကိုစောလွင်ဆိုသော ကျောင်းသားတစ်ယောက်နှင့် တွေ့သည်။ သူ ကျွန်တော့်အပေါ် သိသိမှတ်မှတ်ဖြစ်တော့မည်မှာ သေချာသည်။

ကိုစောလွင်ကို နှုတ်ဆက်၍ ကျွန်တော် ပြန်ထွက်ခဲ့သည်။

တစ်ချိန်လုံး ရှင်ပျနေသောစိတ်သည် အုံ့မှိုင်းသွားသည်။ ကိုစောလွင်၏ နှုတ်ဆက်စကားသည် သာမန်စကားပင်ဖြစ်သော်လည်း ကျွန်တော့်အတွက်မူ စိတ်ထင့်စရာ။

"ထပ်ဆုံကြသေးတာပေါ့ ကိုသက်မောင်"

*

စိတ်ထင့်ခဲ့ရသောအဖြစ်နှင့် ကိုစောလွင်၏ နှုတ်ဆက်စကားတို့သည် တကယ်ပင်ဖြစ်လာခဲ့ချေသည်။ သမိုင်းဌာနနှင့် မြန်မာစာဌာနတို့သည် နီးနီးကပ်ကပ်တည်ရှိကြသည်။ သမိုင်းအဓိကကျောင်းသားနှင့် မြန်မာစာအဓိကကျောင်းသားတို့သည်လည်း တောင်ငူဆောင်၊ အမရဆောင်နှင့် စားသောက်ဆိုင်ခန်းများတစ်ဝိုက်တွင် တစ်ချိန်မဟုတ်တစ်ချိန် ဆုံကြ တွေ့ကြမည်သာ။

ကျောင်းဖွင့်ပြီး နှစ်လလောက်ကြာသောအခါ မြန်မာစာမှ ကိုစောလွင်နှင့် ကျွန်တော် ဒုတိယအကြိမ်ဆုံဖြစ်သည်။ မန္တလေးတောင်နှင့် တောင်ငူဆောင်အကြား စားသောက်ဆိုင်တန်းမှာ ဖြစ်သည်။ ကိုစောလွင်သည် ကျွန်တော်ရှိရာသို့ ရောက်လာကာ လိုက်လှဲစွာ နှုတ်ဆက်လေသည်။

"ကိုသက်မောင် ခင်ဗျားဗျာ ပျောက်ချက်သား ကောင်းလိုက်တာ၊ ကျွန်တော်တို့ ကျောင်းသားသစ်ကြိုဆိုပွဲတုန်းကလဲ ခင်ဗျားကို လိုက်ရှာသေးတယ်။ ဘယ်မှာမှ ရှာလို့မရဘူး"

ကျွန်တော် ပြုံးရုံသာ ပြုံးနေလိုက်သည်။

"ခင်ဗျားကို ဆရာဦးစန်းအုန်းက တွေ့ချင်နေတယ်"

"ဗျာ"

"ဆရာဦးစန်းအုန်းလေ"





လက်ထောက် ကထိကမော်ကွန်းထိန်း၊ အနုပညာအသင်း အတွင်းရေးမှူး ဆရာဦးစန်းအုန်း။

ပြေးမလွတ်ပြီကို ကျွန်တော် သိလိုက်သည်။ ဆရာဦးစန်းအုန်းကို ကိုစောလွင်သည် ကျွန်တော့်အကြောင်း ပြောထားပြီးပြီ။ ဆရာတွေ့ချင်သည်ဆိုသောကိစ္စမှာ အနုပညာအသင်းနှင့်ပတ်သက်သော ကိစ္စမှအပ ဘာမှ မဖြစ်နိုင်။

"ကျွန်တော် အခု အသင်းခန်းကို သွားမလို့ပဲ၊ တစ်ခါတည်း လိုက်ခဲ့ဗျာ"

နေ့လယ်။ ကျောင်းဆင်းချိန် ဖြစ်နေသည်။ ကလပ်စ် အတန်း ရှိနေတယ် ဘာညာအကြောင်းပြ၍ ကျွန်တော်ရှောင်တိမ်း၍ မရ။ အနုပညာအသင်းသို့သွားရာ တစ်လမ်းလုံး ကိုစောလွင်က စကားတွေ အမျှင်မပြတ်ပြောသည်။ အသင်းအပင်းလုပ်ငန်းတွင် အလွန်ထက်သန်သူ၊ ဝါသနာထုံသူ တစ်ယောက်မှန်း သိသာသည်။ ပြီးတော့ ဂီတ၌ တကယ်ဝါသနာကြီးသူလည်းဖြစ်သည်။ သူ့ခင်မင်မှုကိုလည်းကောင်း၊ သူ့စိတ်အားထက်သန်မှုကိုလည်းကောင်း၊ ပိတ်ဆို့ငြင်းပယ်ရန်မှာ အားနာစရာသိပ်ကောင်းသည်။ တွေပြားသောစိတ်ဖြင့်ပင် အနုပညာအသင်းဘက်သို့ လျှောက်ခဲ့သည်။

တစ်ခုခု အခြေအနေ ထူးခြားလာလျှင်တော့ အဖေ့ကို ပြန်ပြောရမည်ဟု စိတ်ကူးလိုက်သည်။ တက္ကသိုလ် လေးနှစ်တာကာလအတွင်း 'အသင်းအပင်း အဖွဲ့အစည်းနှင့်ပတ်သက်သော မည်သည့်လှုပ်ရှားမှုမျိုးနှင့်မျှ မပတ်သက်စေရ' ဟူသော ကျွန်တော့်စည်းကမ်းချက်သည် ကျိုးပေါက်ပျက်ပြယ်တော့မည် ထင်သည်။

*

'မင်းက တတိယနှစ်ရောက်နေပြီ၊ အတီးအမှုတ်လဲ ဒီလောက် လေ့လာလိုက်စားပြီးမှ ဘာဖြစ်လို့ အနုပညာအသင်းထဲ မဝင်တာလဲ' ဟူသော ဆရာဦးစန်းအုန်းအမေးကို ကျွန်တော် ဘာမှ ပြန်မဖြေတော့။


www.burmeseclassic.com

www.burmeseclassic.com

တစ်ခုခု လိုးလွဲဖြေလျှင်လည်း ကျိုးကြောင်းခိုင်လုံမည် မဟုတ်။ အမှန်အတိုင်း ဖြေရအောင်ကလည်း ဖြစ်ကြောင်းရယ်ကုန်စင်ကို ဇာတ်စုံခင်းပြနေရဦးမည်။ အဖေ့အကြောင်းတွေက တစ်နွယ်ငင် တစ်စင်ပါလာလိမ့်ဦးမည်။ အဖေ့အကြောင်းကို ကျွန်တော် ပြောမပြချင်။

"အသင်းခန်းကို မကြာခဏ လာခဲ့ကွာ။ စန္ဒရားခန်းသော့ကိုလဲ မောင်စောဆီမှာ တောင်းယူ။ စန္ဒရားကျင့်ချင်လဲ ကျင့်ပေါ့။ ကိုယ်က အမှာခံ ကျောင်းသားဖြစ်နေပြီပဲ၊ အဲဒီလို ရှောင်ဖယ် ရှောင်ဖယ် မလုပ်ပါနဲ့ကွ"

အသင်းပိုင်စန္ဒရားကို တီးခွင့်ရသည့်အတွက်တော့ ကျွန်တော် ဝမ်းသာသွားသည်။ သို့သော် အခွင့်အရေးနှင့် အတူ တာဝန်ဝတ္တရားတွေကိုပါ တစ်ပါတည်း လက်ခံရယူရလိမ့်မည်ဟု တွေးမိပြန်သောအခါ ရင်မှာ လေးလံရပြန်သည်။

"ကျွန်တော်လာပါ့မယ် ဆရာ"

ဟူသော စကားမှတစ်ပါး ကျွန်တော့်မှာ ပြောစရာ မရှိတော့။

*

အဖေသည် ကျွန်တော့်ကို စိတ်ချယုံကြည်နိုင်လွန်းသူပင်။

အနုပညာအသင်းနှင့် ပတ်သက်သောကိစ္စကို ပြောပြသောအခါ အဖေက ...

"မင်းလဲ တတိယနှစ်တောင်ရောက်နေတဲ့ တက္ကသိုလ်ကျောင်းသားရင့်မကြီးပဲကွာ၊ ဘာဖြစ်သလဲ၊ လောကမှာ ဖြစ်ချိန်တန်ရင် ဖြစ်တာပဲ၊ ပျက်ချိန်တန်ရင် ပျက်တာပဲ၊ အခုလဲ မင်းတို့ဆရာကိုယ်တိုင်က ခေါ်လိုက်တာဆိုတော့ ဘယ်ငြင်းလို့ဖြစ်မလဲ၊ လူဆိုတာ သူ့ဆိုင်ရာ ဆိုင်ရာ ပတ်ဝန်းကျင် အပေါင်းအသင်းနဲ့ပေါ့၊ ပြီးတော့ အနုပညာတစ်ရပ်ဆိုတာ မကောင်းမှုမှ မဟုတ်ဘဲ"

ဟု ပြောရှာလေသည်။

---





ဘာပဲဖြစ်ဖြစ် အဖေ့ကို အသိပေးလိုက်ရသည့်အတွက်တော့ ကျွန်တော် စိတ်လက်ပေါ့ပါးသွားသည်ကား အမှန်။

"အခု အနုပညာအသင်းမှာ မင်းက ဘယ်လို တာဝန်ယူထားရသလဲ"

အဖေ နားလည်အောင် ကျွန်တော် ရှင်းပြရသည်။

"ဆရာဦးစန်းအုန်းကို တောင်းပန်ထားရတယ် အဖေ။ သင်တန်းတစ်ခုခုရဲ့ တာဝန်ခံအဖြစ်တော့ မလုပ်ပါရစေနဲ့လို့။ တတိယနှစ်ဆိုတော့ ရှေ့နှစ်က နောက်ဆုံးနှစ်၊ အရေးကြီးတဲ့နှစ် ကျောင်းစာထိခိုက်မှာစိုးလို့ ဆိုပြီး ကျွန်တော် တောင်းပန်ထားတယ်၊ ဆရာက သဘောပေါက်ပါတယ်၊ နားလဲ လည်ပါတယ်။ အဲဒီတော့ ... ကျွန်တော့်မှာ အချိန်ပြည့်တာဝန်ကြီးတော့ မရှိပါဘူး၊ ပတ္တလားသင်တန်းမှာ ဆရာဦးစိန်လှမောင်ရဲ့ လက်ထောက်အဖြစ် ဝင်ကူပေးရတယ်။ အဆိုသင်တန်းမှာ ပတ္တလားတီးမယ့်လူ မရောက်လာတဲ့အခါမျိုးတွေကျတော့ ဝင်တီးပေးရတယ်။ အကသင်တန်းမှာ ကဗျာလွတ်ဒိုး ဝင်ဝင်တီးပေးတယ်"

"ဟ ... တာဝန်ခံသာ မဟုတ်ဘူးဆိုတယ်၊ မင်းဟာကလဲ အကုန်ပါပဲလားကွ"

အဖေက ကျေနပ်သံဖြင့် ပြောသည်။

"စန္ဒရားခန်းသော့ကတော့ အချိန်မရွေး ယူလို့ရတယ် အဖေ၊ အဲဒါ ကျွန်တော့်အတွက် အကျိုးရှိတာပဲ"

"အေးပေါ့ကွ အတ္တဟိတ ပရဟိတဆိုတာမျိုးပေါ့"

"ကျောင်းစာကို လုံးဝ မထိခိုက်စေရပါဘူး အဖေ"

"ဟော့ ... မင်းကို အဖေက ဘာများ ပြောနေလို့လဲ"

အဖေ့ယုံကြည်စိတ်ချမှုကို ခံရလေလေ ကျွန်တော့်မှာ ပို၍ပင် ကျပ်လေလေ ဖြစ်လာတော့သည်။ အဖေ့ 'တီမိကြားမင်းခေါင်' သည် ကျွန်တော့်ကို အမြဲစောင့်ကြည့်နေလေသည်။

---



www.burmeseclassic.com

www.burmeseclassic.com

အဖေက နှာဖျားအနီးထိ လျှောကျနေသော မျက်မှန်ကို ပင့်တင်ကာ ကျွန်တော့်ကို မကြည့်ဘဲပြောသည်။

"မလိုလဲ လိုလဲပေါ့ကွာ...၊ သားဟာ ပညာတတ်တစ်ယောက်ပါ၊ ဒါပေမယ့် လောကမှာ ဖြစ်တတ်လို့ အဖေ ပြောတာပါ၊ အနုပညာသမားမှာ ပိယဆေးမလိုဘူးကွ၊ အနုပညာအရည်အသွေးကို အထင်ကြီးလာရာက နေပြီး လူကိုပါ ခင်တွယ်လာတတ်တယ်၊ အဲ...အနုပညာသမားတစ်ယောက်ရဲ့နှလုံးသားကို တကယ်တမ်းနားလည်တာတော့ မဟုတ်ဘူး။ အနုပညာသမားတစ်ယောက်ရဲ့ ဘဝကိုလဲ တကယ်တမ်း လက်ခံနိုင်တာ မဟုတ်ဘူး။ အဲဒီမှာ မျက်စိလည်တတ်ကြတာပဲ၊ စိတ်ကူးယဉ်တတ်ကြတာပဲ။ အဲဒီသဘောကို နားလည်ထားဖို့ လိုတယ်ကွ"

မှတ်ထားပါ့မယ် အဖေဟု ကျွန်တော့်ရင်ထဲက ပြောဖြစ်သည်။

ထို့နောက် အဖေသည် ထုံးစံအတိုင်း သူရေးခဲ့သော သီချင်းစာရွက်များကို ထုတ်ယူလာသည်။ ခေတ်ကောင်းတုန်းက သူဆိုခဲ့ဖူးသော ရုပ်ရှင်နောက်ခံသီချင်းတွေလည်း ပါသည်။ ပြီးတော့ ကျွန်တော့်ကို သီချင်းတက်ပေးသည်။ မယ်ဒလင်လက်ကွက်တွေ ပြပေးသည်။ ဘုံပျံနေနန်းတီးပြသည်။ ထင်းရှူးသေတ္တာအသေးနှစ်လုံးစာ အဖေ့'ပစ္စည်း'တွေကို ကြည့်ပြီး ကျွန်တော့်ရင်ထဲ တလှပ်လှပ် ဖြစ်နေသည်။

တတ်စွမ်းနိုင်သမျှသော အမွေကို ပေးနေခြင်းဟု ကျွန်တော် နားလည်သည်။ ဝါရော်နီကြန် စာရွက်များ၊ မှတ်စုစာအုပ်များကို ကြည့်ရင်း အဖေ့အပေါ် ပို၍သာ လေးစားမြတ်နိုးမိနေလေသည်။

* * *



## အခန်း (၆)

အနုပညာအသင်း ရုံးခန်းတွင် တာဝန်ခံ ကိုစောလွင် မရှိ။ ဘွဲ့နှင်းသဘင်ခန်းမဘက် သွားသည်ဟု သိရသည်။ စန္ဒရားခန်းသော့က ကိုစောလွင်ဆီမှာ ရှိသည်။ စည်းကမ်းအရ သူ့ဆီမှ သော့တောင်းယူရမည်။ ပြီးလျှင် သူ့ကိုပဲ သော့ပြန်အပ်။

ရုံးခန်းထဲမှာ ကျွန်တော် ထိုင်စောင့်နေစဉ် မြန်မာစာ ကိုစောလွင် ရောက်လာသည်။ သူနှင့်ပင် ရောက်တတ်ရာရာပြောရင်း တာဝန်ခံ ကိုစောလွင်ကို စောင့်ကြရသည်။ နောက်ထပ် ကျောင်းသူ ကျောင်းသားများ တစ်သုတ်ပြီး တစ်သုတ် ရောက်လာကြပြန်သည်။ အတော်များများမှာ အားလုံးနီးပါးလောက်ကို ကျွန်တော် မသိ။ ကိုယ့်အစုနှင့်ကိုယ် နေကြသည်။ တာဝန်ခံ ကိုစောလွင်လည်း မရှိ။ ဆရာဦးစန်အုန်းလည်း မရှိသောကြောင့် ကျွန်တော်တို့ တစ်ယောက်နှင့် တစ်ယောက် စကားမပြောဖြစ်ကြ။ သို့သော် သည်အချိန် သည်နေရာသို့ တစ်စုတစ်ဝေးတည်း လာဆုံကြသည့်အတွက် တစ်ခုတည်းသောကိစ္စနှင့် ပတ်သက်သူများဟုတော့ ကျွန်တော် နားလည်လိုက်သည်။

အမှန်က ဆရာဦးစန်အုန်းက ခေါ်ထားသောကြောင့်ပင်။

သိရှိဆွေစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com


မပျက်မကွက် လာကြပါ၊ အရေးကြီးသည်ဟု ဆရာ အမှာရှိထားသည်။

ကိစ္စက ပြည်ထောင်စုအလံတော် ကြိုဆိုရေးအတွက် ဆေးတက္ကသိုလ် (၁) လိပ်ခုံးမြက်ခင်းပြင်မှာ တက္ကသိုလ်ပေါင်းစုံ၏ ပဒေသာကပွဲ၊ သည်ပွဲမှာ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၏ အစီအစဉ်များအနက် တစ်ခုသောအစီအစဉ်ဖြစ်သည့် အဖွင့်ပဏာမသီချင်း။ "တို့ပြည်ထောင်စုသား" သီချင်းဖြစ်သည်။

ထိုပဏာမသီချင်းတွင် ကျွန်တော် စန္ဒရားတီးပေးရမည်။

သီဆိုသူများက တိုင်းရင်းသားကျောင်းသူ ကျောင်းသားများ။ တိုင်းရင်းသားတစ်မျိုးလျှင် အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး ပါဝင်မည်။ အားလုံးပေါင်းလိုက်သော် သီဆိုမည့်သူ နှစ်ဆယ့်ရှစ်ယောက် ရှိသည်။ တိုင်းရင်းသားကျောင်းသူ ကျောင်းသားများက သက်ဆိုင်ရာတိုင်းရင်းသား ဝတ်စုံ များ ဝတ်ဆင်လျက် သီဆိုကြမည်။ ရောမ အစီအစဉ်ကြီးဖြစ် သည်။ ဆရာဦးစန်းအုန်းထံမှ ထိုအချက်အလက်များကို ကျွန်တော် သိ ထားပြီးပြီ။ ယနေ့ ပထမဆုံး သီချင်းတိုက်ရမည့်နေ့။ ပထမဆုံးအကြိမ် အားလုံးစုံညီကြမည့်နေ့။

သီချင်းက အသစ်မဟုတ်။ ရေဒီယိုမှ မကြာခဏ ကြားရသော သီချင်းဖြစ်သည်။ 'တစ်ဦးပေါ် တစ်ဦး သံသယဆိုသည်မှာ အလကား… တစ်ဦးပေါ် တစ်ဦး မှန်သမျှဆိုသည်မှာ ပတ္တမြား **X X X X** သံသယပျောက်ပါစေ **X X X X** အမှန်ဘဝ ရောက်ပါစေလေ…' ခြေဆင်းဖြင့်စသော သီချင်းဖြစ်သည်။ ကိုးရပ်ပုဒ်ဖြစ်သော 'ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ၊ ရှမ်းတို့တစ်တွေ ပြည်ထောင်စုဖွား တိုင်းရင်းသား၊ ညီအစ်ကို မောင်နှမတွေ…' အပိုဒ်တွင် တိုင်းရင်းသားဘာသာဖြင့် တစ်လှည့်စီ ဆိုကြရမည် ဖြစ်သည်။

ဒါဆို သီဆိုသူနှစ်ဆယ့်ရှစ်ယောက်ဖြင့် စင်ပေါ်တက်ဆိုမည့်အစီ



အစဉ်မှာ အတော်ကြီးစားအားထုတ်ရမည့်ကိစ္စ ဖြစ်သည်။ 'အတိုက်နှာ' ထားရမည့်သီချင်း ဖြစ်သည်။ သည်သီချင်းမှာ စန္ဒရားတီးပေးရမည့် ကျွန်တော့်အတွက်လည်း အလွန်ကြီးမားသော တာဝန်။

အသင်းရုံးခန်းထဲတွင် သီချင်းဆိုမည့်ကျောင်းသူ ကျောင်းသားများ ထိုင်စရာ မရှိတော့။ တချို့က အပြင်ဘက် အုတ်ခုံထွက် ထိုင်သည်။ သည်အထဲမှာ ရင်းရင်းနှီးနှီးဆို၍ မြန်မာစာမှ ကိုဇောလွင်တစ်ယောက်သာ ရှိသောကြောင့် သူနဲ့ပဲ ကျွန်တော်စကားပြောနေရသည်။ တာဝန်ခံ ကိုဇောလွင် မရောက်သေး။ ဆရာဦးစန်းအုန်းလည်း မရောက်သေး။ ညနေလေးနာရီ ထိုးတော့မည်။

တဖက်ခန်းမှ ပတ္တလားသံများ စဲသွားသည်။

ထိုအခါမှပင် ပို၍လှမ်းသော ဟိုတစ်ဘက်ဆီမှ စန္ဒရားသံကို ကျွန်တော် ကြားရတော့သည်။ စန္ဒရားခန်း ဖွင့်လျက်သား။ တစ်စုံတစ်ယောက်သည် စန္ဒရားတီးလျက်သား။

"ဟာ… စန္ဒရားခန်းက ဖွင့်ထားပဲဗျ"

မြန်မာစာ ကိုဇောလွင်က ပြောသည်။

"ကျွန်တော်တို့ထဲက တစ်ယောက်ယောက် ရောက်နေပြီထင်တယ်"

"စန္ဒရားခန်းကိုပဲ သွားကြစို့လား"

"သွားရင် ကောင်းမယ်၊ ကျွန်တော်တို့ချည်းပဲ စနင့်ကြတာပေါ့"

'တို့ပြည်ထောင်စုသားချင်းမှာပါမယ့် အဖွဲ့တွေ စန္ဒရားခန်းကို သွားကြမယ်ဗျို့'ဟု ကိုဇောလွင်က နှိုးဆော်သည်။

သူတို့ကို မစောင့်တော့ဘဲ ကျွန်တော် စန္ဒရားခန်းဘက် ထွက်ခဲ့သည်။ နီးလာလေလေ စန္ဒရားသံ ပိုကျယ်လာလေလေ၊ တီးနေသောသီချင်းက… 'ဖူးရွှေလက်တင်'။ လက်ကျမဆိုစလောက် ပြင်းသော်လည်း အဖွဲ့ အဖက်၊ အကျဲအစိပ် အတော်လေး ပိရိစုံလင်သောလက်သံ ဖြစ်သည်။

စန္ဒရားအခန်းထဲသို့ ကျွန်တော် ဝင်လိုက်သည်။

*

www.burmeseclassic.com

ကော်ကိုင်းမျက်မှန် အညိုရောင်တပ်ထားသည်။ ဆံပင် ဖိဖိပြားပြား ဖြီးထားသည်။ အသားခပ်လတ်လတ်။ ဖြူသည့်ဘက် လုသည်။ အနည်းငယ် ပိန်သည်။ ထရံကွက်တိုက်ပုံ ၀တ်ထားသည်။ အသက် သုံးဆယ်ကျော် လောက် ရှိမည်။

စန္ဒရားတီးနေသော သူသည် ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်ကာ ဆက်တီးမြဲတီးသည်။ စန္ဒရားခန်းထဲမှာ မိန်းကလေးနှစ်ယောက် ရှိသည်။ လွယ်အိတ်၊ ထမင်းဘူးများ ပါသောကြောင့် ကျောင်းသူများဟု သိလိုက်သည်။ မိန်းကလေးများက ကျွန်တော့်ကို ငဲ့၍မျှ မကြည့်ကြ။

'ဖူးရွှေလက်တင်'ကို သူ လက်စသတ်ကာ နောက်တစ်ပုဒ်အတွက် အသံစမ်းသည်။ အီးဖလက်ကီး ဖြစ်သည်။ 'ဖူးစာနှစ်ကံပြိုင်' သီချင်း၊ မိန်းကလေးတစ်ယောက်က ၀င်ဆိုသည်။ မျက်မှန်ဆရာသည် ကျွန်တော် ၀င်သွားပြီးနောက်ပိုင်းတွင် ဟန်ရေးပြသည့်နှယ်၊ ခါးကို ကိုင်း၍ ခေါင်းကို ငိုက်၍ စန္ဒရားခလုတ်များပေါ်သို့ ကြွားရွှားတီးလေသည်။

လက်ကျကြမ်းပြီး တံတောင်ဆစ်တွေ မြောက်မြောက်လာသည်ကို တွေ့ရသည်။ လက်ချောင်းတွေလည်း ကွေးလွန်းသည်။ ညာသံယူသည့်အခါ ပို၍ပြင်းထန်သည်။ သူ့ကို ကျွန်တော်မသိ။ သူ့အရွယ်အရ မဟာ၀ိဇ္ဇာတန်း တက်နေသူတစ်ဦး ဖြစ်မည်ဟု ထင်သည်။ ဒါမှမဟုတ် ဂုဏ်ထူးတန်း စနစ်ဟောင်းတက်သူ။ ဒါမှ မဟုတ် မဟာ၀ိဇ္ဇာ အရည်အချင်းစစ် ဖြေနေသူ။ ကျွန်တော် တစ်ခါမှ မမြင်ဖူးသူ။

ဖူးစာနှစ်ကံပြိုင်ကို ဆိုနေသော မိန်းကလေး၊ အဆိုကား စိတ်ပျက်စရာ ကောင်းလှပေသည်။ ဘာပဲဖြစ်ဖြစ်၊ ဂီတသမားအချင်းချင်း မနှောင့်ယှက်လိုသဖြင့် ကျွန်တော် အခန်းနံရံတွင် မှီနေလိုက်သည်။ မြန်မာစာကိုစောလွင်နှင့် တိုပြည်ထောင်စုသားအဖွဲ့တွေလည်း ရောက်လာကြပြီ ဖြစ်သည်။ တချို့က စန္ဒရားခန်းထဲ ၀င်သည်။ သေးငယ်ကျဉ်းမြောင်းသော စန္ဒရားခန်းလေးမှာ လူလေးငါးယောက်လောက် ထပ်၀င်လိုက်ရုံမျှဖြင့်





ပြည့်ကျပ်သွားတော့သည်။ အတော်များများမှာ စန္ဒရားခန်းအ၀၌ ရစ်သီရစ်၀ဲ လုပ်နေကြရသည်။ ထိုင်စရာ ခုံမရှိ။ တချို့က ဆံပင်ညှပ်ဆိုင်ထဲ ၀င်ပြီး ခေါင်းဖြီးကြသည်။ တချို့က ပန်း၀တီရှေ့ ထိုင်ခုံလေးပေါ်မှာ။

မျက်မှန်ဆရာနှင့် မိန်းကလေးကား ကျွန်တော်တို့ လူအုပ်ကြီး တစ်စုတစ်ဝေးတည်း ရောက်လာသည်ကို 'ပရိသတ်ကျ' လာသည်ဟုများ ထင်သလား မပြောတတ်။ တီးသူကလည်း ဘရိတ်ပေါ် ခြေစုံနင်း၊ ဆိုသူကလည်း တွဲ့ကာနွဲ့ကာ တီးနေ ဆိုနေကြတော့သည်။ ဤပုံစံဖြင့် ဖူးစာနှစ်ကံပြိုင် ပြီးသွားသည်။

ဖူးစာနှစ်ကံပြိုင် အဆုံးသတ်အသံမှ မစဲချင်သေး။ မျက်မှန်ဆရာသည် ဘယ်လက်ဖြင့် ကော့ဒ်ကိုင်ကာ၊ နောက်တစ်ပုဒ် ဖျိုးလေသည်။ နွဲ့ယဉ်၀င်း၏ 'ချစ်သူတို့ဘ၀၀ယ်'ဖြစ်သည်။ ကျွန်တော် သိလိုက်ပြီ။ သူ့တာ၀န်နှင့် မဟုတ်၊ အပျော်၀င်တီးပြီး လက်ကျင့်နေခြင်းပင် ဖြစ်မည်။ သူ့ကို စောင့်နေလို့ကတော့ တစ်ပုဒ်ပြီးတစ်ပုဒ်သာ လက်စွမ်းပြတော့မည့်ပုံ။

နောက် မိန်းကလေးတစ်ယောက်က အင်ထရိုအပြီး 'ကြည်ကြည်ဖြူဖြူ... လက်ကိုပင် ချိတ်ဆွဲကာ...'ကို ၀င်အဆိုလိုက်တွင် ကျွန်တော် စန္ဒရားနားသို့ တိုးကပ်လိုက်သည်။ အနူးညံ့ဆုံးလေသံကို ရအောင် ကျွန်တော် ကြိုးစားယူပြီး...

"နောင်ကြီး... တဆိတ်ကလေးဗျာ"

အဆိုကောင်မလေး ရပ်သွားသည်။ မျက်မှန်ဆရာက မရပ်၊ ကျွန်တော် အသံမြှင့်ရတော့သည်။

"ဒီမယ်ဗျာ... နောင်ကြီး တဆိတ်ကလေး..."

သံရှိန်များဝေလျက် စန္ဒရားသံ ရပ်သွားသည်။ သူ့လက်ကိုခလုတ်များပေါ်မှ မခွာဘဲ နောက်ဆုံးတီးထားသည့် အလုံးများပေါ်မှာ တင်ထားသည်။ ဘရိတ်ကို သူ နင်းထားသောကြောင့် ဘယ်လက်ချောင်းများအောက်



www.burmeseclassic.com

www.burmeseclassic.com

ရှိ ကောဒ်မှ အသံသည် တုန်ခါရိုက်ခတ်ဆဲ ရှိလေသည်။

"ဘာကိစ္စလဲ... မောင်ရင်..."

မျက်နှာကို အမော့လိုက်တွင်...သူ့မျက်မှန်သည် ဝင်းခနဲ ဖြစ်သွားသည်။ မောင်ရင်...တဲ့။ လေသံကလည်း ခပ်ပြတ်ပြတ်။ ကျွန်တော် မှားသွားပြီဟု တွက်ကာ၊ အခေါ်အဝေါ် ပြောင်းလိုက်ရသည်။ သို့ပွဲ့ဌာနဘက်က နည်းပြဆရာတစ်ယောက် ဖြစ်နိုင်လေသည်။ 'နောင်ကြီး'ဆိုသော အခေါ် အဝေါ်ကို ပြင်ရမည်။

"ဒီလိုပါ ဆရာ၊ ကျွန်တော်တို့ သီချင်းတိုက်စရာရှိလို့ပါ၊ ဆရာဦးစန်းအုန်းက ခေါ်ထားလို့ လာကြတာပါ...အသင်းတာဝန်ခံ ကိုစောလွင်လဲ သိပါတယ်၊ သံပြိုင်သီချင်းဆိုတော့ ကျွန်တော်တို့မှာ..."

"စောလွင်သိတော့ ကိုယ်က ဘာလုပ်ရမှာလဲ၊ ဒီမှာလဲ သီချင်းတိုက်နေတာ မောင်ရင် မမြင်ဘူးလား"

ကျွန်တော့်စကားကိုပင် အဆုံးသတ်ခွင့် မပြုလဲ၊ သူ မာရေကျောရေဖြတ်ပြောသည်။ ကျွန်တော့်စိတ်ထဲ ဖျဉ်းခနဲ ဖြစ်သွားသည်။ သို့သော်...

"ဟုတ်ပါတယ် ဆရာ၊ ဆရာတို့ အလှည့်ပေးနိုင်ရင် ကျွန်တော်တို့ သီချင်းတိုက်ချင်လို့ပါ၊ အရေးလဲကြီးနေလို့ပါ ပြည်ထောင်စုအလံတော်ကြိုဆိုပွဲအတွက် ပဏာမသီချင်းပါ"

"မောင်ရင်က ဘာလဲ"

အစွမ်းကုန်သည်းခံဖို့ ကျွန်တော် ကြိုးစားရမည်။

"ကျွန်တော် ကျောင်းသားပါ ဆရာ"

"သီချင်းတိုက်တော့ မောင်ရင်က ဘာလုပ်ရမှာလဲ၊ ဆိုမှာလား တီးမှာလား"

"ကျွန်တော် စန္ဒရားတီးမှာပါ"

ခလုတ်တစ်ခုကို သူနှိပ်သည်။ စူးကြောင်သောအသံ ထွက်လာသည်။

"အေး ဂီတသမားချင်းပဲ မောင်ရင် နားလည်ရမှာပေါ့၊ မောင်ရင်





ပြောသလို မောင်ရင်တို့က ပြည်ထောင်စုပွဲအတွက် သီချင်းတိုက်တာဆိုရင် ကိုယ်ကလဲ အဆောင်ညစာစားပွဲအတွက် သီချင်းတိုက်နေရတာပဲ၊ တာဝန်တွေနဲ့ပဲ ဟုတ်လား၊ စောင့်ပေါ့ကွာ"

သူ ဆက်တီးမည်ပြင်သည်။ လေသံအမူအရာ ဝင့်ဝါလွန်းသောကြောင့် ကျွန်တော် သွေးဆူသွားသည်။ ထိန်းသိမ်းဖို့ မကြိုးစားတော့။

"မဟုတ်ပါဘူး ဆရာတို့အဖျော်တီးနေကြတာဆိုရင်လဲ ကျွန်တော်တို့က"

"မင်း ဘာစကားပြောတာလဲ၊ ဘာလုပ်ချင်လို့လဲ"

ပြောပြောဆိုဆို သူ ခုံမှ ဝုန်းခနဲ ထသည်။ လက်နှစ်ဘက်ကို ခါးမှာ တွဲလောင်းချထားသည်။ ထိုးကြိတ်ဖို့ အဆင်သင့်ပြင်ဟန်။

"ခင်ဗျား..."

"ကိုသက်မောင် ဖယ်စမ်းဗျာ၊ ဟောလူ ခင်ဗျား မရိုက်ရိုင်းနဲ့"

ကျွန်တော့်ကိုတွန်းဖယ်ကာ ကျွန်တော့်ကိုစောလွင်က ကျွန်တော့်နေရာသို့ ဝင်ယူသည်။ သူကလည်း ခုန်အုပ်တော့မည့်အသွင်။

ထိုအချိန်မှာပင် ဗလုံးဗထွေးအသံများနှင့် အတူ။ 'ဟေ့... ဟေ့ နေကြစမ်း... ဖယ်ကြစမ်း၊ မောင်သက်မောင်... မောင်စောလွင်' ဟူသောအသံကို ကြားလိုက်ရသည်။ ဆရာဦးစန်းအုန်း။

'ဘာဖြစ်ကြတာလဲ' ဟု ဆရာက အမေးတွင် မျက်မှန်ဆရာနှင့်ကျွန်တော့်ဖြေသံနှစ်ခုက တစ်ပြိုင်တည်းထွက်သွားကြသည်။ သို့သော် ဆရာက အခြေအနေကို အကဲခတ်လျက် ကျွန်တော့်တို့ တိုင်ချက်နှစ်ခုကို ခွဲခြားနားလည်သွားပုံရသည်။ ကျွန်တော့်ကိုစောလွင်ကလည်း ဝင်ပြောသည်။ ကျဉ်းမြောင်းသောစန္ဒရားခန်းလေးထဲမှာ ဒေါသသံများဖြင့် ပဲ့တင်မြည်နေသည်။

"မောင်သက်မောင်ရော မောင်စောလွင်ပါ ဆရာနဲ့ လိုက်ခဲ့ကြစမ်း၊ တိုင်းရင်းသားအဖွဲ့တွေလဲ လာပေါ့၊ လာကြစမ်းပါကွာ"



www.burmeseclassic.com

www.burmeseclassic.com

ကိုစောလွင်နှင့် ကျွန်တော့်ကို ဆရာက တစ်ဖက်ဆီမှာထား၍ ဆွဲခေါ်သည်။

တိုင်းရင်းသားအဖွဲ့များကလည်း နောက်က ပါလာသည်။

"ဆရာခနဲ့ စကားကောင်းနေလို့ ဆရာနောက်ကျသွားတယ်၊ မောင်စော စန္ဒရားခန်းသော့ပေးခဲ့တာလဲ ဆရာ မသိဘူး၊ ထားပါတော့ကွာ၊ ဒါပေမယ့် မင်းတို့ကပဲ အလျှော့ပေးလိုက်ပါ၊ ကိုယ်က အိမ်ရှင်ပဲ၊ သူက ဧည့်သည်ပဲ"

ဧည့်သည်... တဲ့။ ကျွန်တော် အသားဆတ်ဆတ်တုန်နေဆဲ။

"ဒီလူက ဘယ်သူလဲ... ဘယ်ကလဲ ဆရာ"

"ဒီကပဲထွက်သွားတာပါကွာ၊ ဘွဲ့ရပြီးသားပါ၊ စန္ဒရားလှချီဆိုတာ"

ကျွန်တော် သိလိုက်ပြီ။ ခေတ်ပြားနှစ်ချပ်ရထားသော တေးရေးဆရာ။ ပြီးတော့ ယခုမရှိတော့ပြီဖြစ်သည့် ချိုနွဲ့ကာလပေါ်တီးဝိုင်း၏ အဖွဲ့ခေါင်းဆောင်။

"ကျွန်တော်တို့က သရုပ်ပြဆရာလား၊ နည်းပြဆရာလားထင်ပြီး ဆရာလို့တောင် ခေါ်နေသေးတယ်"

"အေးလေကွာ... ရှိပါစေတော့၊ သူပြောတာလဲ ဟုတ်ပါတယ်၊ အဆောင်ညစာစားပွဲအတွက် သူလာပြီး သီချင်းတိုက်ပေးနေတာ ဟုတ်ချင်လဲ ဟုတ်မှာပေါ့၊ မောင်စောဆီက သူ သော့တောင်းယူသွားတာ ဆရာ မသိလိုက်ဘူး၊ ကြိုသိရင် သူ့ကို သော့မပေးဘူး၊ ဒီကောင်က သိပ်ဟန်ဇာတ်ခုတ်ချင်တဲ့ အကောင်၊ စန္ဒရားခန်းထဲဝင်လိုက်ပြီဆိုရင် တစ်နေကုန်တစ်နေခန်းပဲ၊ အေးကွာ... ဆရာနောက်ကျလို့ ဒီလိုဖြစ်ရတာ"

ကျွန်တော်က ဆရာဦးစန်းအုန်းကို ပြန်နှစ်သိမ့်လိုက်ရသော်လည်း ကိုစောလွင်ကား ယခုမှပင် ပို၍ပေါက်ကွဲတော့သည်။

"ဒီကောင့်ကို ကျွန်တော် ထိုးပါရစေ ဆရာ၊ မိုက်ရိုင်းလွန်းလို့ပါ၊ ဆရာ့ကို မလေးစားလို့ မဟုတ်ပါဘူး၊ ကိုသက်မောင်ဆို တစ်ချိန်လုံး





ချိုချိုသာသာ ဆက်ဆံနေတာပါ၊ ဒီကောင် မိုက်ရိုင်းလွန်းပါတယ်၊ သူတို့ကို မေးကြည့်ပါ၊ အားလုံးအသိပါ"

"စောလွင် ဆရာပြောနေတယ်၊ တော်တော့၊ အနုပညာအသင်းခန်းထဲမှာ ရတ်ရတ်သဲသဲ မဖြစ်စေချင်ဘူး၊ ဆရာပြောတာ နားလည်စမ်း"

ကိုစောလွင် ရှူးရှူးရှဲရှဲဖြင့် ငြိမ်ကျသွားသည်။ သီချင်းဆိုကြသည်။ တိုင်းရင်းသားအဖွဲ့များကလည်း ဆရာဦးစန်းအုန်းကို ဝိုင်းတိုင်ကြသည်။

"သည်းခံလိုက်ကြကွာ၊ ဆရာ တောင်းပန်တယ်၊ ကိုယ်က အိမ်ရှင် ကျောင်းသားဖြစ်နေတယ်၊ သူက ကျောင်းသားမဟုတ်တော့ဘူး။ အပြင် ရောက်သွားပြီ။ သူရိုင်းတယ်ဆိုတာ ဆရာ လက်ခံပါတယ်။ မင်းတို့ဘက်က အမှားမရှိပါဘူး၊ ဒါပေမယ့် သည်းခံကြကွာ။ ဒီကိစ္စကို ဒီမှာပဲ မေ့ထားလိုက်ကြတော့။ နောက်ထပ်လဲ ဘာမှ ဆရာမကြားချင်ဘူး ဟုတ်လား"

အနုပညာအသင်းလှုပ်ရှားမှုတိုင်းတွင် ကျောင်းသူကျောင်းသားများနှင့်အတူ တတွဲတွဲနေတတ်သော သူ့တပည့်များအပေါ် သံယောဇဉ်ကြီးလှသော ဆရာဦးစန်းအုန်းကို ကျွန်တော်တို့မထောက်ထားဘဲ မနေနိုင်ကြ။

ဒေါသကို ခက်ခဲစွာမျိုသိပ်ကာ အသက်အောင့်လျက် ကျွန်တော် ပြောလိုက်သည်။

"စိတ်ချပါ ဆရာ၊ ကျွန်တော်တို့ ဆရာ့စကား နားထောင်ပါ့မယ်"

ဆရာဦးစန်းအုန်း စိတ်အေးစေဖို့ ကျွန်တော် ပြောစရာစကားများ ကျန်သေးသော်လည်း စကားဆက်ခွင့် မရလိုက်။ စန္ဒရားခန်းဆီမှ မသဲကွဲသော စူးစူးစိစိအသံအချို့ကို ကြားလိုက်ရသောကြောင့် ဖြစ်သည်။

"ဟာ... ဒုက္ခပါပဲ၊ ဘာဖြစ်ကြပြန်ပြီလဲ မသိဘူးဟ"

ဆရာဦးစန်းအုန်း အထတွင် ကျွန်တော်က ဦးအောင် စန္ဒရားခန်းဆီသို့ ပြေးသွားလိုက်သည်။ တိုင်းရင်းသားအဖွဲ့ထဲက စိတ်ဆတ်သောသူ တစ်ယောက်ယောက်များပြန်သွားပြီး ပြဿနာတက်နေမှဖြင့်...

*



www.burmeseclassic.com

www.burmeseclassic.com

စန္ဒရားခန်းအဝသို့ ကျွန်တော် ရောက်သွားသည်။ စန္ဒရားလုလင်မှာ ခုံတွင် ထိုင်နေဆဲ။ အဆိုမိန်းကလေးနှစ်ယောက်က နံရံတွင် ကပ်နေကြသည်။ သူတို့မျက်နှာမှာ ထိတ်လန့်တုန်လှုပ်နေကြဟန်။ စန္ဒရားရှေ့နားတွင်ကား ကျောင်းသူတစ်ယောက်။ သူ့ဆီမှ အသံ။ ပြောနေလက်စစကားလုံးအချို့။

"...ခဏလေးစောင့်ပါစသည်ဖြင့် ပြောလဲရတယ် ဦးလုလင်၊ အခု ဦးလုလင်ဆက်ဆံလိုက်ပုံက လူကြီးမဆန်ဘူး၊ လူကြီးမဆန်တဲ့အပြင်မှာ အနုပညာသမားလဲ မဆန်ဘူး။ ဟိုတစ်ယောက်က တစ်ချိန်လုံး အနူးအညွတ်ပြောနေတာ ကျွန်မတို့အားလုံး သိတယ်။ ကျွန်မဟာ ဦးလုလင်ရဲ့ပရိသတ်တစ်ဦးပါ။ ဒါပေမယ့် ကျွန်မတို့ စွဲလမ်းခဲ့တဲ့ တေးသီချင်းတို့၊ လွမ်းပန်းခြေ၏ ကောက်ပါလှည့်သီချင်းတို့ကို စပ်ခဲ့တဲ့ စန္ဒရားလုလင်ဟာ ဒီလောက်ကျဉ်းမြောင်းသေးသိမ်လိမ့်မယ်လို့ မထင်ခဲ့မိဘူး၊ ဒီအချိန်ကစပြီး တစ်ချိန်လုံး လေးစားခဲ့ရတဲ့ ကျွန်မရဲ့လေးစားမှုကို ရုပ်သိမ်းလိုက်ပါတယ်၊ ဝမ်းနည်းပါတယ် ဦးလုလင်"

ပြင်းထန်သော စကားအသုံးများ ဖြစ်သည်။ သို့သော် တုန်ရီသောဒေါသသံ မဟုတ်။ ပေါက်ကွဲသော စကားအသုံးများ ဖြစ်သည်။ သို့သော် ပူလောင်သောရန်တွေ့သံ မဟုတ်။ စကားတစ်လုံးချင်းကို အကန့်အကန့်သပ်ရပ်စွာ စီထားသကဲ့သို့ ရှိသည်။ အသံအနိမ့်အမြင့်ကို နရီချက်မှန်စွာ တွဲထားသကဲ့သို့ ရှိသည်။ ကြမ်းကြုတ်သောရန်သူကို မြားတံတို့ဖြင့် တစ်ချက်ချင်း၊ တစ်စင်းချင်း စိမ်ပြေနပြေ ဆွဲငင်ပစ်လိုက်နေသောအသွင်ကို ဆောင်သည်။

စန္ဒရားလုလင်၏ ငုံ့ငိုက်ထားသော မျက်နှာကို မမြင်ရ။ သို့သော် သူ့နားရွက်ဖျားများကို ကြည့်၍ အသားလတ်သော သူ့မျက်နှာပြင်တစ်ခုလုံး ဘယ်လောက်သွေးရောင်မြန်းနေမည်ကို သိနိုင်သည်။ ခုံတွင် သူထိုင်နေပုံမှာလည်း အရိုးအဆစ်ဖြစ်ဖြစ်ကြေအောင် ဆွဲကိုင်ထုယမ်းခံလိုက်ရသော





မြွေတစ်ကောင်နှယ်မခြား ရှိသည်။

"ခွင့်လွှတ်ပါ ဦးလုလင်။ အသက်အရွယ်အတွက် ကျွန်မ တောင်းပန်ခဲ့ပါတယ်"

စစ်ပွဲကို လက်စသတ်၍ ပြန်လှည့်ထွက်လာသော 'သူ'သည် အခန်းဝမှ ကျွန်တော့်ကိုအမြင်တွင် ဆိုရုံမျှသောအပြုံးဖြင့် လှပစွာပြုံးပြလေသည်။

ထိုအပြုံး၊ အင်အားကြီးလှသည်။

* * *


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

'တို့ပြည်ထောင်စုသား' သီချင်းသည် အတော်နတ်ကြီးသည်ဟု ဆိုရလိမ့်မည်ထင်သည်။ သီဆိုမည့်သူက နှစ်ဆယ့်ရှစ်ယောက်။ တို့တိုင်းရင်းသား ကျောင်းသူကျောင်းသားအစုံ၊ တစ်စုတစ်ဝေး တစ်လှေကြီး၊ သည်လူအုပ်ကြီးကို စုံညီဖြစ်အောင် စုစည်းဖို့ကလည်း မလွယ်။ ပထမဆုံးအကြိမ် လူစုံပြန်တော့လည်း စန္ဒရားလှ ချိုနှင့် ပြဿနာတက်ကာ အစီအစဉ်ပျက်ခဲ့ရသည်။ နောက်ထပ် နှစ်ကြိမ်စီစဉ်သည်။ လူစုံ ရောက်မလာ။ ကလပ်စ်တက်နေသူများ၊ ကျူတိုရီရယ် ဖြေနေသူများ၊ ကျောင်းမတက်သူများ၊ ဘယ်လိုမှ လူစုံအောင်ချိန်းမရ ဖြစ်နေသည်။ ရှိသမျှလူနှင့် သီချင်းတိုက်မည်လုပ်သောအခါမှာလည်း အပန်းဖြေရိပ်သာ စန္ဒရားခန်းနားမှာ လာရောက် အကဲခတ် နားထောင်ကြသူများကြောင့် လွတ်လွတ်လပ်လပ်မရှိပြန်။ စနေနေ့မွန်းလွဲပိုင်းလို အချိန်မျိုးကျပြန်တော့လည်း စနေနေ့ဆိုသည်က ကျောင်းသူအတော်များများ ဗိုလ်ချုပ်ဈေးထွက်သည့်နေ့။ သည်ကိစ္စကို သူတို့ အပျက်မခံနိုင်။ တက္ကသိုလ်ကျောင်းသူကို စနေနေ့မှာ ဗိုလ်ချုပ်ဈေးမသွားပါနဲ့ဟု တားဆီးရမည့်ကိစ္စမှာ အတော်ကိုယ်ချင်းမစာသည့် ကိစ္စ။





တနင်္ဂနွေကျပြန်တော့လည်း ဘုရားရှိခိုးကျောင်းတက်သည့် ခရစ်ယာန်ဘာသာဝင် ကျောင်းသူကျောင်းသားတွေ ရှိနေပြန်သည်။

"ဦးစိန်နဲ့ ကျောင်းသားရေးရာကိုလဲ တင်ပြီးလို့ အတည်ပြုကြောင်းပြန်တောင်ကျလာပြီကွ၊ ဝိဇ္ဇာသိပ္ပံကနေ ဒီပဏာမသီချင်းနဲ့ ဖွင့်မယ်ဆိုတာ အစီအစဉ်ထဲမှာ ထည့်ရိုက်ပြီးပြီ၊ အခုလိုဖြစ်နေပုံနဲ့တော့ ပြဿနာပါပဲကွာ"

ဆရာဦးစန်းအုန်း ညည်းလောက်သည်။

"လူစုံဖို့ အခက်အခဲရှိနေတာ မဟုတ်လား ဆရာ"

အနုပညာအသင်းတာဝန်ခံ ကိုစောလွင်က မေးသည်။

"အေးလေ ...မင်းအမြင်ပဲ မောင်စော"

"လူလျှော့လိုက်ရင်ကော"

"ဘယ်လို လူလျှော့မှာလဲ"

"အခု တိုင်းရင်းသားတစ်ဖွဲ့ကို ယောကျ်ားလေးနှစ်ယောက်၊ မိန်းကလေးနှစ်ယောက် ထားတယ်မဟုတ်လား ဆရာရဲ့၊ အဲဒါကို ခေါက်ချိုး လျှော့လိုက်ပေါ့၊ တိုင်းရင်းသားအဖွဲ့မှာ ကျားတစ်၊ မတစ်ပေါင်းနှစ်ယောက်၊ ခုနစ်ဖွဲ့ဆိုတော့ ဆယ့်လေးယောက်"

"မင်းပြောမှလားကွ... မောင်စောရ"

ဆရာဦးစန်းအုန်း တိုက်ပုံအကျႌအိတ်ထဲသို့ လက်ထည့်ပြန်သည်။ တစ်ခုခုအလိုမကျတိုင်း ပူပန်စရာတွေ့တိုင်း ထိုသို့ပင် တိုက်ပုံအိတ်ထဲကို လက်နှစ်ဖက် စုံပစ်ထည့်တတ်သောကြောင့် ဆရာ့တိုက်ပုံကြီးမှာ အမြဲတမ်း ရှေ့ဘက်သို့ ငိုက်ကျနေခြင်းဖြစ်မည်။

"ကလေးတွေ၊ ကျောင်းသူကျောင်းသားတွေ၊ စင်ပေါ် တက်ဖူးကြတာ မဟုတ်ဘူး၊ ကြေးစားမဟုတ်ဘူး၊ စင်မကြောက်အောင်၊ လူမကြောက်အောင် သူတို့တစ်ဖွဲ့ တစ်ဖွဲ့ကို လေးယောက် လုပ်ပေးထားရတာ၊ ကျားတစ်ယောက် မတစ်ယောက်စီဆိုရင် သူတို့အားငယ်ပြီး ဝင်ရမည့်အပိုဒ်မှာ မဝင်မိဘဲဖြစ်နေမယ်၊ တမင်ကို အင်အားတောင့်အောင် ငါက လေးယောက်



www.burmeseclassic.com

www.burmeseclassic.com

စီစဉ်ထားတာ၊ ပြီးတော့ မင်းက မသိလို့ မောင်စော၊ လိပ်ခုံးမြက်ခင်းမှာ ဆောက်မယ့်စင်က အကြီးကြီး၊ ဒီစင်ကြီးပြည့်သွားအောင် လူနှစ်ဆယ့် ရှစ်ယောက်ကို တင်လိုက်ချင်တာ၊ အဲဒါမှ ကြည့်လို့လဲ လှ၊ အားလဲရှိ၊ သိချင်းနဲ့လဲ ကိုက်မှာ…"

"ဟာ ဒါပေမယ့် ဆရာဦးစွာက ဘယ်လိုမှ လူစုံအောင် စုလို့မှ မရပဲ"

"ရအောင်တော့ စုရမှာပဲကွ"

"ဘယ်လိုစုမှာလဲ ဆရာက"

ဆရာဦးစန်းအုန်းနှင့် ကိုစောလွင်တို့ ထုံးစံအတိုင်း အချီအချ ဆရာ ငြိမ်နေသည်။ တစ်ခုခု အကြံထုတ်ဟန်ရှိသည်။ တိုက်ပုံအပေါ် အိတ်ထဲက ဆေးပေါ့လိပ်တစ်လိပ် ထုတ်သည်။ ခါတိုင်းလိုပင် ဆရာ့မှာ မီးခြစ်မပါ။ အနားရှိ ကျောင်းသားတစ်ယောက်ထံမှ ဆေးလိပ်မီးကူးညှိသည်။ ဆေးလိပ်ငွေ့များကို မရှိုက်ဘဲ ထောင်းထောင်းထအောင် ဖွာထုတ်သည်။ အကြံမပေါ်သေးသည့် ပုံစံ။

""ဆရာ ဒီနေ့တော့ သီချင်းတိုက်ဖြစ်မလား"

အနုပညာအသင်း ရုံးခန်းတံခါးမှ ပြောပြောဝင်ဝင် ရောက်လာကြသည့် ကျောင်းသူတစ်စုကြောင့် အခန်းလေးထဲမှာ လူပြည့်သွားသည်။ လေးချိန်ဆက်တိုက် အတန်းတက်ခဲ့ရသောကြောင့် နွမ်းနယ်နေရသည့်အထဲ ယခုအချိန်အထိ 'တိုပြည်ထောင်စုသား' က အဆင်မပြေဖြစ်နေပြန်သဖြင့် ကျွန်တော် စိတ်မသက်မသာ ဖြစ်နေသည်။

"ဆရာပြည်ထောင်စုသားက ဒီနှစ်တော့ ဆိုဖြစ်ဦးမှာလား"

ကျောင်းသူတစ်ယောက်က ပြောသည်။ ဆရာဦးစန်းအုန်း ဆေးလိပ် တွင်တွင်ဖွာဆဲ။ ခဏကြာမှ ရုံးခန်းစားပွဲနှုတ်ခမ်းပေါ် အစီခံဘက်ဖြင့် ဆေးလိပ်ကို တင်ကာ…

"ဟေ့ မောင်စော ကျောင်းသားရိပ်သာက စန္ဒရား ဘယ့်နှယ်နေလဲ"





"သီချင်းတိုက်နေတယ်တဲ့ ဆရာ၊ ကျွန်တော် မေးကြည့်ပြီးပြီ"

"အေး ကောင်းရော"

"အသင်းပိုင်စန္ဒရားကြီးကို ဆရာအိမ်ရွှေ့ရင်ကော ဆရာ"

"အခုဟာက ပြဿနာက စန္ဒရားတစ်ခုတည်း မဟုတ်ဘူးကွ၊ လူစုံနိုင်ဖို့ အချိန်ရယ်၊ နေရာရယ်ပါ ပြဿနာတက်နေတာ၊ ငါ့အိမ်ကလဲ စန္ဒရားရွှေ့တယ်ထား၊ မင်းသိတဲ့အတိုင်း လူ သုံးဆယ်ကြီး ထားစရာနေရာ ရှိတာ မဟုတ်ဘူး။ တစ်ခုပဲ ရှိတယ်"

"အားလုံးစုံနိုင်တဲ့ရက်ကတော့ ကျောင်းဖွင့်ရက်ပဲ"

"အတန်းတွေနဲ့ ဘယ်အားကြမလဲ ဆရာရဲ့"

"ဆိုင်ရာဌာနတွေကို ဆရာကိုယ်တိုင် ခွင့်တိုင်ပေးမယ်ကွာ။ ကျောင်းခေါ်ချိန် မပျက်စေရဘူး။ ဒါပေမယ့် ခက်တာက အဲဒီနည်းနဲ့ လူစုလို့ စုံပြီထားဦး၊ ကျောင်းဖွင့်ရက်မှာ အသင်းစန္ဒရားခန်းထဲ တိုက်လို့မရဘူး။ နေရာလဲ မဆံ့ဘူး။ ပြီးတော့ အကုန်ဝိုင်းအုံလာကြမှာ"

ကျွန်တော်လည်း ဘယ်လိုမှ မတတ်နိုင်သောအဖြစ်။ နောက်ဆုံး ဆရာတို့စီမံရာ လိုက်နာရုံမှအပ ဘာမှ လုပ်စရာ မရှိတော့။

"အခုတောင် လူစုံရဲ့လား"

"မြန်မာအဖွဲ့နဲ့ ရှမ်းအဖွဲ့ပဲ လိုတော့တယ် ဆရာ။ ဟော ရှမ်းအဖွဲ့ လာကြပြီ။ ဟော… မြန်မာအဖွဲ့လဲ လာနေကြပြီ။ ကဲ လူတော့ စုံပြီ ဆရာ"

အသင်းရုံးခန်းလေးထဲမှာ နေစရာမရှိတော့လောက်အောင် ပြည့်ကျပ်ဦးတော့မည်ဟု မသက်မသာတွေးကာ နောက်ထပ်ရောက်လာကြသူများကို ကျွန်တော် လှမ်းကြည့်မိသည်။ ရှမ်းအဖွဲ့နှင့် ရှေ့ဆင့်နောက်ဆင့်ရောက်လာသော မြန်မာအဖွဲ့။

ရှေ့ဆုံးတွင် 'သူ' 'ဝမ်းနည်းပါတယ် ဦးလှချို'ဟု ဟိုနေ့က ပြောခဲ့သူ။ စန္ဒရားခန်းမှအထွက်တွင် ကျွန်တော့်ကို အသိအမှတ်ပြုပြီး ပြုံးပြခဲ့သူ။



www.burmeseclassic.com

www.burmeseclassic.com

အင်အားကြီးသောအပြုံးကို ဖြစ်စေသူ။ စိန်ပန်းနီနှင့်မခြားသော အနီရဲရဲ ဝတ်စုံကို ဝတ်ဆင်လျက်။

ကျွန်တော့်ကို သူ လှမ်းမြင်သည်။ မသိမသာပြုံးနှုတ်ဆက်သည် ထင်သည်။ ကျွန်တော် သူ့နည်းတူ ပြန်နှုတ်ဆက်မိသလား သတိမထားမိ။

"ကိုင်း... လူစုံပြီ၊ အခက်အခဲကို ဝိုင်းစဉ်းစားကြရအောင်ကွာ"

ဆရာဦးစန်းအုန်း၏ ချစ်စရာကောင်းသောအချက် ဖြစ်သည်။ ကျောင်းသူ ကျောင်းသားတွေကို ဆရာ နေရာပေး၍ ဆက်ဆံတတ်သည်။

'ဘာဖြစ်လို့လဲ ဆရာ' ဟု 'သူ' မေးသည်။

သူ့အသံကို ကြားရပြန်ပြီ။ ဟိုနေ့က စန္ဒရားလှချိုကို အေးဆေး သက်သာစွာ တိုက်စစ်ဆင်ခဲ့သည့် အသံ။ အပြုံးနည်းတူ အင်အားကြီးသော အသံ။

ဆရာက ရှင်းပြသည်။ နောက်ဆုံးအဆင့် စိတ်ကူးမှာ ကျောင်းဖွင့် ရက်မျိုးဆိုလျှင် လူစုံနိုင်ကြောင်း၊ သို့သော် အသင်း စန္ဒရားခန်းကို သုံး၍ မဖြစ်နိုင်ကြောင်း၊ အကယ်၍ စန္ဒရားရှိသည့် တစ်နေရာရာရပါက ကျောင်းဖွင့်ရက်မှာပဲ သီချင်းတိုက်နိုင်ကြောင်း၊ အတန်းကျောင်းခေါ်ချိန် ပျက်မှုအတွက် ဆရာက ခွင့်တိုင်ပေးမည် ဖြစ်ကြောင်း...

"ကျောင်းခေါ်ချိန်မပျက်အောင် ဆရာလုပ်ပေးမယ်ဆိုတော့ ခင်လေး ကူညီနိုင်မယ်ထင်တယ် ဆရာ"

"အေး... ဘယ်လိုကူညီနိုင်မလဲ ဆိုစမ်း"

ခင်လေး... ။ အလိုအလျောက်ပင် မှတ်လိုက်မိသည်။

"မေမေ့မောင်အရင်းပါ၊ ခင်လေးရဲ့ဦးလေး တော်ပါတယ်။ သူ့ခြံ က ကျယ်လဲ ကျယ်ပါတယ်။ လွတ်လဲ လွတ်လပ်တယ်။ စန္ဒရားကြီး ဝယ်ထားပြီး သူတို့တစ်အိမ်လုံး ဘယ်သူမှလဲ မတီးဘူး။ အဲဒီ စန္ဒရားကြီး ရှိသေးတယ်။ ကောင်းသေးတယ်ဆိုရင်တော့ အဲဒီကို ခင်လေးတို့ သွားရင် ရနိုင်တယ် ဆရာ"





"ဟော... ဟုတ်လား၊ ဖုန်းရှိလား... ဖုန်းဆက်လို့ ရမလား"

"ရပါတယ် ဆရာ၊ ခင်လေး အခု ဆက်ကြည့်ပါ့မယ်"

တယ်လီဖုန်းက အပန်းဖြေရိပ်သာ၏ ဟိုတစ်ဖက်၊ အားကစားရုံးခန်း မှာပဲ ရှိသည်။ ဆရာက 'မောင်စော လိုက်ပို့စမ်း' ဟု ပြောသည်။ ကိုစောလွင် နှင့် သူ ထွက်သွားသည်။ အဆင်ပြေပါစေဟု ဆရာ ဆုတောင်းနေပေမည်။

အဆင်ပြေပါစေ၊ အဆင်ပြေပါစေ...

ကျွန်တော်လည်း ဆုတောင်းနေမိပါလား။

ခင်လေးတို့ ပြန်ဝင်လာကြသည်။ နောက်က လိုက်လာသော ကိုစော လွင်က အပြင်မှ အော်ပြောသည်။

"အိုကေတယ်... အိုကေတယ်"

အားလုံး သိသိသာသာ ရှင်လန်းသွားကြသည်။ ဆရာဦးစန်းအုန်း ထိုင်ရာမှ ထသည်။ တိုက်ပုံအကျႌအိတ်ထဲ လက်မနှိုက်တော့။ 'မောင်စော ရေ သူတို့အားလုံးရဲ့ အမိကဘာသာနဲ့ အတန်းတွေ၊ စာရင်းကောက်ကွာ၊ ပြီးတော့ ဆိုင်ရာပါမောက္ခတွေဆီကို ပြည်ထောင်စုပွဲ ဖျော်ဖြေရေးတာဝန်နဲ့ ကျောင်းခေါ်ချိန်အပြည့်ပေးပါဆိုတဲ့ စာတစ်စောင် ငါ့အနေနဲ့ ရေးပြီး မိတ္တူကူး၊ မြန်မြန်လုပ်' ဟု ဆရာက ဆော်သြသည်။

"ကျွန်တော် စာရွက်ပေးမယ်၊ နာမည်၊ အမိကဘာသာနဲ့ အတန်းတွေ ကိုယ့်ဘာသာကိုယ်ပဲ နံပါတ်စဉ်တပ်ပြီး ရေးပေးကြဗျာ"

ကိုစောလွင် ပြောကာ စာရွက်ထုတ်ပေးသည်။ သူ အဦးဆုံးစာရွက် ကမ်းလိုက်သူမှာ ခင်လေး။

"ဟော့... နေပါဦး စန္ဒရားရှိတဲ့အိမ်က ဘယ်မှာလဲ၊ ဘယ်သွားရ မှာလဲ"

"ရှစ်မိုင်ဘက်မှာပါ ဆရာ၊ နီးပါတယ် ဒါပေမယ့် လမ်းမကနေပြီး လမ်းထဲကို အတော်ဝင်ရမှာ"

"မောင်စောရေ ကားပါ စီစဉ်ကွာ ကားကြီးနော်၊ ဆရာလဲ လိုက် မယ် ဆရာ့ကားတော့ ဒီမှာပဲ ထားခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"မထားခဲ့လို့လဲ မဖြစ်ပါဘူး၊ ဆရာ့စကိုဒါကြီးက တကယ်ကို ဟွန်း ကလွဲရင် အားလုံးမြည်တဲ့ကားကြီးဥစ္စာ"

"ကဲပါကွာ လုပ်မနေစမ်းပါနဲ့၊ ငါပြောတာသာ စီစဉ်စမ်းပါ"

အားလုံး တကဲတကဲကြွကြွ လှုပ်ရှားနေကြပြီ ဖြစ်သည်။ ငေးငေးငိုင်ငိုင် ဖြစ်နေသူမှာ ကျွန်တော်တစ်ယောက်တည်းပဲ ရှိမည်။

'သက်မောင် တတိယနှစ်သမိုင်း'ဟု ကျွန်တော့်ရှေ့ရောက်လာသော စာရွက်ပေါ်တွင် ရေးဖြည့်ခါနီး အပေါ်ဆုံးစာကြောင်းကို ဖတ်မိသောကြောင့်လား မသိ။

'ခင်လေးခင်၊ M.A (Q II)၊ ဒဿနိကဗေဒ'

*

မင်္ဂလာဒုံလမ်းမကြီးမှ ဖဲ့ဆင်းသွားသော မြေနီကျောက်စရစ်ခဲလမ်းသွယ်အတိုင်း အတော်လေးအထဲဝင်ရသည်။ များသောအားဖြင့်တော့ ဝင်းခတ်ထားပြီး လူမနေသောခြံတွေ။ နှင်းဆီပင်တွေ၊ နှစ်ခြံကျော် သုံးခြံကျော်လောက်မှာမှ တိုက်အိမ်ထီးထီးမားမားကြီးများကို တွေ့ရသည်။ သီးခြားဒေသတစ်ခုနှယ် ဖြစ်သည်။ ရေစင်တွေ၊ တိုင်ကီကြီးတွေ ရှိသည်။ အချို့ခြံများတွင် ဆောက်လက်စတိုက်များ၊ အချို့အသစ်စက်စက်ဆောက်ပြီးစတိုက်များ၊ ကားဂိုဒေါင်များ။

မြေနီကျောက်စရစ်လမ်းတစ်နေရာတွင် ကျွန်တော်တို့ကား ခြံတစ်ခြံထဲ ချိုးဝင်သည်။ ဝါးရုံပင်အုပ်ကြောင့် မမြင်ကွယ်ရာရှိနေရာမှ ခြံထဲချိုးဝင်လိုက်သောအခါတွင်ကား ကြည့်သူ သေးသိမ်ချင်စရာ တိုက်ကြီးတစ်လုံး။

"ဦးလေးတော့ မရှိဘူး ဆရာ ခရီးထွက်နေတယ်၊ ဒါပေမယ့် ဟိုမှာ ဒေါ်လေး ထွက်စောင့်နေပါတယ်"

ဆင်ဝင်အောက် လှေကားထစ်တွင် ရပ်နေသော ဖြူဖြူဖိုင့်ဖိုင့် အမျိုးသမီးကြီးကို မြင်ရသည်။ တိုက်ရှေ့အရောက်သွားရသည့်လမ်းမှာ အမြှောင်း





အမြှောင်းဖော်ထားသော ကွန်ကရစ်အကြမ်းလမ်း ဖြစ်သည်။ ကားမောင်းဖို့ လမ်းသက်သက်။

ခင်လေးခင်က ဆရာဦးစန်းအုန်းနှင့် သူ့ဒေါ်လေးကို မိတ်ဆက်ပေးသည်။ ရွှေဖော်သောအမျိုးသမီးကြီးပင်။ ကျွန်တော်တို့အားလုံးကို ညေ့ခန်းသို့ ခေါ်သွားသည်။ တိုင်းရင်းသားအဖွဲ့ သီဆိုမည့်သူ နှစ်ဆယ့်ရှစ်ယောက်၊ စန္ဒရားတီးမည့် ကျွန်တော်၊ ထို့နောက် ဆရာဦးစန်းအုန်း။ လူသုံးဆယ်အတွက် ညေ့ခန်းမှာ အသာလေးပင် ချောင်ချောင်ချိချိရှိသည်။ ဆက်တီကုလားထိုင်များဖြင့် မလောက်သောကြောင့် နီကယ်လ်ရောင်ဝင်းနေသော ဆိုဖာအနီခင်း ကုလားထိုင်များ ထပ်ဖြည့်ထားသည်။ အခန်းထောင့်တွင်ကား ယမဟာစန္ဒရားတစ်လုံး၊ မဟော်ဂနီရောင်။

"သားအငယ်ပေါ့ ဆရာ၊ ခင်လေး မောင်တစ်ဝမ်းကွဲပေါ့။ ဝါသနာပါလှချည်ရဲ့ဆိုလို့ ဝယ်ပေးထားရတာ၊ အခုတော့ အားကစားဘက် လှည့်သွားပြန်ပြီ။ ဘယ်သူမှလဲ မတီးတတ်ဘူး၊ ဝယ်ပြီးကတည်းက ဒီအတိုင်းပါပဲ၊ စိတ်ကြိုက်အသုံးပြုပါ ဆရာ"

"မောင်သက်မောင် စမ်းကြည့်ကွာ"

ပါလစ်ရောင်ဖိတ်ဖိတ်လက်သည့် သစ်သားဘလောက်တုံးအပြည့်ခင်းကြမ်းပြင်ကို အားနာစွာနင်းဖြတ်လျက် ကျွန်တော် စန္ဒရားခုံတွင် ဝင်ထိုင်သည်။ စန္ဒရားတစ်ခုလုံး အပြည့်အုပ်ထားသည့် ရေညှိရောင်ကတ္တီပါစကို စန္ဒရားပေါ်မှ ဖယ်ပြီး အဖုံးကို ဖွင့်သည်။

တောက်ပသောအဖြူရောင် အနက်ရောင်ခလုတ်များ။

အဖြူရောင်လွှင့်ကာ ဝါကြန့်ကြန့်ဖြစ်နေသော ခလုတ်များနှင့် လက်ဆီလောင်ကာ အနက်မှ အညိုရောင်သို့ လူနေသော ခလုတ်များသာ ရှိသည့် ပန်တျာကျောင်းက စန္ဒရားကြီးများနှင့်သာ ဆုံခဲ့ဖူးသော ကျွန်တော့်အတွက် ယမဟာအသစ်ကျပ်ချွတ်ကလေးပေါ် လက်တင်ရမှာ မဝံ့မရဲ။

ကီးသုံးလေးမျိုးလောက် စမ်းကြည့်သည်။ ဘယ်အစွန်မှ ညာအစွန်



www.burmeseclassic.com

www.burmeseclassic.com

အထိ တစ်လုံးချင်းမွှေကြည့်သည်။ ရှပ် ဖလက်ခလုတ်အနက်များကို ကော့ဒ်ဖြင့် တီးကြည့်မိသည်။ စန္ဒရားမှာ အမြင့်လှသလို အသံလည်း ပြောစရာမရှိ။ အဆီပြန်လာသော လက်ဖဝါးများကို လက်ကိုင်ပဝါဖြင့် ကျွန်တော်ပွတ်တိုက်ပစ်လိုက်သည်။ ကျွန်တော့်လက်ကိုင်ပဝါမှာ မျက်နှာသုတ်ပဝါအမွေးပွ။ သုံးကျပ်တန်။ စောစောက ဖယ်လိုက်သော စန္ဒရားကို ဖုံးသည့် ကတ္တီပါစအတွင်းဘက်ထက် ပို၍ကြမ်းမည်မှာ သေချာသည်။

"အားမနာနဲ့နော် ဆရာ၊ ခင်လေးနဲ့ပတ်သက်မှ သိရပေမယ့် ကျောင်းသူ ကျောင်းသားတွေပဲ၊ စိတ်ကြိုက်သုံးနိုင်ပါတယ်၊ လူလေး ဘာမှ အားမနာနဲ့နော်"

ကျွန်တော့် 'ဟုတ်ကဲ့' သည် အထစ်ထစ်အငေါ့ငေါ့နိုင်လွန်းသည်။ ခင်လေးခင်၏ ဒေါ်လေးသည် ညည့်ခန်းမှ ခွာကာ ဆင်စွယ်ကနုတ်ဖော်လိုက်ကာ၏ တစ်ဘက်သို့ ထွက်သွားသည်။ သူ ကတ္တီပါဖိနပ် တစ်ပတ်နွမ်းကို စီးထားကြောင်း ယခုမှ ကျွန်တော် သတိထားမိသည်။ ပါလစ်ရောင်ပြောင်လက်သော သစ်သားတုံးကြမ်းပြင်နှင့် လိုက်ဖက်လေသည်။

"ကိုင်း မောင်ဟု... တပည့်တို့ အချိန်ရှိတုန်း စမ်းလိုက်ရအောင်၊ ကချင်၊ ကယား၊ ကရင်... အက္ခရာစဉ်အတိုင်း တန်းစီကြမယ်၊ လခြမ်းသဏ္ဍာန်နော် အလယ်က ဟိုက်မယ်၊ အစမ်းလေ့ကျင့်တဲ့သဘောပေါ့ကွာ"

သူတို့တန်းစီနေစဉ် ကျွန်တော် လက်ကိုင်ပဝါဖြင့် လက်ကို ထပ်သုတ်ရပြန်သည်။ အသက်ကိုလည်း ဖျဉ်းဖျဉ်းရှူမိနေသည်။ ထိုအခါ ပကတိနှင်းဆီနံ့မဟုတ်သော အမွှေးနံ့တစ်မျိုးကို ရှိုက်မိသည်။ စန္ဒရား၏ အပေါ်ဘက်ကျကျ နံရံကပ် ကနုကမာ မီးအုပ်ဆောင်းအောက်မှာ အနံ့ပျောက်ဆေးမွှေးခဲ ထည့်ထားသော ပန်းနုရောင်ဘူးလေး တစ်ဘူးကို တွေ့ရသည်။ ပါဖျူမ်း (Perfume) ဟူသော အင်္ဂလိပ်စာလုံးကို ကြည့်ပြီး အနံ့ပျောက်ဆေးမွှေးခဲဟု ကျွန်တော်သိလိုက်ခြင်းပင်။

"ကိုင်း ရပြီ... စမယ် မောင်သက်မောင်"





ဆရာ စန္ဒရားနား လာရပ်သည်။ ရှေ့သို့ ငိုက်ကျနေသော တိုက်ပုံအိတ်ထဲမှ စည်းနှင့်ဝါးကို ဆရာ နှိုက်ယူသည်။ သွားလေရာရာ စည်းဝါးဆောင်တတ်သော ဆရာဦးစန်းအုန်း။ ဆရာအကျင့်ကိုတွေးမိသဖြင့် စိတ်လက်သက်သာရာရသည်။

"စမယ်..."

စီရပ်ကို ကျွန်တော် ဖြူးပေးလိုက်သည်။

ခြေဆင်းပိုဒ်ကို အမျိုးသမီးတစ်ဦးတည်း ဆိုရသည်။

"တစ်ဦးအပေါ် တစ်ဦး သံသယဆိုသည်မှာ အလကား"

သီဆိုသူများကို ကျွန်တော် ကျောပေးထားရသည်။ သို့သော်...

လုံခြုံသောအသံ စီးဆင်းမှု၊ တိကျသော စာသားရွတ်ဆိုမှု၊ သပ်ရပ်သောသံရှိန် ဖြတ်တောက်မှုတို့ဖြင့် ထွက်ပေါ်လာသည့် ထိုအသံကို လည်းကောင်း၊ အသံရှင်ကို လည်းကောင်း ကျွန်တော့်ထက် ဘယ်သူမှ သိလိမ့်မည် မဟုတ်။

ခလုတ်များပေါ်က လက်ချောင်းတို့ တုံ့ခနဲ ဖြစ်ချင်သည်။ အားစိုက်သိမှတ်ရသော တေးသွားမဟုတ်ဘဲ ကျင့်သားရပြီးသိချင်းဖြစ်နေသောကြောင့်သာ စန္ဒရားသံ ရပ်မသွားခြင်း ဖြစ်သည်။

"တစ်ဦးအပေါ် တစ်ဦး မှန်သပဆိုသည်မှာ ပတ္တမြား၊ သံသယ ပျောက်ပါစေ အမှန်ဘဝ ရောက်ပါစေ... လေ"

'ဝမ်းနည်းပါတယ် ဦးလုချို' ဟု ပြောခဲ့စဉ်ကကဲ့သို့ပင်၊ ခင်လေးခင်၏ အသံမှာ အင်အားကြီးစွာ လှပနေချေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

အမေ့အဖေနှင့် အမေ၊ ကျွန်တော့်အဖေကြီးနှင့် အမေကြီးတို့သည် ကျွန်တော် ရှစ်တန်းအရွယ်လောက်ကတည်းက သူတို့ရှိစုမဲ့စု စည်းစိမ်များကို ထုခွဲကာ ဇရပ်၊ ရေကန်စသည်များ ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ထိုအလှူများထဲတွင် မန္တလေးနန်းတော်ရှေ့ အုတ်စက်သချိုင်းတွင် ဆောက်ခဲ့သော သုသာန်ဇရပ်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

ကျွန်တော်တော့ ကောင်းကောင်းမမှတ်မိတော့။ အဖေကြီး အမေကြီးတို့မဆောက်ခင်က သုသာန်ဇရပ်မှာလည်း မြင်မကောင်းအောင် ပြိုယွင်းနေခဲ့သည်ဟု ဆိုသည်။ စင်စစ် သုသာန်ဇရပ်ဟူသည်မှာ ငွေကုန်ကြေးကျများစွာ ကြီးမားခန့်ထည်စွာ ဆောက်လုပ်မှ ဇရပ်ဖြစ်မည့် ကိစ္စမျိုး မဟုတ်။ ထို့ကြောင့် ပျက်စီးယိုယွင်းနေသော မူလဇရပ်ဟောင်းအနီးတွင် အုတ်ခင်း၊ သွပ်မိုး၊ လေးခန်းသုံးခန်းဇရပ်တစ်ဆောင်ကို အဖေကြီးနှင့် အမေကြီးတို့ ခြေနိုင်လက်နိုင် ဆောက်ဖြစ်ခဲ့ကြသည်။

ယခု ထိုဇရပ်သည်လည်း မိုးဒဏ်လေဒဏ်ကြောင့် ပျက်စီးစပြုလာပြီ။ အချိန်မီ ပြုပြင်ထိန်းသိမ်းဖို့ လိုသည်ဟူ၍ အမေကြီးတို့ ကိုးကွယ်သော ဘုန်းတော်ကြီးဆီမှ စာတစ်စောင် ရောက်လာသည်။ ကျွန်တော်တို့မိသားစု တိုင်ပင်ကြသည်။



အမေက သူ့အဖေအမေတို့၏ အလှူကို ဆက်လက်မွမ်းမံချင်ရှာသည်။ သို့သော် အမေ့လက်ထဲမှာ ငွေမရှိ။ အဖေ့မှာလည်း မရှိ။ ကျွန်တော်တို့မိသားစုမှာ ငွေမရှိ။ ဘုန်းတော်ကြီး၏ စာထဲတွင် ပါသည်က မိဘလက်ထက်က အလှူဒါနဖြစ်သောကြောင့် သားစဉ်မြေးဆက်ကို အသိပေးရခြင်းဖြစ်ကြောင်း၊ အကယ်၍ အကြောင်းကြောင်းကြောင့် ဆက်လက်ထိန်းသိမ်းမွမ်းမံရေးကိစ္စမှာ အခက်အခဲရှိပါက ထိုသုသာန်ဇရပ်ကို ပြုပြင်မွမ်းမံလိုကြသည့် အခြားအလှူရှင်များ ရှိနေကြောင်း။ ကာယကံရှင်များက ခွင့်ပြုမည်ဆိုပါက ထိုအလှူရှင်များကို လက်လွှဲပေးလိုက်မည် ဖြစ်ကြောင်း၊ အကယ်၍ ခွင့်မပြုနိုင်ပါ၊ မိမိတို့ဘာသာ တာဝန်ယူမည်ဆိုပါကလည်း အမြန်ဆုံး ဆက်သွယ်စေလိုကြောင်း စသည်ဖြင့် ပါရှိသည်။

အဖေကြီးနှင့် အမေကြီးတို့၏ လက်ငုတ်အလှူဖြစ်သောကြောင့် အဓိကပတ်သက်သူမှာ အမေ။ အမေသည် သုသာန်ဇရပ်ပြုပြင်ထိန်းသိမ်းရန်ကိစ္စကို အလွန် စိတ်ဝင်စားနေသည်။ သို့သော် အဓိကပြဿနာမှာ ငွေကြေး မရှိခြင်းပင်။

နောက်ဆုံးတွင် အမေသည် စိတ်ပျက်စွာ ဆုံးဖြတ်ချက်ချသည်။

"မန္တလေးတောင်အရှေ့မြောက်က ဘုန်းတော်တိုးအရပ်မှာ မင့်အဖေကြီးနဲ့ အမေကြီးတို့ရဲ့ မြေကွက်လေးတစ်ခု ရှိသေးတယ်၊ အဲဒါ အမေ့အတွက် နောက်ဆုံးလက်ကျန်အမွေပဲ...၊ အမေလဲ ဒီမြေလေးကိုပဲ ထိန်းထားမယ် စဉ်းစားတာ၊ အခုတော့ လှူလိုက်တာ အကောင်းဆုံးပါပဲ၊ အဲဒီမြေကို ရောင်းပြီး သုသာန်ဇရပ်မှာ လိုတာတွေ ပြင်လိုက်တော့မယ်၊ ဘုန်းတော်တိုးမှာ အဖေတို့ရဲ့ ဆွေမျိုးတွေ ရှိပါသေးတယ်။ ဆရာတော့်ဆီကိုလဲ အကျိုးအကြောင်းစာပြန်ရေးလိုက်၊ အဲဒီကိစ္စတွေ လုပ်ဖို့အတွက် သား ကျောင်းက အဆင်သင့်တဲ့ရက်မှာ မန္တလေးပြန်ပြီး လုပ်စရာရှိတာ လုပ်ပေတော့"

ကိုယ်ပိုင်စာကြည့်ခွင့် ကျောင်းပိတ်ရက်တွင် ကျွန်တော် မန္တလေး



www.burmeseclassic.com

www.burmeseclassic.com

ပြန်ဖြစ်ခဲ့သည်။ မြေကွက်ရောင်းချရေး၊ သုသာန်ဇရပ်ပြင်ဆင်ရေးကိစ္စများမှာ ကျွန်တော့်အတွက် ကြီးမားသောအလုပ်များဖြစ်သည်။ သို့သော် ငယ်သူငယ်ချင်းများနှင့် ပြန်ဆုံရမည်ဖြစ်သောကြောင့် မန္တလေးခရီးမှာ နှစ်မြို့ဖွယ်အတိ။

*

"ကိုင်း… လုပ်စမ်းပါဦး ငမောင်ရာ၊ မင်း အပြောကြီးလှတဲ့ကောင်…"

"အခုတော့ တကယ်ဒေဝစ္ဆရာနဲ့ တွေ့ပြီ မဟုတ်လား"

အရှေ့ကျုံးလမ်း မဟုတ်တော့။ အရှေ့မုခ်ဦးတံတားမှာ ထိုင်၍ မတတ်တတတ်ဖြင့် ဆေးလိပ်ဖွာကြသည့် အရွယ်တွေလည်း မဟုတ်တော့။ နေရာက လက်ဖက်ရည်ဆိုင် ဖြစ်သွားသည်။ လူတွေလည်း မစုံကြ။ အောင်ခင်မြင့်က မြောက်ပိုင်းရှမ်းပြည်နယ် မြို့တစ်မြို့မှာ အထက်တန်းပြဆရာအလုပ် လုပ်နေသည်။ ခင်မောင်ကြည်က စစ်တောင်းသိမ်ဇရပ်စက္ကူစက်မှာအရာရှိ။ သန်းထွန်းက အင်းစိန်မှာဟုဆိုသည်။ ခင်ကြိုင် ဘယ်ရောက်နေမှန်း မသိ။ တင်ဝင်းကတော့ တက္ကသိုလ်မှာ ဆရာဖြစ်နေပြီ။

သူငယ်ချင်းဝိုင်းတွင် ဇော်ဝင်း၊ ဘိုနီနှင့် ကျွန်တော်၊ သုံးယောက်တည်း။

ခင်လေးခင်နှင့် စတွေ့ပုံကို ကျွန်တော် ပြောပြလိုက်သည်။ ဘိုနီက ရယ်ကျဲကျဲလုပ်ကာ… 'ဒါပါပဲကွာ နောက်ဆုံးတော့ ဒီလိုဖြစ်သွားတာပါပဲ၊ အပြောကြီးတဲ့ကောင်တွေဟာ အချိုကြီးတွေ့တာပါပဲ။ မင်း အခု စောင်းချင်းဂါထာ ဘယ်နှစ်ပုဒ် ရေးပြီးပြီလဲ' ဟု ဆိုသည်။ ဇော်ဝင်းကမူ…

"မင်းပြောတဲ့အတိုင်းဆိုရင်တော့ ခင်လေးခင်တို့ဟာ အတော်ကြီးကို ချမ်းသာကြတာပေါ့၊ အေးလေ ပဉ္စသိခရဲ့ဒေဝစ္ဆရာကလဲ နတ်ပြည်က တိမ္ဗရုနတ်မင်းကြီးရဲ့ သမီးတော်ပေကိုး၊ နေပါဦး ပဉ္စသိခ ဇာတ်ထဲမှာက ဒေဝစ္ဆရာနဲ့ ထိမ်းမြားယူမယ့်သူက ဘယ်သူလဲ"





"မာတလိနတ်မင်းရဲ့ သားတော်လေ… သိခဏ္ဍိဆိုတဲ့ နတ်သား။ သတို့သားလောင်းက နတ်ပြည်မှာတော့ ဆွေကြီးမျိုးကြီးထဲကပေါ့၊ မာတလိယ မာတလိနတ်မင်း၏ သိခဏ္ဍိ နာမပုတ္တော၊ သိခဏ္ဍိမည်သော သားတော် သည်လည်း တံ ထိုနတ်သမီးကို ခံဘိကခံတိ ချစ်အင်အားရှိ၊ မက်မောဘိ၏ လို့ စာမှာဆိုတာပဲ အဲဒီမှာ"

ကျစ် ဟု လျှာသံဖြူပြီးနောက် ဇော်ဝင်းက ကျွန်တော့်စကားကို ဖြတ်သည်။

"ထားစမ်းပါကွာ၊ စာသံပေသံတွေနဲ့ ရှုတ်ဖတ်နေတဲ့ ဒီအကျင့်က မပျောက်ချင်သေးဘူး၊ အဲဒီဒေဝစ် အဲ ခင်လေးခင်မှာကော သိခဏ္ဍိနတ်သားလို လူကြီးချင်းစေ့စပ်ထားတာတွေ ဘာတွေ ရှိသတဲ့လား"

"ငါ မသိဘူး"

"ဟင် မသိဘူးလား၊ ထားပါတော့လေ မင်းဇာတ်လမ်းကိုပဲ ဆက် စမ်းပါဦး၊ ပြည်ထောင်စုအလံတော် ကြိုဆိုပွဲမှာ တွေ့ကြရော၊ မင်းက စနှုတ်ဆက်တော့ သူက ခေါင်းဆောင်အဆို၊ အဲဒီနောက်ပိုင်းကော ဘယ်လိုကနေ ဘယ်လို မေတ္တာမျှ"

"ဘယ်လိုမှ မဘယ်လိုဘူး ဒါပဲ ပြီးပြီ"

"ဟင် ဒါနဲ့ မင်းပြောတော့ မင်းရဲ့ဒေဝစ္ဆရာဆို"

"အေးလေ"

"'ပဉ္စသိခနဲ့ ဒေဝစ္ဆရာဟာ နောက်ဆုံးတော့ ချစ်သူတွေ ဖြစ်သွားကြတာ မဟုတ်လား"

"အေးလေ…ကဲ ထားပါတော့လေ၊ အဲဒီနောက်ပိုင်း ခင်လေးခင်နဲ့ မင်း ထပ်မဆုံကြတော့ဘူးလား"

"မဆုံကြတော့ဘူး"

"ဟင် သူ့အကြောင်း မင်း မစုံစမ်းဘူးလား၊ မဆက်သွယ်ဘူးလား"

"သူ့အကြောင်းကို ငါ ပြောပြီးပြီလေ၊ ချမ်းသာကြွယ်ဝတဲ့ မျိုးရိုး



www.burmeseclassic.com

www.burmeseclassic.com

ရှိတယ်၊ လှတယ်၊ သိချင်းဆိုကောင်းတယ်၊ အနုပညာ ဝါသနာကြီးပုံ ရတယ်၊ ပြီးတော့ မဟာဝိဇ္ဇာအရည်အချင်းစစ် တက်နေတယ်"

"ဒါက အလံတော်ကြီးဆိုပွဲ အကြောင်းပြုပြီး သိခဲ့ရတာတွေပဲကွ၊ နောက်ထပ် အချက်အလက်တွေကို ပြောတာ၊ ဥပမာ ဘယ်မြို့ကလဲ၊ ဘယ်ဇာတိလဲ၊ သူ့မိဘတွေက ဘယ်သူတွေလဲ၊ သူ့နောက်ကြောင်း ဘယ်လိုလဲ"

အပေါ်ရည်တင်းနေသော လက်ဖက်ရည်ကို ကျွန်တော် တစ်ကျိုက် မော့ချသည်။

"ငါ ဘာမှ မစုံစမ်းဘူး၊ ထပ်တွေ့ဖို့လဲ မကြိုးစားဘူး၊ အခု မင်းတို့ သိတာသလောက်နဲ့ပဲ စဉ်းစားကြည့်၊ အခြေအနေချင်းက မတရား ကွာလွန်းတယ်၊ မင်းတို့ကြောင့်မို့ ငါ့မှာ ပဋ္ဌသီခဆိုတဲ့ နာမည် ရခဲ့ပြီ၊ ငါ ပဋ္ဌသီခ ဟုတ်တာ မဟုတ်တာ အသာထား။ သူကတော့ တကယ့်ကို ဒေဝဋ္ဌရာပဲ၊ အစစအရာရာ ကြီးကျယ်ခမ်းနားသူပဲ၊ ဒီအခြေအနေမှာ ငါက ဘာကိုကြိုးစားရမှာလဲ၊ မမိတဲ့ပန်းလေး၊ လှမ်းဖို့ ခုစရာတုံးမျိုး ငါ့မှာ မရှိဘူး၊ အခုဟာက ခင်လေးကို ငါ မေတ္တာရှိတဲ့အကြောင်းပဲ ပြောပြတာ၊ တခြား ဘာမှ မပါပါဘူး၊ ပြောစရာလဲ မရှိဘူး၊ မင်းဖြူဖြူကို စတွေ့စဉ်တုန်းက ပြောသလိုပေါ့ကွာ၊ အချစ်ဆိုတာကို ငါ နားလည်ပြီ၊ ရှာဖွေတွေ့ရှိပြီဆိုတဲ့ သဘောပဲ၊ ဒါ့အပြင် ပြောစရာ မရှိတော့ဘူး ဒါ အကုန်ပဲ"

"ချာပါ့ကွာ ဇာတ်လမ်းက စတော် မစရသေးဘူး၊ ဆုံးသွားပြီကိုး"

ရေနွေးကျင်းထားသော လက်ဖက်ရည်ပန်းကန်ထဲသို့ နောက်ထပ် ရေနွေးလောင်းငှဲ့ရင်း ဘိုနီက ဆိုသည်။ ဇော်ဝင်းကမူ တွေးတွေးဆဆ ဟန်ဖြင့် ဝင်ပြောသည်။

"မဟုတ်ဘူးကွ မဆုံးသေးဘူး၊ ဒီကောင် ငမောင်က သတ္တိကြောင် နေလို့ပါ၊ စန္ဒရားခန်းမှာ ဟို စန္ဒရားဆရာကို ခင်လေးခင်ဝင်ပြီး ဟောက်





လိုက်တာဟာ အရေးကြီးတဲ့ ပွိုင့်ပဲကွ၊ ဒါဟာ ဒီကောင့်အပေါ်မှာ ခင်လေးခင် တစ်နည်းတစ်ဖုံ စိတ်ဝင်စားကြောင်း၊ အရေးရယ် အကြောင်းရယ်ဆိုရင် ဒီကောင့်ဘက်က ရပ်မယ်ဆိုတဲ့အကြောင်း နိမိတ်ပြနေတာပဲ၊ မင်း စဉ်းစားကြည့်လေ၊ ကျောင်းသူ ကျောင်းသားတွေ တစ်လှေကြီးမှာ ဘယ်သူမှ ဘာမှ မပြောဘူး၊ ခင်လေးခင်တစ်ယောက်ပဲ ရှေ့ကို ချွန်ထွက်လာတာ၊ ဒါကို ထည့်တွက်ရမယ်"

"ဒါကတော့..."

မင်း မပြောနဲ့ဦး ငမောင်၊ ငါ စဉ်းစားကြည့်နေတာ၊ ခင်လေးခင် ဟာ ဆွေကြီးမျိုးကြီးထဲက ဖြစ်မယ်၊ ချမ်းသာကြွယ်ဝမယ်၊ ပညာကလဲ မင်းထက် အတန်းသာတယ်၊ **M.A (Q II)** ဟုတ်လား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

"အဲဒါတွေကို တွက်ပြီး ဒီအကောင်က ကြောက်ပြီး ငြိမ်ကုပ်နေလိုက်တယ်၊ ငါ တွေးတာကတော့ ချမ်းသာကြွယ်ဝ ဂုဏ်ပကာသနအသိုက်အဝန်းထဲက စုန်းပြူးလေး ဖြစ်နိုင်တယ်။ အနုပညာကို အနုပညာသမားကို လေးစားမြတ်နိုးသူ ဖြစ်နိုင်တယ်။ သဘောထားဖြောင့်မတ်ပြီး အချစ်ကို ရှိသေသူဖြစ်နိုင်တယ်၊ အေး...ငါတွေးမိသမျှတော့ ဒီအမျိုးသမီးဟာ တကယ့်ကို ငမောင့်ရဲ့ချစ်သူ ဖြစ်ထိုက်တဲ့ အမျိုးသမီးပဲကွ၊ ငမောင်နဲ့ ခင်လေးခင် ချစ်သူတွေ ဖြစ်ကို ဖြစ်ရမယ်"

ကျွန်တော့်ရင်ထဲ တလှပ်လှပ် ဖြစ်နေသည်။ ဘိုနီကမူ နောက်ထပ် ရေနွေးတစ်ပန်းကန်ငှဲ့ပြန်ပြီး–

"မင်းက စွတ်ပြောနေ၊ ဟိုအကောင် ရောဂါတွေ သည်းလာပြီ" ဟု ပြောသည်။

လှိုက်ခုန်ချင်နေသော ရင်အစုံသည် ချက်ချင်းပြန်ငြိမ်ကျသည်။

"အစစအရာရာ ကွာလှမ်းလွန်းပါတယ်ကွာ၊ အေးအေးဆေးဆေး နေလိုက်တာပဲ ကောင်းမယ် ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

“အင်း… ဒီဇာတ်လမ်းက ဘယ်လိုလုပ် ကောင်းနိုင်တော့မလဲ၊ ဇာတ်လိုက်က လူရွေးတယ်ညံ့တာကိုးကွ၊ သွားမယ်ကွာ ငါ အလုပ်ဆင်းရဦးမယ်၊ အဟုတ်မှတ်ပြီး နားထောင်နေလိုက်တာ အချိန်ကုန်တာပဲ အဖတ်တင်တယ်”

ဘိုနီ ပြောပြောဆိုဆိုထသောကြောင့် ဝိုင်းသိမ်းဖြစ်လေသည်။

ဇော်ဝင်း လက်ဖက်ရည်ဖိုးရှင်းနေစဉ် ကျွန်တော် ပြောဖြစ်အောင် ပြောမိသေးသည်။

“စဉ်းစားကြည့်ပေါ့ကွာ၊ အဘိုးအဘွား လက်ငုတ်အလှလေးတစ်ခုကို ပြင်ဆင်မွမ်းမံဖို့ကိစ္စမှာတောင်မှ အမေ အမွေရထားတဲ့ မြေကွက်ကလေးကို ရောင်းပြီး မဖြစ်ဖြစ်အောင် လုပ်နေရတာ”

ဘိလပ်မြေအိတ် မပြည့်စုံသေးကြောင်း၊ အလောတကြီးရောင်းရသဖြင့် မြေကွက်မှာ ထင်သလို ဈေးမရကြောင်း၊ ရသမျှမှာလည်း အကုန်မဟုတ်သေးကြောင်း၊ သုသာန်ဇရပ် သံဃာစင်နေရာမှာပင် အုတ် နောက်ထပ်နှစ်ရာလောက် လိုသေးကြောင်း အပြန်လမ်းတွင် ကျွန်တော်တို့ ပြောဖြစ်ကြသည်။

သိချင်းတိုက်ဖို့သွားကြစဉ်က ခြံဝမှသည် ဆင်ဝင်အောက်အရောက် ကားသွားဖို့ ခင်းထားသော ကွန်ကရစ်လမ်းကို ကျွန်တော် မြင်ယောင်နေမိသည်။

*

သုံးရှုရသေးသော သွပ်ပြားများနှင့် သွပ်ပြားအသစ်များကို ရော၍ သုံးလိုက်သောကြောင့် ဇရပ်အမိုးမှာ တစ်နေ့ခင်းတည်းဖြင့် ပြီးသွားသည်။ ခြောက်ပတ်လည်တိုင်နှင့် ဘိလပ်မြေအိတ်ကို အပြင်မှ ဝယ်ရသည်။ အပျက်စီးဆုံးမှာ သုံးထစ်ရှိသည့် လှေကားခုံဖြစ်သည်။ ဆရာတော်၏ အဆက်အသွယ်များဖြင့်ပင် သုသာန်ဇရပ်ကို လေးရက်ဖြင့် အပြီးအစီး မွမ်းမံပြင်ဆင်ပြီးသည်။ သို့တိုင်အောင်ပင် မန္တလေးမှာ ကျွန်တော်





တစ်ပတ်ကြာသွားသည်။ ကျောင်းစာအုပ်တွေ ထည့်ယူလာခဲ့သည့်အတွက် စာကြည့်တော့ မပျက်။

ရန်ကုန် ပြန်ရောက်ပြီး ဓာတ်ပုံရိုက်ယူလာခဲ့သော သုသာန်ဇရပ်ပုံကို အမေ့အားပြသောအခါ အမေ့မှာ မျက်ရည်များ ဝေ့လာသည်အထိ ကြည်နူးရသည်။

“တစ်ထောင့်နှစ်ရာပဲ ပိုတော့တယ် အမေ၊ ပြီးမှ ကျွန်တော် အသေးစိတ်စာရင်း ပြမယ်၊ မြေကွက်ရောင်းရတာ ကိုယ်က အလောတကြီးဖြစ်နေတော့ ဈေးအနှိမ်ခံရတာပေါ့ အမေရာ၊ နို့မို့ဆို ရှစ်ထောင်လောက် အထိ ကိုယ်က တင်းထားလို့ရတယ်”

“အေးပါ သားရယ်၊ ဘာမှ တွေးမနေပါနဲ့တော့၊ ကိုယ့်ဘိုးဘွား လက်ငုတ်အလှလေးကို ဒါနမျိုးစေ့ဆက်လိုက်ရတာပဲ ပီတိဖြစ်စမ်းပါ”

အမေက ပြောရင်း တစ်ခုခုကို သတိရဟန်ဖြင့်…

“သြော်… မင်းသွားတဲ့နေ့ နေ့ခင်းလောက်မှာပဲ မင်းမိတ်ဆွေတွေ တက္ကသိုလ်ကတဲ့ ရောက်လာကြသေးတယ်၊ စာတောင် ရေးပေးသွားတယ်”

“စာ အဖေ့ဆီမှာပေါ့ ရော…”

အဖေက သူ့သီချင်းစာရွက် ဖိုင်ထဲမှာ ညှပ်သိမ်းထားသော စာရွက်တစ်ရွက်ကို ထုတ်ပေးသည်။ မြန်မာစာ ကိုစောလွင်၏စာ၊ ခပ်တိုတိုပင်။

***ကိုသက်မောင်…***

*ရတနာ့ဆောင် ညစာစားပွဲ၊ ပဒေသာကပွဲအတွက် အကူအညီတောင်းလို့ ခင်ဗျားဆီ လာခဲ့တယ်၊ ခင်ဗျား မန္တလေးသွားတယ်လို့ ပြောတယ်၊ မှတ်မိသေးလား အလံတော်ကြိုတုန်းက သီချင်းဆိုတဲ့ ခင်လေးခင်လေး၊ ဖီလိုဆိုဖီက၊ သူကတစ်ဆင့် အကူအညီတောင်းလို့ပါ။*

*ဒါပါပဲဗျာ… စာမေးပွဲရက်တွေ မဆုံလဲ ကျောင်းကြီး ပြန်ဖွင့်တော့မှပဲ ဆုံကြရအောင်။*

**ခင်တဲ့…**

**စောလွင်**



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်သူတွေ ပါသေးသလဲ အမေ"

ဟု ကျွန်တော် လွှတ်ခနဲ ထွက်သွားသည်။

အမေက ငွေစက္ကူများကို သားရေပင်ဖြင့် စည်းနှောင်ရင်း။

"ကျောင်းသူ နှစ်ယောက်လဲ ပါတယ်၊ တစ်ယောက်က ချောချော လေး။ မင်းအဖေနဲ့တောင် စကားတွေ ပြောသွားသေးတယ်"

ဇရပ်ကိစ္စအတွက် ကျွန်တော် မနက္ခလေး ရောက်နေခြင်းသည် ကောင်းစွာဟု တွေးမိသည်။ အလုံအခြုံပိတ်ထားသော လောကဝင်းခြံတံခါး လေးကို တစ်စုံတစ်ယောက်သည် တွန်းဖွင့်ဝင်ကာ အသာအယာပင် ပြန် ထွက်သွားသည်။ ဟလျက်သား ကျန်ရစ်သော ထိုတံခါးကို ကျွန်တော် တင်းတင်းစေ့စေ့ ပြန်ပိတ်ရမည်။

* * *



အခန်း (၉)

စတုတ္ထနှစ်တွင် ကျွန်တော် သုတေသနထောက်ပံ့ကြေးရသည်။ သုတေသနထောက်ပံ့ကြေး တစ်လ တစ်ရာအစိတ်ဆိုသောငွေမှာ ပညာရေး ဆိုင်ရာထောက်ပံ့ကြေးဖြစ်သော်လည်း ကျွန်တော့်အတွက်မူကား ကောင်းစွာ အကူအညီရသော ကျောင်းစရိတ်ပင်ဖြစ်သည်။

ကျောင်းသားပင်ဖြစ်စေကာမူ တက္ကသိုလ် နောက်ဆုံးနှစ်ကျောင်း သား။ ပြီးတော့ ကျွန်တော်သည် သားကြီး ညီရသ၊ စာအုပ်ဖိုး၊ ခရီးစရိတ်၊ ကျောင်းစရိတ်အတွက် အမေမှန့်ဟင်းခါးဆိုင် ပိုက်ဆံသေတ္တာလေးထဲမှ ကျွန်တော် နှိုက်ယူရမှာ လက်တွန့်ရပြီဖြစ်သည်။ သည်သို့သောအခြေတွင် ရှိဆတ်ချိစတိုင်ပင်ခေါ် သုတေသနထောက်ပံ့ကြေးကို ခံစားလိုက်ရသည် ကား ကျွန်တော့်အတွက် ကြီးစွာသော အထောက်အပံ့။

အဖေ့အလုပ်အကိုင်ကလည်း သင့်ရုံသာ ရှိသည်။ ပုံမှန်အလုပ်ဆို၍ သီချင်းကြီးဝိုင်းများ အသံလွှင့်သောအခါ နှီးစပ်သူများ၏ အဆက်အသွယ် ဖြင့် လိုက်တီးရရုံသာ။ ရန်ကုန်စပြောင်းစဉ်က ဓာတ်ပြားကုမ္ပဏီတစ်ခု နှင့် စာချုပ်ချုပ်ကာ သီချင်းတွေ၊ ဇာတ်ထုပ်တွေ ရေးလိုက်မည်ဟူသော အဖေ့ရည်ရွယ်ချက်ကား အိပ်မက်တစ်ခုလို ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သီချင်းကြီးပိုင်းများတွင် လိုက်လိုက်တီးရင်းဖြင့် အဖေသည် ကျွန်တော့်အတွက် ကောင်းသောဆက်သွယ်မှုတစ်ခုကို လုပ်ပေးနိုင်ခဲ့သည်။ မြန်မာ့အသံတွင် အဖေ အဝင်အထွက်များလာသောအခါ ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်အချို့နှင့် အဖေ မျက်မှန်းတန်းမိလာသည်။ သူတို့လေးစားရင်းစွဲရှိသော အဖေ့ကို တတ်နိုင်သည့် အကူအညီ ပေးပါမည်ဟု ဆိုကြသည်။ ထိုအခွင့်အရေးကို အဖေသည် ကျွန်တော့်အတွက် အသုံးပြုခဲ့ပေသည်။ သို့ဖြင့်ပင် စတုတ္ထနှစ်ကျောင်းသားဘဝတွင် ကျွန်တော် သီချင်းကြီးပိုင်းနှစ်ပိုင်းနှင့် ကာလပေါ်ပိုင်းတစ်ပိုင်း၌ စန္ဒရားတီးခွင့် ရခဲ့သည်။ အဖေမှတစ်ဆင့် ကျွန်တော်ကိုယ်တိုင် မြန်မာ့အသံမှ မိတ်ဆွေများနှင့် မျက်နှာနာလာခဲ့ပြီး စန္ဒရားလက်သံ လွှင့်ခွင့် ရခဲ့လေသည်။

အဖေက ကျွန်တော့်ကို ကြည့်၍ အားရနေ ရှာသည်။

"မင်း တစ်နေ့ ဒီလိုဖြစ်လာမှာပဲလို့ အဖေ ထင်သားပဲ၊ အနုပညာဆိုတာ ဘယ်တော့မှ အရှင်မွေး၊ နေ့ချင်းကြီး မဖြစ်ဘူးကွ၊ ကိုယ့်မှာ အရည်အချင်းရှိထားဖို့လဲ လိုတယ်၊ အရည်အချင်းရှိထားရင် ဒီလိုပဲ အဆက်အသွယ်တွေ အခွင့်အလမ်းတွေဆိုတာ တဖြည်းဖြည်းပေါ်လာတတ်တာပဲ၊ ထင်ပေါ်ရင် စင်တော်က ကောက်တယ်ဆိုတဲ့ စကားလိုပေါ့ကွာ၊ ကြည့်နေ သား၊ မင်းရဲ့အနုပညာလေကဟာ တဖြည်းဖြည်း ကျယ်ပြန့်လာလိမ့်မယ်"

အဖေ့စကား မှန်လေသည်။

မြန်မာ့အသံ အသံလွှင့်တီးပိုင်းများနှင့် ဆက်သွယ်မိပြီးနောက်တွင် နုတ်စ် (သင်္ကေတ) သင်ဖို့ကိစ္စလည်း အဆင်ပြေလာသည်။ သီချင်းကြီးပိုင်းများတွင် အမြဲလိုလို နဲ့မှုတ်ပေးရသည့် နဲ့ဆရာဦးမြကြီးနှင့် ပတ်သက်ကာ ယဉ်ကျေးမှုကဇာတ်မှ ဦးသန်းကြင်၊ ဦးညွန့်ကြည်တို့နှင့် အဆက်အသွယ်ရလာသည်။ သူတို့ကား သင်္ကေတအရာတွင်ကျွမ်းကျင်ကြသော ပုဂ္ဂိုလ်များ ပေပင်။





"ဒီခေတ်မှာ ဂီတနဲ့ ပတ်သက်ပြီး တကယ် လိုက်စား လုပ်ကိုင်တော့မယ်ဆိုရင်တော့ သင်္ကေတမတတ်လို့ မဖြစ်ဘူးကွ၊ ကောင်းတယ် လုပ်သာလုပ်"

အဖေက လိုလိုလားလား အားပေးသောအခါ ကျွန်တော်လည်း ဂီတသင်္ကေတ သင်ရာမှာ ပို၍တက်တက်ကြွကြွ ရှိရလေသည်။

သို့သော် တက္ကသိုလ်အနုပညာအသင်း၏ ကာလပေါ်တူရိယာအဖွဲ့မှ အသံလွှင့်မည်ဟု စီစဉ်ချိန်၊ ဆရာဦးစန်းအုန်းက တာဝန်ပေးလာသောအခါတွင်ကား အဖေ့ကို ကျွန်တော် ခွင့်တောင်းရသည်။ အပြင်ပိုင်းတွေမှာမည်သို့ပင် အဖေနှင့်တွဲလျက် လှုပ်ရှားနေစေကာမူ ကျောင်းနှင့် ပတ်သက်သော အမှုကိစ္စများတွင်ကား အဖေ မသိဘဲ၊ အဖေ့ခွင့်ပြုချက်မရဘဲ ကျွန်တော် မလုပ်ချင်။

"အနုပညာအသင်းက အသံလွှင့်မယ့် အစီအစဉ်မှာ ကျွန်တော် သီချင်းနှစ်ပုဒ် စန္ဒရားတီးပေးရမယ် အဖေ"

"အေးပေါ့ကွာ တီးပေးရမှာပေါ့၊ ကိုယ့်တက္ကသိုလ် ကိုယ့်ကျောင်းက အဖွဲ့ပဲဥစ္စာ"

"ပြီးတော့ အဖေခွင့်ပြုမယ်ဆိုရင် ကျွန်တော်တို့အဖွဲ့ အသံလွှင့်တဲ့ထဲမှာ ကျွန်တော် သီချင်းတစ်ပုဒ်လဲ ရေးချင်တယ်"

လှမ်းကြည့်လိုက်သော အဖေ့မျက်လုံးများထဲတွင် နားလည်မှုများစွာပါသော ကရုဏာငွေ့သန်းနေသည်ဟု ထင်သည်။ ထို့နောက် အဖေသည် ထုံးစံအတိုင်း မျက်မှန်ချွတ်လျက် လေးနက်စွာ ဆိုလေသည်။

"မင်း စတုတ္ထနှစ်ကြီးတောင် ရောက်နေပါပြီ ငါ့သားရာ၊ ရန်ကုန်ပြောင်းလာခါစက အဖေပြောခဲ့တဲ့ စကားတွေကို သိပ်တင်းကျပ်တဲ့အမိန့်စည်းမျဉ်းကြီးတစ်ခုလို သဘောထားမနေပါနဲ့တော့၊ မင်းကိုယ်မင်း ထိန်းနိုင်ပြီဆိုတဲ့ အသိကို ယူလိုက်တော့၊ ဒီလောက်အထိ အဖေ့ကို ခွင့်တောင်းစရာမလိုပါဘူး၊ မင်းကို အဖေ လွတ်လပ်ခွင့်ပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

သားလုပ်သူက ဒီလောက်အထိ ခွင့်တောင်းစရာ မလိုသလို၊ အဖေကလည်း ဒီလောက်အထိ မလိုက်လျောပါနဲ့ အဖေရယ်ဟု ကျွန်တော် နားလည်စွာမြည်တမ်းမိသည်။ သိနားလည်လွန်းသော၊ ယုံကြည်စိတ်ချလွန်းသော အဖေ့သဘောထားနှင့် မေတ္တာများသည် ကျွန်တော့်အတွက် တင်းကျပ်သောစည်းမျဉ်းများ ချပေးထားသည်ထက် အဆပေါင်းများစွာ ပို၍ တုပ်နှောင်မိနေကြသည်ကို အဖေ သိဟန်မတူ။

စည်းမျဉ်းဥပဒေသတွေကို ချိုးဖောက်ဖို့ ဝန်မလေးတတ်သော်လည်း နားလည်မှုနှင့် မေတ္တာတရားတို့ကို မျက်နှာလွှဲရန်မှာကား ခက်ခဲဘိခြင်း။

မျက်မှန်ကို ပြန်တပ်လိုက်ခြင်းနှင့်အတူ အဖေသည် အလေးအနက်ဖြစ်သွားသော သူ့ကိုယ်သူ ပေါ့ပါးရှင်လန်းခြင်းသို့ ကူးပြောင်းလိုက်သည်။

"မင်းသီချင်းက ဘာတဲ့လဲ"

"မရေးရသေးပါဘူး အဖေ၊ အသံလဲ မရှာရသေးပါဘူး၊ ဒါပေမယ့် ခေါင်းစဉ်တော့ စဉ်းစားထားတယ်"

"ဘာတဲ့လဲကွ"

"ကုံကော်မြေ နွေမိုးဆောင်း ... တဲ့"

"ကုံကော်မြေ နွေမိုးဆောင်း၊ အင်း အလွမ်းဓာတ်နောက်ခံပါလား"

"ရာသီဖွဲ့၊ ပန်းဖွဲ့၊ အမိတက္ကသိုလ်ဖွဲ့ ဆိုပါတော့ အဖေရာ"

"ဟေ့ ... အဖေက ဘာပြောလို့တုန်းကွ၊ မင်းဟာမင်း ဘာပဲဖွဲ့ဖွဲ့ပေါ့"

ဘာကြောင့် ရှင်းချက်ပေးနေရပါလိမ့်ဟု ကျွန်တော် စဉ်းစားမိဆဲ၊ အဖေက ရယ်၍ ပြောပြန်သည်။

"အချစ်ဖွဲ့ဖြစ်တော့ကော ဘာဖြစ်ရမှာလဲကွ၊ မဟုတ်ဘူးလား"

မလုံမလဲစိတ်ဖြင့် ကျွန်တော်ပါ လိုက်ရယ်မိလေသည်။

*





ပတ်ပျိုးမှာတော့ သဖြန်ပိုဒ်သည် သီချင်းအဆုံးပိုင်းတွင် ဝင်ရသည့်အပိုဒ်။ 'ကုံကော်မြေ နွေမိုးဆောင်း' တွင်မူ သဖြန်သွားကို ကျွန်တော် သီချင်းတစ်ပုဒ်လုံး၏အစ ခြေဆင်းပိုဒ်နေရာမှာ ထည့်ကြည့်ချင်သည်။ မဟာဂီတမှုကို ကပြောင်းကပြန်လုပ်ရာ ရောက်မှာလည်း စိုးသည်။ သို့သော် သီချင်းက ကာလပေါ်သီချင်း။ ထို့ကြောင့် သဖြန်သွားကို သီချင်းအစမှာထည့်လျှင် အပြစ်မဖြစ်နိုင်ဟုလည်း တွေးသည်။ နားထဲမှာ ဆန်းမလားဟုလည်း စမ်းကြည့်ချင်သည်။

သဖြန်သွားတွင် အလွမ်းငွေ့သန်းသည်။ ဒါကို ခြေဆင်းယူလိုက်ခြင်းဖြင့် သီချင်းတစ်ပုဒ်လုံးအတွက် အလွမ်းဓာတ်ကို အင်အားကောင်းစွာ တည်ဆောက်ပြီး ဖြစ်သွားမည်ဟုလည်း တွက်သည်။

ဆုံးဖြတ်လိုက်သည်။ 'ကုံကော်မြေ နွေမိုးဆောင်း' ခြေဆင်းကို သဖြန်သွားဖြင့်ပင် စမည်။ ရထားသမျှပတ်ပျိုးတွေထဲက သဖြန်စာသားတွေကို စဉ်းစားသည်။ သည်အတိုင်းရွတ်ကြည့်သောအခါ စာသားက အစုံအလင် မပေါ်လာ။ ထို့ကြောင့် သဖြန်သွားကို တီးရင်း ရတတ်သမျှလေးတွေ ဆိုညည်းကြည့်မည်ဟု စိတ်ကူးလိုက်သည်။

စန္ဒရားကို မတီးခင် တစ်စုံတစ်ခုကို သတိရလိုက်သဖြင့် စန္ဒရားခန်းတံခါးကို ကျွန်တော် ထပိတ်သည်။ စန္ဒရားခန်းတံခါးဟနေလျှင် အသံတွေက အပြင်သို့ သဲ့သဲ့လွင့်ထွက်လေ့ရှိသည်။ ဒါဆိုလျှင် အပန်းဖြေ ရိပ်သာထဲ ဖြတ်သွားကြသော ကျောင်းသူကျောင်းသားတွေထဲက တချို့ ဝါသနာကြီးသူများ အခန်းထဲဝင်လာသည်။ သူတို့ကို နားမထောင်စေလို၍တော့ မဟုတ်။ ခါတိုင်းလို လက်ကွက်ကျင့်ချိန်မျိုးဆိုလျှင် ဘယ်သူပဲလာနားထောင် နားထောင်၊ ယခုမူကား အသံသွင်းဖို့အတွက် သီချင်းတစ်ပုဒ်ကို ကျွန်တော်ကြိုးစားရေးစပ်နေရသည့်အချိန် ဖြစ်သည်။ ထို့ကြောင့် ကျွန်တော် အာရုံထွေပြားနိုင်သည်။

တံခါးကိုပိတ်ပြီး စန္ဒရားခုံမှာ ကျွန်တော်ပြန်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

သဖြန်ပိုဒ်လေးတွေကို ပြန်နိုးကြည့်သည်။

ဟောဝန်ရုံမြိုင်ထဲက သဖြန်ပိုဒ် 'ပုစရာ သည်စာရွှေဖူးနှယ် ထူးတဲ့ကြံနဲ့၊ နက်ဖြန်တွေ၊ ရွှေမြစ်နိမ့်မှန်ခင်းမှာ မင်းမြင်လှည့်ပဲ'။ သဖြန်လေးက ကျစ်ကျစ်လျစ်လျစ်နှင့် လှနေပြီးသား။ သို့သော် ကိန္နရာချောင်းခြားပတ်ပျိုး၏ သဖြန်ဖြစ်သောကြောင့် အချစ်အကြောင်း ဖြစ်နေသည်။ ချစ်သူကို တမ်းတသောအဓိပ္ပာယ် ကျွန်တော့်'ကုံကော်မြေ'နှင့် မကိုက်သေး။

'ခွာပြာသင်း'ထဲကတော့၊ 'မလွမ်းဘူး မှိုင်မှုးပြေရမည်တာ၊ ဂေါ်ဇင်နွယ်ခွာပြာက၊ နှင်းပါညာလေသွဲ့ဝယ်...ကြွေခဲ့ဖွယ်ရေး...' မလိုက်ဖက်ပြန်။ နောက်တစ်ပုဒ် စဉ်းစားရပြန်သည်။ 'လဲရွှေကကျုံ၊ ငှက်သံက ညင်း၊ ဖန်ခိုးငယ်စိစိနှင့် မှိုင်းဝေရီ၊ ခါနွေဆန်းငယ်ကို ထုံပန်းကသင်း...'။ သာဆန်းရတုဇွေထဲက သဖြန်၊ နီးစပ်သယောင်ရှိလာသည်။ သို့သော် နောက်တစ်ခေါက် ပြန်ရွတ်ကြည့်သောအခါမှ မဖြစ်နိုင်သေးဟု သိလာသည်။ နွေဖွဲ့ဘက်သို့ ကဲနေသည်။ ကျွန်တော့်သီချင်းက နွေမိုးဆောင်း ရာသီဥတုသုံးခုစလုံးကို ညွှန်းသည့်သီချင်း။ ပယ်လိုက်ရပြန်သည်။

'ရဝိန်ဒေါင်းယဉ်ပျံ့'ထဲက ဆိုရင်တော့ လူသိများသည့်ပတ်ပျိုးလည်းဖြစ်သည်။ နားယဉ်နေကြသည့် သဖြန်ပိုဒ်၊ 'ကြင်နှင်းငယ်တည်၊ တိုင်းဌာနီ ရွှေပြည်ဘောင်သို့၊ ကျွာသီခေါင်ဆေး၊ လုပ်လဲ့ လုပ်လီ၊ မိလဲမိ တမိနှင့် ရွှေလိပ်ချိုဟန်ပင်နွဲ့ငယ်၊ လှမ်းခဲ့ပါလေ'။ သီချင်းကို ခြုံငုံစေမည့် အနက် မရောက်လာပြန်။

ဖြူပြာမှုရာ၊ ပပဝင်း၊ ချစ်သမျှကို၊ ရေယမုန်။ တစ်ပုဒ်ပြီးတစ်ပုဒ်၊ သဖြန်တစ်ပိုဒ်ပြီး တစ်ပိုဒ် အားလုံး သူ့နေရာနှင့်သူ လှကြသော်လည်း ကျွန်တော့်သီချင်းအတွက် ကိုက်ညီလိုက်ဖက်ခြင်း မရှိ။ လိုချင်သည့်အဓိပ္ပာယ်သို့ မရောက်။

ပင်ပန်းလာသည်။ ပင်မသီချင်းပိုဒ်များသို့ မရောက်နိုင်သေး။ သဖြန်ရွေးရတာနှင့်ပင် နွမ်းနယ်လာသည်။ သဖြန်ပိုဒ်ကို ခြေဆင်းလုပ်





ချင်သည့်စိတ်ကူးကလည်း မပယ်နိုင်။ တစ်ပုဒ်မဟုတ် တစ်ပုဒ်တော့ ဖြစ်လာရမှာပေါ့ဟု စိတ်ကို မဲတင်းထားသည်။ သို့သော် ခေါင်းထဲမှာတော့ ထွေနေပြီ။ သဖြန်ပိုဒ်များကို စဉ်းစားမရတော့။

ကျဉ်းမြောင်းသေးငယ်သော အနုပညာအသင်း စန္ဒရားခန်းလေးထဲမှာ ကျွန်တော် လှောင်အိုက်ချင်လာသည်။ မတတ်နိုင်တော့ စန္ဒရားခုံမှထကာ တံခါးကို ဖွင့်လိုက်သည်။ လန်းဆတ်သောလေကို တဝရှုရှိုက်ရသည်။

တံခါးဖွင့်ပြီး ဝဲဘက်သို့အထွက်မှာပင် သူ့ကို တွေ့သည်။
စာအုပ်များကိုပွေ့ပိုက်လျက်၊ ခြေစုံရပ်လျက်၊ ပြုံးကာ ကြည့်လျက်။
သူ ... ခင်လေးခင်။

*

'သြော် ... 'ဟူ၍ တစ်လုံးတည်းသောစကားဖြင့် နှုတ်ဆက်ဖြစ်သည်။

မနှစ်က ပြည်ထောင်စုအလံတော်ကြိုဆိုပွဲပြီးကတည်းက မတွေ့ဖြစ်၊ တွေ့အောင်လည်း မကြိုးစားဖြစ်။ သို့သော် ဝေးကွာစွာရှိခဲ့ခြင်းနှင့်ထပ်တူ နီးကပ်လွန်းစွာ သိမ်းဆည်းမိလေသောအဖြစ်ကို မလုံမလဲ ခံစားရသည်။

"စာကြည့်တိုက်က ပြန်လာတာ၊ အနုပညာအသင်းရုံးခန်းလဲ မရောက်တာကြာတာနဲ့ ဒီဘက် လှည့်ဝင်လာတာ၊ ကိုသက်မောင် စန္ဒရားခန်းထဲမှာရှိနေတာကို ခင်လေးတွေ့တယ်၊ ဝင်လာဦးမလို့ပဲ၊ တံခါးကို အတွင်းက ပိတ်ထားလို့"

"တံခါးခေါက်လိုက်ရောပေါ့ဗျာ၊ ကျွန်တော် လုံးဝမသိဘူး"

"အနှောင့်အယှက် မပေးချင်လို့ပါ၊ ကိုသက်မောင် အလုပ် လုပ်နေတာ မဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com

အပန်းဖြေရိပ်သာ ပန်းဝတီဆိုင်ဘက်တွင် စန္ဒရားခန်း၏ မှန်ပြတင်းပေါက်ကလေး တစ်ခု ရှိသည်။ အပြင်မှ ကြည့်လျှင် မြင်နိုင်သော်လည်း အတွင်းမှ ကြည့်လျှင် အပြင်ကို ကောင်းကောင်း မမြင်ရ။ စကားစ ဘယ်သို့ ဆက်ရမှန်းမသိဘဲ သူ့ကိုသာ သတိတစ်လွတ် ငေးကြည့်မိသည်။ အဖြူနှင့် အနက်။ အကျီအဖြူ၊ မနေ့ာတိုင်များပါသော ကချင်လုံချည်အနက်၊ တိကျသပ်ရပ်သော ဆင်ယင်ထုံးဖွဲ့မှု။

"သူငယ်ချင်းတစ်ယောက် ပါသေးတယ်၊ ပန်းဝတီမှာ စာရေးစက္ကူဝယ်နေလို့၊ သူ့လဲစောင့်ရင်း စန္ဒရားခန်းထဲ လာမလို့လေ"

တံခါးအတွင်းမှ ပိတ်ထားသည့်အကြောင်းကိုလည်း သူ တခုတ်တရ ပြောဖြစ်ချေသည်။

"ကိုသက်မောင် ဘယ်သွားမလို့လဲ၊ စန္ဒရားတီးလို့ ပြီးသွားပြီလား"

"မပြီးသေးပါဘူး မခင်လေးခင်"

"အနှောင့်အယှက် မဖြစ်ဘူးဆိုရင် ကျွန်မတို့ ဝင်နားထောင်လို့ ရမလား"

"ဟာ... ရပါတယ်"

ပန်းဝတီဆိုင်သို့ သွားသည်ဆိုသော သူငယ်ချင်းရောက်လာသည်။ မိတ်ဆက်ပေးသည်။ သူ့လိုပင် မဟာဝိဇ္ဇာ အပိုင်း (က) တန်းမှ။

'ဖိုင်နယ်ပတ်ဝမ်း တက်နေတယ်၊ ကျွန်မနဲ့ တစ်တန်းတည်း' ဟု သူ သုံးသွားသည်။ သြော်... အရည်အချင်းစစ် ဒုတိယနှစ် အောင်ထားပြီပဲ ဟု သိလိုက်ရသည်။

စန္ဒရားခန်းထဲသို့ ဝင်ခဲ့ကြသည်။ တံခါးဖွင့်ထားရင်း သူ့ကို ဝင်စေခိုက်မှာပင် သူနှင့် ပတ်သက်လာလျှင် မိမိ၏ 'တံခါး' များ လုံခြုံမှု မရှိဟု ခံစားနေရသည်။ ပိတ်ထားပါလျက် ဖွင့်ပေးရသောအဖြစ်။ ဝင်လို သူက တဝုန်းဝုန်းထုနက်နေသည်လည်း မဟုတ်။ ချိုးဖောက်ချဉ်းနင်းလာသည်လည်း မဟုတ်။





ပုံပြင်ထဲမှာဆိုလျှင်တော့ သူသည် ဂါထာမန္တရားလေးတစ်ပုဒ် ရွတ်လိုက်ရုံဖြင့် ကျောက်တုံးတံခါးကြီးကို ပွင့်စေနိုင်သောအစွမ်းရှိသူ ဖြစ်ပေမည်။ တံခါးဆိုသည်မှာ ပိတ်လို့ရသလို ဖွင့်လို့လည်း ရသော အရာတစ်ခုပါလားဟု ကျွန်တော် သဘောပေါက်စ ပြုလာသည်။

"သြော်... ကိုသက်မောင် သီချင်းစပ်နေတာကိုး"

စန္ဒရားတွင် မှီထားသော 'ကံကော်မြေ နွေမိုးဆောင်း' သီချင်းစာရွက်ကို ကြည့်၍ သူ ပြောသည်။ စာရွက်ပေါ်မှာ ဖျက်ရာ ခြစ်ရာတွေ အပြည့်။ သီချင်းထိပ်ဆုံးတွင် 'သဖြန်ပုဒ် (ခြေဆင်း)' ဟုသာ ရေးထားပြီး သုံးလေးကြောင်းစာခန့် ကွက်လပ်ရှိနေသည်။

သဖြန်သွားကို တို့ထိကစားရင်း စန္ဒရားခလုတ်များပေါ် လက်တင်လိုက်ရသောအခါ ကျွန်တော် အလိုလို စိတ်သက်သာရာ ရလာသည်။

"ပတ်ပျိုးသီချင်းတွေမှာ သဖြန်ပိုဒ်က နောက်ဆုံးမှ လာတယ် မဟုတ်လား။ ကျွန်တော့်သီချင်းမှာတော့ သဖြန်ကို ခြေဆင်းလုပ်မလားလို့ ကြိုးစားနေတာပါ၊ ခက်တာက ရသမျှပတ်ပျိုးသီချင်းတွေထဲက သဖြန်ပိုဒ်တွေနဲ့ ကျွန်တော့်သီချင်းနဲ့ မကိုက်ဘူး ဖြစ်နေတယ်"

ကျွန်တော်လိုချင်သည့်အရာ၊ ကျွန်တော့်အခက်အခဲကို အသေးစိတ်ဆက်ရှင်းပြလိုက်သည်။

'ကံကော်မြေ နွေမိုးဆောင်း' ဟု သီချင်းခေါင်းစဉ်ကို သူ ခပ်တိုးတိုး အသံထွက်ဖတ်သည်။ စိတ်ပါဝင်စားမှုအပြည့်ရှိသောအသံ ဖြစ်သည်။ သီချင်းတစ်ပိုဒ်လုံးကို သူ ဆက်ဖတ်သည်။ ဆုံးသောအခါ သီချင်းစာရွက်မှ အကြည့်လွှဲသည်။ တစ်ခုခုကို စဉ်းစားဟန်။ တစ်စုံတစ်ရာကို ရှာဖွေဟန်ဖြင့်။

တစ်နေရာတည်းသို့ စူးစိုက်သည်။

တစ်အောင့်ကြာမှ သူ တိုးတိုးညင်သာစွာ ပြောသည်။

"ကျွန်မသီချင်းကြီး သိပ်မရဘူး ကိုသက်မောင်၊ ပတ်ပျိုးသီချင်းလဲ



www.burmeseclassic.com

www.burmeseclassic.com

နှစ်ပုဒ်သုံးပုဒ်ပဲ ရတာပါ၊ ဒါပေမယ့် ခု ကိုသက်မောင် ကုံကော်မြေ နွေမိုးဆောင်းအတွက် ခြေဆင်းအဖြစ် အသုံးတည့်နိုင်မယ့် သဖြန်တစ်ပုဒ်ကို ကျွန်မ စဉ်းစားမိတယ်၊ အသုံးတည့်မယ် ထင်ပါတယ်"

"ဟုတ်လား ဘယ်သဖြန်လဲ မခင်လေးခင်"

ပြောပြီးတော့မှ ကျွန်တော့်အသံ အလောတကြီး ထွက်သွားမှန်း သိသည်။

"ဟိုဟာလေ ထွန်းလင်းလျှံလက်ထဲက"

ထွန်းလင်းလျှံလက်။ ကျေးစေပတ်ပျိုးလတ်၊ သဖြန်ပိုဒ်ကား 'လေနှင့်ရော၊ တိမ်ကြောကို ဖုံပါလေကွယ်၊ ပန်းရည်ငှက်ကယ်၊ နန်းရွှေဘုံနှယ်၊ ဆွေမယ်ရှိ့ထံပါး၊ ချန်မဆိုင်းပါနဲ့၊ မှန်တိုင်းတင်ပါချေကွယ်... နန်းမြေ သူ့နား'

လက်ခနဲ တစ်ချက် ဝင်းပြတ်သကဲ့သို့ ရှိသည်။

"ထွန်းလင်းလျှံလက်ထဲက သဖြန်ပိုဒ် လေနှင့်ရော၊ တိမ်ကြောကို ဖုံပါလေကွယ်"

ဆိုရင်း တီးကြည့်လိုက်သည်။ သဖြန်အဆုံးတွင် တေတျာမသတ်ပဲ စုံစည်းဖြင့် 'ကုံကော်မြေ' ပထမအပိုဒ်သို့ ကူးကြည့်သည်။

"...မဆိုင်းပါနဲ့ မှန်တိုင်းတင်ပါချေကွယ်၊ နန်းမြေသူ့နား ဝိုးတဝါး မှုန်မပြီ၊ သိကရီ အတွေးကြားက၊ ထင်ရှားလာသောပန်းချီကားတစ်ချပ်နှယ်၊ အတွေးစိတ် ငှက်ငယ်သခင်ရယ်။ ဖုံသန်းလေတော့ ကုံကော်မြေနယ်"

အဖြတ်အတောက်၊ အဟန့်အတားကင်းသော စမ်းရေတစ်ခုလို စီးဆင်းသွားသည်။ တစ်ချိန်လုံး ကျွန်တော် ပင်ပန်းကြီးစွာ အားထုတ်ရှာဖွေနေခဲ့သော သဖြန်ပိုဒ် 'ကုံကော်မြေ' နှင့် အလိုက်အဟပ် မမိသောကြောင့် တစ်ပုဒ်ပြီးတစ်ပုဒ် ရွေးကာ ပယ်ကာ၊ လက်လျှော့ရတော့မည့်ဆဲဆဲ အခြေအနေ။

ပထမအပိုဒ်တစ်ခုလုံးကို ဆိုတီးတီးပစ်လိုက်သည်။ အဆင်ပြေစွာ





ပင် ပြီးဆုံးသွားသည်။ ကျေးဇူးတင်စွာဖြင့် သူ့ကို လှမ်းကြည့်လိုက်သော အကြည့်တွင် အံ့သြဝမ်းသာခြင်းများဖြင့် တဖျပ်ဖျပ်တောက်ပနေသလား မသိ။ သူ မျက်တောင်တစ်ချက်ခတ်ကာ ဣန္ဒြေကြီးစွာ အကြည့်လွှဲသည်။

"ကျေးဇူးတင်လိုက်တာ မခင်လေးခင်ရယ်၊ ကျွန်တော်လိုချင်နေတာ ဒါပါပဲ၊ ထွန်းလင်းလျှံလက်ကို ကျွန်တော် လုံးဝ သတိမရဘူး၊ မခင်လေးခင်ကြောင့် သီချင်းအဆင်ပြေသွားတာ"

"ကိုသက်မောင်က သီချင်းတွေအများကြီးရထားပြီး အများကြီး စဉ်းစားနေလို့ ဖြစ်မှာပါ၊ ထွန်းလင်းလျှံလက် ပတ်ပျိုးဆိုတာ လူ အတော်များများ ရကြတဲ့သီချင်း မဟုတ်လား"

"ဟုတ်တော့ ဟုတ်တာပေါ့ဗျာ၊ ဒါပေမယ့် ဒီ ကုံကော်မြေ နွေမိုးဆောင်းသီချင်းအတွက် လိုက်ဖက်မယ့်သဖြန်ဟာ ထွန်းလင်းလျှံလက်ထဲကပဲ ဆိုတာကို တွေးမိဖို့တော့ ဘယ်လွယ်မလဲ"

"မတော်တဆပဲ ထားလိုက်ကြပါစို့လေ"

သူ ပြုံး၍ ပြောသည်။ မတော်တဆ...။

ကျွန်တော့်အတွက် ကြီးမားသောအရာတစ်ခုကို သူက အလွယ်တကူ ပေါ့တန်စွာ သဘောထားလေသလား။ မတော်တဆ...တဲ့။ ထိုစကား အသုံးကို ကျွန်တော် မကြိုက်။

"ဒီသီချင်းက ဘယ်အတွက်လဲ ကိုသက်မောင်"

"အနုပညာအသင်း ကာလပေါ်အဖွဲ့ အသံလွှင့်ဖို့အတွက်ပါ"

"သြော် ဟုတ်လား၊ ကျွန်မလဲ ဟိုပွဲပြီးကတည်းက အသင်းနဲ့ ကင်းကွာသွားတာ၊ လှုပ်ရှားမှုတွေ ဘာမှမသိလိုက်ဘူး၊ စာတွေများလို့ စာပိနေတာနဲ့ပဲ ဒီဘက်တောင် မရောက်ဖြစ်ဘူး"

သူ ရိုးရိုးသားသား ပြောခြင်းဖြစ်နိုင်သည်။ သို့သော် သူ့စကားထဲက စာတွေများလို့ဟူသော စကားသည် သူ့မဟာဝိဇ္ဇာတန်းကို သတိရစေသည်။

"ဒီသီချင်းကို ဘယ်သူ ဆိုမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်သူ ဆိုဖြစ်မယ် မသိသေးပါဘူးဗျာ"

"ကိုသက်မောင် ကိုယ်တိုင် ဆိုကြည့်ပါလား"

"စိတ်မကူးမိသေးပါဘူး မခင်လေး"

"ပြီးခဲ့တဲ့ စာကျက်ဖို့ ကျောင်းပိတ်တုန်းက ကိုသက်မောင်ဆီ ကျွန်မတို့ ရောက်သေးတယ်၊ ကိုစောလွင်ကို လိုက်ပို့ခိုင်းရတယ်၊ ကိုသက်မောင် မန္တလေးသွားနေတယ်တဲ့"

"ဟုတ်ကဲ့ အပြန်မှာ ကိုစောလွင်ရေးထားတဲ့စာကို ကျွန်တော် ဖတ်ရပါတယ်၊ အဲဒီတုန်းက အဆောင်ညစာစားပွဲအတွက် မဟုတ်လား"

"ဟုတ်တယ် ဖိလိုဆိုဖိက ကျူတာဒေါ်ရီရီမြင့်က ကျွန်မနဲ့ ခင်တယ်၊ သူက ရတနာဆောင်မှာ ဟောလ်ကျူတာလေ၊ သူနဲ့ ပတ်သက်ပြီး မမြနဲ့ ပါ ခင်နေတယ်၊ မမြဆိုတာက ရတနာဆောင်က အဆောင်မှူး ဒေါ်မြမြ။ မမြက ညစာစားပွဲအတွက် အကူအညီတောင်းလို့ ကိုသက်မောင်ဆီ တစ်ဆင့်အကူအညီလာတောင်းရတာ"

ပြန်ပြောစရာ စကားမရှိသဖြင့် ငြိမ်နေလိုက်သည်။

"ကိုသက်မောင်အဖေနဲ့ အဲဒီတုန်းက စကားပြောဖြစ်ကြသေးတယ်။ ကိုသက်မောင်အဖေဟာ သိပ်စိတ်ဝင်စားစရာကောင်းတဲ့ အနုပညာသမား တစ်ယောက်ပဲ၊ ကိုသက်မောင်အပေါ်မှာလဲ အတော်နားလည်ပုံ ရတယ်"

အဖေနှင့် ဘာစကားတွေ ပြောခဲ့ကြသလဲ မသိ။ ကျွန်တော်ကလည်း အဖေ့ကို မမေးမိ။ အဖေကလည်း ကျွန်တော့်ကို စကားစ မစပ်။ သို့သော် သူက ကိုယ့်မိသားစုအကြောင်းတွေကို ပြောနေသောကြောင့် စိတ်မလုံမလဲ ဖြစ်မိသည်။

"ကိုသက်မောင်က တော်တော် သိုသိပ်တာပဲနော်"

"ခင်ဗျာ..."

သူ စကားလမ်းကြောင်း တစ်ခုမှ တစ်ခုသို့ ပြောင်းလေသမျှသည် နောက်ထပ်စစ်ချက်နှာအသစ်တစ်ခုကို ထပ်ဖွင့်သည့်နှယ်ပင် ဖြစ်ချေသည်။





"ဟိုးတလောက ကိုသက်မောင် စန္ဒရားလက်သံ လွှင့်သွားသေးတယ် မဟုတ်လား။ မြန်မာစာက ကိုစောလွင်နဲ့ တွေ့တော့မှ အဲဒီစန္ဒရားလက်သံအကြောင်း စကားစပ်မိကြရင်း ကိုသက်မောင် သီချင်းကြိုးဝိုင်းဝင်တီးနေတာတွေ၊ သီချင်းစပ်နေတာတွေကို သိရတော့တယ်၊ ခေတ်ပြားနှစ်ချပ်တောင် ရပြီးပြီ မဟုတ်လား"

ပြန်ဖြေရန်ခက်သော မေးခွန်းများကိုချည်း မေးတတ်စွဟု ထင်မိလေသည်။

"ကိုစောလွင်ကလဲ သူနဲ့ ကိုသက်မောင်တို့ ဘယ်လိုခင်ကြတယ် ဆိုတာတွေ ပြောပြတယ်၊ အနုပညာအသင်းရောက်အောင် သူ ဖွတ်ဆွဲခေါ်လာတာတဲ့၊ ဆရာဦးစန်းအုန်းနဲ့ ဖွတ်တွေ့ပေးရတာတဲ့၊ အဲဒါတောင် ကိုသက်မောင် တတိယနှစ်ရောက်မှလို့ ပြောတယ်၊ အခု ကိုသက်မောင် စတုတ္ထနှစ်နော်"

"ဟုတ်ပါတယ်"

"ကိုသက်မောင်ဟာ တကယ့်အနုပညာသမားပါပဲ"

မနေတတ် မထိုင်တတ်ရှိလာလွန်းသောကြောင့်...

"ကျွန်တော် ကြိုးစားနေရတုန်းပါဗျာ"

ဟု ချက်ချင်း ပြန်ပြောဖြစ်သည်။

သူ့အဖော်သည် တစ်ချိန်လုံးငြိမ်နေရာမှ လှုပ်လှုပ်ရွရွဖြစ်လာသည်။

"ကျွန်မတို့ရောက်လာတာ ကိုသက်မောင်အတွက် အနှောင့်အယှက် ဖြစ်သွားပြီ၊ သွားမှနဲ့ တူတယ်"

သူ ပြောမှပင် သူ ရှိနေခြင်းသည် အနှောင့်အယှက် မဖြစ်ကြောင်း၊ သူ ထွက်ခွာသွားခြင်းသည်သာလျှင် အနှောင့်အယှက်ဖြစ်ကြောင်း ကျွန်တော် နားလည်သွားသည်။

"ဟာ မဟုတ်ပါဘူး။ မဖြစ်ပါဘူး မခင်လေးဟာ ကျွန်တော့်အတွက် အနှောင့်အယှက် မဖြစ်တဲ့အပြင် အကူအညီတစ်ခုတောင် ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်မှာ သူ့ကို 'မခင်လေး' ဟု အခေါ်အဝေါ်ပြောင်းလိုက်မိမှန်း ကျွန်တော်မသိ။ မခင်လေးခင်ဟု ခေါ်ခဲ့ရာမှ မခင်လေးဟု ခေါ်မိချေသည်။

"အကူအညီ ဟုတ်လား ကိုသက်မောင်"

"ဟုတ်ပါတယ်"

သူ့ထံမှ အင်အားကြီးမားသော အပြုံးတစ်စကို ထပ်တွေ့ရပြန်လေပြီ။

"ထွန်းလင်းလျှံလက် ပတ်ဖျိုးထဲက သဖြန်ပိုဒ်ကလေးတစ်ခုကို အစ ဖော်ပေးမိတာဟာ အကူအညီဆိုတဲ့ စကားလုံးထိတောင် သုံးစရာမလိုဘူး ထင်ပါတယ် ကိုသက်မောင်"

အင်အားကြီးမားသော သူ့အပြုံး။ ပကတိတည်ငြိမ်သော သူ့လေသံကိုကြည့်ရင်း နားထောင်ရင်း သူ့ရုပ်ပုံယောင်းတစ်ခု ပေါ်လာသည်။ ထင်ရှားပြတ်သားနေဆဲ ရုပ်ပုံယောင်း။

"ထွန်းလင်းလျှံလက် သဖြန်ပိုဒ်ဟာလဲ ကျွန်တော့်အတွက် တကယ့်အကူအညီတစ်ခုပါ၊ ဒါတင် မဟုတ်သေးပါဘူး မခင်လေး၊ ကျွန်တော့်ကို ကူညီခဲ့တာ ရှိပါသေးတယ်"

"ကိုသက်မောင်ကို ကျွန်မက ကူညီခဲ့တာ..."

အမေးစကားအတွက်တော့ ကျွန်တော့်မှာ အဖြေအဆင်သင့်။

"ဒီစန္ဒရားခန်းထဲမှာပဲလေ တို့ပြည်ထောင်စုသားအတွက် သီချင်းတိုက်မယ်လို့ ပထမဆုံး လူစုတုန်းက စန္ဒရားလှချို့နဲ့ ကိစ္စ"

'ဪ' ဟုဆိုကာ သူ မျက်တောင်တစ်ချက် နှစ်ချက် ခတ်သည်။ 'ပပဝင်း' ပတ်ဖျိုးထဲမှ စာပိုဒ်တစ်ခုကို သတိရစရာ။ မျက်လုံးတော်ရောင်သောက်ရှုးကြယ်ညိုနှောင်၊ မြမျက်တောင် ကော့ကော့ရှန်း။

"ဒါကတော့ အဲဒီဦးလှချို့ ရင့်သီးလွန်းလို့ ကျွန်မ ကြားက ဝင်ပြောမိတာပါ၊ သူ့သီချင်းတွေနဲ့ ပတ်သက်ပြီး သူ့ကို လေးစားမိတဲ့အတွက် သူ့ကို အဲဒီပုံစံမျိုးနဲ့ တွေ့လိုက်ရတော့ ကျွန်မရင်ထဲ မရှင်းလွန်းလို့ ပြောမိတာ၊ အနုပညာသမားဆိုပြီး ဒီလောက်ပဲ သေးသိမ်ရသလားလို့ ကျွန်မစိတ်မကောင်းဖြစ်သွားတာ ကိုသက်မောင်"

ကြက်ခေါင်းဆိတ်မခံ ရန်တွေ့ခြင်းမျိုး မဟုတ်သော သူ့တိုက်ပွဲဝင်သဏ္ဍာန်ကို နီးကပ်ရှင်သန်စွာ မြင်ယောင်လာသည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်နဲ့ ဖြစ်တဲ့ကိစ္စမှာ ကျွန်တော်ကိုယ်တိုင်ရင်ဆိုင်တာထက် မခင်လေး ရင်ဆိုင်လိုက်တာက ပိုပြီး ထိရောက်ပါတယ်ဗျာ၊ စန္ဒရားလှချို့ဟာ သူ့ပြဿနာ သူ ကောင်းကောင်း ပေးဆပ်သွားရတာပါပဲ။ ဒါကိုက ကျွန်တော့်အပေါ်မှာ မခင်လေး ရှိခဲ့ဖူးတဲ့ ကျေးဇူးတရားပါ"

"ယောဒ ကျေးဇူးတရားတဲ့၊ စကားလုံးတွေက ပိုပိုပြီး ကြီးကျယ်လာပါပကောလား ကိုသက်မောင်"

သူ ပို၍ နှစ်ခြိုက်စွာ ပြုံးသည်။ အရယ်ဘက်သို့ လှသောအပြုံး။ အင်အားကြီးမားခြင်းတို့ ရုပ်တန့်ကာ လှပတင့်တယ်ခြင်းတို့ ပို၍ ဖူးပွင့်လာသောအပြုံး။

"တကယ်ပါ မခင်လေး"

"ကဲ ကိုသက်မောင် အဲဒီလောက်ထိ ကျေးဇူးတင်ခံချင်ရင်လဲ ကျေးဇူးအတင်ခံလိုက်တော့မယ်လေ၊ ဒါကိုမှ အတင်မခံဘဲနေရင် စကားလုံးတွေက ထပ်ပြီး ကြီးကျယ်လာဦးမှာ မဟုတ်လား"

ယခုမှပင် ကျွန်တော် လွတ်လပ်ပေါ့ပါးစွာ ရယ်ဖြစ်လေတော့သည်။ အရယ်အပြုံးတို့ကြားတွင် ခင်မင်မှုသည် ပို၍နွေးထွေးလာသယောင်ပင်။

'ခင်လေးရေ သွားကြရအောင်' ဟု သူ့အဖော်က ဝင်ပြောသည်။

"သွားမယ် ကိုသက်မောင်၊ အနုပညာအသင်း အသံလွှင့်မယ့်နေ့ကို စောင့်နားထောင်ပါ့မယ်၊ ကိုသက်မောင်ရဲ့ ကုံကော်မြေ နွေမိုးတောင်းကိုလဲ သိပ်နားထောင်ချင်ပါတယ်"

"ဟုတ်ကဲ့"





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ဆီမှ အပြောနိုင်ဆုံးသော နှုတ်ဆက်စကားပင် ဖြစ်လေသည်။ အပန်းဖြေရိပ်သာကွေ့ တစ်ဖက်စွန်းသို့ သူ ကွယ်ပျောက်သွားသည်အထိ မျက်စိတဆုံး လိုက်မကြည့်မိစေရန် ကျွန်တော်ကြိုးစားကာ စန္ဒရားခန်းတံခါးကို အလျင်စလို ပိတ်သည်။ တုန်လှုပ်ရှုပ်ထွေးသော စိတ်အစဉ်ကို အလျဉ်ရအောင် ခွင့်မပေးဘဲ စန္ဒရားခုံတွင် ချက်ချင်း ပြန်ထိုင်သည်။

ကံကော်မြေ နွေမိုးဆောင်းအတွက် သဖြန်ပိုဒ်ကို ခြေဆင်းဖျိုးသည်။

"လေနှင့်ရော၊ တိမ်ကြောကို ဖွဲ့ပါလေကွယ်၊ ပန်းရည်ငှက်ကယ်၊ နန်းရွှေဘုံနှယ် ဆွေမယ်ရို့ထံပါ။၊ ချန်မဆိုင်းပါနဲ့၊ မှန်တိုင်းတင်ပါချေကွယ်... နန်းမြေသူ့နား"

ကျေးစေပတ်ပျိုး။ နန်းရွှေဘုံထက်က နန်းမြေသူ့ထံ မချန်မဆိုင်း၊ မှန်တိုင်းတင်ပါချေဟု ကျေးငှက်ကိုစေသော ကျေးစေပတ်ပျိုး။

တံခါးပိတ်သော်လည်း လုံခြုံမှု လုံးဝမရှိတော့ဟု ခံစားလိုက်ရသည်။ ကိုယ့်စန္ဒရားသံ၊ ကိုယ့်သီချင်းနှင့်ကိုယ် အခန်းထဲမှာ ပျံလျှံနေသည့်အထဲမှာပင် အရယ်များ၊ အပြုံးများ၊ စကားလုံးများက လှည့်လည်ပျံသန်းနေကြဆဲ။

မတော်တဆ။ အကူအညီ။ ကျေးဇူးတရား... ။

* * *



# အခန်း (၁၀)

ပင်းယဆောင် ဆင်ဝင်အောက်မှ ထွက်ပြီး အဓိပတိလမ်းမကြီးဆီသို့ ခြေလှမ်းနေရင်းမှာပင် ကျွန်တော် စိတ်မလုံမလဲ ဖြစ်နေမိသည်။

ဆောင်းငွေ့သန်းချင်နေသော ညဦးအလွန်တွင် အဆောင်ရှေ့ရှိ ဈေးဆိုင်လေးများ၌ ကျောင်းသားတို့ ကျဲပါးစပြုနေပေပြီ။ သုံးလေးငါးယောက် ကျောင်းသားအုပ်စုတို့သည် အဓိပတိလမ်းမပေါ်တွင် ဘွဲ့နှင်းသဘင်ခန်းမဘက်သို့ ဦးတည်လျှောက်နေကြသည်။ ဆေးလိပ်မီးရဲရဲများ တွေ့ရသည်။ မီးတိုင်အလင်းအောက်တွင် မြူငွေ့နှင့်အတူ လွင့်နေသော ဆေးလိပ်မီးခိုးများကို တွေ့ရသည်။ ခပ်လှမ်းလှမ်းဆီမှ သီချင်းဆိုသံများကို ကြားရသည်။ ကျောင်းသူတို့ အဆောင်ရှေ့ ကံကော်ရိပ်၊ ရေတမာရိပ်အောက်မှ ကျောင်းသားတို့၏ တေးဆိုပွဲ။

'ခွင့်လွှတ်ပါ အဖေ...' ဟု ကျွန်တော် ခြေလှမ်းတိုင်းမှာ ရင်ထဲက ရေရွတ်နေမိသည်။ အဖေ့ကိုကြိုမပြောသော အဖေမသိသော အမှုကိစ္စအချို့ကို ကျွန်တော် ကျူးလွန်နေမိပြီ။ ကြိုပြောခဲ့သော၊ ခွင့်တောင်းခဲ့သော အဖေသိသော အရာက တစ်ဝက်တစ်ပျက် တစ်ပိုင်းတစ်စသာ ဖြစ်သည်။

"ဒီနှစ်ပြီးရင် အောင်တဲ့သူ အောင်၊ ကျတဲ့သူ ကျ၊ ထွက်တဲ့သူ ထွက်နဲ့ သူငယ်ချင်းတွေ နောင်ပြန်တွေ့ကြဖို့ မလွယ်တော့ဘူး ဦးလေး။ ဒီအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

လဲ ပါပါတယ်၊ ဒါကြောင့် နေရသမျှ ကျန်တဲ့ရက်တွေ လတွေမှာ၊ သူငယ်ချင်း အချင်းချင်းလဲ အတူနေချင်တယ်၊ စကားတွေ ပြောချင်တယ်၊ ဒါပေမယ့် ညလုံးပေါက်ထိုင်ပြီး ဟီးလေးဟားလေး လုပ်နေကြမှာ မဟုတ်ပါဘူး၊ ကျွန်တော်တို့အတူတူ စာကျက်စရာလဲ ရှိပါတယ်၊ မှန်တာပြောတာပါ ဦးလေး။ ပြီးတော့ ဦးလေးသားက စာလဲတော်ပါတယ်။ သူ့ကို ကျွန်တော်တို့က စာတွေ မေးရမှာပါ၊ ဒါကြောင့်ပါ ...”

ဟု သူငယ်ချင်းက ခွင့်တောင်းပြောပြောရင်း နားပူနားဆာလုပ်သော အခါ အဖေ ပြုံးနေသည်။ ‘ငါ့သားမပါရင်ကို မင်းတို့မှာ စာကျက်လို့မရ တော့ဘူးဆိုတာမျိုး ဖြစ်နေပါပကောကွ’ ဟု အဖေ ပြုံးလျက်ပြောသေးသည်။

“ဒီလိုကြီးတော့လဲ မဟုတ်ဘူးပေါ့ ဦးလေးရယ်၊ စောစောက ပြောသလို သူငယ်ချင်းတွေ အတူနေလိုက်ချင်တာလဲ ပါပါတယ်”

“နှစ်ခုစလုံး အမှန်တွေချည်း ဆိုပါတော့ကွာ”

အဖေက ကျွန်တော့်ဘက် တစ်ချက်ငဲ့ကြည့်ရင်း ပြောသည်။

“သူငယ်ချင်းတွေကို ကျွန်တော် အိမ်ခေါ်ချင်ပါတယ် အဖေ၊ ဒါပေမယ့် အိမ်က ကျဉ်းတော့ ဒီတစ်စုတစ်ဝေးကြီးနဲ့မို့ ...

နားလည်တတ်လွန်းသော အဖေက ထုံးစံအတိုင်း လျှော့ကျနေသည့် မျက်မှန်ကို ပင့်တင်ကာ ပြောရှာလေသည်။

“ဟော ...အဖေက ငါ့သားကို ဘာများပြောနေလို့လဲကွ”

‘ခွင့်လွှတ်ပါ အဖေ၊ ခွင့်လွှတ်ပါ အဖေ’ ဟု ကျွန်တော့်ရင်ထဲမှ ရေရွတ်နေမိသည်။ အဓိပတိလမ်းမအတိုင်း ဘွဲ့နှင်းသဘင်ဘက်သို့ လျှောက် ခဲ့ကြသည်။ စာကြည့်တိုက်ရှေ့ ရောက်လာသည်။ မြောက်ပြန်လေတစ်ချက် ဝေ့သည်။ သစ်ရွက် သစ်အုပ်တို့ ရှဲခနဲ ...။

“ဖိုးသက်မောင် ငြိမ်လှချည်လား၊ ညကို ခံစားနေတာလားဟ”

အလကားနေရင်း ပျော်နေတတ်သော ဝင်းလွင်က ကျွန်တော့်ပခုံးကို ခပ်ပြင်းပြင်း ပုတ်၍ ပြောသည်။ ပြောပြီး သူရယ်သည်။ ကျွန်တော်





ဘာမှ ပြန်မပြောဖြစ်။ ဝဲဘက်ဘေးက လျှောက်လာသော ကိုအောင်ချစ် ကြီးက ...

“ဒီကောင်လား ခံစားနေမှာ၊ ငါထင်တာတော့ သူ့အဖေကို ခွင့် တောင်းတဲ့အထဲမှာ စာကျက်ပြီး ခဏတစ်ဖြုတ်နားရင် မိန်းကလေးဆောင် တွေဘက် သီချင်းသွားဆိုမယ်ဆိုတဲ့ အချက်မပါလို့ နောင်တရနေတာ”

ထိထိမိမိပင် မှန်တော့သည်။

“အေးဗျာ ... ဟုတ်ပါရဲ့ စတုတ္ထနှစ် ကျောင်းသားကြီးလုပ်နေပြီး သူငယ်ချင်းတွေနဲ့ အတူ အဆောင်မှာ ညအိပ်ပြီး စာကျက်ဖို့ကိစ္စကို အရပ် ကူပါ လူဝိုင်းပါနဲ့ ခွင့်တောင်းရတယ်လို့ ကလေးမဟုတ် သူငယ်မဟုတ်”

အကြောင်းသိသော မြန်မာစာ ကိုစောလွင်ကတော့ ဘာမှ မပြော။ မယ်ဒလင်ကို အကျအနထမ်းလျက် ရှေ့ဆုံးက ခပ်သုတ်သုတ်လျှောက် နှင့်သည်။

“ဒီကောင် သူ့အဖေကို ဒီလောက်ကြောက်နေတာ၊ ဘာတွေ လုပ် ထားခဲ့မှန်းမှ မသိပဲ။ ကြီးကြီးကျယ်ကျယ် အပြစ်တစ်ခုခုရှိလို့ အဖေလုပ်တဲ့ သူက ကောင်းကောင်း ဆုံးမ၊ ကောင်းကောင်း သတိပေးထားလို့ ဒီ လောက်မီးသေပြီး ဝပ်နေတာဖြစ်မှာပေါ့၊ ဟုတ်လားဟေ့”

ကျွန်တော် ဘာမှ ပြန်မပြောတော့။ ပြောဖို့လည်း အားမထုတ်တော့။ စိတ်ထဲကမူ အခုလိုမိန်းကလေးဆောင်တွေဘက် ထွက်ပြီး တီးဆိုကြသည့် အကြောင်းကိုတော့ အဖေ့ ပြန်ပြောပြရဦးမည်ဟု တေးထားလိုက်သည်။

ကိုစောလွင်က နောက်လှည့်မကြည့်ဘဲ အသံမြှင့်ကာ ...

“လာကြဗျို့ ခပ်သုတ်သုတ်ကလေး၊ ကျွန်တော်တို့အဖွဲ့ သိပ်နောက် ကျနေမယ်”

ဟု ပြောရင်း ခြေလှမ်းကို ကျဲလိုက်သဖြင့် စကားစ ပြတ်သွားကြ သည်။ ဝင်းလွင်က ‘သစ်ခင်တွေဖူးပါတဲ့ ဆောင်းဦးကိုလဲ ရောက်ချပြီလေ။ သည်အခါ သည်မယ ခွဲကြရမယ့်အခြေ’ ဟူသောအပိုဒ်ကို ကောက်ဟစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုအောင်ချစ်ကြီးက 'ဟဲ့ ကောင်လေး လုပ်ထားစမ်း' ဟု ထောက်အပေးတွင် အချိန်တန် အိမ်ပြန်ရမယ့် ကိုယ့်လိပ်ပြာက မင်းထံမှာနေ အပိုဒ်ကို ဝင်းလွင် သံကုန်ဟစ်တော့သည်။ စည်းကျိုးဝါးကျိုးသံကြောင့် သံနှစ်ဖြစ်သောကြောင့် ကျွန်တော် ရယ်ရတော့သည်။

လွတ်လပ် ပျော်ရွှင်ခြင်း တစ်ခဏကို ရရှိလိုက်လေသည်။

*

"သိရိမှာလဲ ပြည့်နေပြီ၊ မာလာလဲ ပြည့်နေပြီ၊ ကိုင်း... ရတနာဆောင်ဆီပဲ ချီတက်ကြစို့၊ အင်းယားဘက်ဆိုတော့ တီးဝိုင်းအဖွဲ့ ရှင်းပါလိမ့်မယ်"

ဟု ဝင်းလွင်က ပြောပြောဆိုဆို ကိုစောလွင်လက်ထဲက မယ်ဒလင်ကို ဆွဲယူကာ အင်းယားမြိုင်ထဲသို့ ချိုးဝင်သွားသည်။

"ဟော့ကောင် ရတနာမှာ မင်းကြိုက်နေတဲ့ ကောင်မလေး ရှိပါတယ်ကွာ၊ ငါမသိတာမှတ်လို့၊ အစကတည်းက ရတနာသွားချင်တာပါလို့ ဖွင့်ပြောလဲ ငါတို့က ပါရမီဖြည့်ကြရမှာပါ"

ကိုအောင်ချစ်ကြီးစကားကို ဝင်းလွင် ပြန်မချေတော့။ ကျွန်တော်တို့တစ်စု သူ့နောက်မှသာ လိုက်ကြရတော့သည်။

ကံ့ကော်အုပ်တို့ တစ်အုပ်တစ်ထွေးကြီးတန်းနေသောလမ်းသည် ညတွင် တိတ်ဆိတ်စွာ လှနေသည်။ ရတနာဆောင် ဆင်ဝင်မီးကား လင်းနေဆဲ။ အဆောင်အခန်း ပြတင်းတချို့မှာလည်း မီးလင်းနေဆဲ၊ ကျွန်တော်တို့ ကံ့ကော်တစ်အုပ်အောက်တွင် နေရာယူလိုက်ကြသည်။ တီးဝိုင်းလက်စသတ်၍ ပြန်လာကြဟန်တူသော ကျောင်းသားတစ်စုကို တွေ့ရသည်။ သူတို့အုပ်စုမှာ ဂစ်တာအုပ်စု၊ သီချင်းအရှိန် မသေသေး။ 'မြန်နန္ဒာ နေညိုညိုရစ်ကာသမ်းတော့' ကို သံပြိုင်ဆိုလာကြသည်။

ကံ့ကော်အမှောင်ရိပ်တွင် ထိုင်မိကြသောအခါ ဝင်းလွင်က ကျွန်တော့်





လက်ထဲသို့ မယ်ဒလင် ထည့်ပေးသည်။ ကိုအောင်ချစ်ကြီးက ပိတ်ထားသော အဆောင်တံခါးရှေ့က အုတ်ခုံသို့ သွားထိုင်သည်။

"ဖိုးသက်မောင် အသံလွှင့်သွားတဲ့ မင်းသီချင်း လုပ်ကွာ၊ ကံ့ကော်မြေ နွေမိုးဆောင်း၊ ဆိုတီးလေးပေါ့"

"ဟာ... ဘယ်ဖြစ်မလဲ၊ ကိုသက်မောင်မှန်း သိသွားမှာပေါ့"

"မသိနိုင်ပါဘူး ကိုစောလွင်ရဲ့၊ အသံလွှင့်တုန်းက သူဆိုတာမှမဟုတ်ပဲ၊ တီးရုံပဲ တီးတာ။ ကဲ... သိတော့လဲ ဘာဖြစ်သလဲ၊ တက္ကသိုလ်သက်မောင်ကိုယ်တိုင် လာပြီးဖျော်ဖြေတယ်ဆိုတာ ရတနာအတွက် နည်းတဲ့ဂုဏ်မှ မဟုတ်ပဲ လုပ်ကွာ ဖိုးသက်မောင်"

"အဲဒါတော့ မလုပ်ပါနဲ့ ကိုသက်မောင်ရာ"

ကိုစောလွင်နှင့် ဝင်းလွင်တို့ အချီအချရှိနေကြစဉ် မယ်ဒလင်ကို ပွေ့ထားရင်း မန္တလေးအရှေ့ကျုံးလမ်းမှ တေးဆိုပွဲကိုသာ ကျွန်တော် သတိရနေသည်။ ဇော်ဝင်း၊ ဘိုနီ၊ ခင်မောင်ကြည်၊ တင်ဝင်း၊ အောင်ခင်မြင့်၊ သန်းထွန်း၊ ရန်အောင်။ ပြီးတော့... လရောင်နှင်းဆမ်းည။ စက်ဘီးကိုယ်စီ၊ တောင်မြောက်ခေါက်တုံ့ခေါက်ပြန်။ ပြီးတော့... ပဥ္စသီခ။

"ဟော့... ဘယ်လိုလဲကွ အသံတိတ်သီချင်းဆိုပွဲလား"

ကိုအောင်ချစ်ကြီးက အုတ်ခုံဆီမှ လှမ်းအော်သည်။ ဝင်းလွင်နှင့် ကိုစောလွင်တို့ ဘာတွေညှိနှိုင်းပြီး ဘယ်လိုသဘောတူညီသွားကြသလဲ မသိ။ ကိုစောလွင် ကျွန်တော့်နား ရောက်လာသည်။

"ကိုသက်မောင်၊ ကျွန်တော် တက္ကသိုလ်မှာ ဝေတဲ့နှင်း ဆိုမယ်"

ကျွန်တော် တီးပေးရသည်။ ကိုစောလွင် သပ်သပ်ရပ်ရပ်ပင် ဆိုသွားလေသည်။ ကိုစောလွင် အလှည့်အပြီးတွင် ဝင်းလွင်အတွက် ချစ်ရှေ ရှည်ရှည် အင်းယားမြေ။ သူကြိုးစား၍ ဆိုသည်။ ကိုအောင်ချစ်ကြီးက တစ်ဆောင်းသစ်ပြန်ပြီ။

"ကိုသက်မောင် ဆိုတီးလေး နားထောင်ချင်တယ်ဗျာ"

www.burmeseclassic.com



"ကျွန်တော် ဆိုမလို့ပါ ကိုစောလွင်ရယ်"

ကျွန်တော် ငြင်းမည်ဟု ထင်နေပုံရသည်။ ကိုစောလွင် အုံ့အားသင့်သွားဟန်ပင်၊ ဆောင်းငွေ့သန်းညု၊ ကုံကော်ရိပ်၊ စီးမျောနေသော ဂီတသံများ၊ လွတ်လပ်လွင့်ပါးစိတ်အလျဉ်။ မရနိုင်တော့ပြီဖြစ်သော ငယ်ဘဝ၊ ကွာလှမ်းခဲ့ပြီ ဖြစ်သော ကာလများ၊ ငယ်သူငယ်ချင်းများ၊ မန္တလေးအရှေ့ကျုံးလမ်း။

အစခပ်သိမ်းသည် ကျွန်တော့်အား ညွတ်နူးစေကြပြီ။

သီချင်းကိုပဲ ရွေးရတော့မည်။ အရှေ့ကျုံးလမ်းတုန်းကလို မဟုတ်တော့။ ရွေးစရာသီချင်းတွေ အများကြီး ရှိသည်။ ဘဝအလွမ်း၊ ဇာတိဒေသအလွမ်း၊ ချစ်နှင်းမှုန်မှုန်၊ ကိုယ့်ရပ်ဌာန၊ ဘဝဟူသည် ... ။

နှလုံးထောင့်တွင် အောင်းခိုနေသောအရာတစ်ခု ထွက်ပြူသည်။ ဝေးလံသော အရပ်ဆီမှ အသံများ။ ငမောင် ဆိုလေကွာ ဘာစဉ်းစားနေတာလဲ။ ဂီတာတေးသီချင်းများကို၊ ပဥ္စသီခနတ်ဒေဝါ၊ တံတျာတေးသံကြူ။

ရစ်ပတ်ယှက်လိမ်လေသော အလွမ်းငွေ့များထဲမှ တစ်စုံတစ်ခုသည် ထင်ရှားလာလေသည်။ နီးကပ်စွာ ရွေ့လျားတိုးဝင်လာသည်။ နှုတ်ဖျားတွင် သီးလာအုံ့ဆဲဆဲ သီချင်းများအားလုံးကို အပြီးတိုင်ဖယ်ရှားလျက် တစ်ပုဒ်သောတေးကို ကျွန်တော် ရွေးလိုက်သည်။

"အလှဆန်းကြယ်၊ နတ်မိမယ်၊ ကြင်သူ့စကား နားဆင်မယ်လားကွယ်"

အဆိုကို အာရုံပြုထားရသဖြင့် မယ်ဒလင်ကြိုးများပေါ်မှ လက်ချောင်းတို့ကို စိတ်ရှိတိုင်း ကစား၍မရ။ သို့သော် သည်အနေကိုပင် ကျွန်တော် နှစ်သက်သည်။

"အဖျားညွတ်သိပ်၊ သံများချိတ်ကို၊ စိတ်ရှိတိုင်း မျိုမိမှာ... ကြမ္မာငင်သော ငါးပုံနှယ်... အာခံတွင်း ထွင်းဖောက် စူးနစ်... ရန်းကန်၍ မဖြစ်နိုင်သည့်ပုံသဖွယ်... ချစ်ခြင်း၏ နံ့အတွင်းဝယ် လွတ်ကင်းဖွယ်မရှိသော... နှလုံးသားအနွယ်... "



ကိုယ်တိုင်သည်ပင်လျှင် လေပွေတစ်ခု ဖြစ်သွားကာ ကိုယ်တိုင်ကိုပင်လျှင် တိုက်ခတ်မျောပါသွားစေပြီ ထင်ရသည်။

"ချစ်ခြင်း၏ နံ့အတွင်းဝယ် လွတ်ကင်းဖွယ်မရှိသော နှလုံးသားအနွယ် ဆုတ်နစ်တဖန် ပကတိ ပြန်မဖြစ်နိုင်တော့တယ်။ လုံ့လကြံ့ခိုင် မစွမ်းနိုင်လေတယ်... ဪ... ချစ်သူခင်လေးရယ်... ဒေဝစ္ဆရာနတ်မယ်ထံပါးခစားရသော နတ်ဆောင်းရှင်နှယ်... တိမ်ညိုလာနန်းက... ပဥ္စသီခအလားသဖွယ်... ချစ်စကား... ချစ်ရေး... ချစ်တေးသီဖို့ စိုးရှုံ့စိတ်နှောင် ပူဇော်ပါကြွယ်"

အတူတကွ လေးတွဲ့စွာစီးဆင်းကာ တေးနှင့်ဂီတတို့သည် အတူတကွပင် ငြိမ်သက်ပိပြားစွာ အဆုံးသတ်သွားကြလေသည်။

"ကိုသက်မောင် ကောင်းလိုက်တာဗျာ။ ဘယ်သူ့သီချင်းလဲ ဂီတနက်သန်လား"

ကိုစောလွင်အမေးကို ကျွန်တော် ပြုံး၍ ဖြေဖြစ်သည်။

"ဂီတနက်သန် မဟုတ်ပါဘူးဗျာ၊ မလုပ်လိုက်ပါနဲ့ ကိုစောညိမ်းခြေဖျားတောင် ကျွန်တော် မမီပါဘူး"

"ကြားဖူးသလိုလိုနဲ့ တစ်ခါမှ မကြားဖူးလို့ဗျ"

ဝင်းလွင်နှင့် ကိုအောင်ချစ်ကြီးတို့ပါ အနားရောက်လာကြသည်။

"ဘယ်ကြားဖူးမလဲ၊ အခုမှ စဆိုဖြစ်တဲ့ သီချင်း ကျွန်တော့်သီချင်း"

"မင်းသီချင်း"

"ဟုတ်တယ် ကိုအောင်ချစ်ကြီး၊ ဟိုတလောကမှ ကျွန်တော် စပ်ထားတာ၊ အချောမကိုင်ရသေးဘူး"

"ဟာ ဒါတောင် အတော်ကောင်းနေပြီကွ"

မှောင်ရိပ်တွင် ပြုံးမိပြန်သည်။ သူတို့ထင်သလောက် မကောင်းသေးမှန်း ကျွန်တော့်ကိုယ်ကျွန်တော် သိနေသည်။ သံစဉ်စီးဆင်းမှု မညက်သေး။ အတော အခုများက လိုသည်ထက် ပို၍ ရှည်နေသည်။ ထို့



www.burmeseclassic.com

www.burmeseclassic.com

ထက်မှ ပဉ္စသီလ စောင်းချင်းဂါထာ ဆယ်ငါးပုဒ်မှ သတ္တမမြောက်အပုဒ်ကို မှီးထားသော ဤသီချင်းသည် မူရင်းဂါထာအနက်ကို မမီသေးကြောင်း ကျွန်တော် နားလည်ထားသည်။ ခေါင်းစဉ်အမည်မပေးရသေးသော ဤသီချင်းသည် အကြမ်းထည်သက်သက်။

"ထပ်လုပ်စမ်းပါဦးကွာ"

အီးဖလက်ကို ကျွန်တော် လက်ကွက် စမ်းကြည့်သည်။ ထပ်ဆိုဖို့တော့ စိတ်မကူး။ သူတို့ဆိုချင်လျှင် ထပ်တီးပေးဖို့သာ။

"နေဦးဗျ၊ ဝင်းလွင်ဗွားလာတဲ့ မယ်ဒလင်က ကီးတွေ သိပ်မကောင်းဘူး၊ အခု သီချင်းလေးပုဒ်ပဲ ရှိသေးတယ် ကြိုးတွေ လျော့နေပြီ"

ကျွန်တော် ကြိုးပြန်ညှိရသည်။ တစ်ကြိုးသည် အခြေအနေ အဆိုးဆုံး၊ ကီးမကောင်းသောကြောင့် ညှိတိုင်း တင်းတိုင်း ပြန်ပြန် လျော့သည်။ ဘာရစ်ချိကလည်း အိုးပေါ်မှာ သိပ်မမြဲချင်။ လျော့လိုက် တင်းလိုက်လုပ်ကာ ညှိရသည်။

ညှိနေဆဲမှာပင် ...

ထောက်ခနဲ အသံ။

"သွားပြီ၊ ဝင်းလွင်ရေ... မင့်မယ်ဒလင်ကြိုး ပြတ်သွားပြီ"

"ဟာ အဲဒါမှ ပြဿနာပဲ။ ဟိုမှာ အခြေအနေ သိပ်ကောင်းနေတာကွ"

မီးရောင်များလင်းနေသော ပြတင်းပေါက်များဆီသို့ သူပြသည်။

"ကြိုးပြတ်နဲ့ပဲ တီးကွာ၊ ပြန်ဆက်ကွာ"

"ဟာ မကောင်းဘူး၊ ကောင်းမှာ မဟုတ်တော့ဘူး"

နာနေသော မယ်ဒလင်သည် ဘယ်လိုမှ ကောင်းနိုင်တော့မည် မဟုတ်။

"ကြိုးလေးဘာလေး အပိုဝယ်လာမှပေါ့ကွ ဝင်းလွင်"

"ဟာ ကျွန်တော်လဲ ဘယ်သိမလဲ ကိုအောင်ချစ်ရ"





ပဉ္စသီလ စောင်းချင်းဂါထာ၏ သတ္တမမြောက်အပိုဒ်ကို တီးအပြီး ကြိုးပြတ်သွားခြင်းကြောင့် ကျွန်တော်လည်း စိတ်မရှင်း။

ထိုစဉ်မှာပင် အရိပ်တစ်ရိပ်သည် ကုံကော်ပင်တစ်ပင်အောက်ဆီမှ ထိုးထွက်လာလေသည်။ ထိုသဏ္ဍာန်ထံမှ အသံတစ်သံလည်း ပေါ်လာသည်။

"ကျွန်တော့်မှာ ကြိုးအသစ်ပါတယ် မိတ်ဆွေ"

*

မီးရောင်ပြိုးပြက် ကြိုးကျဲကျဲ အမှောင် ကုံကော်ရိပ်အောက်သို့ သူ ဝင်လာသည်။ မီးမသေသေးသော ဆေးပေါ့လိပ်တိုကို ခဲထားသည်။ အမှောင်ကို ကျင့်သားရထားသော ကျွန်တော့်မျက်လုံးများက သူ့အသွင်ကို ကောင်းစွာ ဖမ်းမိနေသည်။ လူရွယ်တစ်ယောက်။ ကျွန်တော့်လောက်ပင် ရှိမည်။ အသားဖြူဖျော့ကြောင်း ထင်ရှားသည်။ ပါးရိုး နားသယ်ချောင်ကျနေသော မျက်နှာသွယ်သွယ်၏ နဖူးပေါ်တွင် ဆံပင်များ ဖရိုဖရဲဝဲကျနေသည်။ မရိတ်မဖြတ်ထားသော မြက်ရိုင်းတောတစ်ခုလို သူ့ဆံပင်များသည် ရှည်လျားစွာ ငိုက်ကျနေသည်။

ကျွန်တော့်နားတွင် သူ ရပ်သည်။ ခဲထားသော ဆေးပေါ့လိပ်ကို ဘယ်လက်ဖြင့် ဖြုတ်ယူကာ ညာလက်ဖြင့် အင်္ကျီအိတ်ထဲသို့ နှိုက်သည်။ အင်္ကျီမှာ အတော်ကြီး နွမ်းကြေနေပြီး အိတ်ဖုံးပါသည်။ နှိုက်လိုက်သော လက် ပြန်ထုတ်လိုက်သောအခါ သူ့လက်ထဲတွင် စက္ကူအိတ်ကလေးတစ်ခု။ တိုက်သုံးလုံးတံဆိပ် မယ်ဒလင်ကြိုး။

"မိတ်ဆွေရဲ့ မယ်ဒလင်ကြိုး ပြတ်သွားတယ်၊ အဲဒါ တစ်ကြိုး မဟုတ်လား။ ကျွန်တော့်မှာ ကြိုးအစုံပါတယ်၊ ယောဒါ တစ်ကြိုးပါ၊ ပြန်တပ်မယ် မဟုတ်လား မိတ်ဆွေ၊ ပြန်တပ်လိုက်ပါဗျာ... "

'မိတ်ဆွေ' ဟူသော နာမ်စားကို သူ သုံးသည်။ နားထဲ အတော် ထောက်သော အသုံးအနှုန်းပင်။ မိတ်ဆွေဆိုသောစကားလုံးကို စကားထဲ ထည့်ပြောသူ အတော်ရှားလိမ့်မည် ထင်သည်။ ထို့ထက် မယ်ဒလင်ကြိုး



www.burmeseclassic.com

www.burmeseclassic.com

ပြတ်သွားရာ၌ ဘယ်ကြိုးဟူ၍ ကျွန်တော် မပြောခဲ့။ ဝင်းလွင်တို့ကို ကြိုးပြတ်သွားပြီ ဟုသာ ပြောခဲ့သည်။ ယခု ကုံကော်ပင်ရိပ်က ထွက်လာသော အမည်မသိ လူစိမ်းက တစ်ကြိုးဟူ၍ အတပ်ပြောကာ သူ့အိတ်ထဲမှ တိုက်သုံးလုံးတံဆိပ် တစ်ကြိုးကိုပင် ထုတ်ပေးနေပြီ။

"မိတ်ဆွေကြီး အသစ်တပ်ပြီး ဆက်တီးဦးမှာ မဟုတ်လား၊ တီးပါဗျာ။ ကျွန်တော် နားထောင်ချင်ပါတယ်၊ မိတ်ဆွေရဲ့ လက်သံဟာ တကယ်ကောင်းပါတယ်"

တစ်ခုခုတော့ မှားနေပြီဟု ကျွန်တော် အလိုလို သိလာသည်။

"ကျွန်တော် ကြိုးတပ်ပေးမယ်၊ မိတ်ဆွေရဲ့ မယ်ဒလင် ပေး"

သူ့လက်က မယ်ဒလင်ပေါ် ရောက်လာသည်။ ကျွန်တော် အံ့သြထိတ်လန့်လျက် မယ်ဒလင်ကို တင်းတင်းဆုပ်ထားမိသည်။ အုတ်ခုံတွင်ထိုင်နေသော ကိုအောင်ချစ်ကြီးလည်း အနားရောက်လာပြီ။ ဝင်းလွင်ထံမှ အသက်ပြင်းပြင်း ရှူသံ ကြားရသည်။ သူတို့နှစ်ယောက် ရန်စောင်နေသော အနေအထားမျိုး။

"ပေးပါ မိတ်ဆွေ၊ ကျွန်တော် ကူညီပါရစေ"

မယ်ဒလင်ပေါ်တွင် သူ့လက် ကျွန်တော့်လက် ပြိုင်တူ ဆုပ်ကိုင်လျက်။

ထိုစဉ် ကျွန်တော့်လက်ဖမောင်းကို အသာအယာ တို့ထိလိုက်သည့် အထိအတွေ့ကို ရသည်။ ငုံ့ကြည့်လိုက်သောအခါ ကိုစောလွင်။

ကိုစောလွင်က လက်ဖြင့်ထပ်ကုပ်လျက် ခေါင်းညိတ်ပြနေသည်။ သူ့မျက်နှာ လေးနက်လွန်းလှသည်။ ခေါင်းထပ်ညိတ်ပြသည်။ သဘောပေါက်လိုက်သည်။ မယ်ဒလင်ပေးလိုက်ပါဆိုသည့် အဓိပ္ပာယ်။ မယ်ဒလင်ပေါ်မှ ကျွန်တော့်လက်ချောင်းများကို ဖြေလျှော့ပေးလိုက်သည်။

"ဟော့လူ ဒါက ဘာ... "

ကိုအောင်ချစ်ကြီးစကားကို ကိုစောလွင်က ကမန်းကတန်းလက်





ကာပြ၍ ဟန့်သည်။ တစ်ဝက်တစ်ပျက်နှင့် ရပ်သွားလေသည်။ လူစိမ်းကမူ ကိုအောင်ချစ်ကြီး၏ တစ်ပိုင်းတစ်စ ရန်စကားကို ကြားဟန်မတူ။ မယ်ဒလင်တစ်ကြိုးအဟောင်းကို ဖြုတ်ကာ အသစ်တပ်သည်။ သူ့လှုပ်ရှားမှုများ ကျွမ်းကျင်လှချေသည်။ ခွဲစိတ်ပြီးနောက် ဒဏ်ရာပြန်ချုပ်နေသော ဆရာဝန်တစ်ယောက်၏ သွက်လက်ကျွမ်းကျင်စေ့စပ်မှုမျိုး။

"ရော့ မိတ်ဆွေ၊ ကြိုးတပ်ပြီးပါပြီ"

ကျွန်တော် ထပ်၍ အံ့သြရပြန်လေသည်။ ကြိုးတပ်ရုံမျှမက တစ်ကြိုးကို သူ အသံညှိပြီးသား ဖြစ်နေသည်။ မယ်ဒလင်ကို လှမ်းယူပြီး ကျွန်တော် အသံစမ်းကြည့်လိုက်ခြင်းကို သူ သိသွားသည်။ သည်မှာပင် သူ့ထံမှ ဖျော့တော့သော အပြုံးတစ်ခုကို တွေ့လိုက်ရသည်။ သူ့ပြုံးပုံမှာ အားနည်းလွန်းလှသည်။ မျက်နှာထားတစ်ခု ကွဲကြေသွားသည့် အပြုံးမျိုး ဖြစ်သည်။

"စောစောက ဆိုတီး တီးသွားတဲ့သီချင်းလေးကို ထပ်လုပ်မယ် မဟုတ်လား မိတ်ဆွေ၊ ဝန်မလေးဘူးဆိုရင်တော့ အဲဒီသီချင်းလေးကိုပဲ နားထောင်ပါရစေနော်၊ သြော်... မီးခြစ်ကလေးများပါရင် တစ်ဆိတ်လောက် ခင်ဗျာ"

အလွန်နုံးညံ့ကျိုးနွံစွာ ထွက်ပေါ်နေသောအသံဖြင့်ပင် သူ မီးခြစ်တောင်းသည်။ ကိုအောင်ချစ်ကြီးက မီးခြစ်ထုတ်ပေးသည်။ 'ကျေးဇူးတင်ပါတယ် ခင်ဗျာ' ဟု ပြောကာ သူ ဆေးလိပ်မီးညှိသည်။ မီးတောက်အလင်းတွင် တွေ့လိုက်ရသော သူ့မျက်နှာသည် ထင်သည်ထက်ပို၍ ဖျော့တော့နေလေသည်။ 'ကျေးဇူးတင်ပါတယ် ခင်ဗျာ' ဟုပင်ပြောကာ သူ လက်နှစ်ဖက်ဖြင့် မီးခြစ်ပြန်ပေးသည်။ ထို့နောက် ကာလကြာမြင့်စွာ ငတ်မွတ်နေသူတစ်ဦး အစာကို တပ်မက်စွာလွေးသကဲ့သို့ ဆေးလိပ်ကို သူ သဲကြီးမဲကြီး ရှိုက်ဖွာနေသည်။ မီးခိုးငွေ့များ ထောင်းထောင်းထနေသည့်ကြားမှ သူ ကျွန်တော့်ကို ကြည့်ကာ...


www.burmeseclassic.com

www.burmeseclassic.com

"စောစောက သီချင်းလေးလေ၊ အလှဆန်းကြယ်၊ နတ်မိမယ်၊ ကြင်သူ့စကား နားဆင်မယ်လားကွယ် ဆိုတာလေးလနဲ့ စတယ်ထင်ပါတယ်၊ အဲဒီသီချင်းလေး ပြန်ကြားပါရစေလား မိတ်ဆွေ"

မယ်ဒလင်ကို ပို၍တင်းတင်းကျပ်ကျပ် ဆုပ်ညှစ်မိတော့သည်။ ကျွန်တော့်သီချင်း၏ အဦးဆုံးအပိုဒ်စာသားများကို သူ တစ်လုံးမလွဲ ရွတ်ပြနေချေသည်။ သူ့ကြည့်တော့ အေးဆေးသက်သာစွာ...

"လုပ်လိုက်ပါ ကိုသက်မောင်"

ကိုစောလွင်က နားနားကပ်၍ လေသံဖြင့် ပြောသည်။ ကျွန်တော် တုံ့ဆိုင်းငြင်းပယ်ရန် မရှိတော့။ မယ်ဒလင်ကို ရင်ခွင်သို့ အပ်လိုက်ရသည်။ သီချင်းအချပိုဒ်များတွင် ကျွန်တော် အသံတုန်ချင်နေသည်။ တစ်ညတည်း နှစ်ခါဆိုရသော၊ ဆိုဖြစ်သွားသော သီချင်း။

"ဒေဝဋ္ဌကာ နတ်မယ်ထံပါး... ခစားရသော နတ်စောင်းရှင်နှယ်... တိမ်ညိုလာနန်းက ပဉ္စသိခ အလားသဖွယ် ချစ်စကား ချစ်ရေး... ချစ်တေး သိဝံ့ မသိဝံ့ဝံ့ စိုးရွံ့စိတ်နှောင်ပူဗျာပါကြွယ်... "

သီချင်းသံအဆိတ်တွင် အားလုံး တိတ်နေကြသည်။ ဦးစွာ စကားပြောသူကား သူ... လူစိမ်း။

"ကောင်းတယ်ဗျာ၊ ဒါပေမယ့် သံစဉ်ဆင်းတာလေး သိပ်မညက်သေးဘူးနော်၊ အတောအခုလေးတွေ နှစ်နေရာလောက်မှာ နည်းနည်းရှက်နေသလိုပဲ။ ပြီးတော့ ကျွန်တော်သာ အမှတ်မလွဲဘူးဆိုရင် ဒီသီချင်းလေးထဲက စာတွေဟာ ပဉ္စသိခစောင်းချင်းဂါထာ ဆယ့်ငါးပုဒ်ထဲက သတ္တမမြောက်အပုဒ်ကို အခြေခံထားတာနဲ့ တူတယ်၊ ဟုတ်ပါသလား မိတ်ဆွေ၊ ကျွန်တော်မှားရင် ခွင့်လွှတ်ပါနော်"

အဆုံးစွန်သော အံ့သြတုန်လှုပ်မှု၊ မယ်ဒလင် လွှတ်ကျမသွားသည် ကပင် တော်သေးသည်ဟု ဆိုရတော့မည်။ ခေါင်းစဉ်မတပ်ရသေးသော ယခုမှ ရေးစပ်ထားကာစဖြစ်သော၊ အချောမကိုင်ရသေးသော ဤသီချင်း





နှင့် ပတ်သက်၍ သူ ပြောလိုက်ပုံကား ကြက်သီးမွေးညင်းထဖွယ်။

သံစဉ်စီးဆင်းမှု သိပ်မညက်သေး... တဲ့။ မှန်သည်။

အတောအခုတွေ နည်းနည်းရှည်သည်တဲ့။ ဒါလဲ ဟုတ်သည်။

အဆုံးစွန်တွင်ကား ပဉ္စသိခစောင်းညင်းဂါထာ ဆယ့်ငါးပုဒ်ထဲက သတ္တမမြောက်အပိုဒ်။ သည်အထိတော့ လွန်လွန်းပြီဟု ဆိုရတော့မည်။ အံ့သြတုန်လှုပ်လွန်းသောကြောင့် ကျွန်တော့်မှာ ပြောစရာစကား ရှာမတွေ့တော့။ သူ့ကိုကြည့်ရင်း ကျွန်တော် ကြောက်လာသည်။ ဖျော့တော့ပိန်လှီသောသူ့ကိုကြည့်ကာ ကျွန်တော် ကြောက်လာသည်။ သူ... ဘယ်သူလဲ။ သူ... ဘယ်သူလဲ။

"ကျေးဇူးကြီးလှပါတယ် မိတ်ဆွေ...၊ ကျွန်တော့်ကို ပြန်ခွင့်ပြုဦးနော်"

သူ တစ်ချက်ပြုံးကာ လှည့်ထွက်သွားသည်။ အင်းလျားကန်ဘောင်ရိုးလမ်းအတိုင်း၊ အင်းလျားမြိုင်လမ်းအတိုင်း ပြည်လမ်းမကြီးဘက်ဆီသို့ တဖြည်းဖြည်း အမှောင်ထဲတွင် သူ တိုးဝင်နစ်မြုပ်သွားသည်။

ကျွန်တော့်နောက်မှ ကိုစောလွင်၏ သက်ပြင်းချသံနှင့် အတူ ရောပါလာသော လေသံသဲ့သဲ့ ပေါ်လာသည်။

"သနားစရာပါ၊ ဒီလူ စိတ်သိပ်မနှံ့ရှာဘူး"

"ဟင်း... "

* * *


www.burmeseclassic.com

# အခန်း (၁၁)

အနုပညာအသင်း အသံလွှင့်သည့်နေ့သို့ ရောက်လာသည်။ ဆရာဦးစန်းအုန်း တစ်ချိန်လုံး ကြီးကြပ်သည်။ ကျွန်တော့် 'ကံ့ကော်မြေ နွေမိုးဆောင်း' ကို တီးဝိုင်းဖြင့် တစ်ခါဆိုဖူးထားသူ ဂုဏ်ထူးတန်းကျောင်းသား တက္ကသိုလ် လှဝင်းမြတ် သီဆိုသည်။ စန္ဒရားကို ကျွန်တော် တီးပေးရသည်။ လေမှုတ်တူရိယာအချို့ပါလာသောကြောင့် သူတို့အတွက် ပတ်ကားနုတ်စ်ကို မြန်မာ့အသံမှ စန္ဒရားအောင်ခင်နှင့် ကလယ်ရီနက် ကိုသောင်းတို့က ကူးရေးပေးကြသည်။ ပတ်ကားနုတ်စ်ကို ကျွန်တော် မနိုင်သေး။ လေမှုတ်တူရိယာဝင်ဖို့ 'ပက်'များတွင် ကျွန်တော် မခွဲနိုင်သေး။

ခြောက်လုံးပတ်အကွက်ကို ဗုံကိုနက ပြပေးသည်။ အသံသွင်းသောအခါ တကယ်တီးရသူမှာ ပထဝီဝင်က ဒုတိယနှစ်ကျောင်းသားတစ်ယောက်။ တယောဆရာမှာ ကျောင်းသားမဟုတ်။ သို့သော် အနုပညာအသင်းမှ အမာခံတစ်ယောက်ပင်။ တက္ကသိုလ် တယ်လီဖုန်းအိတ်ချိန်းမှာ အလုပ်လုပ်သော ရေနံချောင်းမှ ကိုကျော်မြင့်။ စည်းဝါးကိုင်သူကား သူကိုယ်တိုင် ပတ္တလားဖြင့် မဟာဂီတဝင် သီချင်းကြီးများကို ကျွမ်းကျွမ်းကျင်ကျင် တီးနိုင်သူ ဖြစ်ပါလျက် ဆိုကြတီးကြပြီဆိုလျှင် အမြဲလိုလို စည်းဝါးသာ



ဆွဲကိုင်တတ်သော ဒဿနိကဗေဒဌာနမှ ဆရာ ဦးခင်မောင်တင်။ သူ့ကို အားလုံးက ဆရာလေးဟု ခေါ်ကြသည်။

ဥပဒေအဓိကမှ မစိန်မြင့်လတ် တစ်ပုဒ်ဆိုသည်။ သူကား အဆိုတော်တစ်ပိုင်း ဖြစ်နေလေပြီ။ မစိန်မြင့်လတ်၏သီချင်း ခေတ်ပြားရမည်ဟု အားလုံးက မှတ်ချက်ချသည်။ ထို့နောက် 'ကြင်ကြင်နာနာ ဆယ်ကမ္ဘာဝေး' သီချင်းဖြင့် ကျော်ကြားစပြုနေပြီဖြစ်သော ကိုမြသိန်းလည်း ခေတ်ပြားရမည်ဟု ဆိုကြသည်။

ခေတ်ပြားရမည်ဟု တစ်ပေးခံရသော နောက်တစ်ပုဒ်မှာ တက္ကသိုလ် လှဝင်းမြတ်ဆိုပေးသော ကျွန်တော့်သီချင်း 'ကံ့ကော်မြေ နွေမိုးဆောင်း'။

'လေနှင်ရာ... တိမ်တောကို ပျံပါလေကွယ်' သံဖြန့်ပိုဒ်ဖြင့် ခြေဆင်းစလိုက်သောအခါ စက်ခန်းထဲမှ တာဝန်ကျ ဂီတမှူး အဆိုတော် ကိုမြကြီးက မျက်ခုံးပင့်သည်။ အစမ်းလေ့ကျင့်ပြီး 'အွန်အဲယား'မီးနီကို အပိတ်တွင် ကိုမြကြီးက မှန်လုံကာထားသော စက်ခန်းထဲမှ လှမ်းစကားပြောသည်။

"သီချင်းကတော့ စာသားရော အသွားရော ပြောစရာ မရှိဘူးဗျို့၊ ဒါပေမယ့် သံဖြန့်ကို ခြေဆင်းလုပ်ထားတာ အဖွဲ့မှာ ဆွေးနွေးကြရလိမ့်မယ်နဲ့ တူတယ်"

ဆရာဦးစန်းအုန်းကမူ စက်ခန်းထဲမှနေ၍ ကျွန်တော့်ကို လက်မထောင်၍ ခေါင်းဆတ်ပြသည်။ ကြိတ်သာကြိတ် မောင်သက်မောင်ရေ ဆိုသည့်အဓိပ္ပာယ်။ 'ကံ့ကော်မြေမှ နွေမိုးဆောင်း'သွင်းအပြီးတွင် ကျွန်တော် စက်ခန်းထဲ တက်ခဲ့သည်။ ပြန်ဖွင့်နားထောင်ကြည့်သည်။ တက္ကသိုလ် လှဝင်းမြင့် ပီရိသေသပ်စွာ ဆိုထားသည်။

"သံဖြန့်ကို အင်ထရိုဝင်ထားတာ ကျုပ်တို့တော့ ကြိုက်တယ်ဗျ၊ ဒါမျိုး... ဒါ မဟာဂီတကို မထိမဲ့မြင်ပြုတာ မဟုတ်ဘူး၊ လေးလေးစားစားနဲ့ အိမ်ဦးခန်းမှာ ထားပြီး ပြုစုတာပဲ"

အင်အားကောင်းလှသော ထိုစကားပြောသူ၏အသံမှာ ကျွန်တော့်

သိရီဆွေစာအုပ်တိုက်

www.burmeseclassic.com

ရင်ထဲ စွဲနေသောအသံဖြစ်သည်။ ဆရာဦးစန်းအုန်းဘေးမှာ ထိုင်နေသော အဘဦးသန်းမြင့်။

"ဒီသီချင်း ဘယ်သူရေးသလဲ၊ ကျောင်းသားလား"

"ယောဒိကောင်လေးပါပဲ အဘရေ၊ သမိုင်းစတုတ္ထနှစ်ကပါ"

ဆရာဦးစန်းအုန်းက ကျွန်တော့်ပခုံးကို ပုတ်သည်။

"သြော်... ခင်ဗျားလား၊ စန္ဒရားလဲ တီးပေးတယ်ပေါ့၊ ကောင်းတယ်"

အဘဦးသန်းမြင့်က သူ့သားအရွယ် ကျွန်တော့်ကို 'ခင်ဗျား'ဟု ဆိုသည်။ ကျွန်တော်က အဖေ့နာမည်ကို ပြောပြသည်။ အဘဦးသန်းမြင့်က...

"ဒါဆို ကျုပ် မအံ့သြတော့ဘူး၊ သိပ်ဟုတ်တာပဲ၊ အဖေလုပ်တဲ့သူက ဟိုဘက်ခန်းမှာ သီချင်းကြီးသွင်းနေတယ်၊ သားက ဒီအခန်းမှာ"

စတူဒီယိုအောတွင် အဖေ ရှိနေပေသည်။ တာဝန်တစ်ဖက်နှင့်မို့ အဖေသည် ကျွန်တော်တို့ဘက်သို့ ကူးမလာနိုင်ရှာ။

"သဖြန်ကို အင်ထရိုပေးတာ ကျုပ် ကြိုက်တယ်၊ ပိုကြိုက်တာက သီချင်းနဲ့ လိုက်မယ့် ဒီကျေးစေပတ်ပျိုးထဲက သဖြန်ကိုမှ ရွေးထုတ်တာကို ပိုကြိုက်တယ်"

ရင်ထဲမှာ လှပ်ခနဲ ဖြစ်သွားသည်။ ဆင်ခြင်ထားသည့်ကြားမှပင် အသံသွင်းသည့်နေရာသို့ သူ... မခင်လေးရောက်လာစေချင်သည့်ဆန္ဒက ခေါင်းပြူထွက်လာသည်။ 'ကျေးဇူးရှင်က သူပါ အဘ'ဟု ပြောပြချင်သည်။

"ဒီအတိုင်းဆိုရင် ဒီသီချင်းလဲ ခေတ်ပြားရဖို့ များနေပြီ"ဟု ကိုမြကြီးက ဝင်ပြောသည်။ ဆရာဦးစန်းအုန်းမျက်နှာကား မူလထက် ပိုမို ကြီးမားပြန့်ကျယ် ရွှင်လန်းစိုပြည်လျက် ရှိလေသည်။

"အပြန်မှာ မင်းတို့ကို ဆရာ ညစာကျွေးပါ့မယ်ကွာ"

'ဟိုင်ဇွမ်... ဟိုင်ဇွမ်နော် ဆရာ'ဟု ဆရာလေးဦးခင်မောင်တင်က မနောက်စဖူး နောက်သည်။ ဆရာဦးစန်းအုန်း လက်ခံလိုက်ရတော့သည်။





စတူဒီယိုအထဲရောက်နေသော အဖေ့ကို ဝင်နှုတ်ဆက်ကာ ဆရာတို့နှင့် ဟိုင်ဇွမ်လိုက်ခဲ့သည်။ 'အသောက်အစား မလုပ်ရဘူးဟေ့'ဟု ဆရာက ပြောသည်။ နွမ်းနယ်စွာ သို့သော် ပျော်ရွှင်တက်ကြွစွာ။ အားလုံးမြိန်ရေယှက်ရေ ထမင်းစားနိုင်ကြသော်လည်း ကျွန်တော် မစားနိုင်။ ချိုချဉ်ကြော်တစ်ဇွန်းကို ခပ်ထည့်ပေးရင်း ကိုစောလွင်က ကျွန်တော့်ကို 'ဘာဖြစ်နေတာလဲဗျ'ဟု မေးရှာသည်။

စတူဒီယိုအောထဲမှာ အလုပ်လုပ်နေသော အဖေ။ ကံကောင်းမြေ နွေမိုးဆောင်းသီချင်း၏အောင်မြင်မှု။ အဘဦးသန်းမြင့်၏ ကောင်းချီးပေးသံ။ ပြီးတော့ လေနှင်ရာ တိမ်ကြောကို ဖုံပါလေကွယ် သဖြန်ပိုဒ်၏ကျေးဇူးရှင် သူ... မခင်လေး။ အင်အားကြီးသော မိန်းမလှ။ 'ကိုသက်မောင်အတော်သိုသိပ်တယ်နော်'၊ 'ယော... ကျေးဇူးတရားတဲ့ စကားလုံးတွေက ပိုပိုပြီး ကြီးကျယ်လာပါပကောလား ကိုသက်မောင်' သူ့အပြော၊ သူ့စကားလုံး၊ သူ့အလှ၊ သူ့အပြုံး။ ပြီးတော့ဟိုတစ်ညက မယ်ဒလင်ကြိုးတပ်ပေးသူ။

နှလုံးထဲတွင် မှန်ပြောင်းစကြာတစ်ခု ရောက်နေသည့်နှယ်။

ထမင်းပွဲနှင့် အမဲဟင်းလျာတို့သည် ကျွန်တော့်နှလုံးအိမ်နံရံတွင် ရိုက်ခတ်နေသောအရာများလောက် အရသာမစုံလင်ချေ။

*

ဆရာဦးစန်းအုန်း၏ ကြိုးပမ်းမှုလည်း ပါသည်။ အဘဦးသန်းမြင့်တို့၏ ကူညီမှုလည်းပါသည်။ တက္ကသိုလ်အနုပညာအသင်းဖြစ်သည့်အတွက် ဦးစားပေးခြင်းလည်း ဖြစ်နိုင်သည်။ အသံသွင်းပြီး နှစ်ပတ်အတွင်းမှာပင် အသံလွှင့်ခွင့်ရသည်။ ညရှစ်နာရီဆယ်ငါး၊ စနေနေ့ည။ ဦးစားပေးဖြစ်ကြောင်း သိသာသည်။

တနင်္လာနေ့တွင် အားလုံးသည် မတိုင်ပင်ရဘဲ အနုပညာအသင်း



www.burmeseclassic.com

www.burmeseclassic.com

ရုံးခန်းတွင် စုံညီစုဝေးမိလျက်သား။ ထင်သည့်အတိုင်းပင် ကိုမြသိန်း၊ မစိန်မြင့်လတ်၊ တက္ကသိုလ်လှဝင်းမြတ် ခေတ်ပြားသုံးချပ်ရသည်။ 'ကုံကော်မြေ နွေမိုးဆောင်း'သည် မွေးရကျိုးနပ်သော ရင်သွေးတစ်ယောက် ဖြစ်လာပေပြီ။

တက္ကသိုလ်လှဝင်းမြတ်ကမူ သီချင်းအားလုံးကို ရေဒီယိုမှ တိုက်ရိုက် ကက်ဆက်ဖြင့်ကူးကာ ကက်ဆက်ခွေ ယူလာသည်။ အသင်းရုံးခန်းထဲတွင် ကုံကော်မြေ နွေမိုးဆောင်းကို ဖွင့်သည်။ 'ကျွန်တော် ကိုသက်မောင်ကို သိပ်ကျေးဇူးတင်ပါတယ်ဗျာ၊ ဂီတနယ်မှာ ခင်ဗျားသီချင်းနဲ့ ကျွန်တော် လှမ်းဝင်ခွင့်ရတာပါပဲ'ဟုလည်း တဖွဖွပြောသည်။ သမ္မာလေးရစပြုနေပြီ ဖြစ်သော ကိုမြသိန်းနှင့် မစိန်မြင့်လတ်တို့ကတော့ ပြောလောက်အောင် မတုန်လှုပ်ကြ။

'ခင်ဗျား သိပ်ဝမ်းသာနေမှာပဲနော် ကိုသက်မောင်'ဟု ကိုစောလွင်က ပြောသည်။ ကျွန်တော် ပြန်မပြောမိ။ ခေတ်ပြားရလိုက်သော သီချင်းရေးသူတစ်ယောက်အဖြစ် ဝမ်းမြောက်ဝမ်းသာ ပီတိအရသာကို ပြည့်ပြည့်ဝဝ မခံစားရသည့်အတွက် ကျွန်တော့်ကိုယ်ကျွန်တော်လည်း မရေမရာဖြစ်နေသည်။ စားကောင်းသောက်ဖွယ်များကို ရှေ့ချထားသည့် နာလန်ထစလူမမာတစ်ယောက်လိုများလား။ အနုပညာအသည်းနှလုံးတို့သည် တစ်ခါတစ်ရံ၌ ခံတွင်းပျက်တတ်လေသလား မသိ။ မရေမရာ မသဲမကွဲဖြစ်နေသည်ကတော့ အမှန်။

စိစိညံညံ၊ ပျော်ပျော်ရွှင်ရွှင်အသံများ တဖြည်းဖြည်းစဲလာသည်။ ဆရာဦးစန်းအုန်းက အစည်းအဝေးတက်ရန် ဦးစွာထွက်သွားသည်။ အသင်းတာဝန်ခံကိုစောက ရွှေချည်ထိုးအပ်ထားသောအထည်တွေ သွားရွေးရမည်ဟုဆိုကာ ထွက်သွားသည်။ အသီးသီး အလျှိုလျှို နောက်ဆုံးသုံးယောက်ကျန်သည်တွင် တက္ကသိုလ်လှဝင်းမြတ်က...

"'ကျွန်တော် အတန်းရှိသေးတယ်၊ ကိုသက်မောင်ကို ကျေးဇူးတင်





တဲ့အထိမ်းအမှတ်နဲ့ ဒီကက်ဆက်ခွေကို အမှတ်တရလက်ဆောင်ပေးပါရစေဗျာ... လက်ခံပါ၊ ဒီမှာဖွင့်ဖို့သက်သက် ယူလာတာမဟုတ်ပါဘူး ကိုသက်မောင် ကိုပေးချင်လို့ပါ"

ကျွန်တော်တို့အိမ်မှာ ကက်ဆက်မရှိကြောင်းကို မပြောဖြစ်တော့။ သို့သော် သူ့လက်ဆောင်မှာ မငြင်းပယ်စကောင်းသော လက်ဆောင်၊ တက္ကသိုလ်လှဝင်းမြတ် ထွက်သွားပြီးနောက်တွင် မြန်မာစာကိုစောလွင်နှင့် ကျွန်တော် နှစ်ယောက်တည်း ကျန်ရစ်သည်။ ကိုစောလွင်က အခွေကို ပြန်ရစ်ကာ အစမှပြန်ဖွင့်သည်။ 'မိခင်သို့ ဦးညွှတ်ကန်တော့ပန်း'အဖွဲ့လိုက် အဖွင့်သီချင်းဖြစ်သည်။ သီချင်းဖွင့်ထားသော်လည်း ကျွန်တော်တို့ နားမထောင်ဖြစ်ကြ။

"ခင်ဗျား ဘယ်လိုဖြစ်နေသလဲ ကိုသက်မောင်၊ ငူငူငိုင်ငိုင်ကြီးပါလား"

" အေးဗျာ... "ဟု ကျွန်တော် မရေမရာပြောမိသည်။

"ကျွန်တော်တောင် ကျွန်တော်တို့အသင်း အောင်မြင်မှုအတွက် ပျော်နေတာ ခင်ဗျားကြည့်ပြီး စိတ်ထဲမှာ မိုးအုံ့သလိုကြီးဖြစ်လာတယ်"

စိတ်ထဲမှာ မိုးအုံ့သလိုကြီး။ သူ့စကားအသုံးကို သဘောကျသဖြင့် ကျွန်တော် ပြုံးမိသည်။ ကြည်လင်ခြင်းနှင့် အုံ့မှိုင်းခြင်းနှစ်ခုတွင် ဘယ်အရာသည် ပို၍ကူးစက်မြန်သလဲဟုလည်း တွေးမိသည်။ ချစ်စွာသောမိတ်ဆွေတစ်ဦး၊ ကျွန်တော့်ကြောင့် စိတ်ထဲ မိုးအုံ့နေရခြင်းသည် မသင့်တော်။ ကျွန်တော်တို့ တစ်ခုခုအကြောင်း စကားပြောကြမှ ဖြစ်မည်။ ကိုစောလွင်နှင့် ကျွန်တော်သည် နှစ်ဦးစလုံးအတွက် အကောင်းဆုံး အဆင်ပြေဆုံးစကားကို ကျွန်တော် ရရှိလိုက်သည်။

"ဟိုလူလဲ ကျွန်တော်တို့ မတွေ့ရတော့ဘူးနော်"

"ကြိုးတပ်ပေးတဲ့လူလား"

ကိုစောလွင် ချက်ချင်းဖမ်းမိသဖြင့် ကျေနပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေါ့ ခင်ဗျားပြောတဲ့အတိုင်းဆိုရင် အတော်သနားစရာ ကောင်းတာပဲ၊ ဒီလူနဲ့ပတ်သက်ပြီး ကျွန်တော့်စိတ်ထဲ ပိုထိခိုက်တာက ဒီလူဟာ အနုပညာမှာ ဂီတမှာ အတော့်ကို ပါရမီထက်တဲ့သူ ဖြစ်နေတာပဲ၊ ကျွန်တော့်သီချင်းကို သူ ဒိုင်းခနဲ ပြောချလိုက်တာဟာ တော်တော်တန်တန် ပါရမီ မဟုတ်ဘူး"

"အေးဗျာ ခင်ဗျားတို့ချင်းက ပိုသိမှာပေါ့"

"ကျွန်တော်တို့ချင်း… အာ ဒီစကား အဓိပ္ပာယ်တစ်မျိုး ဖြစ်သွားပြီ"

"နိုး… နိုး ကိုသက်မောင်၊ ကျွန်တော်ဆိုလိုတာက အနုပညာသမားချင်းကို ပြောတာပါ"

"ကျွန်တော်သိပါတယ် ကိုစောလွင်ရာ"

ရယ်ဖြစ်ကြသည်။ ပေါ့ပါးသက်သာသလို ရှိသည်။

"သူ ဘာကြောင့် စိတ်ဝေဒနာသည် ဖြစ်ရတယ်၊ ဘယ်လို ကုတယ်ဆိုတာတွေ ကျွန်တော် သိပ်သိချင်တာပဲဗျ"

"ကျွန်တော်လဲ ခင်ဗျားကိုပြောထားသလောက်ပဲ သိတာ ကိုသက်မောင်၊ ဒါတောင် ကျွန်တော်က အဆောင်နေလို့ ညဘက် မိန်းကလေးဆောင်တွေရှေ့က တေးဆိုပွဲ လိုက်လိုက်သွားတတ်လို့ သူနဲ့ဆုံဖူးတာ၊ လူကတော့ တကယ်နူးညံ့သိမ်မွေ့တဲ့လူဗျာ၊ မနှစ်တုန်းကတော့ ခင်ဗျားကို ပြောဖူးသလိုပဲ၊ တယောထိုးပြီး အဆောင်ရှေ့သီချင်း လာလာဆိုတယ်၊ နောက် ပျောက်သွားတယ်၊ ဟိုညကမှ ပြန်တွေ့တာ"

ကိုစောလွင်ထံမှ သိရသမျှကို ကျွန်တော် ပြန်စဉ်းစားသည်။ အဆောင်ရှေ့ ညညသီချင်းလာဆိုသည်။ တယောထိုးသည်။ ဆိုတီး တီးသည်။ အများဆုံးသီချင်းတွေက ဂီတနက်သန် ကိုစောညိမ်းသီချင်းများ၊ သစ္စာ၊ စိန်၊ ပွင့်ဦး၊ ချစ်နှင်းမှုန်မှုန်၊ နွေနှောင်းရက်ကျန်၊ ရတုဘုရင် တစ်ပုဒ်ပြီးတစ်ပုဒ်။ ပြီးတော့ ပြန်သွားသည်။ လာစဉ်ကအတိုင်း မှောင်ထဲ တစ်နေရာမှ ပေါ်လာကာ အမှောင်ထဲသို့ ပြန်လည်တိုးဝင်သွားသည်။





သိထားရသမျှနှင့်ပင် ထိုလူ၏ အနုပညာအစွမ်းကို နားလည်နိုင်ပြီ။ တယောထိုးရင်း သီချင်းဆိုသည်ကိုစ္စမှာ တော်ရုံတန်ရုံ အစွမ်းမဟုတ်။ ပြီးတော့ အလူးအလိမ့် အဝေ့အဝိုက်ပြွမ်းတီးသော ဂီတနက်သန်သီချင်းများ၊ မယ်ဒလင်ကြိုးပြတ်သည်ကို တစ်ကြိုးဟု တပ်အပ်သိခြင်း၊ ကျွမ်းကျင်စွာ ပြန်တပ်ခြင်း၊ ထို့နောက် ကျွန်တော့်သီချင်းကို ကျွန်တော်ကိုယ်တိုင်သိသလို သိနေခြင်းတို့သည် အံ့သြစရာမဟုတ်တော့။ သို့တစေ စိတ်ဝေဒနာသည် ထိုပါရမီရှင်၏ နောက်ကွယ်မှ မမြင်သာသော အကြောင်းတရားအမှောင်ထုသည် ကျွန်တော့်အား ပြင်းထန်စွာ ဆွဲဆောင်ဖြားယောင်းနေချေသည်။ သူ့နောက်ကြောင်းကို ကိုစောလွင်လည်း မသိ။ လျှို့ဝှက်မှုများနှင့် အတိပြီးသော ခြေရာပျောက် ရေနောက် အနုပညာသမား။

သူ့ကို ကျွန်တော် ထပ်တွေ့ချင်နေသည်။ ကုံကော်ပင်တစ်ရိပ် အမှောင်အောက်မှ ထွက်လာသောသူနှင့် ထပ်ဆုံချင်သည်။ ပဥ္စသိခ စောင်းချင်းဂါထာ ဆယ့်ငါးပုဒ်အနက်မှ သတ္တမမြောက်အပုဒ် မဟုတ်လားဟု တည့်မှန်စွာပြောလိုက်သော သူ့ကို ကျွန်တော် လေးစားစွာတွေ့ချင်သည်။

"ကိုသက်မောင်… "

ကိုစောလွင်၏ ခပ်တိုးတိုးခေါ်သံ။ ကျွန်တော် မျက်လွှာပင့်အကြည့်။ သူကလည်း အကြည့်ဖြင့် တစ်နေရာသို့ပြသည်။ ကျွန်တော် ကျောပြုထားသော အသင်းရုံးခန်း တံခါးဘက်။ ငုံစောင်းကြည့်ရသည်။

ထိုင်ရာမှ ထလိုက်မိခြင်းနှင့် အတူ ရှိနေဆဲ အတွေးများအားလုံး လွင့်စဉ် ချုပ်ငြိမ်းသည်။ တံခါးဝတွင် ရောက်နေသူကား ဖြူးလျက်။ မခင်လေး

"ကွန်ဂရက်ကျူလေးရှင်း ကိုသက်မောင်"

"ထိုင်ပါ မခင်လေး"

ကျွန်တော်ထိုင်သောကုလားထိုင်ကို သူ့ရှေ့ ရွှေ့ပေးမိသည်။ သူဝင်အထိုင် ကျွန်တော် မှန်ဗီရိုရှေ့တွင် မတ်တတ်ရပ်မိလိုက်သည်။ မှန်



www.burmeseclassic.com

www.burmeseclassic.com

ဗီရိုထဲတွင် အနုပညာအသင်းပိုင် ရာမဇာတ်တော် ဇာတ်ဝင်မျက်နှာဖုံးစွပ်များ ထည့်ထားသည်။ ရာမလက္ခဏာနှင့် ဘိုးတော်မျက်နှာဖုံးများ။ သို့သော် သီတာဒေဝီဆောင်းသောစည်းပုံ မရှိ။

"ကံကော်မြေ နွှမ်းမိုးဆောင်းဇာတ်ပြားရတယ်လို့ သိရတယ်၊ အခုပဲ မစိန်မြင့်လတ်နဲ့ တွေ့ခဲ့တယ်"

"မခင်လေးရဲ့ကျေးဇူး"

"ကိုသက်မောင် ဒီစကားက စပြောတော့မယ်ဆိုတာ ခင်လေးသိသားပဲ"

သူ့အပြုံး၊ သူ့အသွင်တို့တွင် တစ်ခုခုထူးခြားနေသလို ခံစားရသည်။ သူ့စကားမှာလည်း တစ်ခုခု ထူးခြားသလိုလို။ အပြောအလွှား ကျွန်တော် စဉ်းစားသည်။ ထူးခြားမှုကို ချက်ချင်းတွေ့သည်။ တွေ့ရှိခြင်းသည် ပျော်မွေ့ဖွယ်အတိ။ သူ… 'ကျွန်မ'ဟု မသုံးတော့။ 'ခင်လေး'ဟု သူ့ကိုယ်သူ ဆိုသည်။ ခင်လေး။

"စနေနေ့ညတုန်းကတော့ နားထောင်လိုက်သေးသလား မခင်လေးခင်"

ကိုစောလွင်က ဝင်မေးသည်။ တလေးတစားအသံဖြစ်သည်။

"နားထောင်တာပေါ့ ကိုစောလွင်၊ ရှစ်နာရီမထိုးခင်ကတည်းက ကျွန်မ ရေဒီယိုနားရောက်နေတာ၊ မတော်တဆ မီးပျက်ရင်ဆိုပြီး ထရန်စစ္စတာတစ်လုံးတောင် အသင့်ဆောင်ထားတယ်"

ကိုစောလွင်နှင့် စကားပြောသောအခါ သူ 'ကျွန်မ' သုံးလေသည်။

ကိုစောလွင် ဖွင့်ထားသော ကက်ဆက်မှ မစိန်မြင့်လတ်၏ 'ငယ်ဘဝ အလွမ်း' သီချင်း ပြီးသွားသည်။ 'ယခု ဆက်လက်ပြီး တက္ကသိုလ်လှဝင်း မြတ် သီဆိုထားတဲ့ ကံကော်မြေ နွှမ်းမိုးဆောင်းသီချင်းနဲ့ ဖျော်ဖြေမှာ ဖြစ်ပါတယ်။ ဒီတေးကို ရေးစပ်သူကတော့ တက္ကသိုလ်သက်မောင် ဖြစ်ပါတယ် ရှင်' ဟူသော ကြေညာသံ ဆက်ပေါ်လာသည်။





"ကိုင်း… စကားပြောကြဦးဗျာ၊ ကျွန်တော် စာကြည့်တိုက်မှာ စာအုပ်သွားအပ်လိုက်ဦးမယ်"

ပြောပြောဆိုဆို နေရာမှ ထသော ကိုစောလွင်၏ အသံသည် ပုံမှန်ဖြစ်သော်လည်း ပြောနေဆဲမှ ကျွန်တော့်ကို လှမ်းကြည့်လိုက်ပုံမှာမူ အဓိပ္ပာယ်တစ်ခုခုကို တမင် ကွယ်ထားသယောင်။

ကိုစောလွင်ထိုင်သွားသော ကုလားထိုင်တွင် ကျွန်တော် ဝင်ထိုင်သည်။ မျက်နှာချင်းဆိုင် မကျတကျအနေအထားသို့ ရောက်သည်။

'လေနှင့်ရော တိမ်တြောကို ဖုံးပါလေကွယ်… ပန်းရည်ငှက်ကယ်' ခြေဆင်းပိုဒ်စပြီ ဖြစ်သည်။ သူ ပြုံးလေသည်။

"'ကျေးဇူးအတင်ခံဖို့ အချိန်ကို တမင်ရွေးပြီး ခင်လေးလာသလို ဖြစ်နေပြီ"

"တိုက်ဆိုင်မှုဆိုတာ အမှန်တော့ မတော်တဆ မဟုတ်ပါဘူး မခင် လေးရယ်၊ ဒီအချိန် ဒီလိုဖြစ်ရမယ်ဆိုတဲ့သဘော ရှိကိုရှိပါတယ်"

"ဟင်… ဒီစကားဟာ ခင်လေးတို့ ဖိလိုဆိုဖီစကားပဲ ကိုသက်မောင်၊ သမိုင်းအဓိကမှာ ကိုသက်မောင်တို့ ဒါတွေ သင်ရလို့လား"

"ဟုတ်ကဲ့… "

"သင်ရတယ် ဘယ်ဘာသာလဲ"

"အာ… မဟုတ်ဘူး… မသင်ရပါဘူး"

သူ ရယ်ပြန်သည်။ ကစဉ့်ကလျား ကျွန်တော့်စကားကို တမင်နောက် ပြောင်ပြောသည်ဟု သူ ထင်လေသလားမသိ။

အရယ်အပြုံးကို သပ်ရပ်စွာ သူ ရုပ်သိမ်းလျက်။ ပကတိမျက်နှာဖြင့် သူ ပြောသည်။

"ကိုသက်မောင် အခု စတုတ္ထနှစ်နော်"

"ဟုတ်ကဲ့"

"မဟာဝိဇ္ဇာတက်မှာလား"



www.burmeseclassic.com

www.burmeseclassic.com

မဟာဝိဇ္ဇာစာသင်နှစ်၊ ကျမ်းပြုနှစ်များအတွက် ကျွန်တော် အချိန်မပေးနိုင်တော့ကြောင်း သူ့ကိုပြောရန် ခက်လှသည်။

"အခြေအနေအရပါပဲ မခင်လေး"

"ကိုသက်မောင်ရဲ့အဖေကတော့ ဆက်တက်လဲ ခွင့်ပြုမှာပါ"

"ခင်ဗျာ"

သိမ်ငယ်တုန်လှုပ်ခြင်းသည် အစပြန်ပေါ်လာပြန်ချေပြီ။ အဖေ့အကြောင်း၊ ကျွန်တော်တို့သားအဖအကြောင်း၊ သူ ဘာတွေသိ၍ ဘာတွေပြောနေသနည်း။ ရတနာဆောင် ညစာစားပွဲအတွက် သူ ကျွန်တော့်အိမ်ရောက်ခဲ့စဉ်က အဖေနှင့် သူ ဘာတွေပြောကြသနည်း။ ကျွန်တော့်အကြောင်း အဖေ ဘာတွေပြောလိုက်သနည်း။

စကားလမ်းကြောင်းကို ဖွတ်ပြောင်းပစ်တော့မည်။

"ကိုလှဝင်းမြတ်ကလဲ အတော်အဆိုပိုင်တယ်၊ သီချင်းတိုက်တုန်းက ဒီလောက်မထင်ဘူး၊ သူ့အသံက မိုက်ကရိုဖုန်းစားတယ် ခေါ်ရမယ်"

ကက်ဆက်ဖွင့်ထားဆဲဖြစ်နေသည်ကိုပင် ကျေးဇူးတင်ရလေမည်။

"သီချင်းကိုယ်နှိုက်ကလဲ ကောင်းနေပါတယ် ကိုသက်မောင်၊ အမိတက္ကသိုလ်ကိုညွှန်ပြီး ရာသီဖွဲ့ကနေ ဘဝအလွမ်းကို ဖွဲ့ထားတာမို့ပါ၊ အတွေးအခေါ်ပါတဲ့သီချင်း ဖြစ်နေတယ်လေ"

ပြောင်းလိုက်သော စကားလမ်းကြောင်းသို့ သူ လိုက်လာသည်ကို ကျေးဇူးတင်မိသည်။

"အသံသွင်းတဲ့နေ့က မခင်လေး ရှိစေချင်တယ်၊ အဘဦးသန်းမြင့်က သဖြန်ကို အင်ထရိုသုံးထားတာကို သိပ်သဘောကျနေတယ်၊ သူပြောတဲ့စကား သိပ်ကောင်းတာပဲ မခင်လေး... ဒါဟာ မဟာဂီတကို မထိမဲ့မြင်လုပ်တာ မဟုတ်ဘူးတဲ့၊ လေးလေးစားစားနဲ့ အိမ်ဦးခန်းမှာထားပြီး ပြုစုတာတဲ့"

"သဖြန်ပိုဒ်အကြောင်းပြောရင် ခင်လေးစိတ်မလုံဘူး၊ ကိုသက်မောင်





ပြောတဲ့ ကျေးဇူးတရားဆိုတာကြီးက နားထဲ ဝင်ဝင်လာတယ်"

ကြည်နူးမှုအနှံ့ ဖြစ်ပေါ်သည်။ စန္ဒရားခန်းတွင် ကျွန်တော်ပြောခဲ့သောစကားကို သူမမေ့ဟု ဆိုသည်။

ကက်ဆက်မှ 'ကံ့ကော်မြေ နွေမိုးဆောင်း' အဆုံးသတ်တော့မည်ဖြစ်သည်။

'ဝေးကွာခြင်းသည် ပင်လျှင် နီးကပ်ခြင်းဟု
ဆိုမည် သခင်... ခွဲခွာခြင်းသည်ပင် တွေ့
ဆုံခြင်းဟုဆိုမည် သခင်... နွေမိုးဆောင်း...
ပြောင်းလေသမျှ ရာသီတစ်ခွင်... လမင်းမှာ
မျက်နှာဆုံ... ပုံစကားဆိုရိုး... ကြားယောင်
စဉ်... မိခင်ရဲ့ နွေးထွေးသော ထိုရင်ခွင် ...
မေတ္တာချစ်ခြင်း... စီးဆင်း ရေအလျဉ် ကံ့
ကော်မြေ နွေမိုးဆောင်း ပြောင်းလေသမျှ...
ထာဝရ သစ္စာရှင် ... '

သီချင်းအဆုံးတွင် စန္ဒရားကို ကျွန်တော် ညာသံများများ အထိအစက်အပြောက် အပွင့်အမှုန်ရောက်သည်အထိ ဆွဲငင်မွှေ့ယမ်းထားသည်။

"ကိုသက်မောင် သိပ်တော်ပဲနော်"

သူ တစ်လုံးချင်း ပြောသည်။ တစ်ကိုယ်တည်း ရေရွတ်နေသည့်အသံမျိုး။

မျက်လွှာတစ်ဝက်ချကာ ထိုင်ရာမှ ထသည်။ နှုတ်ဆက်မည့်အသွင်မျိုး မတွေ့ရ။ သို့သော် သူ သွားတော့မည်ဟု ကျွန်တော် သိသည်။

"ပြီးခဲ့တဲ့လထဲတုန်းက ခင်လေး ရတနာဆောင်မှာ ညအိပ်သွားနေလိုက်သေးတယ်၊ မမြ သိပ်နေမကောင်းတာနဲ့ သွားရတာ"

သူ ရွေ့လျားသည်။ ကျွန်တော် ယှဉ်၍ လိုက်ရသည်။ အသင်းရုံးခန်းတံခါးဝသို့ သူ ရောက်သည်။ သူထွက်သာရုံ ကျွန်တော် ယို့ပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com

အပြင်ဘက်သို့ သူ တစ်လှမ်းနှစ်လှမ်း လှမ်းထွက်ပြီးမှ လည်ကို မဆို စလောက် ငဲ့စောင်းသည်။

ကြော့ရှင်းသော မျက်နှာအလှသည် ဘယ်သို့ပင် ကြည့်ကြည့်...။

ကျွန်တော့်ဆီ မျက်လုံးမရောက်ဘဲ သူ ပြောသည်။

"ကုံကော်ပင်အောက်မှာ မှောင်နေပေမယ့် ခင်လေး သိလိုက်တယ်၊ ကိုသက်မောင် အဆိုလဲ ကောင်းပါတယ်"

သူ ထွက်သွားသည်။

ကျွန်တော် နေရာမှာပင် အစွဲအမြဲ။

* * *



## အခန်း (၁၂)

"တက္ကသိုလ်က အဆောင်ကျောင်းသားတွေဟာ ညဘက်ဆိုရင် မိန်းကလေးဆောင်တွေရှေ့ သွားသွားပြီး သီချင်းဆိုကြ တီးကြ မှုတ်ကြ တယ်ဆိုတာ အဖေ ကြားဖူးသားပဲ... လူငယ်တို့သဘာဝ ပျော်ကြမှာပေါ့ ကွာ"

"ဟင်... အဖေက ဘယ်လိုလုပ် ကြားဖူးတာလဲ"

"အဖေ့မှာလဲ ပတ်ဝန်းကျင် ရှိနေတာပဲကွ၊ ဒီလိုပေါ့ အဖေလိုက်ရတဲ့ သီချင်းကြီးဝိုင်း ကာလပေါ်ဝိုင်းတွေမှာ ဟိုတုန်းက တက္ကသိုလ်ကျောင်းသား ဟောင်းတွေ အများကြီးပါတာပဲ၊ စကားစပ်မိရင်း ပြောဖြစ်ကြတာပေါ့၊ သူတို့ကလဲ သူတို့ငယ်စဉ်က အဲဒီလို အဆောင်ရှေ့သွားသွားပြီး ဆိုကြ တီးကြရတာကို အားရပါးရ စားမြုံ့ပြန်ကြတာပေါ့"

"ဝင်းလွင်တို့ ကိုအောင်ချစ်ကြီးတို့ လာခေါ်တာကတော့ တကယ် ကို စုပြီး စာကျက်ကြတာပါ အဖေ၊ အဆောင်ရှေ့သွား သီချင်းဆိုတဲ့ အစ် အစဉ်က နောက်မှ ဖြစ်လာတာပါ၊ အညောင်းပြေ အညာပြေ လမ်းလျှောက် ရင်း... "



www.burmeseclassic.com

www.burmeseclassic.com

"အေးပါကွ… အဖေ ဘာပြောလို့လဲ၊ လူအညောင်းဖြေသလို စိတ်လဲ အညောင်းဖြေရတာပေါ့၊ တက္ကသိုလ်ကျောင်းသားဘဝ လူငယ်တို့ ဘဝဆိုတာ အဖေ နားလည်ပါတယ်၊ ငါ့သား စိတ်မလေဘူးဆိုတာ အဖေ သိပါတယ်"

ရတနာဆောင်ရှေ့သွားပြီး ဆိုကြ တီးကြသည့်ကိစ္စကို ကျွန်တော် ပြောပြသောအခါ အဖေသည် ထုံးစံအတိုင်း နားလည်ခွင့်လွှတ်ပြီး ဖြစ်နေလေသည်။ ကျွန်တော့်အဖို့လည်း အဖေမသိဘဲ လုပ်ခဲ့သည့်ကိစ္စကို အသိပေးလိုက်ရသည့်အတွက် ရင်ထဲမှာ ပေါ့သွားသည်။

အဖေ့မျက်နှာပေါ်တွင် ကျွန်တော်နှင့် ပတ်သက်၍ ရည်ရွယ်ချက်တစ်ခု အထမြောက်တော့မည်ဟူသော ပီတိများ လွှမ်းနေသည်။ အဖေ အစွဲအလမ်းကြီးလှသော ဘွဲ့တစ်ခုရရေးဆိုသည့်ကိစ္စမှာ လက်တစ်ကမ်းအကွာတွင် ရောက်နေပေပြီ။ အဖေကိုယ်တိုင်လည်း သိချင်းကြီးဝိုင်းကာလပေါ်ဝိုင်းများတွင် အခုတလော ခပ်စိပ်စိပ်လေး အလုပ်လက်ခံနေရသည်။ အဖေ ပျော်ရွှင်ချမ်းမြေ့နေရှာသည်။

"အခု ဒီညတော့ မင်းတို့ စာကျက်ပြီး ခဏနားရင် မိန်းကလေးဆောင်တွေ ရှေ့သွားပြီး ဆိုကြ တီးကြဦးမှာပဲ မဟုတ်လား"

"မသိသေးပါဘူး အဖေရယ်"

တကယ်ပင် မသိသေးသောကြောင့် ကျွန်တော် အမှန်အတိုင်း ပြောခြင်းပင်။ အကယ်၍ ဟိုတစ်ခါကလို ရတနာဆောင်ရှေ့သွားမိပြီး ဆိုဖြစ်တီးဖြစ်လျှင် အကယ်၍ သူ… မခင်လေးလည်း ရတနာဆောင်သို့ ရောက်နေခဲ့လျှင် နှလုံးသွေးသည် ပွက်ဆူခါနီး ရေမျက်နှာပြင်တစ်ခုနှယ် ဖြစ်လာသည်။

"မသိသေးဘူး၊ လုပ်မနေပါနဲ့ကွာ၊ ရောက်ဖြစ်ဖို့ များတယ်၊ အဲ ရောက်ဖြစ်တယ်လို့ပဲ ပြောစမ်းပါ၊ သွားပေါ့ကွာ၊ ဘာဖြစ်သေးသလဲ။ တက္ကသိုလ်မှာနေခဲ့ပြီး တက္ကသိုလ်ကျောင်းသားတွေရဲ့ အရသာလေးတွေ





ကိုမှ မတွေ့ခဲ့ရဘူးဆိုရင် ဘယ်ဟုတ်မလဲ၊ မြန်မာ့အသံက ကိုကျော်မင်းဆိုရင် အခုထိ အဲဒီအရသာကို တသသပြောတုန်းပဲ"

"ရောက်ဖြစ်ဖို့ များတယ်ပဲ ဆိုကြပါစို့ အဖေရယ်"

"အေး… ဒီလိုလုပ်စမ်းပါကွာ၊ ရှေးခေတ် တက္ကသိုလ်ဆိုရင် ဒီသာပါမောက္ခက အတော်ဆုံးတပည့်ကို သမီးနဲ့ပေးစားတာတွေ ဘာတွေတောင် ရှိသေးတယ် မဟုတ်လား၊ ပညာလဲ စုံ၊ ကြင်ရာလဲ စုံ ဆိုတဲ့ စကားတောင် ရှိသေး။ မင်းတော့ ပညာစုံမှာပါ။ ဒီနှစ်ပြီးရင် ဘွဲ့ရပြီပဲ၊ ကြင်ရာတော့…"

"မစဉ်းစားရသေးပါဘူး အဖေရာ"

မှသားတစ်ဝက်ကို မျိုချလျက် ပြောလိုက်ရသောကြောင့် ကျွန်တော့် အသံတုန်ချင်သည်။ အဖေကတော့ တဟားဟား ရယ်လေသည်။ ပြီးမှ အရယ်ရပ်ကာ…

"စာကြည့်တာလဲ ကြည့်၊ ပျော်တာလဲ ပျော်ပေါ့ကွာ၊ ကျန်းမာရေးတော့ ဂရုစိုက်ပေါ့၊ မင်းမှာ အခု ဟို ကုံကော်မြေ နွေမိုးဆောင်းသီချင်းလေး အောင်မြင်မှုအရှိန်နဲ့ အလုပ်တွေ လာအပ်နေကြပြီ မဟုတ်လား။ စာမေးပွဲတစ်ဖက်၊ အလုပ်တစ်ဖက်နဲ့ ကျန်းမာဖို့ အရေးကြီးတယ်"

ကျွန်တော့်ရင်ထဲ နင့်ခနဲဖြစ်သွားသည်။ ကျန်းမာရေးကို သတိပေးနေသော အဖေ။ သူ့သား ကျွန်တော့်မှာ လှပသောအမည်ရှိသည့် ဝေဒနာတစ်ရပ် စွဲကပ်နေသည်ကို သူ မသိရှာ။

*

ဝင်းလွင်၊ ကိုအောင်ချစ်ကြီးနှင့် ကျွန်တော် သုံးယောက်ပေါင်း၍ ပြုစုတင်ပြရမည့် 'စာတမ်း'မှာ လေသံပြင်းထန်လှသည်။ ခေါင်းစဉ်မှာ 'အရင်းရှင်စနစ်၏ အမြင့်ဆုံးနှင့် နောက်ဆုံးအဆင့်ဖြစ်သော နယ်ချဲ့စနစ်' သုံးယောက်ပေါင်းဆိုသော်လည်း တကယ်တမ်း ဒိုင်ခံလုပ်နေရသူမှာ ကျွန်တော်သာ ဖြစ်သည်။ သူတို့က စာအုပ်စာတမ်း ရှာပေး၊



www.burmeseclassic.com

www.burmeseclassic.com

လက်ရေးမှုကြမ်းကို အချောပြန်ကူးပေးလောက်ပဲ တာဝန်ယူကြသည်။

'စာတမ်း'ကို လက်စသတ်ချိန်တွင် ညဉ့်ဆယ်တစ်နာရီ ထိုးနေပေပြီ။ ဝင်းလွင် အခန်းထဲသို့ နောက်တစ်ယောက် ဝင်လာသည်။ မြန်မာစာ ကိုစောလွင်၊ သူ့လက်ထဲမှာ မယ်ဒလင်တစ်လုံး။ သူတို့ ကြိုး၍ စီစဉ်ချိန်းဆိုထားမှန်း ယခုမှ ကျွန်တော် သိရသည်။ ကိုစောလွင်က မယ်ဒလင်အိုးကို ပွတ်သပ်လျက်...

"ဟိုတစ်ခါကလို မဖြစ်စေရဘူး၊ အကောင်းဆုံး ငှားလာတာ"

ဝင်းလွင်ကလည်း လွယ်အိတ်ထဲမှ စက္ကူအိတ်ကလေးများကို ထုတ်ယူကာ 'မတော်တဆ ကြိုးပြတ်တောင်မှ အသစ်လဲဖို့ ဟောဒီမှာ အဆင်သင့်'ဟု ဆိုသည်။ ကိုအောင်ချစ်ကြီးက 'ငါတော့ ဒီည နားပဲ စိုက်တော့မယ်ဟေ့'ဟု ပြောသည်။

"ကိုင်း ဘယ်လိုလဲ သက်မောင်၊ မင်းအဖေဆီက ပါမစ်ရှင်လဲ တောင်းခဲ့ပြီးသားမဟုတ်လား၊ စိတ်ရှင်းရှင်းထားပြီး သွားကြစို့၊ ချီ တက်ကြစို့"

ကျွန်တော်တို့အားလုံး ထွက်ခဲ့ကြသည်။ သည်တစ်ခါတော့ ရတနာဆောင်သို့ မသွားကြေးဟု ကျွန်တော် တင်းခံထားသည်။ ဝင်းလွင်က 'မသွားချင်လဲနေ ရတယ်၊ ငါ့ကောင်မလေးလဲ အတွဲရသွားပြီ၊ ရတနာဆောင်မှာ ငါ စိတ်ဝင်စားစရာ မရှိတော့ဘူး'ဟု ဆိုသည်။ နောက်ဆုံးတွင် အားလုံး သဘောတူညီချက်အရ ကျောင်းဝင်းအပြင် မထွက်တော့ဘဲ နီးနီးနားနား မာလာဆောင်ရှေ့သွားမည်ဟု ဆုံးဖြတ်လိုက်ကြသည်။

ပင်းယဆောင်မှအထွက် ဂိတ်ဝတွင် ဆရာလေး ဦးခင်မောင်တင့်နှင့် တွေ့သည်။ မမျှော်လင့်ဘဲ တွေ့ခြင်းပင်။ အခြားအဆောင်မှ အဆောင်နည်းပြဆရာများနှင့်အတူ မြင်းခွာရှက်သုပ် ထွက်စားပြီး ပြန်လာတာဟု ဆရာလေးက ပြောသည်။ ကိုအောင်ချစ်ကြီးက ဆရာလေးကို...

'ဆရာလေး ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါလား၊ မာလာရှေ့တင်ပါ'ဟု ခေါ်သည်။





'ဘယ်သူ့ကိစ္စ၊ ဘယ်သူ့အကြောင်း ဖြတာလဲဗျ'ဟု ဆရာလေးက မေးသည်။

"ဘယ်သူ့ကိစ္စမှ မဟုတ်ဘူး ဆရာလေးရေ၊ အပျော်သက်သက်ပဲ"

"လိုက်ခဲ့မယ်လေ ကျွန်တော်တို့ ကျောင်းသားဘဝတုန်းကဆိုရင် ပတ္တလားကြီးတစ်ခုလုံးတောင် ထမ်းချပြီး သွားဆိုကြ တီးကြတာ၊ တစ်ခါတလေ ပတ္တလားအိမ် မပါဘူး၊ အရွက်ချည်းပဲ လိပ်ယူ၊ ဟိုကျမှ တစ်ယောက်တစ်ဖက်ဆီ ကြိုးစကိုင်ပြီး တီးတဲ့လူက ဝင်တီးတာ"

ဆရာလေးဦးခင်မောင်တင်ပါ ပါလာသည့်အတွက် လုံခြုံမှု ပိုရှိသည်ဟု ကျွန်တော် ထင်သည်။ အဖေကို ပြန်ပြောပြချိန်တွင် နည်းပြဆရာတစ်ယောက်လည်း ကျွန်တော်တို့အဖွဲ့ထဲမှာ ပါပါသည်ဟု ပြောအားရှိပြီ။

"ကိုသက်မောင် ခြောက်ကပ်ကပ်ကြီးဗျာ၊ လမ်းလျှောက်ရင်းနဲ့ပဲ ဆိုကြ တီးကြရအောင်"

"ဘာဆိုချင်သလဲ ကိုစောလွင်"

"မွှေးလွန်းသည့်ပန်း"

"လုပ်လေ"

တကယ်တမ်းဆိုသောအခါတွင်ကား ဝင်းလွင်ရော ကိုအောင်ချစ်ကြီးပါ လိုက်ဆိုကြသဖြင့် အလွမ်းသီချင်းသည် သံပြိုင်တေးဖြစ်သွားသည်။ ကိုအောင်ချစ်ကြီးအသံက ဟိုရောက်သည်ရောက်ဖြစ်ရသည့်အထဲတွင် တေးဆိုပွဲသိမ်း၍ ပြန်လာကြသော အခြားအုပ်စုများနှင့် တွေ့သောအခါ သူတို့ဆိုလာကြသည့်သီချင်းထဲသို့ ကိုအောင်ချစ်ကြီး ရောယောင်လိုက်ကာ အသံတွေ ချော်ထွက်ကုန်သည်။

ထိုအခါ အခြားအဖွဲ့များ၏သီချင်းသံ မထိုးဖောက်နိုင်အောင် ဝင်းလွင်က သံကုန်ဟစ်တော့သည်။ သူ သံကုန်ဟစ်လေလေ၊ အသံထိမ်းလေလေ။

ယုဒသန်အောက်သို့ ကျွန်တော်တို့ ဖြတ်သည်။ မွှေးလွန်းသည့်ပန်း



www.burmeseclassic.com

www.burmeseclassic.com



လည်း အဆုံးသတ်သည်။ သို့သော် ဝင်းလွင်က အရှိန်မသတ်နိုင်။ ကျွန်တော့်အတောကို မစောင့်။ ကျွန်တော့်ကို မညီတော့ဘဲ 'ချစ်အားငယ်ရသူမယ်'ကို ကောက်သည်။

"သူ့မျက်နှာ ကျွန်တော့်အသည်း စွဲနေတယ်... သူ သာ ကျွန်တော့်ဘဝ သူသာ ကျွန်တော့်ရဲ့"

ဝင်းလွင် ဆက်ဆိုခွင့် မရလိုက်။ သူ့မျက်နှာရှေ့မှာ ကျွန်တော် လက်ကာပြလိုက်သောကြောင့် ဖြစ်သည်။

ကျွန်တော် သူ့ကို အသံထွက်ခွင့် မပြုနိုင်။ အကြောင်းမူ ရှေ့ခပ်လှမ်းလှမ်း၊ မာလာဆောင်ရှေ့ ကုံကော်ပင်အောက်ဆီမှ တစ်စုံတစ်ခုသော အသံကို ကြားလိုက်ရသောကြောင့်။ ထိုအသံသည် ဂီတသံ၊ မယ်ဒလင်သံ၊ ပြီးတော့ တေးဆိုသံ၊ ဆွေးမြည့်ကွဲနစ်စွာ ထွက်ပေါ်နေသည့်အသံ။

စောစောက ကျွန်တော်တို့ အုပ်စုမှာ မွေးလွန်းသည့်ပန်းတွင် သံပြိုင်အော်နေကြသောကြောင့် မကြားခဲ့ရခြင်း ဖြစ်သည်။ ယခုမူ တစ်စထက်တစ်စ တစ်လှမ်းထက် တစ်လှမ်း၊ ပီသစွာ ကြားခွင့်ရပြီ။

'ကျွန်တော့်မှာ မယ်ဒလင်ကြိုးပါတယ် မိတ်ဆွေ' ဟု ပြောခဲ့သူ၏ အသံဖြစ်ကြောင်း၊ ကျွန်တော် ကောင်းစွာ ကျက်မိသည်။ သူ့ကို ကျွန်တော် ပြန်တွေ့ခွင့်ရပြီ။ ကျွန်တော်တို့အားလုံး တိတ်ဆိတ်စွာပင် သူရှိနေရာ ကုံကော်ပင်နှင့် တစ်ပင်ကျော်ပင်ရိပ်အောက်သို့ ဝင်လိုက်ကြသည်။

ညဦးရိပ်ဝယ်၊ သူ့တေးသံနှင့် မယ်ဒလင်သံသည် ခွန်အားကြီးမားစွာ သို့သော် လှပလေးတွဲ့စွာ စီးမျောလာလေသည်။

"လှပသောညဝယ်... အရင်ညများနဲ့မတူ။ မိုးမှောင်ချုပ်ကာမှ မောင် ရောက်လာတယ်... ဂီတသံလေး... ချိုအေးနွဲ့ကာ... ထံတျာ သီဆိုမယ်... ချစ်ရသူ နတ်မိမယ်တစ်ပါး အေးချမ်းစွာ မှေးစက်ပါကွယ်... ချစ်သူအလိုကျ မောင်ဆိုပြမယ်... မှတ်မိပါစ သည်တေးလေးကိုကွယ်"



ကျွန်တော် တစ်ခါမှ မကြားဖူးသော သီချင်းစာသားနှင့် တေးသွားအလိုက်။

"မှတ်မိပါစ... သည်တေးကလေးကိုကွယ်..."

"မြူမှုန်တွေဆိုင်း ပြာလဲ့လဲ့ မှိုင်းရီ... ငွေလရောင်ခြည်ငွေမင်ရည်နဲ့ တိမ်မိုလ္လာမြမြရွှန်းမှာ...ဩော်... သာပဲ သာနိုင်လွန်းသည်..."

'အယ်...' အသံအလိုက်ဖြင့် ဆိုနေရာမှ ကြားဖြတ်လျက် သူသည် ဂီတနက်သန်ကိုစောညိမ်း၏ 'သပြေရွက်' သို့ ချက်ချင်းကူးသွားသည်။ သို့သော် အသံစီးဆင်းဆက်စပ်မှုကား ပကတိချောမွေ့လျက်။

"နေပြည်တော်ဆီ ရော်ရည်ထင်တွေးပါလို့ တရေးရေး မြင်ယောင် ခု လွမ်းအောင်ပြုပြီ..."

'သပြေရွက်ရေ...'ကို သူ အဆင်ပြေပြေ ဆက်ဆိုသည်။

"ယောမာန်ဆောင်းညရဲ့ နှင်းဥခါရာသီ... ပစ္စင်ပြအိုးရွှေပြသာဒ်နဲ့ နေရပ်ကို ပြန်ချင်ပါတော့သည်... အဲဒီ တေးကလေးကိုသိ...တစ်ခါတုန်းက မောင့်ရဲ့ မဟေသီ ...မှတ်မိပါစ... လွမ်းငွေ့ဝေစည်..."

သပြေရွက်ရေ သီချင်းမဆုံးသေးဘဲ သူ အခြားစာသားများသို့ ပြောင်းသွားသည်။ ကျွန်တော် အသက်ရဲရဲမရှူဖြစ်။ သူသည် ကျွန်တော့်ကို ကြီးစွာသော တန်ခိုးတစ်ခုဖြင့် ဖမ်းစားညှို့ယူပေပြီ။

"သည်တေးကို... မောင်ဆိုလို့ ရွှေစိတ်တော်ညိုသလား ခင်ရယ် ...ချစ်သူအလိုကျ ဆိုပြဦးမယ်... နားဆင်ပါ သက်ထားမျက်ခြယ် ရေမြေဆုံးစေတော့ကွယ် ခင်ဖုန်းကိုဖြင့် တွေ့အောင်ရှာမယ်... ရှာတော့မယ်"

'ရေမြေဆုံးစေတော့ကွယ်...ခင်ဖုန်းကိုဖြင့်...'ကား ကိုစောညိမ်း၏ 'သစ္စာ'မှ အစပိုဒ်၊ သူ 'သစ္စာ' သို့ ကူးသွားပြန်ပြီ။ သို့သော် အသံစီးဆင်းမှု



www.burmeseclassic.com

www.burmeseclassic.com

ကား လှပဆက်စပ်နေဆဲ။ သူ့ မယ်ဒလင်လက်သံကလည်း ဝေစည်ဆဲ။ နိုင်နိုင်နင်းနင်းတီးနေသည့် လက်ကွက်များကား အံ့သြစရာကောင်းလောက်အောင် အနုစိတ်လွန်းလှချေသည်။

"တွေ့အောင်ရှာမယ် ရှာတော့မယ်...ဓာဆန္ဒ ကြီးမား
သော်လဲ ပုန်းရက်နိုင်တဲ့ ချစ်သူရယ်...ရှာလို့ မတွေ့
နိုင်ပြီဘဲ...မောင့်ဘဝ တဝဲလည်လည်"

'သစ္စာ'သီချင်းစာသား မဟုတ်ပြန်။ အမှန်က 'တွေ့အောင် ရှာတော့မယ်'နှင့် ဆက်၍ 'ပြောသံကြားနဲ့ နားဝင်ချို ရင်ဖိုကာရယ်...'ကို ဆက်ရမည်။ ထိုသို့ သူ မဆက်။ ကျွန်တော် တစ်ခါမှ မကြားဖူးသော စာသားများက ကြားဝင်လာသည်။ နားထောင်နေရင်းဖြင့် ကျွန်တော် တစ်ခုခုကို သဘောပေါက်လာသည်။

ကြားဖောက်သွားသော ထိုစာသားများကား သူ့ဘာသာသူ ထည့်သွင်းထားသည့် သူ့ကိုယ်ပိုင်စာသားများပင်။

"နေစိမ့်တဲ့သူရယ်... ကွယ်ပျောက်လို့ ဘယ်ဆီမှာ
ဝေးတယ် ...သိတာ ရေမြေဆုံးပါစေတော့ ရှာရတော့
သစ္စာရှင်ရယ် မေ တမင်ပုန်းရက် တာလားကွယ်..."

'သစ္စာ'သီချင်းအဆုံးပိုဒ်ကို သူ ကောက်ပြန်သည်။ သို့သော် သူ့ဘာသာသူထည့်ထားသောစာသားများက ဆက်လိုက်လာပြန်သည်။ သီချင်း မဆုံးသေး။

"ချစ်သူပျောက် ရှာပုံတော်တေးနဲ့ အဆွေးဖွဲ့ကို မောင်
ဆိုမိပြန်တယ်၊ ချစ်သူ သက်ထား မျက်အားတော်မူပါ
နဲ့ကွယ်။ သန်းခေါင်ယံ ညဦးအတွင်း ချဉ်းနင်းလို့
လာချေတယ်... ဆုံးစလယ်မရသော တေး... မောင်
ရှေးလို့ သိပါရစေ...ခင်ရယ်"

အဆိုကို ရပ်ပြီး မယ်ဒလင်ကို သူ ခပ်ကြမ်းကြမ်းတီးသည်။ အငြိုးကြီးစွာတီးနေသည့် ပုံစံ။ သို့သော် သံစဉ်ကား လှပနေလေသည်။ မယ်ဒလင်လက်သံသည် ပုဆိန်ပေါက်ရှာချလိုက်သော မိုးသီးမိုးပေါက်များကဲ့သို့ တရစပ်ထွက်ပေါ်လာပြီးနောက် တီခနဲ အဆုံးသတ်သွားသည်။ ပကတိ တိတ်ဆိတ်ငြိမ်သက်သွားခြင်းနှင့်အတူ ကျွန်တော် ချောက်ချားလာသည်။

အမှောင်ရိပ်မှ တိုးထွက်လျက် သူ့ဆီအရောက်သွားရန် ကျွန်တော် ခြေလှမ်းပြင်လိုက်သည်။ သို့သော် ကျွန်တော် ထွက်ခွင့်မရလိုက်။ ဆရာလေးဦးခင်မောင်တင်က လှမ်းဆွဲထားလိုက်သည်။ ကျွန်တော်တို့ လှုပ်ရှားမှုကြောင့် ရွက်ကြွေအချို့အပေါ်တွင် ခြေသံများ ပေါ်သွားသည်။

"နေ နေ ကိုသက်မောင်...ငြိမ်း ကျွန်တော် ပြောပြမယ်..."

ဆရာလေးက လေသံဖြင့် ပြောသည်။

"ဆရာလေး... သူ့ကို သိသလား"

လေသံဖြင့်ပင် ကျွန်တော် ပြန်မေးရသည်။ ထိုအခိုက်မှာပင် သူ ကျွန်တော်တို့ဆီမှ အသံများကို ကြားသွားဟန်ဖြင့် ခေါင်းငဲ့ကြည့်သည်။ သူ တွေ့သွားပြီး မယ်ဒလင်ကိုပိုက်လျက် ကျွန်တော်တို့ ရှိရာ ကံ့ကော်ရိပ်သို့ သူ လျှောက်လာသည်။

"မိုးခြစ်ကလေးများပါရင် တဆိတ်လောက် မိတ်ဆွေ"

ကိုအောင်ချစ်ကြီးက မီးခြစ် ခြစ်ပေးသည်။ စိမ်းပြေနေပြေမီးညှိနေသော သူ့အသွင်ကို မီးရောင်တွင် ကောင်းစွာ မြင်နေရသည်။

ပထမတစ်ခါ တွေ့စဉ်ကထက် ပို၍ သူသည် ကြုံလိုဖျော့တော့နေပေပြီ။ နဖူးပေါ်တွင် ဝဲကျနေသော ဆံပင်များကလည်း ပို၍ ရှည်လျားကာ ပို၍ဖရိုဖရဲ ဖြစ်နေသည်။ ဆေးလိပ်ကို ညှပ်ထားသော သူ့လက်ချောင်းများကား အရိုးပေါ်တွင် အရေတင်။ သို့သော် ထူးထူးခြားခြား ရှည်လျားသွယ်ပျောင်းလှသော လက်ချောင်းများ ဖြစ်လေသည်။

"ကျေးဇူးကြီးလှပါတယ် မိတ်ဆွေ"







www.burmeseclassic.com

www.burmeseclassic.com

ဆေးလိပ်ငွေ့များကို ဝေးလံစွာ မှုတ်ထုတ်ကာ သူ ပြောသည်။ ကျွန်တော်တို့ကို သူ မကြည့်။ ဝေ့ဝိုက်လွင့်ပျံ့သွားသော သူ့ဆေးလိပ်ငွေ့များနောက်သို့သာ ကြည့်နေသည်။ သေးငယ်စူးရှူးသော သူ့မျက်လုံးအိမ်များတွင် အရည်လဲ့နေသည်ဟု ကျွန်တော်ထင်သည်။ သူ့ကို တစ်ခုခု ပြောဖို့ ကျွန်တော် စဉ်းစားသည်။ အရင်တစ်ခေါက်တွေ့စဉ်က မယ်ဒလင်ကြိုး တပ်ပေးခဲ့သည့်အကြောင်းကို အစဖော်ပေးရလျှင် ကောင်းမည်လားဟု သို့သော် ကျွန်တော် စဉ်းစားနေချိန်မှာပင် ဆရာလေး ဦးခင်မောင်တင်က ဦးအောင် ပြောလိုက်လေသည်။

"ပဥ္စသီခ ရောက်နေတာ ကြာပြီလား"

နှလုံးသွေးလည်ပတ်မှု တုံ့ခနဲ ရပ်သွားသည်ဆိုခြင်းမှာ တကယ်ဖြစ်တတ်သောအရာဟု ထင်သည်။ ဆရာလေး ပြောလိုက်သော စကားသံသည် တိုးတိုးညင်သာ ဖြစ်သော်လည်း ကျွန်တော့်နားထဲတွင် မြည်ဟည်းပေါက်ကွဲလျက်။

ကျွန်တော် နားကြားလွဲခြင်း မဖြစ်နိုင်။ သေသေချာချာ ကြားလိုက်ရသည်။ ပဥ္စသီခ၊ ပဥ္စသီခ ... တဲ့။

"ရောက်နေတာလား ... ကြာပါပြီ ခင်ဗျာ"

သူ့စကားပြောသံသည် ဝေးကွာသော ဒေသတစ်ခုဆီမှ သဲ့သဲ့လွင့်လာသလိုပင်။

"ဘယ်လောက် ကြာပြီလဲဗျ ... "

"ငါးနှစ် ရှိသွားပါပြီ ခင်ဗျာ"

"ဟာ ... ဒါဆို ကြာလှပြီပေါ့"

"ငါးနှစ်ဆိုတာက မိတ်ဆွေတို့ရဲ့ ကာလကို ပြောတာပါ၊ အမှန်ကတော့ ... ကျွန်တော်တို့ဆီမှာ တစ်ရက်တောင် မပြည့်သေးပါဘူးခင်ဗျာ၊ နတ်ပြည်မှာ တစ်ရက်ဆိုတာက လူ့ပြည်မှာ ခုနစ်နှစ်ဆိုတယ် မဟုတ်လား"

"ဪ ... ဟုတ်တယ် ... ဟုတ်တယ်၊ ကျွန်တော် မေ့သွားလို့၊





ဒါထက် ... ခုတလော ပဥ္စသီခကို မတွေ့တာကြာပြီနော်"

ပဥ္စသီခ ... ပဥ္စသီခ။ စိတ်ဝေဒနာသည်တစ်ဦးနှင့် ဆရာလေးတို့က အမှတ်မထင် ပြောနေကြစေကာမူ ကျွန်တော့်ရင်ထဲတွင် တစ်ဆို့ဆို့ကြီး ဖြစ်လာသည်။

""နတ်သဘင်အစည်းအဝေး ရှိနေတယ်လေ၊ အဲဒီမှာ မာတလိနတ်မင်းကြီးရဲ့သား သိခဏ္ဍီနတ်သားလဲ ပါသပေါ့၊ မိတ်ဆွေ သူ့ကိုသိတယ် မဟုတ်လား။ သိခဏ္ဍီနတ်သားလေ၊ ကျွန်တော့်ရဲ့ သူရိယဝစ္ဆနတ်မိမယ်ကို အသေအလဲ လိုချင်နေတဲ့သူ ... ကျွန်တော့်အသည်းကို ခွဲမယ့်သူ"

ကစဉ့်ကလျား ပြောနေသော သူ့စကားတွေကို နားထောင်ရင်း ကျွန်တော့်ရင်ထဲမှာ အသံကုန် အော်နေမိပြီ ထင်သည်။

"ပဥ္စသီခ ... သူ့ကို သိသလား"

ဆရာလေးက ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်လျက် ရှေ့သို့ တွန်းထုတ်ကာ ပြောသည်။ အင်အားမဲ့စွာ ဆရာလေး တွန်းထုတ်လိုက်ရာသို့ ကျွန်တော် ပါသွားသည်။ သူသည် ကျွန်တော့်ကို တစ်လှည့် ကျွန်တော့် လက်ထဲမှ မယ်ဒလင်ကို တစ်လှည့် ကြည့်ကာ ... တွေနေသည်။ သူ ကျွန်တော့်ကို မှတ်မိပုံ မပေါ်။

"ဩ ... ဂန္ဓဗ္ဗအနွယ်ဝင်နဲ့ပဲ တူတယ် ... နတ်သဘင်အစည်းအဝေးမှာတော့ တွေ့ဖူးနေသလိုလိုပဲ၊ ဒါပေမယ့် မိတ်ဆွေကို မမှတ်မိဘူး၊ ကျွန်တော့်မှာက ဂီတမျူး ပဥ္စသီခရယ်လို့ ဖြစ်နေတော့ မမှတ်မိနိုင်ဘူးလေ၊ မိတ်ဆွေ ခွင့်လွှတ်နော်၊ ဒါထက် မိတ်ဆွေ တိမ္ဗရုနတ်မင်းကြီးရဲ့သမီး တော် ဒေဝစ္ဆရာနတ်သမီးကို တွေ့ဖူးသလား၊ သိပ်လှတယ်နော်"

ဤနေရာမှ ကျွန်တော် အမြန်ဆုံး ထွက်ပြေးချင်နေပြီ။

ထိုအခိုက်မှာပင် နာရီသံချောင်းခေါက်သံ ပေါ်လာသည်။ ထယ် နှစ်ချက် တိတိ။ စူးရှတုန်ခါသော သံချောင်းခေါက်သံသည် ညကို ထိုးဖောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော…ဒါ အချိန်နာရီ အချက်ပေးသံပဲ၊ ကျွန်တော် ပြန်ရဦးမယ် မိတ်ဆွေ၊ မိတ်ဆွေတို့ဆီမှာ ကျွန်တော် ဒါ့ထက်ပိုပြီး နေခွင့် မရှိဘူး၊ ကျွန်တော့်မှာ ဝေဒီယကတောင်၊ ဣန္ဒသာလဂူထဲသွားပြီး ဖေလုဝဆောင်းတီးရဦးမှာ"

သူ့ကို ဖမ်းဆွဲလိုက်ဖို့၊ သို့မဟုတ် တစ်ခုခုပြောဖို့အတွက် ကျွန်တော့်မှာ ခွန်အားတွေ ပျောက်ဆုံးနေသည်။ ကျွန်တော့်အတွက် ဝိညာဉ်ကင်းမဲ့ညကို ခံစားနေရသည်။

သူ လှည့်ထွက်သွားသည်။ သူ မှီလျှက်ရပ်နေခဲ့သော ကံ့ကော်ပင်အောက်သို့ ဝင်သည်။ ပင်စည်ကိုမှီလျက် သူ မယ်ဒလင်ကို မွေ့ပိုက်သည်။ ခပ်ကြမ်းကြမ်းမွှေ့လိုက်သော ဂီတသံများ ထွက်ပေါ်လာသည်။ တေးတစ်ပုဒ်ပုဒ် သို့မဟုတ် တီးလုံးတစ်ခုခု၏ အတောအသွားမျိုး မဟုတ်။ ရောက်တတ်ရာရာတီးနေသော အသံများဖြစ်သည်။ သို့သော် ကစဉ့်ကလျားဖရိုဖရဲ မဟုတ်။ အသံ အတွဲအဖက် မှန်သည်။ ပြေပြစ်သည်။

မယ်ဒလင်သံထဲမှာပင် သူ့သီချင်းဆိုသံ ပေါ်လာလေသည်။

"ချစ်တဲ့သူ နှုတ်မိမယ်… အေးချမ်းစွာ မှေးစက်ပါတော့ကွယ်… ချစ်တေးတွေ ကုံးဖွဲ့လို့… ရုံးနဲ့ ညာပိုင်သစ္စာတိုင် သီချင်းဆိုပြတော့မယ်"

ဆရာလေး ဦးခင်မောင်တင်က ကျွန်တော့်လက်ကို ဆုပ်ကိုင်လျက် တိုးတိုးပြောသည်။

"နားထောင် ကိုသက်မောင်၊ နားထောင်၊ သိပ်အံ့ဩစရာကောင်းတာကို ခင်ဗျား ကြားရလိမ့်မယ်"

"ကျောင်းတော်သားတွေလဲ ရောက်လို့နေကြတယ်… အချစ်ရယ် ဂန္ဓဗ္ဗအနွယ်ဝင် ဂီတသမားတစ်ယောက်ကိုလဲ… မောင် တွေ့လိုက်ရတယ်… သူလဲလေ အချစ်ဒဏ် ခံစားနေရသူ ဖြစ်လေမလား မောင် အတွေးပွားမိတယ်…"





ကြက်သီးမွေးညင်း ထသွားသည်။

"ညဉ့်သန်းခေါင်အချိန် ရောက်လို့လာပြီကွယ်…ရောက်တတ်ရာရာတေး မောင် တွေးလို့ သီဖွဲ့မယ်… ဆိုစကားတစ်ခု ကြားဖူးတယ်…သန်းခေါင်ထက် တော့ ညဉ့်မနက်တယ်… မောင့်ဘဝမှာလဲ ညဉ့်မနက်နိုင်တော့ပါကွယ်"

အိပ်မက်တစ်ခုထဲမှာ လမ်းလျှောက်သွားရသလိုပင်။ ကျွန်တော် သူ့ဆီသို့ တိုးကပ်သွားမိသည်။ ဆွဲငင်အားကြီးသော သူ့ကို ကျွန်တော် မရုန်းသာတော့ပြီ။ အနားရောက်လာသော ကျွန်တော့်ကို သူ တစ်ချက်လှမ်းကြည့်သည်။ ထို့နောက်…

"ချစ်သူရယ်… လူတစ်ယောက် မောင့်အနား ရောက်လို့လာတယ်…တေးအရသာ သူခံစားဖို့ဖြစ်ပေမယ့်… တက္ကသိုလ်ကျောင်းသား သူသာဖြစ်ရင်ကွယ် မောင့်လို အဖြစ်မျိုး မကြုံရဖို့ ဆုတောင်းပေးလိုက်မယ်…"

ကျွန်တော် နားလည်လိုက်ပြီ။ အံ့ဩတုန်လှုပ်ခြင်းသည်လည်း ဦးဆံထိပ်မှသည် ခြေဖျားသို့တိုင် တဖြန်းဖြန်း စီးဆင်းသွားတော့သည်။

သူ့သီချင်း၊ သူ့စာသား၊ သူ့တေးသွားတို့သည် ဘယ်သီချင်းကမှ ယူထားခြင်း မဟုတ်။ ကြိုတင် ရေးစပ်ထားသည်လည်း မဟုတ်။

မျက်မှောက်တွင် ဖြစ်ပေါ်နေသည့် အခြင်းအရာအားလုံးကို တစ်မုဟုတ်ချင်း သီချင်းအဖြစ်သို့ ကူးပြောင်းယူလိုက်သော သူ့တေးစစ်စစ်။ ကြုံတောင့် ကြုံခဲ ပါရမီရှင်။ စာသားများကို ချက်ချင်းတွဲသည်။ အသံတစ်ခါတည်း ထည့်သည်။ တစ်ခါတည်း တောက်လျှောက်ဆို၊ တောက်လျှောက်တီး၊ စည်းဝါးအဝင်အထွက် အမှားအယွင်းမရှိ။ အသံအတွဲအဆက် နှစ်သွားခြင်း ငေါ်သွားခြင်း မရှိ။ ကောင်းစွာ အချိန်ယူရေးစပ်ထားသော တေးတစ်ပုဒ် လိုပင် ချောမွေ့ပြေပြစ်လှသည်။ အံ့ဩဖွယ် အနုပညာရှင်။



www.burmeseclassic.com

www.burmeseclassic.com

မြောက်ပြန်လေတစ်ချက်အဝှေ့တွင် သစ်ရွက်တို့ ဖြောဖြောလွှပ်သွားကြသည်။ ကျွန်တော့်အထင် ခိုင်လုံသွားသည်။ သူ ချက်ချင်း သီချင်းစပ်ကာ ဆိုပစ်လေသည်။

"ယောဒ နားထောင်စမ်း အချစ်ရယ်... လေအသုတ်မှာ တဖြုတ်ဖြုတ်ကြွေမယ့် သစ်ရွက်ကလေးတွေ ငိုညည်းသံ မင်း နားခံကြည့်စမ်းကွာ"

ကျွန်တော့်နောက်သို့ ဆရာလေး၊ ဝင်းလွင်နှင့် ကိုအောင်ချစ်တို့ လိုက်လာကြသည်။ ကုံကော်ပင်တစ်ရိပ်တည်းအောက်တွင် သူ့ကို ကျွန်တော်တို့ ဝန်းရံပြီး ဖြစ်သွားသည်။

"ချစ်တေးကို အားပေးလို့ ဖေးမယ့်သူများ၊ မောင့်
အပါး ရောက်လာကြပြီကွယ်...အသည်းလွှာကို မျှင်၊
ကြိုးတပ်ဆင်ကာ မောင်ဆိုပြမယ်...အို ချစ်သူ ခင်
လေးရယ် ခင်လေးရယ် ဒေဝစ္ဆရာ နတ်မိမယ်...တိမ္ဗရု
နတ်မင်းကြီးရဲ့ သမီးအလှရယ် ဂုဏ်ဒြပ်အရှိန်အဝါ
ကြီးလှသူရယ်...အညတရ ပဉ္စသိခ မောင့်ဘဝ ရွှေ
အားငယ် ဘယ်သောအခါမှ ရွှေလည်တွဲလို့ နွဲ့ပျော်
ရပါမယ် ချစ်တေးတွေ သီကာဖွဲ့လို့ သံသရာနယ်ထဲ
မောင်တစ်ယောက်သာပဲ တဝဲလည်လည်..."

သီချင်းအဆုံးတွင် သူသည် မယ်ဒလင်ကို အကြမ်းဆုံးတီးခတ်ပစ်ကာ ကြိုးများပေါ်သို့ လက်ဖဝါးဖြင့် အုပ်လျက် အဆုံးသတ်လိုက်လေသည်။

"ပြန်ခွင့်ပြုပါဦး မိတ်ဆွေများ ခင်ဗျား၊ ဩော်...ဟိုမိတ်ဆွေ..."

ကျွန်တော့်ကိုလှမ်းကြည့်ကာ သူ ယဲ့ယဲ့ပြုံးပြသည်။

"နတ်သဘင်အစည်းအဝေးကျမှ တွေ့ကြရအောင်၊ တစ်ခုတော့ သတိထားဗျာ၊ တိမ္ဗရုနတ်မင်းကြီး သမီးတော်ကိုတော့ ယောင်လို့မှ စိတ်မဝင်စားလိုက်လေနဲ့၊ အင်မတန် အဆိပ်ပြင်းတဲ့အလှ...ဗျ၊ ကျွန်တော် တောင် ပဉ္စသိခမို့ ခံသာတာ သိလား"





"ပဉ္စသိခ ကျွန်တော်တို့ လိုက်ပို့ပေးမယ်လေ"

ဆရာလေးက လှမ်းပြောလိုက်သော်လည်း သူ စကားမပြန်တော့။ ချာခနဲ လှည့်ထွက်သွားသည်။ ကျောင်းဝင်းအပြင်သို့ သူ့ခြေလှမ်းများ ရှေးရှုသည်။ ကျွန်တော်တို့ မတိုင်ပင်ရဘဲ သူ့နောက်မှ လိုက်ခဲ့ကြသည်။ ကျောင်းဝင်းအပြင် ပြည်လမ်းမဘက် ရောက်သည်။

ပြည်လမ်းမတစ်ဖက်သို့ သူ မကူးခင် ဟိုမှာဘက်ဆီမှ ဝိန်ဝိန် အရပ်ရှည်ရှည်လူတစ်ယောက် လျှောက်လာသည်ကို တွေ့လိုက်ရသည်။ တိတ်ဆိတ်သောညဉ့်၏ လရောင်၊ လမ်းမီးတိုင်အလင်းရောင်ဖြင့် ထိုသူသည် အဘိုးအိုတစ်ယောက် ဖြစ်ကြောင်း သိရလေသည်။

လမ်းမအလယ်တွင် အဘိုးအိုနှင့် သူ တွေ့ကြသည်။ ကျွန်တော်တို့လည်း သူတို့နှစ်ယောက်ဆီ ရောက်သွားကြသည်။ အဘိုးအိုက ဆရာလေးဦးခင်မောင်တင်ကို မြင်သွားသည်။

"ဩော်... ဆရာပါလား၊ သူ့နောက်က လူစုစု လိုက်လာကြလို့ ကျွန်တော် စိတ်မချတာနဲ့ လာကြည့်တာ"

"ကျွန်တော်တို့လဲ သူ့ကို စိတ်မချလို့ လိုက်ပို့ကြတာပဲ အဘ"

"စိတ်မချစရာတော့ မရှိပါဘူး ဆရာရေ၊ ဆယ့်နှစ်နာရီထိုးပြီးရင် ပြန်လာမယ်လို့ သူ ပြောသွားတာ ပြောတဲ့အတိုင်း ပြန်လာတာပဲ၊ ဒါ တစ်ခုတော့ သူ သိပ်သတိကောင်းတယ်"

ကျွန်တော့် 'ပဉ္စသိခ' ကား အဘိုးအို၏ လက်ကို ကလေးငယ်တစ်ယောက်လို ဆုပ်ကိုင်ထားလေသည်။ စောစောကလို ဝင့်ဝင့်ကြွားကြွား မဟုတ်တော့။ အားကိုးရာမဲ့သော သူတစ်ယောက်အသွင်သို့ ပြောင်းသွားချေပြီ။ သူ့အကြောင်းပြောနေကြသည်ဟုပင် သတိထားမိဟန် မတူ။

"သူ့အခြေအနေကော ဘယ်လိုနေသေးသလဲ အဘ"

"အခြေအနေကတော့ ပိုဆိုးလာတာပါပဲ ဆရာရယ်၊ ခုတလော အိပ်လဲ မအိပ်၊ စားလဲ မစားဆိုတော့ အားပိန်ညည်းတာပေါ့၊ ခုလို ညဉ့်နက်


www.burmeseclassic.com

www.burmeseclassic.com

သန်းခေါင်ထွက်တာလဲ မကောင်းဘူး၊ ဒါပေမယ့် ဒီလိုမှ ဒီအချိန်လေးမှ မထွက်ရရင်လဲ သူက သောင်းကျန်းပြန်ရော၊ ဒါတစ်ခုတော့ သူ့ကို အလိုလိုက်ထားရတယ်၊ ဒါမှမဟုတ်ရင် သူ ကြမ်းလာမှာ စိုးရတယ်"

"ဆေးရုံ ပြန်မတင်ဘူးလား အဘ၊ ဆေးရုံတင်လိုက်ဖို့ ကောင်းတယ်"

"မပြောချင်ပါဘူး ဆရာရယ်၊ သူ့အစ်မက ဆေးရုံပို့တာ မကြိုက်ဘူး၊ သူကလဲ မတက်ချင်ဘူး၊ ဒီအတိုင်းပဲ နေတာကမှ သူ သီချင်းဆိုလိုက်၊ ဟိုဟာ ဒီဟာလေး ကောက်တီးလိုက်နဲ့ သက်သာတယ်ဆိုပြီး..."

အဘိုးကြီးသည် စကားကို အဆုံးမသတ်တော့ဘဲ သူ့ကိုဆွဲ၍ လမ်းတစ်ဘက် ကျောင်းသားရိပ်သာဘေးသို့ ဝင်သွားသည်။ သစ်ရိပ် သစ်အုပ်တို့ ထူထပ်သော စံပယ်ခြံဘက်သို့ ထွက်သွားကြခြင်း ဖြစ်သည်။

တစ်ချိန်လုံး ရင်ထဲမှာ ရှုပ်ထွေးစွာ ဆို့နစ်နေခဲ့ရသော ကျွန်တော် မအောင့်အည်းနိုင်တော့၊ မထိန်းသိမ်းနိုင်တော့။

"ဆရာလေး... သူ့ကို သိသလား"

"ရူပဗေဒ ကျောင်းသားဟောင်းတစ်ယောက်ပေါ့ ကိုသက်မောင်၊ ဒါပေမယ့် ကျောင်းမပြီးလိုက်ရှာပါဘူး၊ တတိယနှစ်နဲ့ ထွက်လိုက်ရတယ်၊ ခင်ဗျားမြင်တဲ့အတိုင်းပဲလေ၊ သူ့ရောဂါက ကိုယ်ချင်းမစာပြောရရင် ယဉ်ယဉ်လေး ရူးနေတာ၊ ကျောင်းသားဘဝတုန်းကတော့ စာလဲ သိပ်တော်တာ၊ အနုပညာမှာလဲ ခင်ဗျားတွေ့တဲ့အတိုင်းပဲ"

စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရတော့သည်။

"စောစောကအဘိုးကြီးက ကော ဆရာလေး"

"အဲဒါ ကျောင်းသားရိပ်သာက ညစောင့်အဘိုးကြီးလေ၊ သူနဲ့တော့ ဘာမှ မတော်ပါဘူး၊ ဒါပေမယ့် တစ်မြို့တည်း တစ်ရွာတည်းသားချင်းလို့ ပြောတာပဲ၊ ရန်ကုန်မှာ ဆွေမျိုးသားချင်းလဲ မရှိဘူး၊ သူ့အစ်မ တစ်ယောက် နယ်မှာရှိတယ် ပြောတယ်"





"သူ ဘာကြောင့် ဒီလိုဖြစ်သွားရတာလဲ ဆရာလေးရယ်"

"အဲဒါတော့ အမျိုးမျိုးပြောကြတာပဲဗျ။ စာတွေ သိပ်ဖတ်လို့ ဆိုပြီးလဲ ပြောကြတယ်၊ ရည်းစားနဲ့ ကွဲပြီး အတော်အထိနာသွားတယ်လို့လဲ ပြောကြတယ်၊ သိသိသာသာ ဆိုးသွားတာကတော့ သူ ထောင်က ထွက်ပြီးမှပဲ"

"ဟင်... သူ ထောင်ကျဖူးတယ်၊ ဘာအမှုနဲ့လဲ"

အံ့သြတုန်လှုပ်ဖွယ်များသည် ရင်နှင့် မဆံ့ချင်တော့။

"ကျွန်တော်လဲ သေသေချာချာတော့ မသိဘူး ကိုသက်မောင်၊ ဘယ်သူမှလဲ အတိအကျတော့ မသိကြပါဘူး၊ ဒါပေမယ့် ပြောနေကြတာတော့ ခားပြုမှုတဲ့"

"ဗျာ..."

ကောင်းကင်နှင့်မြေပြင် ရတ်ချည်းထိကပ်သွားကြပြီ ထင်သည်။

"သူ တတိယနှစ်ဖြေအပြီးမှာ နယ်ပြန်သွားတယ်။ အဲဒီမှာ ခားပြုမှု ဖြစ်ခဲ့တာတဲ့။ ဒါပေမယ့် ကြာပေါ မသင်္ကာရုံသက်သက်ပဲ ဆိုပြီး ပြန်လွှတ်လာခဲ့တယ်...၊ ထောင်က အထွက်မှာ သူ သိသိသာသာ ဖောက်သွားတာပဲ၊ ဒီလူ့ဘဝက ကြေကွဲစရာပါဗျာ။ ကျွန်တော် အနှမြောဆုံးကတော့ စာတော်တဲ့ကျောင်းသားတစ်ယောက်ဖြစ်ပြီး ဘွဲ့မရလိုက်တာရယ်၊ အနုပညာသမားတစ်ယောက်ဖြစ်ပြီး နေရာမရလိုက်တာရယ်ပါပဲ...၊ ခင်ဗျားတွေ့တဲ့အတိုင်း အကြောင်းသိတွေက သူ့ကို ပဥ္စသီခလို့ ခေါ်ကြတယ်လေ၊ သူကလဲ ဒီလိုခေါ်တာ သိပ်ကြိုက်တယ်"

ညဘက်ညဘက် မိန်းကလေးဆောင်များရှေ့ လာလာပြီး သူ သီချင်းဆိုတတ်ရုံမှအပ အခြား ဘာမှအန္တရာယ်မပြုကြောင်း၊ သူ သီချင်းဆိုတိုင်းမှာလည်း လက်ငင်းလတ်တလောအဖြစ်အပျက်များကို ချက်ချင်း သီချင်းထည့်စပ်ကာ ချက်ချင်းဆိုပစ်တတ်ကြောင်း၊ ဆရာလေး ဆက်ပြောနေသည်။ သို့သော် ကျွန်တော့်နားထဲတွင် ဆရာလေးစကားတို့သည် မသဲမကွဲ ဗလုံးဗထွေး။ ကျွန်တော် ဆက်နားမထောင်ချင်တော့။



www.burmeseclassic.com

www.burmeseclassic.com

တုန်လှုပ်စရာကြားရချက်များက ကျွန်တော့်ရင်ကို ရိုက်ပုတ်နေသည်။

သူ့ကိုယ်သူ 'ပဋ္ဌသိခ' ဟု ကြွေးကြော်သူ။ ရူပဗေဒ တတိယနှစ်ဖြင့် ကျောင်းထွက်ခဲ့ရသူ၊ အလွန်စာတော်သူ၊ အလွန့်အလွန် အနုပညာဂီတအရာ၌ ထက်မြက်သူ၊ ပြီးတော့ ခါးသီးလှသောအခြင်းအရာ...ဆားပြမှု။

ထိုညက ကျွန်တော် မတီးဖြစ်၊ မဆိုဖြစ်။

* * *



## အခန်း (၁၃)

တက္ကသိုလ်လှဝင်းမြတ်သည် အဆက်အသွယ်ကောင်းသူ ဖြစ်သည်။ သူ့အပြောအရတော့ ကျွန်တော့် 'ကံကောင်းမြေ နွေမိုးဆောင်း' ကျေးဇူးကြောင့်သူ လမ်းပွင့်လာပြီး အဆက်အသွယ်ကောင်းတွေ ရလာခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။ ဖြစ်နိုင်စရာလည်း ရှိသည်။ တက္ကသိုလ်အနုပညာအသင်းကာလပေါ်ဝိုင်းသည် 'ခ' အဆင့်ဝင်တီးဝိုင်းသာ ဖြစ်သည်။ "ခ" အဆင့်ဟုခေါ်ရခြင်းမှာ အပျော်တမ်းဝိုင်း၊ ကြေးစား ပညာရှင်ဝိုင်း မဟုတ်။ သို့သော်တက္ကသိုလ် လှဝင်းမြတ်သည် အနုပညာအသင်း၏ ဆက်ပြားရ အဆိုတော်တစ်ယောက်အနေဖြင့် အပြင်ဘက်သို့ ခြေလှမ်းလိုက်လေသည်။

ပညာရှင်ဝိုင်းခေါ် ပရိဖက်ရှင်နယ်နှစ်ဝိုင်းနှင့် သူ အဆက်အသွယ်ရလာသည်။ အချို့က ကြေးစားဝိုင်းဟု ခေါ်ကြသည်။ ဝိုင်းအုံတောင့်သည်။ တူရိယာများ စုံလင်သည်။ နာမည်ကြီး တူရိယာသမားများ၊ တေးရေးသူများ ပါ ပါသည်။ ထိပ်တန်းနိုင်ငံကျော်အဆိုတော်များကို ဧည့်သည်အဆိုတော်အဖြစ် ခေါ်ကြသည်။

ငွေကြေးတောင့်တင်းသော တက္ကသိုလ်လှဝင်းမြတ်သည် ထိုဝိုင်းများတွင် ကျွန်တော့်သီချင်းဖြင့် အဆက်အသွယ်ရလာသည်ဟု ဆိုသည်။


www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်ကလည်း သူကိုယ်တိုင် တီးလုံးတိုက် အသံသွင်းစရိတ်စကများ ဘယ်လောက်ထည့်ဝင်ထားမည်လဲဟု ကျွန်တော် တွေးမိသည်။ ကိစ္စမရှိ။ သူ့အရာသာ ဖြစ်သည်။ ငွေကြေးထည့်ဝင်ခြင်း မထည့်ဝင်ခြင်းကိစ္စများသည် ကျွန်တော်နှင့် မဆိုင်။

ကျွန်တော့်ကိုအကြောင်းပြု၍ တက္ကသိုလ် လှဝင်းမြတ် လမ်းပွင့်သွားသည်ဟု ဆိုနိုင်သလို သူနှင့် ပတ်သက်၍လည်း ကျွန်တော် ဂီတနယ်ပယ် ပို၍ကျယ်လာသည်ဟု ဆိုရမည်ဖြစ်သည်။ သူ ဆက်သွယ်ပေးသော ဝိုင်းနှစ်ဝိုင်းသည် ဂီတလောကတွင် ထိပ်တန်းနာမည်ကြီး ဝိုင်းနှစ်ဝိုင်း ဖြစ်သည်။ တက္ကသိုလ် လှဝင်းမြတ်က ကျွန်တော့်သီချင်းဖြင့် နာမည်ရလာသူဖြစ်သောကြောင့် ထိုဝိုင်းများမှာလည်း ကျွန်တော့်သီချင်းများကိုပဲ ဆိုမည်ဟု ပြောသည်။ သို့ဖြင့် ကျွန်တော် သီချင်းနှစ်ပုဒ် ရေးပေးရသည်။ တစ်ပုဒ်က သူ့ တစ်ယောက်တည်းအတွက် ဆိုဖို့၊ တစ်ပုဒ်က စုံတွဲသီချင်း။ သူနှင့် ညီသည်တော်အဆိုတော်အဖြစ် လာဆိုပေးမည့် ရေနံမြေသက်ဝေအဖွဲ့မှ အဆိုတော်သက်သက်တို့ တွဲဖက်သီဆိုကြမည်။

တီးဝိုင်းကိစ္စများဖြင့် ကျွန်တော် အလုပ်များနေလေသည်။ စာမေးပွဲကလည်း တစ်စစနီးလာပြီဖြစ်သည်။ မငြင်းသာသော လက်တွေ့ဘဝ လှုပ်ရှားမှုများကြားတွင် ကျွန်တော် အချိန်နှင့်အမျှ အလုပ်လုပ်နေရသည်။ သီချင်းရေးခြင်းသည် အလုပ်တစ်ခု။ ထို့အတူ စာမေးပွဲအတွက် ပြင်ဆင်ရခြင်းသည်လည်း အလုပ်တစ်ခုပင်။ ကျွန်တော့်အတွက်မူ သာမန်ကျောင်းသားတစ်ယောက်လို မည်ကာမတ္တစာမေးပွဲ မဟုတ်။ အဖေ၏ ကြီးမားသော ရည်ရွယ်ချက်ကြီးတစ်ခုကို ဖြည့်စွမ်းပေးရမည့် အလုပ်တစ်ခုလို သဘောထားသည်။ ပြီးတော့ ကျွန်တော်သည် တစ်လ တစ်ရာအစိတ်သော သုတေသနထောက်ပံ့ကြေးကို ယူထားသူ၊ သည်စာမေးပွဲကို ကျွန်တော် အောင်မှ သည်ဘွဲ့ဒီဂရီကို ရမှ ဖြစ်မည်။

လက်တွေ့ဘဝ လှုပ်ရှားမှုများကြားတွင် စိတ်ကူးငှက်သည်





အတောင်ပံ ခတ်ခွင့် မသာ။ စိတ်ကူးယဉ်ချင်သည်ဆိုသော်မှ ယဉ်ချိန် မပေးနိုင်သောအခြေ။ နှလုံးသားသည် ဒီဌေးမွှကိစ္စတွေအောက်၌ အသက်ရှုခွင့်မရ။ အစိုအညောက် ပေါက်နေသော သစ်ပင်ငယ်တစ်ခုကို ဘာတစ်ခုမှ မပြုစု မယုယနိုင်ဘဲ မိုးထဲလေထဲမှာ ပစ်ထားရသည်နှင့် အလားတူချေမည်။

သို့သော် ကြိမ်ခဲ့လေသောမျိုးစေ့ကိုယ်နှိုက်ကပင် အောင်မြင်ဖွံ့ထွားမည့်အနှစ်ဓာတ်တို့ ကိန်းအောင်းပါဝင်ကြပြီ ထင်သည်။ မပြုစု မယုယဘဲ မိုးထဲလေထဲတွင် ပစ်ထားသည့်ကြားကပင် အမြစ်တို့သည် အမြွှာမြွှာကုပ်တွယ်ကြပြီ။ အခက်အလက်တို့သည် ရှန်းကြွပေါ်ထွက်ကြပြီ။ ရွက်နုသစ်တို့ ဖူးဝေကြပြီ။

သူ့ကို အချိန်တိုင်းနီးပါး သတိရနေသည်။ သူ... မခင်လေး။

သီချင်းတိုက်ချိန်၊ စန္ဒရားဖုံးကို ဖွင့်လိုက်လျှင်လည်း သတိရစရာ။ အဆောင်ရှေ့ တေးဆိုခဲ့သောအချိန်ဖြစ်သည့် ညဦးကာလမှာလည်း သတိရစရာ။ ကျောင်းစာအုပ်များကို ဖွင့်လိုက်သည့်အချိန်တွင်လည်း 'ဟင် ဒီစကားဟာ ခင်လေးတို့ ဖိလိုဆိုဖီစကားပဲ ကိုသက်မောင်။ သမိုင်းအဓိကမှာ ကိုသက်မောင်တို့ ဒါတွေ သင်ရလို့လား' ဟူသော စကားသံက လွင့်ဝဲလာတတ်သည်။ 'ကိုသက်မောင် အခု စတုတ္ထနှစ်နော်' 'မဟာဝိဇ္ဇာ တက်မှာလား....'သူ့အသံများကို ကြားယောင်သည်။

အထူးသဖြင့်ကား သီချင်းရေးဖို့ သီချင်းစပ်ဖို့ မယ်ဒလင်ကိုင်လိုက်ချိန်၊ စန္ဒရားတွင် ဝင်ထိုင်လိုက်ချိန်၊ 'တို့ပြည်ထောင်စုသား'သီချင်းတိုက်စဉ်ကာလမှစခဲ့သော ရုပ်ပုံများသည် အထင်အရှား ကိုယ်ယောင်ပြလာကြသည်။ သူ့အသွင်၊ သူ့ဟန်၊ သူ့အသံများကို ငြင်းပယ်ပုတ်ခါ၍ ရန်မှာ ဝန်လေးလွန်းလှသည်။ အနုပညာအမှုနှင့် သူ့ကို သတိရခြင်းနှစ်ခုသည် ခွဲမရအောင် တွဲစပ်နေသည်။ အင်အားရှိသောအလှသည် ဖိဖိစီးစီးအုပ်စိုးနေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကံကော်ပင်အောက်မှာ မှောင်နေပေမယ့် ခင်လေး သိလိုက်တယ်၊ ကိုသက်မောင် အဆိုလဲ ကောင်းပါတယ်"

အနုပညာအသင်းရုံးခန်းမှ အထွက်တွင် သူပြောသွားသည့် စကား၊ ရတနာဆောင်ရှေ့မှာ ကျွန်တော်ဆိုခဲ့သော သီချင်း။

"ချစ်ခြင်း၏ နွံအတွင်းဝယ် လွတ်ကင်းဖွယ် မရှိသော
နှလုံးသားအနွယ်...ဆုတ်နစ်တဖန်...ပကတိပြန် မဖြစ်
နိုင်တော့တယ်၊ လုံ့လကြံခိုင် မစွမ်းနိုင်လေတယ်၊ သြော်...
ချစ်သူခင်လေးရယ်၊ ဒေဝစ္ဆရာ နတ်မယ်ထံ ပါး
ခံစားရသောနတ်ဆောင်းရှင်နှယ် ... တိမ်ညိုလာ
ပဥ္စသီခအလားသဖွယ် ချစ်စကား ချစ်ရေး...ချစ်တေး
သိဂုံ မသိဂုံဂုံ စိုးရွံ့စိတ် နှောင်ပူဇော်ပါကြွယ်..."

ကြုံခဲ့ရသည်များကို အစမှ အဆုံးတိုင် စဉ်းစားသည်။

ကျွန်တော့်ဘက်မှ ရပ်ကာ စန္ဒရားလှချိုကို တိုက်ခိုက်ခဲ့သော ခင်လေး။ ကံကော်မြေ နွေမိုးဆောင်းသီချင်း၏ ခြေဆင်းသဖြန့်ပိုဒ်ကို ပေးခဲ့သော ခင်လေး။ ရတနာဆောင်ရှေ့တေးဆိုပွဲကို နားထောင်လိုက်ရပြီးနောက်...'ကိုသက်မောင် အဆိုလဲ ကောင်းပါတယ်' ဟု သိသိမှတ်မှတ် ပြောသွားသော ခင်လေး။

ထို့ပြင်...မဟာဝိဇ္ဇာနောက်ဆုံးနှစ်အပိုင်း (က) ကျောင်းသူကြီး။ ချမ်းသာကြွယ်ဝသော မျိုးရိုးအနွယ်။ သူသည် ကျွန်တော့်အတွက် တကယ်ပင် ဒေဝစ္ဆရာနတ်မိမယ်လေလား။ တိမ္ဗရုနတ်မင်းကြီး၏ သမီးတော်ပေလား။

တွန့်ဆုတ်သော၊ သို့သော် တစ်ချိန်တည်းမှာပင် ရန်းကြွသော နှလုံးသား။

အားငယ်သော၊ သို့သော် တစ်ချိန်တည်းမှာပင် ထက်သန်သော နှလုံးသား။





မှိုင်းရီသော၊ သို့သော် တစ်ချိန်တည်းမှာပင် ကြည်လင်သော နှလုံးသား။

ဆန့်ကျင်ဘက်တို့ဖြင့် ပြွမ်းတီးရိုက်ခတ်ကာ ရှုပ်ထွေးမှောင်မိုက်နေသော ဝေဒနာအလျဉ်သည် နောက်ဆုံးကား တစ်စထက် တစ်စ ရှင်းပြတ်လင်းလက်လာကာ တစ်ခုတည်းသောနေရာသို့ ဆိုက်ရောက်သွားလေသည်။

ကျွန်တော့်ကိုယ်ကျွန်တော် စိတ်ချစွာ အသိပေး ကြွေးကြော်လိုက်သည်။

ထိုအရာသည်...'အချစ်' ဖြစ်သည်။

ချစ်ခြင်းမေတ္တာ၏ စွမ်းအားဖြင့် နောက်တစ်ခု ကျွန်တော် ကြွေးကြော်သည်။

ဂန္ဓဗ္ဗနွယ်ဝင် ဂီတမှူး အညတရနတ်သား ပဉ္စသိခသော်မှပင်၊ တိမ္ဗရုနတ်မင်းကြီး၏ သမီးတော်၊ သူရိယဝစ္ဆဒေဝီခေါ် ဒေဝစ္ဆရာနတ်မိမယ်၏ အချစ်ကို လှမ်းငင်ဆွတ်ချူနိုင်ခဲ့သေးသည် ဆိုပါက။

*

တက္ကသိုလ်စာတိုက်၏ စာတိုက်ပုံးအပေါက်မှတစ်ဆင့် ကျွန်တော့်စာအိတ်သည် အတွင်းသို့ လျှောကျသွားသည်။ စာတိုက်ပုံးအပေါက်တွင် စာအိတ်ကို အတန်ကြာကိုင်ထားမိခဲ့သေးသည်။ တွေဝေနေသော မိမိကိုယ်မိမိ မကျေမနပ်ဖြစ်ကာ လက်ချောင်းများကို လွှတ်လိုက်သောအခါမှ စာအိတ် ကျသွားသည်။

စာတိုက်ပုံးတွင် ကျွန်တော့်စာသည် အခြား အခြားသော စာများနှင့်အတူ တစ်ညတာမျှ ခိုလှုံနေကြဦးမည်။ နောက်တစ်နေ့ ဤစာသည် သက်ဆိုင်ရာ လိပ်စာရှင်သို့ ရောက်သွားပေတော့မည်။ လက်ခံရရှိသူသည် တအံ့တသြ ဖြစ်ကောင်းဖြစ်မည်။ မဖြစ်ချင်လည်း နေမည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်…

**ခင်လေး…**

*ကျွန်တော့်မှာ ယောကျ်ားတစ်ယောက်ရှိအပ်သော ဂုဏ်ရယ်၊*
*အနုပညာသမားတို့ ရှိအပ်သော အင်အားရယ်…*
*ပြီးတော့ ချစ်ခြင်းမေတ္တာရယ်…*
*ဒီသုံးခုပဲ ကျွန်တော် ပိုင်ဆိုင်ပါတယ်။*
*အစစအရာရာကို ဒီသုံးခုနဲ့ တည်ဆောက်သွားနိုင်မယ်လို့လဲ ယုံကြည်ထားပါတယ်။ ကျွန်တော် အလေးအနက်ပြောခြင်းဖြစ်တယ်ဆိုတာကို ခင်လေး နားလည်နိုင်ပါစေ။*
*ဘဝရဲ့ ရှေ့ခရီးတွေမှာ ခင်လေးလက်ကို မြဲမြဲတွဲပြီး ….*
*ကျွန်တော် လျှောက်ပါရစေ…*

**သက်မောင်**

ဟူသော စာတိုတိုလေးကို ဖတ်ပြီးသည်နောက်တွင်ကား ချစ်သူသည် အံ့သြခြင်းမှသည် ရှက်ရွံ့ခြင်း၊ ထိခိုက်ခြင်း၊ နွေးထွေးခြင်း၊ ရင်ခုန်ခြင်းစသည်ဖြင့် ခံစားတုန့်လှုပ်ရှားပေမည်ဟု ကျွန်တော်တွေးမိသည်။ ထို့ပြင်လည်း…

'သို့၊ မခင်လေးခင်၊ မဟာဝိဇ္ဇာ နောက်ဆုံးနှစ် အပိုင်း(က)… ဒဿနိကဗေဒဌာန၊ ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ ရန်ကုန်မြို့'ဟူသော စာအိတ်ပေါ်မှ လိပ်စာကိုပြန်ကြည့်ကာ သူ ပြုံးမိကောင်း ပြုံးမိမည်။ 'ကိုသက်မောင် အဆိုလဲ ကောင်းပါတယ်'ဟု ပြောခဲ့ဖူးသော ခင်လေးသည် 'ကိုသက်မောင် စာထည့်ဖို့ လိပ်စာရွေးတာလဲ အကြံပိုင်ပါတယ်'ထင်ပေမည်။

မဟာဝိဇ္ဇာတန်းများတွင် ကျောင်းသူကျောင်းသား များများစားစား မရှိ။ ထို့ပြင် ရှိသမျှသော ကျောင်းသူကျောင်းသားတို့မှာလည်း ဌာနတွင်



နည်းပြဆရာ၊ ဆရာမဖြစ်ဖို့က အများကြီး နီးစပ်နေပြီဖြစ်သောကြောင့် ကျောင်းသားသာ ဆိုရသည်။ ဆရာ၊ ဆရာမတွေနှင့် ရင်းနှီးနေကြသည်။ ထို့ကြောင့် ဤလိပ်စာသည် မလွဲနိုင်သော မမှားနိုင်သော အသေချာဆုံးသော လိပ်စာဖြစ်သည်။

အားနည်းတွေဝေ သိမ်ငယ်ခဲ့ရသမျှသော ဝေဒနာတို့သည်လည်း လျှော့ကျသန့်စင်သွားကြပြီ ဖြစ်သည်။ ချစ်သူသည် ကျွန်တော့်ခွင့်ပန်ချက်ကို စဉ်းစားလိုက စဉ်းစားနိုင်သည်။ ကျွန်တော့်ရုပ်ပုံလွှာကို သူ့စိတ်ထဲမှာ အကြိမ်ကြိမ် အခါခါ ဖတ်ကြည့်မည်။ ထိုအခါ သူ့အပေါ်ထားရှိသော ကျွန်တော့်ချစ်ခြင်းမေတ္တာ၊ နားလည်ယုံကြည်မှု၊ လေးစားမြတ်နိုးမှုများကို သူ တွေ့လာလိမ့်မည်။ သဘောပေါက်လာလိမ့်မည်။ ထိုအခါ သူသည်…။

စိတ်ကူးဥယျာဉ်အတွင်းဝယ် ပန်းပေါင်းစုံတို့ အပြိုင်းအရိုင်း ဖူးပွင့်လာနေကြသည်။ ခင်လေးနှင့် ကျွန်တော်သည် ဆယ်တန်းအောင်ပြီးခါစ၊ တက္ကသိုလ်ရောက်ခါစ မနူးမနပ်အရွယ်များ မဟုတ်။ အချစ်ဖြင့် အရာရာကို တည်ဆောက်အံ့ဟူ၍ စိတ်ကူးတွေတစ်လျှောက်ကြီး ယဉ်နေကြမည့်သူများ မဟုတ်။ ခင်လေးသည် မဟာဝိဇ္ဇာတန်း ဖြေနေသူ၊ ကျမ်းပြုနှစ်များအတွင်းတွင် သူ နည်းပြဆရာမဝင်လုပ်၊ ကျွန်တော်က အနုပညာနယ်တွင် တွင်ကျယ်စွာ ကူးခတ်လှုပ်ရှား၊ အချစ်နှင့် ဘဝတို့သည် ဆက်စပ်လျက်…။

ပဥ္စသိခသည် သူ၏ဂီတသံကို စောင်းသံဖြင့် မလွန်စေဘဲ၊ စောင်းသံကို ဂီတသံဖြင့် မလွန်စေဘဲ၊ တီးခတ်သီဆိုဖွဲ့ဝင်နိုင်ခြင်းကြောင့်၊ သူရိယဝစ္စနတ်သမီးနှင့် ပေါင်းဖက်သွားနိုင်ခဲ့ချေသည်။ ကျွန်တော်တို့မှာလည်း အချစ်သည် ဘဝကိုမလွန်စေဘဲ ဘဝသည် အချစ်ကို မလွန်စေဘဲ တီးခတ်သီဆိုဖွဲ့ငင်နိုင်ကြမည် ဖြစ်သည့်အတွက်…

"ဟေး… ကိုသက်မောင်"

ပန်းဥယျာဉ်အတွင်းမှ ကျွန်တော် ပြန်ထွက်လိုက်ရသည်။ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com

ချင်းဆိုင်မှ လျှောက်လာသော ဆရာလေး ဦးခင်မောင်တင်။

"ခင်ဗျား ကျွန်တော့်ကိုတောင် မမြင်ဘူး။ ဘယ်က ပြန်လာတာလဲ"

"စာတိုက်ကပါ ဆရာလေး"

အိပ်မက်မှ အိပ်မှုန်စုံမွှား နိုးထလာသူ၏ အသံမျိုးဟု ကျွန်တော့်ကိုယ် ကျွန်တော် ထင်မိသည်။

"ခင်ဗျား အခု ဘယ်သွားမလို့လဲ၊ အားရင် ကျွန်တော်နဲ့ ခဏ လိုက်ခဲ့စမ်းပါ"

"ဘယ်လဲ ဆရာလေး၊ ကျွန်တော် အားပါတယ်၊ စာကြည့်တိုက်ဘက် သွားမလို့ပါ"

"စာတိုက်ပဲ ကျွန်တော် ငွေအရေးတကြီးလိုလို့ ငွေလာထုတ်တာ"

"ဟင်…ဆရာလေးက ဒီတက္ကသိုလ်စာတိုက်မှာလဲ ငွေစုတယ်လား"

လူပျိုကြီး ဦးခင်မောင်တင်ကို သိသိနှင့် ကျွန်တော် နောက်သည်။ သို့သော် ဦးခင်မောင်တင်က ကျွန်တော့်စကားကို နားဝင်ဟန် မရှိ။

"ဖြုန်းစားကြီး ငွေလိုတဲ့အခါ ကိုယ့်လက်ထဲ အဆင်သင့်မရှိတဲ့အခါ လွယ်အောင်လို့ စာတိုက်မှာ စုထားတာပါဗျာ၊ အခုလို ဖြစ်လာတော့ ကျွန်တော် စုထားတာဟာ အသုံးကျသွားပြီလေ၊ လာပါဗျာ လိုက်ခဲ့စမ်းပါ"

စာတိုက်ဘက်သို့ ကျွန်တော် ပြန်လျှောက်ခဲ့ရပြန်သည်။

"ဘာအတွက်များ အရေးတကြီး ငွေလိုနေတာလဲ ဆရာလေး"

"နောက်မှ ပြောပြမယ်၊ ခင်ဗျားလဲ စိတ်ဝင်စားမှာပါလေ၊ ငါးရာလောက်ပဲ လိုတာ လာဗျာ၊ ပြီးမှ ပြောမယ်၊ ငွေထုတ်ချိန်လေး မီအောင်"

ဆရာလေး ငွေထုတ်နေချိန်တွင် ကျွန်တော် စာတိုက်ပုံးကလေးကိုသာ ကြည့်နေမိသည်။ သည်စာတိုက်ပုံးထဲတွင် ကျွန်တော့်စာလေး ရှိနေချေသည်။

"လာ ကိုသက်မောင် သွားကြစို့"

"ဘယ်သွားမလဲ ဆရာလေး"





"စတူးဒင့်စင်တာ ကျောင်းသားရိပ်သာဘက်ကို"

မာလာဆောင်နှင့် လမ်းတစ်ဖက်တစ်ချက် ပြည်လမ်းမပေါ်မှ စတူးဒင့်စင်တာ ကျောင်းသားရိပ်သာတွင် စန္ဒရား ရှိသည်။ နေ့ခင်းဘက်တွင် ကျွန်တော် တစ်ခါ နှစ်ခါလောက် တီးဖူးသည်ကို အမှတ်ရသည်။

ကမာရွတ်လမ်းဆုံထောင့် ဓာတ်ဆီဆိုင်ရှေ့မှ ကျွန်တော်တို့ ကွေ့ပတ်ခဲ့ကြသည်။ ဆရာလေး ခြေလှမ်းစိပ်စိပ်ကို ကျွန်တော် အမီလိုက်နေရလေသည်။

"ကျောင်းသားရိပ်သာက ညစောင့်အဘိုးကြီးလေ၊ ခင်ဗျား မှတ်မိသေးလား ကိုသက်မောင်၊ ဟိုတစ်ညက ဟိုသီချင်းဆိုတဲ့သူကို လာခေါ်တာ"

ပူနွေးစွာ ရိုက်ခတ်နေသော လတ်တလောကိစ္စများကြောင့် ကျွန်တော် မေ့နေသည်။ ဆရာလေး ပြောလိုက်သောအခါမှပင် သတိရသည်။ သတိရခြင်းနှင့်အတူပင် သူ့ကိုယ်သူ 'ပဋိသိခ' ဟု အမည်တပ်သော အုံသြဖွယ် အနုပညာရှင်၊ စိတ်ဝေဒနာသည်ကို မြင်ယောင်လာသည်။

"မမှတ်မိဘူးလား ကိုသက်မောင်၊ ဟိုညက အဘလို့ခေါ်တဲ့ ညစောင့်အဘိုးကြီးလေ"

"မှတ်မိတယ် ဆရာလေး၊ အဘိုးကြီး ဘာဖြစ်လို့လဲဟင်"

"အဘိုးကြီး ဘာမှမဖြစ်ဘူး၊ ဖြစ်တာက ဟိုလူ၊ ပဋိသိခ"

"ဗျာ…ဟိုလူ ဟုတ်လား၊ သူ…သူ ဘာဖြစ်သွားလို့လဲ"

"သူ့အခြေအနေ သိပ်ဆိုးသွားပြီလေ၊ သွက်သွက်ခါ သွားပြီဆိုပါတော့ဗျာ၊ အဲဒါကြောင့် အဘိုးကြီးက နယ်က သူ့အစ်မကို လှမ်းခေါ်လိုက်ရသတဲ့၊ သူ့အစ်မက သူ့ကို နယ်ပြန်ခေါ်သွားပြီး အဲဒီမှာတင် သူ့ကို ပြုစုစောင့်ရှောက်ထားခဲ့တဲ့ ကျေးဇူးတွေကြောင့် အဘိုးကြီးကို ဟိုလူရဲ့စာအုပ်တွေ ပေးထားခဲ့သတဲ့၊ အဘိုးကြီးကလဲ အဲဒီစာအုပ်တွေကို ဘာလုပ်ရမှန်း မသိလို့ ရောင်းစားပစ်မလို့၊ စာအုပ်တွေက ရှားရှားပါးပါး



www.burmeseclassic.com

www.burmeseclassic.com

စာအုပ်တွေလို့ ပြောတယ်၊ အဲဒါ အချိန်မီအုပ်နိုင်အောင် ကျွန်တော် စာအုပ်တွေ သွားဝယ်မလို့၊ တော်ကြာ မလိုတမာလူတွေနဲ့ တွေ့သွားရင် ဈေးလဲ အနိုင်ခံရမယ်၊ စာအုပ်တွေလဲ ပျောက်ပျက်ကုန်မယ်၊ လာဗျာ မြန်မြန်"

ခြေလှမ်းနှင့်အမျှ တရစပ်ပြောသွားသော ဆရာလေးစကားများကို ကျွန်တော် အဓိပ္ပာယ်ရှင်းအောင် မနည်းလိုက်နားထောင်ရသည်။ ရူပဗေဒကျောင်းသားဟောင်းတစ်ဦးထံမှာ ဒဿနိကဗေဒမှ ဆရာတစ်ဦးအတွက် ဘာစာအုပ်များ ရနိုင်မည်နည်း။ စိတ်ဗေဒနာရှင်တစ်ဦး၏ စာအုပ်များထဲမှာ ရှားရှားပါးပါး အဖိုးတန်စာအုပ်တွေ ဘာရှိနိုင်သနည်း တွေးရင်းဖြင့်ပင် ကျွန်တော် အဖြေရသည်။

"ဂီတနဲ့ ဆိုင်တဲ့ စာအုပ်တွေလား ဆရာလေး"

"ဒါပေါ့ဗျာ ဘာရှိရဦးမှာလဲ၊ သွားကြည့်လို့ လိုချင်တာ မတွေ့တော့လဲ မဝယ်ရုံပေါ့ဗျာ၊ တော်ကြာ တကယ့်အဖိုးတန်ရှားပါးစာအုပ်တွေ ဖြစ်နေပြီးမှ လက်လွတ်သွားရင် နောင်တရစရာဖြစ်နေမှာစိုးလို့"

ကျောင်းသားရိပ်သာဘေးရှိ လမ်းမြောင်မှ ကျွန်တော်တို့ ချိုးဝင်ခဲ့ကြသည်။ မြေနီသန်းသောကျောက်စရစ်လမ်း၊ ချုံနွယ်ပိတ်ပေါင်းများ၊ ပန်းရုံများဖြင့် ကွေ့ကောက်ရှုပ်ထွေးသော လမ်း၊ မှိုင်းညို့သစ်ရိပ်တို့ ခက်ဝေသော လမ်း၊ လမ်းကွေ့ ဘယ်နှစ်ခု ချိုးရသည် မမှတ်မိတော့။

ပို၍ကျဉ်းသော လမ်းသွယ်လေးတစ်ခုထဲဝင်သည်။ မညီမသင်သော ပုဏ္ဏရိပ်စည်းရိုးမှ သစ်သားတံခါးသံကွင်းကို ဖြုတ်ရသည်။ တဲဟုပင် ခေါ်နိုင်သောအိမ်လေးတစ်လုံး၊ အိမ်ရှေ့တွင် ရေညိတက်စဉ့်အိုး။ စဉ့်အိုးဘေးတွင် ကာလများစွာ တိုက်စားခြင်းခံထားရသည် ချိုင့်ခွက်နေသော ရေချိုးဖျဉ်ပြား ဆန့်ငင်းမကွင်းကွက်။ သံပြားတို့ ကျိုးကျဲလိမ်ကွေးလျက်ရှိသော မျက်နှာစာ။ အိမ်ပေါ်တက်ရန်အတွက် မြေကြီးထဲ တူးမြှုပ်ထားသည့် သစ်ပင် ပင်စည်ပြတ်။ အိမ်ထောင့်တွင် ကြုံလိုသောအသီးများရှိသည့် သဘော်ပင်ငယ် တစ်ပင်။ ရဲယိုပင် တစ်ပင်။





'အဘ ... အဘ ...'ဟု ဆရာလေးက လှမ်းခေါ်သည်။

ကြမ်းနင်းသံများ ချိုးချိုးချွတ်ချွတ် ကြားရသည်။ 'လာပြီဗျို့' ဟူသောအသံနှင့်အတူ ကျောင်းသားရိပ်သာ ညစောင့်အဘိုးကြီး ထွက်လာသည်။ 'ဪ ... ဆရာပါလား၊ လာ ... လာ'ဟု အဘိုးကြီးက ပြောလေသည်။

"အခုပဲ စာအုပ်တွေ ရှင်းနေတာ အားနာစရာကောင်းလိုက်တာ၊ အိမ်ကတော့ နှစ်ယောက်တည်းနေတဲ့အိမ်ဆိုတော့ ခနော်ခနဲ့ပဲ ဆရာရေ"

"'ရပါတယ် အဘရာ၊ စာအုပ်တွေက ဘယ်မှာလဲ"

"အထဲသာ ကြွပါတော့ ဆရာရယ်"

နှစ်ယောက်ယှဉ်၍ မဝင်သာသော အတွင်းဘက် ကြမ်းပြင်သည်လည်း ယိမ်းယိုင်ယိုင်ပင်။ အဘိုးကြီးက ထရံကာဖွဲ့ထားသော အခန်းကျဉ်းလေးတစ်ခုထဲသို့ ခေါ်သွားသည်။ အိပ်မက်တစ်ခုထဲသို့ ဝင်သွားရသလို ကျွန်တော် လိုက်ဖိုစွာ ခံစားနေရသည်။ ကျွန်တော် 'ပဋိသိခ'၏ နေရာလေးသို့ ရောက်ခဲ့ရပြီ။ သို့သော် သူကား မရှိတော့။ သူနေသည့်နေရာ။ သူ့ကမ္ဘာလေးက။

ခေါင်းရင်းပြတင်းကိုဖွင့်၍ အဘိုးကြီးက ကဲလားထောက်လိုက်သည်။ ပြတင်းကဲလားလေးမှာ သေးငယ်သော်လည်း အခန်းကိုယ်နှိုက်ကပင် ကျဉ်းမြောင်းလှသောကြောင့် လုံလောက်သော အလင်းရောင်ကို ရနိုင်လေသည်။

ဦးစွာ သတိထားမိသည်ကား အဝတ်ဟောင်းနံ့၊ ဆေးလိပ်နံ့၊ စာအုပ်ဟောင်းနံ့များ ကြိုင်လှောင်နေခြင်းပင် ဖြစ်သည်။ အခန်းတစ်ဖက်တစ်ချက်တွင် တစ်ယောက်အိပ် သင်ဖျာနှစ်ချပ်ခင်းထားသည်။ ဖျာနှစ်ချပ်အလယ်တွင်ကား အစုလိုက် အပုံလိုက် စာအုပ်များ၊ ဖယောင်းတိုင်အတိုအစများ၊ ဆေးလိပ်တိုများ၊ မီးခြစ်ဆံများ။

တစ်ချပ်သော ဖျာ၏ နံရံတွင် စက္ကူများ ကပ်ထားသည်။ စက္ကူ



www.burmeseclassic.com

www.burmeseclassic.com

အရောင်များသည် ဝေဒနာသည်၏ ပုံရိပ်ကို ထင်ဟပ်နေကြသည်။ ပန်းပွင့်စက္ကူ၊ ရောင်စုံစက္ကူ၊ စာအုပ်အဖုံးစက္ကူ။ ထိုစာအုပ်များပေါ်တွင် ရွဲ့စောင်းတချို့၊ တည့်မတ်တချို့၊ ဖောက်ထိုးတချို့၊ စာရွက်ပိုင်းကလေးများ ချိတ်တွဲနေသည်။

"ကိုင်း...ဆရာရေ...စိတ်ကြိုက်သာ ရွေးပါတော့၊ စာအုပ်တွေကတော့ အများကြီးပဲ၊ ကျုပ်လဲ နားမလည်ဘူး၊ အင်္ဂလိပ်လိုတွေလဲ ပါရဲ့၊ သီချင်းစာအုပ်တွေလဲ ပါရဲ့၊ ဟောဟိုခြေရင်းက သံသေတ္တာထဲမှာလဲ ရှိသေးတယ်၊ အားတော့ နာတယ်ဗျာ"

"ရတယ်...ရတယ် အဘ"

အဘိုးကြီး၏ ဖျာပေါ်သို့ ဆရာလေး အကျအန ထိုင်ချသည်။ ကျွန်တော် အခြားတစ်ဖက်ရှိ ဖျာတွင် ထိုင်လိုက်သည်။ စက္ကူရောင်စုံကပ် နံရံပေါ်မှ စာရွက်ပိုင်းလေးများက ကျွန်တော့်ကို ဖမ်းစားကြတော့သည်။ သူ...'ပဥ္စသိခ' ရေးထားသည့် စာများ။

ကျွန်တော် နားမလည်သော ရူပဗေဒဆိုင်ရာ အင်္ဂလိပ်စာလုံးများကို တွေ့ရသည်။ ခေါင်းရင်းဘက် တစ်နေရာတွင် ပြက္ခဒိန်မှ ထုတ်ထားသော မြဝတီမင်းကြီးဦးစ စစ်မြေစခန်းတွင် တေးသီဖွဲ့နေပုံကို အကျအန ကတ်ကြေးဖြင့် ကိုက်ဖြတ်ကာ ကပ်ထားသည်။ ထိုပုံအောက်တွင် ဗီသိုဗင်၊ ချိုင်ကောစကီး၊ ရှိုပင်ဟူ၍ အင်္ဂလိပ်လို ရေးထားသည်။ ဂီတသင်္ကေတများကိုလည်း တွေ့ရသည်။ ခြေရင်းဘက်သို့ ကျွန်တော် မျက်စိရောက်သွားသည်။

'အနုပညာသည် ငါ ဖြစ်၏။ အနုပညာကြောင့် ငါ ဖြစ်၏။ အနုပညာနှင့် ငါ ဖြစ်၏။ အနုပညာဖြင့် ငါ ဖြစ်၏။ အနုပညာကို ငါ ဖြစ်၏။ အနုပညာတွင် ငါ ဖြစ်၏။ အနုပညညာမှာ ငါဖြစ်၏။ အနုပညာ၏ ငါ ဖြစ်၏'

နံရံပေါ်ဘက် ခပ်မြင့်မြင့်တွင်ကား စာအုပ်တစ်အုပ်မှ ဖြုတ်ယူထားဟန်တူသည့် ပုံတစ်ပုံ၊ ကြွေရောင်စက္ကူချော ရောင်စုံပုံ၊ ပုံတွင်ပါသည့်





အရုပ်ကား ပဥ္စသိခ နတ်သား စောင်းတီးနေသည့်အရုပ်ဖြစ်သည်။ ပုံအောက်တွင် သူ့လက်ရေးဖြင့် ရေးထားသော စာကြောင်းတစ်ခု။ 'ဝေဒိယကတောင်၊ ဣန္ဒသာလဂူတွင်း၌ စောင်းတီးနေသော ပဥ္စသိခနတ်သားပုံ' စုဆောင်းတင်ပြသူ ပဥ္စသိခ။

ဝေဒနာသည်၏ ကစဥ့်ကလျားလက်ရာများကို ကြည့်ကာ ကျွန်တော် ရင်နာရတော့သည်။ သူ့ဖောက်ခွဲချက်များ၏ အပိုင်းအစတို့ပင်ဖြစ်ပေမည်။ တစ်နည်းအားဖြင့်မူ နံရံပေါ်မှ ဤအရာတို့သည် သူ့နှလုံးသားကို သူကိုယ်တိုင် ထုခွဲထားသော အစအနများပင် ဖြစ်ချေမည်။

တစ်နေရာတွင် တွေ့ရပြန်သည်။ 'ဤစာများကို ငါ ဘယ်လက်ဖြင့် ရေးအံ့။ အဘယ်ကြောင့် ဘယ်လက်သည် စောင်းလက်ရုံးကို ထောက်သောလက်ဖြစ်သောကြောင့် လက်ရုံးကိုထောက်ပေမယ့် လက်ရုံး ရည် မရှိပါဘူး၊ နှလုံးရည်ပဲ ရှိသည်။ အဲဒီနှလုံးရည်ကို ဒိုရေမီဖာ ခွဲလိုက်၊ ပြီးတော့ အီးအစ်အီးကွဲလ်တူ အမ်စီစကွဲယားမှာ ထည့်လိုက်တဲ့အခါ ထုံ ဒန့်ဒန့်ဆိုတဲ့အသံ ထွက်လာသည်။ ဒန့်ဆိုတာ သိလား၊ ဟား...ဟား...ဟား ဒန့်ဆိုတာ ပုစဉ်းတောင်ပံကြီးလေ။ ပုစဉ်းတောင်ပံခတ်လိုက်တော့ တောအလုံး သိမ့်သိမ့်တုန်ပြီး ငါလဲ အသည်းကွဲလေတော့သတည်း'

ဤစာကို ရေးခဲ့စဉ်က သူ ငိုကြွေးနေလိမ့်မည်လား။

တစ်နေရာတွင် 'ဥ' ဟူသော စကားလုံးကို တွေ့ရပြန်သည်။ ထိုစာလုံးကို အသည်းပုံဖြင့် ဝန်းရံထားသည်။ တစ်ဖန် အသည်းပုံကို ကမ္ဘာသုံးဂီတသင်္ကေတတစ်ခုဖြင့် ခြံခတ်ထားပြန်သည်။ ထိုသင်္ကေတ၏ အပြင်ဘက်ပတ်ပတ်လည်တွင်ကား 'ပဥ္စသိခ' ဟူသော စာလုံးသေးသေးလေးများကို မွစာကြဲနေအောင် ဆက်၍ ဝိုင်းထားပြန်လေသည်။

ဤနံရံငယ်လေးကို သူသည် သူ့ကမ္ဘာလောကအဖြစ် တည်ဆောက်ထားခဲ့ရှာလေသည်။ သူ ဖောက်ခွဲချင်သမျှ အားလုံးသည် ဤနံရံထက်သို့ လာရောက်စွန့်ထင်းပေကျနေခြင်း ဖြစ်ပေမည်။ သူ့နှလုံးသည်းပွတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ ဝေဒနာတို့၏ ခြေရာများ ထင်ကျန်ရစ်ခဲ့သော နံရံများကို ကြည့်၍ ကျွန်တော် ချောက်ချားလာသည်။ ကရုဏာအငွေ့တွင် ထိတ်လန့်ခြင်း အလင်းမျှင်တို့က တွန်းတိုးဝင်ရောက်လာသည်။ သူ... ပဉ္စသီခ။ ပဉ္စသီခ။ ပဉ္စသီခတည်းဟူသော အနုပညာကြိုးမျှင်ကို တစ်ဖက်တစ်ချက်မှ သူ အင်အားကြီးစွာ ဆွဲကိုင်လှုပ်ယမ်းနေချိန်၌ အခြားသော တစ်ဖက်တစ်ချက်မှာ ကျွန်တော်က ဆွဲကိုင်ထားမိလျက်သား။

ပဉ္စသီခဟူသောအမည်သည် သူနှင့် ပတ်သက်သလို ကျွန်တော်နှင့်လည်း ပတ်သက်...

"တွေ့ပြီဗျို့...တွေ့ပြီ၊ ဟောဒီမှာ ကျွန်တော်လိုချင်တဲ့ စာအုပ်တွေ"

ဆရာလေးဦးခင်မောင်တင်၏ ဝမ်းပန်းတသာအသံကို ကြားလိုက်ရသည်။

"ဟောဒီမှာဗျာ ချိုတေးသံအဟောင်းတွေ၊ တေးတစ်ရာတို့၊ တေးတစ်ထောင်တို့၊ သောတရှင်မဂ္ဂဇင်းအဟောင်းတွေ။ ကြည့်ရတာတော့ စထွက်တဲ့ အမှတ်တစ်က စပြီး စုထားတာတွေနဲ့ တူတာပဲ၊ ဟာ ဟုတ်တာပေါ့၊ သေသေချာချာ ချုပ်ထားတာဗျာ"

အထပ်လိုက် အတွဲလိုက် စာအုပ်များကို ဆရာလေး ဖုန်တထောင်းထောင်းခါရင်း တဖူးဖူးမှုတ်ထုတ်ရင်း ဆွဲထုတ်နေသည်။

"ဟောဒီမှာလဲ သီချင်းကြီးစာအုပ်တွေ။ ဂီတဝိသောဓနီ၊ မဟာဂီတ၊ ဂီတလင်္ကာရဒီပနီ၊ နန်းထွက် မဟာဂီတကျမ်းကြီး၊ မြဝတီမင်းကြီး သီချင်းစု၊ ကဗျာဂန္ထသာရကျမ်း၊ ဟာ...ကိုမောင်ရေ၊ ရတနာပုံ ဆိုက်တာပဲဗျို့၊ ပါတဲ့ပိုက်ဆံနဲ့တောင် လောက်မှလောက်ပါ့မလား မသိဘူး"

"အဲ ဟိုဘက်အောက်ဆုံးမှာလဲ သီချင်းနဲ့ ဆိုင်တဲ့ အင်္ဂလိပ်စာတွေ ရှိသေးတယ်။ သူရှိတုန်းကတော့ အဲဒီနေရာကနေ ဆွဲဆွဲထုတ်ပြီး ကြည့်နေတာပဲလေ၊ တစ်ညလုံး မအိပ်ဘူး၊ တချိုးချိုး တချွတ်ချွတ်နဲ့ ပါးစပ်က သီချင်းညည်းလိုက် တီးလုံးတွေရွတ်လိုက် လုပ်နေရှာတာ၊ သြော်... မောင်မောင်လေး... မောင်လေး"

---

သိရှိဆွေစာအုပ်တိုက်

သူ့ကို ပဉ္စသီခအဖြစ်သာ စွဲလမ်းနေမိသောကြောင့် သူ့မှာ အမည်နာမတစ်ခုခု ရှိမည်ဆိုခြင်းကို ကျွန်တော်တို့အားလုံး မေ့နေကြချေသည်။ သို့တည်းမဟုတ် စိတ်ဝေဒနာသည်တစ်ယောက် ဖြစ်သောကြောင့်ပင်၊ နာမည်ကို ဂရုမထားမိကြသည်လား မသိ။ သူ့နာမည် 'မောင်မောင်လေး' ဆိုတာကို ယခုမှပင် ဂရုပြုမိတော့သည်။ 'ခွင့်လွှတ်ပါ ကိုမောင်မောင်လေးရယ်'ဟု ကျွန်တော် စိတ်ထဲမှ တောင်းပန်မိသည်။

ဆရာလေးသည် သူ ရွေးထားသော စာအုပ်များကို သတ်သတ်ဖယ်ပြီးနောက် အဘပြောသည့် အင်္ဂလိပ်စာအုပ်များအပုံဘက်သို့ ရွေ့သွားပြန်သည်။

"ဒစ်ရှင်နရီအော့ဖ်မျူးဇစ်၊ မျူးဇစ်အင်ဖစ်ဇစ်၊ သည်ပရီဖက်ရှင်းအော့ဖ်အေစတော့ ဂျိဒါရိုက်တာ၊ မျူးဇစ်၊ အစိတ်စ်ဆို့ စ် အင်ဟစ်စထရီ ဟာ မနည်းမနောပါလားဗျို့"

"အဲ ဟိုချောင်ထဲမှာ ရောမစာအုပ်ကြီး တစ်အုပ် ရှိလေရဲ့ ဆရာရေ၊ ကျုပ်တစ်သက်ဖြင့် တွေ့ဖူးသမျှ အကြီးဆုံးစာအုပ်ကြီးပါပဲ၊ ထုတ်ကြည့်စမ်းပါဦး၊ နေပါလေ ကျုပ်ပဲ ထုတ်ပေးပါ့မယ်"

အဘက ပြောပြောဆိုဆို အခန်းထောင့်ရှိ တစ်ဝက်ဖွင့်ထင်းရှူးပုံးလေးနောက်မှ စာအုပ်တစ်အုပ်ကို ဆွဲထုတ်လာသည်။ ရောမစာအုပ်ကြီးဟု အဘပြောလည်း ပြောလောက်စရာ၊ အလျား တစ်ပေခွဲ အနံ တစ်ပေလောက် ရှိမည်။ အထူကတော့ လက်သုံးလုံးလောက်ပဲရှိမည်။ သို့သော် အနံအလျားကား အကယ်ပင်ကြီးမားလှချေရာ စာအုပ်တစ်အုပ်နှင့် မတူဘဲ ကျောက်ပြားကြီးတစ်ချပ်နှင့် တူနေလေသည်။

အဘက်လက်ထဲမှ စာအုပ်ကြီးကို ကျွန်တော် လှမ်းယူကာ သင်[illegible]ပေါ် ချကြည့်လိုက်သည်။ အင်္ဂလိပ်စာအုပ်။ 'CHOPIN, IN HIS OWN LAND' ဟု အဖုံးတွင် ရေးထားသည်။ ကမ္ဘာကျော်ဂီတပညာရှင် ပိုလန်လူမျိုး ရှိုပင်အကြောင်း။

---

သိရှိဆွေစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

"ဆရာလေးရေ ကျွန်တော်တို့လူဟာ နယ်နယ်ရရ မဟုတ်ဘူးဆိုတာ ပိုပြီး ကြိမ်းသေသွားပြီ ဟောဒီမှာ"

အဖုံးကို လှန်၍ ပထမစာမျက်နှာကို ကျွန်တော် ပြလိုက်သည်။ ဆရာလေးက ဒူးထောက်၍ လှမ်းဖတ်သည်။

"ဟာ... ရှိပင်ရဲ့ ဘဝ၊ ဂီတဖြစ်စဉ်၊ သီချင်းတွေ၊ တီးလုံးတွေ၊ ဓာတ်ပုံတွေ၊ လက်ရေးမူတွေ အားလုံး ပုံနှိပ်ထားတာပါလား၊ ရှိပင်နဲ့ ပတ်သက်သမျှ အားလုံးပါတယ်၊ ပိုလန်ကနေ အင်္ဂလိပ်လို ပြန်ထားတာ၊ ပုံနှိပ်တဲ့ခုနှစ်က ၁၉၅၅ တဲ့၊ မြတ်စွာဘုရား၊ ဒီစာအုပ်မျိုးဝယ်တဲ့သူ သူပဲ ရှိမယ် ထင်တယ်"

"တန်ဖိုးလဲ ကြည့်ဦးလေ... ဆရာလေး"

ညာဘက် စာမျက်နှာထောင့်တွင် စာအုပ်ဆိုင်က ရေးထားသည့်တန်ဖိုး နှစ်ရာငါးဆယ်ကျပ်။

"ဒီစာအုပ်ကြီးတော့ ကျွန်တော် ဖတ်တတ်မှာလဲ မဟုတ်ဘူး၊ ဂီတသင်္ကေတတွေ အများကြီးပဲ၊ အဲဒီလောက် အနုပညာသမားဆန်တဲ့သူ မဟုတ်ဘူး ကျွန်တော်က၊ ဒါပေမယ့် စာကြည့်တိုက်မှာတော့ ရှိသင့်တယ်၊ စာကြည့်တိုက်သွင်းပေးဖို့ ယူသွားရမှာပဲ"

ဆရာလေး စကားသံများ ကျွန်တော့်နားထဲမှာ သဲ့သဲ့ ဝေးသွားပြန်သည်။ အဖွင့်စာမျက်နှာတစ်နေရာတွင် မင်နီဖြင့် ဘောင်ခတ်၍ ရေးထားသော လက်ရေးများကို ကျွန်တော် တွေ့လိုက်ရသောကြောင့်ပင်။

*"မဟာဂီတပညာရှင် ရှိပင်အကြောင်း မှတ်တမ်းတင်ထားသော ဤစာအုပ်၌ ငါသည် အင်္ဂလိပ်ကဗျာဆရာ ရှယ်လီ၏ ကဗျာစာစုကို ရေးထိုးအံ့၊ ထိုစာစုကား အခြားမဟုတ်...*

*အို... နတ်မင်းကြီး ဂျူပီတာ... ဖြူရော်ဖျော့တော့သော ငါ့ခြထောက်အစုံမှ သွေးစများကို သင်နမ်းရှုပ်*





*ရန်အတွက် အချိန်သည် သင့်အား စေကန်ဆတ်ဆတ် ဆွဲချ ခေါ်ဆောင်လာလတ္တံ့"*

*မောင်မောင်လေး*

ဟု သူ့လက်မှတ် ထိုးထားသည်။

ကြက်သီးမွေးညင်း ထလောက်စရာ မှတ်တမ်းပင်။

အင်္ဂလိပ်ကဗျာဆရာရှယ်လီ၏ နာမည်ကျော် 'ပရိုမီးသီးယပ် လွတ်မြောက်ခြင်း' ကဗျာပြဇာတ်မှ ပရိုမီးသီးယပ်၏ ဟစ်ကြွေးသံ စကား။ အမှန်တော့... 'ပရိုမီးသီးယပ် လွတ်မြောက်ခြင်း' ကို ကျွန်တော် မဖတ်ဖူးပေ။ ကြားဖူးနားဝ ရှိထားခြင်းသာ ဖြစ်သည်။

ဂရိဒဏ္ဍာရီအရ နတ်မင်းကြီး ဂျူပီတာသည် နတ်သား ပရိုမီးသီးယပ်အား လူသားတို့ထံ မီးကို ဆောင်ယူပေးသောအပြစ်အတွက် ပြင်းထန်စွာ နှိပ်စက်သည်။ ပရိုမီးသီးယပ်သည် နောက်ဆုံးအချိန်ထိ မလျှော့။ နောက်ဆုံးတွင် လူသားဖြစ်သော ဟာကြူလိဳက လာရောက်ကယ်ဆယ်သဖြင့် ပရိုမီးသီးယပ် လွတ်မြောက်သွားသည်။ ဂျူပီတာ နတ်မင်းကြီးကား ကျဆုံးသွားသည်။ ကမ္ဘာလောကကြီးလည်း ဒုစရိုက်အပေါင်းမှ ကင်းဝေးသွားသည်ဟူသော အကြမ်းဖျင်းသိထားသည်။

ကျွန်တော့် 'ပဥ္စသိခ' သည် ထိုဇာတ်လမ်းထဲမှ ပရိုမီးသီးယပ်၏ စကားကိုယူကာ ရှိပင်စာအုပ်တွင် ထိုးထားခဲ့သည်။ ထို့နောက် 'မောင်မောင်လေး' ဟု လက်မှတ်ရေးထိုးခဲ့သည်။ သူ့ဝေဒနာ မသည်းထန်သေးဟု ယူဆရမည်ပင်။ နောက်ပိုင်း၌ သူသည် သူ့ကိုယ်သူ 'ပဥ္စသိခ' ဟူသာ အစွဲပြုတော့သည်။

ပရိုမီးသီးယပ်၏ ထိုစကားကို ယူရလောက်အောင် သူ ဘယ်လောက်ထိများ နာကြည်းပေါက်ကွဲခဲ့လေသည် မသိ။ သူ ရည်ညွှန်းသော 'ဂျူပီတာ' ကား အဘယ်သူနည်း။ သူသည် ဂရိနတ်သား ပရိုမီးသီးယပ်ကဲ့သို့ အနှိပ်စက် အညှဉ်းပန်းခံခဲ့ရလေသည်လား။ ကျွန်တော့်ခေါင်းထဲသို့ အသိတစ်



www.burmeseclassic.com

www.burmeseclassic.com


ချက် ဝင်းခနဲပြက်လာသည်။ သူ ...ထောင်ကျဖူးသည်။ ခားပြမှု။ 'မောင်မောင်လေး' ဟူသော လက်မှတ်အောက်မှာ ရက်စွဲကို ကျွန်တော် ရှာသည်။ ရှာမတွေ့။ သူ ရေးထိုးမထားခဲ့။ ရှိပင်စာအုပ်ဝယ်သည့် ရက်စွဲကား (၃၀၊ ၁၂၊ ၆၃) ဟု တွေ့ရသည်။

"ကိုင်း... ဘယ်လိုလဲ ကိုသက်မောင်ရေ၊ ပါတဲ့ပိုက်ဆံနဲ့တော့ မလောက်တော့ဘူး။ အဘကတော့ ဘယ်ရွှေ့ဘယ်မျှ မပြောပါဘူး၊ ကျွန်တော့်ဘာသာ တန်ဖိုးဖြတ်တာပါ၊ အဲဒီ ရှိပင်စာအုပ်ကြီးကပဲ နှစ်ရာ ငါးဆယ်လေ"

"လျှော့ပေါ့ပြီးသာ ပေးခဲ့ပါ ဆရာရယ်၊ အမှန်တော့ ကျုပ်မှာလဲ ဒီစာအုပ်တွေကို လူလေးအလွမ်းပြေဆိုပြီး ထားချင်ပါတယ်၊ ကြာရင် ခြကိုက် ဘာကိုက်နဲ့ ကျုပ်လဲ ဖတ်တတ်တာမဟုတ်၊ အလကားပျက်စီးသွားမှာမို့သာ ကျိတ်မှိတ်ရောင်းရတာပါ၊ ရတဲ့ငွေကိုလဲ လူလေးအတွက် ကုသိုလ်ကောင်းမှုပြု မေတ္တာပို့ပြီး ဒီဝေဒနာ ဒီဘဝမှာပဲ ပျောက်ကင်းပါစေလို့ ဆုတောင်းရမှာပါပဲ"

နှလုံးသည်းစိုင်တို့ ပြိုပျက်ကျသည့်အလား ခံစားရချေသည်။ အဘလို ယောကျ်ားရင့်မကြီးတစ်ယောက်၏ မျက်ရည်သီဝေ့သော မျက်လုံးများနှင့် ကတုန်ကယင်အသံကို ကျွန်တော် မခံနိုင်။

"ကိုင်း... အဘရေ၊ အခု ငါးရာပေးထားခဲ့မယ်၊ နောက်မှ စာရင်းနဲ့ ဈေးနှုန်းနဲ့ရေးလာပြီး လိုတာထပ်ပေးမယ် ဟုတ်လား။ ကိုသက်မောင် အဲဒီရှိပင်စာအုပ်ကြီးကို ခင်ဗျားပဲ မ,ခဲ့တော့ဗျာ"

ဆရာလေးလည်း ကျွန်တော့်လိုပင် မဆည်တန့်နိုင် ဖြစ်မည် ထင်သည်။ အဘကို ကမန်းကတန်းနှုတ်ဆက်ကာ စာအုပ်စည်းများကို မွေ့လျက် အခန်းအပြင်ဘက် ထွက်သွားသည်။ အဘကား ဆရာလေးပေးသော ငွေငါးရာကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ နှုတ်မှ တတွတ်တွတ် ရွတ်နေလေသည်။

ကျွန်တော် အိမ်ရှေ့မြေကြီးစိုက်သစ်ပင် ပင်စည်ပြတ်ပေါ် ခြေချ



ချိန်တွင် ဆရာလေးသည် ပုဏ္ဏရိပ်စည်းရိုးအပြင်ဘက် ရောက်နေပေပြီ။ ပင်စည်ပြတ်မှ အောက်သို့ ဆင်းရင်း တစ်စုံတစ်ခုကို ကျွန်တော် သတိရလာသည်။ ထိုသို့ သတိရခြင်းအတွက်လည်း သက်ပြင်းချနိုင်ခဲ့လေသည်။

"အဘ... ကိုမောင်မောင်လေးကို သူ့အစ်မ လာခေါ်သွားတယ် မဟုတ်လား။ သူတို့ ဘယ်မှာနေကြတာလဲ"

"ဝေးပါတယ်ကွယ်၊ မန္တလေးရဲ့အရှေ့မြောက် အဲ...အမရပူရာရဲ့ မြောက်ဘက်တောင် ကျဦးမယ်၊ ဥဒိန်ဆိုတဲ့ ရွာကလေး။ ကားလမ်း၊ ရေလမ်း၊ လှည်းလမ်းနဲ့ သွားရတာ၊ ရွာဦးကျောင်းဘုန်းကြီးနဲ့ ကုမယ် ပြောတာပဲ"

ရောမစာအုပ်ကြီး 'ရှိပင်' သည် ကျွန်တော့်ပခုံးထက်၌ လေးလံမနေတော့။

* * *


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"တိုက်ဆိုက်မှုဆိုတာ မတော်တဆ မဟုတ်ပါဘူး မခင်လေးရယ်၊ ဒီအချိန် ဒီလိုဖြစ်ရမယ်ဆိုတဲ့သဘော ရှိကို ရှိပါတယ်"

ဤစကားကို ပြောခဲ့သူမှာ ကျွန်တော်။ ထိုအချိန်က သူ ကလည်း…

'ဟင်… ဒီစကားဟာ ခင်လေးတို့ ဖိုလိုဆိုဖိက စကားပဲ၊ ကိုသက်မောင်တို့ သင်ရသလားဟင်' ဟု ပြန်မေးခဲ့ဖူးသည်။ ဟုတ်ကဲ့ မဟုတ်ဘူးဟူ၍ ကျွန်တော် ကစဉ့်ကလျား ဖြေခဲ့ဖူးသည်။ ယခုမူကား ထိုစကားတို့သည် နိမိတ်ပြစကားများ ဖြစ်ခဲ့ချေပြီဟုသာ ကျွန်တော် မြည်တမ်းရတော့မည်။

ချစ်သူကို ကျွန်တော် ထပ်ပြောရတော့မည်။

'တိုက်ဆိုင်မှုဆိုတာ မတော်တဆ မဟုတ်ပါဘူး ခင်လေးရယ်၊ ဒီအချိန် ဒီလိုဖြစ်ရမယ်ဆိုတဲ့သဘော ရှိကို ရှိပါတယ်' ဟူ၍။

တစ်ခုတော့ ရှိသည်။ ထိုစကားကို ကျွန်တော် ပြောခွင့်ရဦးမည် ဆိုပါက ခင်လေးလည်း နားထောင်ခွင့်ရဦးမည် ဆိုပါက ထိုစကားတို့သည် ကျွန်တော့်နှလုံးသားကို ကျွန်တော်ကိုယ်တိုင် အစိတ်စိတ်အမြွာမြွာဖြစ်အောင် ထုရိုက်ခြေမွပြီးမှ အပိုင်းပိုင်း အကြေကြေ နှလုံးသားအစအနများဖြင့် သီကုံးအပ်သောစကားလုံးများဖြစ်ကြောင်းကိုပါ ထပ်ပြောရပေမည်။

*



ဆရာလေးနှင့်အတူ အဘထံမှ ကိုမောင်မောင်လေး စာအုပ်များကို ဝယ်လာခဲ့သောနေ့က တစ်ညလုံး ကျွန်တော်မအိပ်။ အိပ်မပျော်သောကြောင့် မဟုတ်။ ထိုညအဖို့ ကျွန်တော့်မှာ အိပ်စက်ခြင်းဆိုသည်မှာ မရှိသောကြောင့် ဖြစ်သည်။

'ရှိပင်' စာအုပ်ကြီးကို ဆရာလေးထံမှ ခွင့်တောင်း၍ ကျွန်တော် အိမ်ယူလာခဲ့သည်။ ဆရာလေးကလည်း စာကြည့်တိုက်သွင်းမည့်စာအုပ်ဖြစ်၍ ကျွန်တော့်ကို ငှားလိုက်သည်။ စာအုပ်ကြီး ထမ်းပြန်လာသော ကျွန်တော့်ကို အဖေက 'ငါ့သား၊ မင်းဟာက စာအုပ်လား၊ ကျောက်တော်ကြီးဘုရားထဲက ကျောက်စာလား' ဟု ရယ်သွမ်းသွေးခဲ့သေးသည်။ အားလုံး အိပ်ချိန်တွင် စာအုပ်ကြီးကို ကျွန်တော်ဖွင့်သည်။

'ရှိပင်'ကို ကျွန်တော် မကျွမ်းကျင်၊ ဤစာအုပ်၏ ဘယ်စာမျက်နှာတွေမှာ စာအုပ်ပိုင်ရှင်က ဘာတွေရေးထားဦးမည်လဲ ဆိုတာကိုသာ သိချင်သောကြောင့် ဖြစ်သည်။ ဤစာအုပ်ကြီး၏ စာမျက်နှာများပေါ်မှတစ်ဆင့် စာအုပ်ပိုင်ရှင်၏ နှလုံးသွေးနှင့် ဝိညာဉ်ကို ဖမ်းယူဆုပ်ကိုင်နိုင်လိမ့်မည်ဟု ကျွန်တော် ထင်နေသည်။

ကျွန်တော့်အထင် မှန်ခဲ့ချေသည်။

မှန်သမှ သွေးထွက်အောင် မှန်သည်။

ထိုသွေးကား နှလုံးသွေးစင်စစ် ဖြစ်တော့သည်။

*

ရှိပင်၏ ပုံတူပါသော စာမျက်နှာ(၁၅၄)တွင် ဝါရော်နေသော စာရွက်တစ်ထပ်ကို တွေ့ရသည်။ ကိုမောင်မောင်လေး၏ လက်ရေး ဖြစ်သည်၊ (၁၁-၆-၆၆)ဟု ရက်စွဲ ထိုးသည်။ နေ့စဉ်ရေးမှတ်သည့် ဒိုင်ယာရီမှတ်တမ်းများ ရက်စွဲတွင် တစ်ခါတည်းရေးထားသည့် မှတ်တမ်းများ ဖြစ်သည်။ မင်ရောင်မှာ ရှားရှားပါးပါး ငှက်ခါးရောင်၊ မင်စိမ်း၊ အရစ်၊ အစင်း၊ အသတ်တို့

www.burmeseclassic.com

ရှည်လျားလှသည့် လက်ရေး၊ လက်ယာဘက်သို့ တိမ်းငိုက်သော လက်ရေး၊ အချို့နေရာများတွင် ထပ်ခါ ထပ်ခါ ရေးထားသည့်အတွက် စာလုံးများသည် ထူပျစ်နေသည်။

ပထမဆုံး စာကြောင်းကပင်လျှင် ကျွန်တော့်အား စာရွက်တွင်းသို့ ဆွဲခေါ်သွားသည်။

*တန်ခိုးရှင် တစ်ပါး ရှိတယ်ဆိုစို့။ အဲဒီတန်ခိုးရှင် ကပဲ ငါ့ရင်ထဲကို အသည်းနှလုံး ဖန်ဆင်းပေးလိုက်တယ် ဆိုစို့။ အဲဒီအသည်းနှလုံးကလဲ အချစ်ဆိုတာကို မွေးဖွား တယ်ဆိုစို့။*

*အဲဒီတန်ခိုးရှင်ဟာ ကမ္ဘာလောကမှာ မရှိအပ်တဲ့ အရာ ဖြစ်တယ်။*

*အကယ်၍ ရှိနေတယ်ဆိုရင် သူဟာ ကမ္ဘာလောက ကို အဝိဇ္ဇာနဲ့ လိမ်းကျံနေတဲ့သူသာ ဖြစ်တယ်။ ဒါကြောင့် သူ့ထံမှ တန်ခိုးဣဒ္ဓိပါဒ်တွေကို ပြန်ရုပ်သိမ်းပေးဖို့ သစ္စာ တရားရှေ့မှောက်မှာ ငါ တောင်းဆိုလိုက်တယ်...*

စကားလုံးများ လှပသော်လည်း ပေါက်ကွဲမြည်ဟည်းသံ ကျယ်လွန်းလှသည်။

*သူနဲ့ ငါဟာ တစ်ရွာတည်း တစ်မြေတည်း၊ တစ်ရေတည်းအတူတူ။ ဒါပေမယ့် သူက ကြေးရတတ် အနွယ်၊ ငါက သူရင်ငှားအနွယ်၊ ဒါပေမယ့်လဲ သံယောဇဉ်ကြိုးကို သွယ်တန်းမိပြီဆိုတော့ ကြေးရတတ်တွေ၊ သူရင်ငှားတွေဟာ သေးမျှင်တဲ့ သံယောဇဉ်ကြိုးလေးပေါ်က နေ ပြုတ်ကျကုန်ကြတယ်၊ ရွာမှာ ငါ သီချင်းဆိုပြရင် သူ ငေးပြီး နားထောင်လို့။ အို... ဒါတွေ ဝေးကျန်ခဲ့ ပါပြီလေ။*





နောက်တစ်ပုဒ်ရေးထားသော်လည်း ဖျက်ရာခြစ်ရာထပ်လွန်းသဖြင့် ဖတ်မရ။

*အရွယ်တွေ ရောက်လာတယ်၊ စာမေးပွဲတွေ အောင် ကြတယ်၊ မြို့ကျောင်း ပြောင်းနေတယ်၊ ဆရာတော်က ငါ့ကို ထောက်ပံ့တယ်၊ စကောလားရှစ် အတူအောင်ကြ တယ်။ ခုနစ်တန်း၊ ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်း၊ တက္ကသိုလ်၊ ဟုတ်တယ် အရုပ်ဆိုးလှတဲ့ခေတ်ကြောင်းကို ဒီလိုပဲ မျဉ်းဖြောင့်တစ်ချက်တည်းဆွဲပြီး အတိုဆုံးအဖြစ် ချုံ့လိုက်တာလဲ ကောင်းတယ်၊ ကြည်နူးသာယာဖွယ် ကာလများကို ဘာလို့မှတ်တမ်းတင်နေဦးမှာလဲ၊ ဒါတွေ အားလုံးဟာ ပျက်စီးဆုံးရှုံးခြင်းဆိုတဲ့ နေ့တစ်နေ့ဆီကို ရှေးရှုနေကြတာပဲ မဟုတ်လား။*

*သူတို့ ရန်ကုန်ပြောင်းတဲ့အတွင်း သူနဲ့အတူ ရန်ကုန်တက္ကသိုလ်မှာ တက်ရအောင် ငါ ကြိုးစားခဲ့တယ်၊ ရွာနဲ့ အဘ၊ အစ်မတို့ကိုခွဲပြီး ငါဟာ မိုက်မဲစွာ မြို့တော်ဆီ ဆင်းခဲ့တယ်၊ စာအုပ်အဟောင်းရောင်း၊ ညဆိုက်ကားနင်း၊ မီးကင်းစောင့်၊ ထမင်းဆိုင် ဒန်အိုးဆေး။ ကြည့်စမ်း ငါကြိုးစားလိုက်တာ ငါ့ခွန်အားတွေကို အသုံးချနေလိုက်တာ...။*

*ပင်ပန်းပေမယ့် ငါ ပျော်တယ်၊ သူ့မေတ္တာ ကရုဏာ ကို စားသုံးနေရလို့...။*

*ရူပဗေဒ အဓိက ယူမယ်ဆိုတော့ သူက တားတယ်၊ ဥပဒေတွဲ့ တက်ပါတဲ့၊ ငါမှ ဝါသနာမပါဘဲ၊ ငါက ဂီတသံကို လေ့လာချင်တာ၊ အသံကို စိတ်ဝင်စားတာ၊ အမှန်သိ မိတယ်၊ ဒါကြောင့် ရူပဗေဒ ယူတယ်၊ ဒီအချိန်*



www.burmeseclassic.com

www.burmeseclassic.com

မှာ ချစ်ခြင်းမေတ္တာ ကြေးမုံပြင်ထက် နားလည်မှုမညီခြင်း ဆိုတဲ့ အက်ကြောင်းလေးတစ်ခု ဖြတ်ခနဲ ပေါ်သွားတာကို ငါ မသိလိုက်ဘူး၊ ဒီလောကမှာ ကိုယ်ဝါသနာပါတာ ကိုယ်နှစ်သက်ရာ ပညာရပ်တိုင်းဟာ အကောင်းဆုံးပညာ ရပ်ဆိုတာ သူ သဘောမပေါက်ဘူး....။

ဆရာတော့်အဆက်အသွယ်ကြောင့် သရက်တော တိုက်မှာ နေခွင့်ရတယ်၊ ဘုန်းကြီးကျောင်းသားပဲ၊ စား စရာ နေစရာ မပူရ၊ ဒါပေမယ့် ဆိုဖို့ တီးဖို့ ပြဿနာ ဖြစ်လာတယ်၊ ကိစ္စမရှိဘူး၊ ပန်းတျာကျောင်း၊ ယဉ်ကျေးမှု ကဇာတ်၊ အနောက်ပိုင်းက အငြိမ့်အဖွဲ့ ရှိရှိသမျှနေရာ တွေကို ငါ သွားလိုက်တယ်၊ ချစ်မြတ်နိုးသောပညာကို လေ့လာဆည်းပူးရတယ်ဆိုတာ ပျော်စရာကြီးပါပဲ။

သူ့အဆောင်ကို ငါသွားတဲ့ တစ်နေ့။ သူ့ဖခင် သူ့အစ်ကိုတွေနဲ့ တွေ့တဲ့နေ့။ ကမ္ဘာပျက်ဖို့အတွက် မိုး သက်မုန်တိုင်း စဆင်တဲ့နေ့။ အဆောင်ကျောင်းသူတွေ ရှေ့မှာ ငါဟာ အဆောင်ထမင်းစားခန်းနောက် မီးဖိုချောင် ဘေးက ခွေးဝဲစားတစ်ကောင်လောက်တောင် တန်ဖိုးမရှိ ဖြစ်ရတယ်၊ ဒါပေမယ့် ငါ့နှလုံးသားတွေဟာ ပျော့ညံ့မသွား တဲ့အပြင် ပေပေါက သံတုံးတစ်ခုလို။

ငါရေးထားတဲ့သီချင်းတွေ၊ တီးလုံးတွေကို ကြား တော့ သူ ငါ့အပေါ် လေးလေးစားစား ရှိပြန်တယ်၊ သူ့ မြတ်နိုးမှုတွေကို ငါ လုံးဝသံသယမရှိဘူး၊ ဒါပေမဲ့ သူ့ မျက်လုံးတွေရဲ့ ဟိုးနောက်ဘက်ဆီမှာ နွေးထွေးခြင်းကင်း တဲ့ တစ်စုံတစ်ခုကို ငါတွေ့နေရတယ်။

ပထမနှစ်မှာ ပထမ၊ ဒုတိယနှစ် ပရက်တီကယ်





တွေမှာလဲ အမှတ်အများဆုံးရတာ သိရတော့ သူ ဝမ်းသာ အားရ ဂုဏ်ယူတယ်၊ ငါ သိပ်ပိန်တာပဲဆိုပြီး အားဆေး တွေ ပေးတယ်၊ အို... မင်းဆီက ငါလိုချင်တာကို ငါ ရပြီးပြီပဲ၊ အဲဒါက အချစ်။

သူတေသနစာတမ်းဖတ်ပွဲမှာတင်ဖို့ 'မြန်မာ့ဂီတရှိ သံစဉ်ပြောင်းတီးခြင်းကို ဂီတဗေဒနှင့် ရူပဗေဒ ရှုထောင့်မှ လေ့လာခြင်း' စာတမ်းရေးဖြစ်တယ်၊ ပြီးတယ်။ ဒါပေ မယ့် တင်ခွင့်မရဘူး၊ အေးလေ တစ်နေ့ကျမှ။

ချစ်ခြင်းမေတ္တာနဲ့ ဘဝဟာ ပိုပြီးကျစ်လျစ်လာတာနဲ့ အမှု ပျက်သုဉ်းခြင်းဆီကို ဦးတည်နေတာပါလား၊ ဒါကို ငါမသိ၊ သူ... သူ မင်းသိတယ်၊ မင်းကြိုသိတယ်၊ ဒါ ပေမဲ့ မင်းဖုံးဖိထားတယ်။ မင်း ငါ့ဆီကို စာရေးတယ်၊ အဲဒီစာကို ငါဖတ်ပြီး ဆွဲဆုတ်လိုက်တယ်။ ငါ့နှလုံး သားတွေပါ အဆုတ်ခံလိုက်ရပါတယ်။ ဒါပေမဲ့ လှပတဲ့ မင်းစာရဲ့ ခါးသီးတဲ့အဓိပ္ပာယ်ကို ငါ မမေ့ဘူး အချစ်ရယ်။

အနုပညာကို ခုံမင်လေးစားမိရာမှ အနုပညာသမား ကိုပါ သံယောဇဉ်တွယ်မိခြင်းသည် စင်စစ်အခြေအမြစ် မဲ့သော စိတ်ကူးယဉ်ခြင်းတစ်ရပ်သာဖြစ်သည်ဟု သဘော ပေါက်လာပါသဖြင့်......

..........ငယ်စဉ်တောင်ကျေး ကလေးဘဝအရွယ် ကတည်းက ရစ်တွယ်ခဲ့သော သံယောဇဉ်သည် ကြီးပြင်း လာသည်အထိ အချစ်ဆိုသောအရာဖြင့် ဆက်လက်ပေါက် ဖွားလာခဲ့သည်မှာ မှန်ပါသည်။ သို့သော် အချစ်မှသည် ဘဝသို့ ဆက်လက်ကူးပြောင်းယူရန်မှာ မဖြစ်နိုင်တော့ဟု ယုံကြည်ပါသည်.......



www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်ခေန ငွေကြေး အဆင့်အတန်းကွာဟချက် ကြိုက်သလို အမည်တပ်နိုင်ပါသည်။ နှလုံးရောဂါသည် မိခင်လည်း မရှိပါ။ မိဘမောင်ဖွားများ၏ အကျပ်ကိုင် အနိုင်ကျင့်ခြင်းလည်း မရှိပါ။ မိမိဆုံးဖြတ်ချက် နားလည်ချက်များဖြင့် ဤစာကို ရေးသား...

ကိုမောင်မောင်လေးအနေဖြင့် ပညာချွန်သော ဂီတ ပါရမီထက်မြက်သော ယောကျ်ားတစ်ဦး၏ဘဝကို လေးစားသလို ကျွန်မအနေဖြင့်လည်း ကျွန်မ၏မိန်းမသား ဘဝကို လေးစားရလိမ့်မည် ဖြစ်ပါသည်။ ထို့ကြောင့်...

သြော်... မင်းဟာ လုံးဝဆန့်ကျင်ပြောင်းလဲ ပြီကွဲ သွားတာပါလား အချစ်ရယ်။ အဲဒီလောက်ပြောင်းလဲနိုင် စွမ်းကို မင်း ဘယ်အင်အားတွေဆီက ရတာပါလိမ့်။ ငါ့ အတွက်တော့ ဆောင်းကင်မှာ မြစ်တစ်စင်းစီးဆင်းပြီး၊ မြေပြင်မှာ တိမ်တိုက်တွေ စုပုံသွားတဲ့ အဖြစ်မျိုးပါပဲ။ အို... တော်ပါပြီလေ။

ပထမနှစ်ဝက် စာမေးပွဲဖြေအပြီးမှာ ရွာပြန်တယ်၊ အမှန်တော့ ဒီခရီးဟာ ငရဲခန်းရဲ့ တံခါးကို သွားဖွင့်လိုက်တဲ့ ခရီးပဲ။ ဦးဒိန်ရဲ့အရှေ့ဘက် ကြည်သာရွာက ကုန်စုံဆိုင် ဓားပြမှုမှာ ငါပါသတဲ့လေ၊ တက္ကသိုလ်ကျောင်းသား မောင်မောင်လေး ပါသတဲ့။ ကြည်သာရွာက မန္တလေး တက္ကသိုလ်ကျောင်းသားကို ငါက မနာလိုမရှုစိမ့်ဖြစ်ပြီး ဓားပြတွေကို လက်ဆောက်ချသတဲ့။ သိလားဟေ့ လောက ကြီး၊ မောင်မောင်လေးဟာ ရူပဗေဒ အဓိကကျောင်းသား မဟုတ်ဘူး၊ ဂီတသမား မဟုတ်ဘူး၊ ဓားပြ... ဓားပြ မှတ်ထား။ ငါ့အိမ်အောက်မှာ တိုက်ရာပါသုံးတဲ့ လုပ်





သေနတ်တွေ့သတဲ့ မှတ်ထား။ ဖမ်းမိတဲ့ဓားပြတွေကလဲ ငါ့ကို လက်ညှိုးထိုးဆဲကြသတဲ့ မှတ်ထား။ အသည်းကွဲ နာကြည်းနေတဲ့ကောင်ဟာ မစားရတဲ့အမဲ သဲနဲ့ပက်မှာ စိုးပြီး ငါ့ကို အမှောင်ထဲတွန်းချလိုက်တာကိုတော့ လောက ကြီးရေ... မသိချင်ဟန် ဆောင်နေလိုက်စမ်းပေါ့။

ဖျက်ရာ ခြစ်ရာ အစင်းကြောင်းများ၊ မျက်ရည်တို့ဖြင့် စိုစွတ်ခဲ့ဟန် တူသော လွင့်ပြယ်မှုန်ဝါးစာလုံးများကြောင့် စာကို ကျွန်တော် ဆက်ဖတ် မရတော့။ ဖတ်မရသောစာရွက်များကို တစ်ရွက်ပြီးတစ်ရွက် ကျွန်တော် လှန်ခဲ့ရာ နောက်ဆုံးစာမျက်နှာမှပင် ပြန်၍ ဖတ်ရတော့သည်။

......ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ ချစ်ခြင်းအား ကြီးစွာနဲ့ ခင်လေးကို မောင်ခွင့်လွှတ်ခဲ့ပါတယ်ကွယ်၊ မင်းက ဒေါ်ခင်လေးခင် (မဟာဝိဇ္ဇာ၊ ဒဿနိကဗေဒ) (ပီအိတ်ချ်ဒီ) ဆိုတာကြီးတွေကို တစ်သီတစ်တွေးကြီး ဆွဲချိတ်ချင်တာ မဟုတ်လား၊ ဒီခရီးမှာ မောင်ဟာ ကြီးစွာသော အနှောင့်အယှက် ခလုတ်ကန်သင်း မဟုတ်လား။

မောင် ခွင့်လွှတ်ခဲ့ပါတယ် ခင်လေး။ အလင်း လောကကြီးထဲမှာ နှစ်ယောက်တွဲပြီး လျှောက်ကြမယ်လို့ မောင် မျှော်လင့်ခဲ့ပေမယ့် အခု အမှောင်လောကကြီးထဲမှာ မောင်တစ်ယောက်တည်းပဲ လျှောက်သွားပါတော့မယ်။

မင်း လုပ်စရာရှိတာကို လုပ်သွားတယ်လို့ မောင် နားလည်လိုက်ပါမယ်၊ မောင်သွားမယ်၊ ချစ်တဲ့ ဒေါ်ခင် ခင်လေးရေ...။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

တစ်ညလုံး မအိပ်ခဲ့သော်လည်း နံနက်တွင် လန်းဆန်းနေသည်။

အစီအစဉ်အားလုံးကို ကျွန်တော် အသေးစိတ် ပြန်ချကြည့်သည်။ ဝေဒနာဒဏ်ကို ခံနိုင်ရည် ရှိပါ့မလားဟုလည်း မိမိကိုယ် မိမိ ပြန်မေးသည်။ အို... ခါးစည်းခံရုံပေါ့ဟု ရင်ကော့ကာ ဖြေလိုက်သည်။ ကောင်းပြီ။ ဒါဆို... ကျေနပ်လောက်သော အခြေရောက်မှ ထိုအတိုင်း ပြုမူလှုပ်ရှားမည်ဟု ဆုံးဖြတ်သည်။

တက္ကသိုလ်စာတိုက် သွား၍မဖြစ်။ စာတိုက်အမှုထမ်းများ၏ လုပ်ငန်းတာဝန်ကို နှောင့်ယှက်ရာကျမည်။ ထို့ကြောင့် ဆရာလေး ဦးခင်မောင်တင်ဆီ သွားသည်။ ထို့နောက် ဒဿနိကဗေဒဌာနသို့ သွားသည်။ ဆရာလေးမျက်နှာဖြင့် လွန်ခဲ့သော ၆၃၊ ၆၄၊ ၆၅၊ ၆၆... တစ်ပိုက်က ကျောင်းသူကျောင်းသားများစာရင်းကို ဖွင့်ကြည့်သည်။

'ခင်လေးခင်' ဟူသောအမည်မှာ နှစ်ယောက်မရှိ။ အမျိုးသား မှတ်ပုံတင်ကို ကြည့်သည်။ မတ္တရာအထိမ်းအမှတ်စာလုံးကို တွေ့ရသည်။

ဆရာလေး ပြန်သွားပြီးနောက် တစ်နေ့ခင်းလုံးလိုလို ဒဿနိကဗေဒဌာနသို့ ရောက်လာမည့် စာပို့သမားကို ကျွန်တော် ထိုင်စောင့်သည်။



စာပို့သမား ရောက်လာသည်။ စာတွေကို ဌာနအတွင်းရှိ စာပုံးထဲ ထည့်သွားသည်။ ဌာနရုံးခန်းစာရေးမကလေး မရှိခိုက်တွင် ကျွန်တော် စာပုံးကို မွှေသည်။ စာတစ်စောင်ကို ထုတ်ယူသည်။

စာအိတ်ပေါ်က လိပ်စာမှာ...

သို့

မခင်လေးခင်
မဟာဝိဇ္ဇာနောက်ဆုံးနှစ် – အပိုင်း(က)
ဒဿနိကဗေဒဌာန
ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ ရန်ကုန်မြို့။

ကျွန်တော့်စာကို ကျွန်တော် ပြန်ယူခဲ့သည်။ မြက်ခင်းကိုဖြတ်၍ အဓိပတိလမ်းမသို့ တက်မည်။ ရှင်းသန့်သော နေခြည်အောက် ဖြူဖြောင့်သော အဓိပတိလမ်းမကြီးပေါ်တွင် အကြိမ်ကြိမ်အထပ်ထပ် ဆုတ်ဖြဲအပ်သော စာရွက်အပိုင်းအစလေးများ ခုန်ပျံကျသွားကြသည်။ ကိုယ်ပိုင်ကား တစ်စီး ဖြတ်အမောင်းတွင် စာရွက်အပိုင်းအစကလေးများသည် လေသင့်ရာသို့ လွင့်ပါသွားကြသည်။ အချို့အပိုင်းအစများ ပလက်ဖောင်း၊ ကျောက်ပြားပေါ်၊ အချို့က မြက်ခင်းပေါ်၊ အချို့က အဓိပတိလမ်းမပေါ်။

ထိုအပိုင်းအစလေးများသည် စာရွက်စက္ကူမဟုတ်မူဘဲ နှလုံးသား အစအနများသာ ဖြစ်ကြောင်းကို ကျွန်တော်သာ အသိဆုံးဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"ယော … မင်းကျောက်စာချပ်ကြီး ပြန်ပို့တော့မယ်လား … "

ဟု အဖေက မေးသည်။

"ဟုတ်ကဲ့ … "

ဟုပြောရင်း အဖေ့ကို ကျွန်တော် ပြုံးပြလိုက်သည်။

သို့သော် ချက်ချင်းပင် မျက်နှာလွှဲလိုက်ရသည်။ ကျွန်တော့် မျက်နှာပေါ်တွင် အပြုံးမပေါ်လာ။ ပြုံး၍မရတော့ကြောင်း ထိတ်လန့်စဖွယ် သိလိုက်ရသည်။

ယနေ့ ကျွန်တော် အတန်းတက်စရာမရှိ။ 'ရှိပင်' ကို ဆရာလေးထံ ပြန်ပို့ပြီးလျှင် ကျောင်းသားရိပ်သာ ဟိုဘက်ခြံထဲက အဘဆီ သွားရမည်။ ပြီးလျှင် အိမ်ပြန်မည်။

နီးကပ်နေပြီဖြစ်သော စာမေးပွဲအတွက် အစွမ်းကုန် ပြင်ဆင်ရမည်။ ပြီးလျှင် တက္ကသိုလ်လှဝင်းမြတ်အတွက် သီချင်းကိစ္စ။ အလုပ်တွေ ဆက်တိုက်။

ရင်ထဲမှာ ဗလာနတ္ထိ၊ နှလုံးသားပြတ်ကြွေကျသွားသလား။ အို … ဒါတွေကို မတွေးတော့။ ပဥ္စသီခ၊ ဒေဝစ္ဆရာ၊ တိမ္ဗရုနတ်မင်းကြီး၊ ဓောင်းချင်းဂါထာဆယ့်ငါးပုဒ်၊ ကုံးကော်မြေ နွေမိုးဆောင်း၊ သဖြန့်ခြေဆင်းပိုဒ် ဘာဆိုဘာတစ်ခုမှ အတွေးထဲ မဝင်စေရ။ မတွေးကြစတမ်းပေါ့၊ စန္ဒရားသက်မောင်။ မတွေးနဲ့၊ မတွေးနဲ့လေ။

စာမေးပွဲဖြေအပြီး ကျောင်းပိတ်ရက်မှာတော့ အဖေ့ထံ ခွင့်တောင်းကာ မန္တလေးပြန်ဦးမည်ဟု စိတ်ကူးသည်။ ဖော်ဝင်းနှင့် ဘိုနီကတော့ ဘာတွေညာတွေ လျှောက်မေးပြီး ဆဲကြဦးမည်မှာ သေချာသည်။

မန္တလေးမှ တစ်ဆင့် မြောက်အရပ်သို့ ခရီးဆန့်လိုက်ဦးမည်။

ဥဒိန်ရွာဆီသို့၊ ပဥ္စသီခ။ အို … မဟုတ်ပါဘူး၊ ကိုမောင်မောင်ကလေးဆီသို့။

ချစ်ဦးညို

၆၊ ၉၊ ၈၆



သိရှိဆွေစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"တိုက်ဆိုင်မှုဆိုတာ
မတော်တဆ မဟုတ်ပါဘူး
ခင်လေးရယ်
ဒီအချိန် ဒီလိုဖြစ်ရမယ်ဆိုတဲ့သဘော
ရှိကိုရှိပါတယ်....."

www.burmeseclassic.com